# စစ်မှန်သောပြည်ထောင်စုတည်ဆောက်ရေး
# နှင့်
# သက်ဆိုင်သော

# ဆောင်းပါးများ (၂)

နိုင်ဟံသာ

ပုံနှိပ်ခြင်း ပထမအကြိမ်

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ

မူပိုင်

နိုင်ဟံသာ

Typesetting, Layout and Design:

Sai Mawn

# မာတိကာ


စာရေးသူ၏ အမှာစကား ........ i

ခွန်းမတ်ရ်ကိုဘန်၏ အမှာစာ ........ v

နိုင်ငံရေးလမ်းဆုံ ........ 1

ရေကြည်ရာ မြက်နုရာ ရှာဖွေခြင်း ........ 7

ပြည်ထောင်စုစိတ်ဓါတ် ........ 14

နိုင်ငံတစ်ခုအတွက် ငြိမ်းချမ်းရေးဟာ အခြေခံလိုအပ်ချက် ........ 19

လူသတ်စွမ်းအင်ပြိုင်ဆိုင်ခြင်းနှင့် ဆက်စပ်မှု ........ 25

ပေါင်းစပ်ချစ်ကြည် ခေတ်မီပညာရေးစနစ် ........ 31

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ ဘာကြောင့်လိုအပ်သလဲ ........ 37

လက်နက်နှင့် ငြိမ်းချမ်းရေးပြဿနာ ........ 45

မတူခြားနားလွန်းတဲ့ တိုင်းရင်းသားအခွင့်အရေး ........ 52

စစ်အစိုးရရဲ့ အပစ်အခတ်ရပ်စဲရေးခေါ် ချေမှုန်းရေးမဟာဗျူဟာ ........ 59

ဖက်ဒရယ်မူသည်သာ မြန်မာ့ပြဿနာ၏ ထွက်ပေါက် ........ 77

ဒုတိယပင်လုံညီလာခံနှင့် အမျိုးသားရင်ကြားစေ့ရေးအပေါ်
မျှော်လင့်ချက် ........ 89

မဟာလူမျိုးကြီးဝါဒကို ဆက်လက်ကျင့်သုံးသွားမှာလား ........ 99

ဒီမိုကရေစီနဲ့ အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ဟာ
ဒင်္ဂါးပြားရဲ့ ပန်းနဲ့ခေါင်း ........ 105

နိုင်ငံခြားအရင်းအနှီးနှင့် ရှမ်း/ကချင် ပြည်နယ်အတွင်း
လက်နက်ကိုင်ပဋိပက္ခ ........ 114

အလှူရှင်များ စာရင်း ........ 120

# တရေးသူ၏ အမှာစကား

ဤ **"စစ်မှန်သောပြည်ထောင်စု တည်ဆောက်ရေး"** ဆောင်းပါးများ (၂) စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေရခြင်းမှာ ရည်ရွယ်ချက် (၃) ချက်ရှိပါသည်။ ၎င်းတို့မှာ -

(၁) ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ၏ နစ်နာချက် ခံစားချက်များနှင့် လိုလားချက်များကို အများသိအောင် တင်ပြလိုခြင်း၊

(၂) မှန်ကန်ပြီး ခိုင်မြဲမည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်လိုခြင်း၊

(၃) ပြည်တွင်းစစ်ကြောင့် ဆင်းရဲနိမ့်ကျနေရသော နိုင်ငံတော်ကို ငြိမ်းချမ်းပြီး တိုးတက်သော ပြည်ထောင်စု နိုင်ငံတော်တခု ဖြစ်လာစေရန် ပြုပြင်ပြောင်းလဲတည်ဆောက်လိုခြင်း၊ --- တို့ကြောင့် ဖြစ်ပါသည်။

ကျနော်သည် မွန်အမျိုးသားတယောက် ဖြစ်သည်။ မွန်အမျိုးသားထုအတွက် တရားမျှတသော အမျိုးသား အခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေးများကို ရရှိလို၍ ၁၉၆၈ ခုမှ ယနေ့အထိ လက်နက်ကိုင်ပြီး ရုန်းကန်လှုပ်ရှား တိုက်ပွဲဝင်နေသူ တဦးဖြစ်သည်။ နပျိုချိန်မှ ရင့်အိုကြွေလွင့်ချိန်အထိ မရပ်မနား မိမိတို့အမျိုးသားလွတ်မြောက်ရေးအတွက် ရုန်းကန်လှုပ်ရှား တိုက်ပွဲဝင်နေကြသူများသည် ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ပအိုဝ်း၊ ပလောင်၊ မွန်၊ ရခိုင်၊ ရှမ်း၊ လားဟူ၊ "ဝ" စသော တိုင်းရင်းသားလူမျိုး အားလုံးလိုလိုတွင် ရှိကြသည်။ အဘယ်ကြောင့် ဤသို့ဖြစ်ရှိ နေရသနည်း။ စဉ်းစားအဖြေရှာသင့်ပါသည်။ ဗမာမဟုတ်သော တိုင်းရင်းသားအားလုံးလိုလိုတွင် တူညီသောနစ်နာချက်၊ တူညီသော ခံစားချက်နှင့် တူညီသောလိုလားချက်များ ရှိနေပါသည်။ ကျနော်သည် NDF, DAB တပ်ပေါင်းစုတို့တွင် အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ဘူးသူဖြစ်ပြီး ယခုအခါ UNFC ခေါ် **"ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ"** တွင် အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူနေပါသည်။ ထို့ကြောင့် လူမျိုးစုံတိုင်းရင်းသား အဖွဲ့အစည်းများ၏ အမြင်သဘောထားများကို အတော်အတန်သိရှိနားလည်ထားသူ တယောက်ဖြစ်သည်။ ဤစာအုပ်တွင် ပါရှိသောဆောင်းပါးများမှ သဘောထားများသည်

ကျနော် နိုင်ဟံသာ တဦးတည်း၏ ပုဂ္ဂိုလ်ရေးအမြင်သဘောထားထက် တိုင်းရင်းသား အများစု၏ အမြင်သဘောထားအဖြစ် မှတ်ယူစေလိုပါသည်။

ကျနော်ရေးသားခဲ့သည့်ဆောင်းပါးများကို ၂၀၀၆ ခုနှစ်အတွင်းတွင် **"စစ်မှန်သော ပြည်ထောင်စုတည်ဆောက်ရေး"** အမည်ဖြင့် ထိုစဉ်က ENC နှင့် UNLD(LA) ၏ အထွေထွေအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်သူ ဒေါက်တာဆလိုင်းလျန်မှုန်းမှ စာအုပ်ဖြစ်မြောက်ရေးအတွက် အစစအရာရာ တာဝန်ယူပုံနှိပ်ထုတ်ဝေ ခဲ့ဘူးသည်။ ထို ဆောင်းပါးများကို ဖတ်လိုက်ရသော တိုင်းရင်းသားလူငယ်လူလတ်အများစုတို့က သဘောကျနှစ်သက်ကြကြောင်း ကြားသိရသည်။ ဒီမိုကရေစီအင်အားစုများမှ ဖတ်ရသူများက ဗမာ မဟုတ်သော တိုင်းရင်းသားလူမျိုးများ၏ နစ်နာချက်၊ ခံစားချက်နှင့် လိုလားချက်များကို အထိုက်အလျှောက် နားလည်လာသည့်အတွက် တိုင်းရင်းသားများအပေါ် ပိုမို မှန်ကန်သော သဘောထားအမြင်များ ဖြစ်ပေါ် လာစေပါသည်။ ဤသည်မှာ မှန်ကန်ခိုင်မြဲသော တိုင်းရင်းသား စည်းလုံးညီညွတ်မှု တည်ဆောက်ရေးကို အထောက်အကူဖြစ်စေပါလိမ့်မည်။ သို့သော် မိမိတို့၏လုပ်ဆောင်ချက်များအပေါ် အမှားအမှန်ကိုပြန်လည်သုံးသပ်ခြင်း မရှိသော မဟာလူမျိုးကြီးဝါဒီ စစ်ခေါင်းဆောင်များအတွက်မူ အနာပေါ် ဒုတ်ကျသလို ဖြစ်စေခဲ့ကြောင်း သိရသည်။ ဖြစ်ပုံမှာထိုစဉ်က အပစ်အခတ်ရပ်စဲထားသောကာလ ဖြစ်သောကြောင့် မော်လမြိုင်မြို့ ဆက်ဆံရေးရုံးတွင် မွန်ပြည်သစ်ပါတီမှ ကိုယ်စားလှယ် အချို့ ရှိနေပါသည်။ မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် စစ်ဦးစီးအရာရှိ (ပထမတန်း) စစ်ဖက်ရေးရာလုံခြုံရေးဌာနကို တာဝန်ယူထားသူ ဒု-ဗိုလ်မှူးကြီး မင်းချစ်ဦးသည် ထိုစာအုပ် ကိုဖတ်ရှုပြီး မထိန်းနိုင်၊ မသိမ်းနိုင် ဒေါသများပေါက်ကွဲလာသည်။ မွန်ပြည်သစ်ပါတီမှ တာဝန်ခံအချို့ကို ခေါ် တွေ့ပြီး မကျေနပ်သောလေသံဖြင့် ဝေဖန်ခဲ့သည်။ မွန်ပြည်သစ် ပါတီတာဝန်ခံတို့က ပါတီမှထုတ်ဝေခြင်း မဟုတ်၊ ပုဂ္ဂိုလ်ရေးအရ ထုတ်ဝေခြင်းဖြစ်ကြောင်း ရှင်းပြသောအခါ မိမိအပေါ် ပုဂ္ဂိုလ်ရေး အရရှုံ့ချ တိုက်ခိုက်လာပြန်သည်။ မဟာဝါဒီစစ်အာဏာရှင် အဝန်းအဝိုင်းမှ ထိုသို့ပေါက်ကွဲခဲ့ပုံကို တွက်ချက်ကြည့်လျှင် ၎င်းစာအုပ်၏ ထိရောက်မှုအတိုင်းအတာကို ခန့်မှန်းသိမြင်နိုင်ပါသည်။ အာဏာနှင့် လက်နက်ရှိသူများသည် ဝေဖန်ထောက်ပြခံရသောအခါ ရှက်ရမ်းရမ်းတတ်ကြမည်မှာ ဓမ္မတာပင်ဖြစ်သည်။ သို့သော် ၎င်းတို့၏ လုပ်ရပ်များကို ချင့်ချိန်လာကြလိမ့်မည် ဖြစ်သောကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တစုံတရာအထောက်အကူ ဖြစ်စေလိမ့်မည်ဟု ယုံကြည်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားနေခြင်းသည် ကျနပ်တို့နိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများအနက် အခြေခံအကျဆုံးပြဿနာ ဖြစ်သည်။ ဤပြဿနာကို မဖြေရှင်းနိုင်သမျှ အခြားပြဿနာများကို လည်းဖြေရှင်း၍ ရနိုင်မည် မဟုတ်ပါ။ ဤပြဿနာကို ဖြေရှင်းရခက်နေရသည်မှာ တိုင်းရင်းသားများ၏ နစ်နာချက်နှင့် လိုလားချက်ကို ဗမာလူမျိုးအများစုက မသိနားမလည်ကြ၍ ဖြစ်သည်။ အာဏာရအစိုးရများက ဝါဒဖြန့်ထားသည့်အတိုင်း ဖက်ဒရယ်ဆိုသည်မှာ ခွဲထွက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ လွတ်လပ်ရေး၊ တိုင်းရင်းသားများ၏ လက်နက်ကိုင်တော်လှန်ရေးသည် ပြည်ထောင်စုမှ ခွဲထွက်ရန်ဦးတည်နေသော လုပ်ရပ်များဟုသာ ဗမာလူမျိုးအများစုက နားလည်နေကြသည်။ ဒီမိုကရေစီအခွင့်အရေးမရှိသဖြင့် တိုင်းရင်းသားများ၏ နစ်နာချက်များကို ထုတ်ဖော်ပြောဆိုရန် အခွင့်အလမ်းမရှိခဲ့၊ နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးဖြေရှင်းရန် အခွင့်အလမ်းမရှိ သဖြင့် မိမိတို့လိုလားချက်ကို တောင်းဆိုတင်ပြနိုင်ခွင့် မရှိခဲ့ပါ။ လက်နက်အင်အားဖြင့်သာ ဖြေရှင်းနေကြသဖြင့် တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုတည်ဆောက်ရေး ဦးတည်ချက်ကို ပြည်သူအများ မသိနားမလည် ကြရခြင်းဖြစ်ပါသည်။ ထိုသို့ မသိနားမလည်ကြသောကြောင့် ထောက်ခံအားပေးခြင်း မပြုသည့် အပြင် မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် နောက်ကို စိတ်ညစ်ညစ်နှင့် လိုက်ပါနေရသည်။

ဤစာအုပ်ကို ဖတ်ရှုပြီးပါက စစ်မှန်သောတိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် စစ်မှန်သောပြည်ထောင်စု တည်ဆောက်ရေးကို တစုံတရာ နားလည်သိမြင် လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိ ပါသည်။ ဤစာအုပ်ပါ ဆောင်းပါးများသည် တချိန်က စာစောင်ဂျာနယ် တခုခုတွင်ဖော်ပြခဲ့ပြီးသော ဆောင်းပါးများ ဖြစ်ပါသည်။ ဤသို့ စုစည်းပြီးထပ်မံရိုက်နှိပ်ထုတ်ဝေရခြင်းသည် တိုင်းပြည်အတွက်လိုအပ်နေသော အမျိုးသားရေး၊ နိုင်ငံရေးနှင့် ပြည်ထောင်စုတည်ဆောက်ရေး ဆိုင်ရာဆောင်းပါးများကို ရေရှည်ကျန်ရစ်နေစေရန်နှင့် ဤအကြောင်းအရာများတွင် စိတ်ပါဝင်စားပြီး လေ့လာလို သူများအတွက် အထောက်အကူပြုစေရန် ဖြစ်သည်။ အများပြည်သူတို့ သိရှိနားလည် လာသည့် အချိန်တွင် အတုအယောင် ပြည်ထောင်စုသည် စစ်မှန်သော ပြည်ထောင်စုတခု ဖြစ်လာရပါလိမ့်မည်။

ဤစာအုပ်ကို ထုတ်ဝေနိုင်ရန်အတွက် စာရိုက်စာစီပြင်ဆင်မှုကို စေတနာဖြင့် ကူညီလုပ်ဆောင်ပေးခဲ့သော ရှမ်းအမျိုးသား ကိုစိုင်းမောဝ် (န်) နှင့် ပုံနှိပ်ထုတ်ဝေခကို ကူညီပေး

ခဲ့ကြသော ပြည်ပရောက်မွန်အမျိုးသားတို့ကို အထူးကျေးဇူးတင်ပါသည်။ စာဖတ်ပရိသသတ်များမှ ဤစာအုပ်ကို ဖတ်ရ၍ကျေးဇူးတင်စရာရှိလာပါက ထိုကူညီခဲ့သူများအားလည်း မျှဝေ၍ ကျေးဇူးတင်စေလိုပါသည်။

"စာဖတ်ပရိသသတ်များ ရွှင်လန်းချမ်းမြေ့နိုင်ပါစေ"

နိုင်ဟံသာ

# ဘွန်းမတ်ရ်ကိုဘာန်၏ အမှာစာ

စစ်မှန်သောပြည်ထောင်စုတည်ဆောက်ရေးနှင့် သက်ဆိုင်သောဆောင်းပါးများ (၂) ဟူသော စာအုပ်ကို ရေးသားပြုစုပြီး ပုံနှိပ်ထုတ်ဝေရာတွင် အမှာစာ ရေးပေးပါရန် မွန်ပြည်သစ်ပါတီ (NMSP) အထွေထွေအတွင်းရေးမှူးလည်း ဖြစ်ပြီး၊ ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC) အထွေထွေအတွင်းရေးမှူးမှာလည်း တာဝန်ရှိသော ဆရာနိုင်ဟံသာက ကျနော့်အား အကူအညီတောင်းခံလာသည့်အခါ ကျနော့်အနေဖြင့်များစွာ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါသည်။

ဆရာနိုင်ဟံသာ ပြုစုရေးသားထုတ်ဝေသည့် စာအုပ်တွင်ပါရှိသော အကြောင်းအရာ အချက်အလက်များအပေါ် ခြုံငုံ၍သုံးသပ်ပါက ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်းများသည် မိမိတို့နယ်မြေကို ကိုယ်စားပြုကြ၍ အမျှော်အမြင်ကြီးမားစွာ တိုင်ပင်ဆွေးနွေး အပေးအယူလုပ်ကြပြီးမှ ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြကြောင်း၊ ပင်လုံ စာချုပ်၏အနှစ်သာရသည် သီးခြားတည်ရှိသော နယ်မြေများ တပြိုင်တည်းလွတ်လပ်ရေး ရ ယူပြီး အမျိုးသားတန်းတူရည်တူ ပြည်ထောင်စုနိုင်ငံတည်ထောင်ရန် ပြည်ထောင်စု စိတ်ဓာတ်ကို ချမှတ်ထားကြောင်း၊ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားသည့် နောက်ပိုင်းတွင် ပင်လုံစိတ်ဓာတ်အခြေခံမူလမ်းစဉ် အပေါ် သွေဖည်အားနည်းသွားရာမှ ၁၉၄၇ ခု ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားများ တန်းတူအခွင့်အရေး ဆုံးရှုံး ခြင်း ပြဿနာကြောင့် ပြည်တွင်းစစ်မီး အဆင့်ဆင့် လောင်ကျွမ်းသွားရခြင်း ဖြစ်ကြောင်း၊ ယင်းပြဿနာအပေါ် ဖဆပလ အစိုးရသည် လက်နက်နှင့် ငြိမ်းချမ်းရေးပြဿနာကို ဖြေရှင်း၍ မရကြောင်းနှင့် နဝတ - နအဖ စစ်အုပ်စုအနေဖြင့်လည်း အပစ်ခတ်ရပ်စဲခေါ် ချေမှုန်းရေးမဟာဗျူဟာ (အပစ်အခတ်ရပ်စဲပြီး နည်းပေါင်းစုံဖြင့် တိုင်းရင်းသားအဖွဲ့ များအား ဖျက်ဆီး၍မရကြောင်း) ကို လက်တွေ့ပြသလိုက်ပြီး ယင်းလုပ်ရပ်သည် မဟာ လူမျိုးကြီးဝါဒကို ကျင့်သုံးခြင်းဖြစ်ကာ မှားယွင်းသည့်လုပ်ရပ်များဖြစ်ကြောင်း ရှင်းလင်း ဖော်ပြထားကြောင်း တွေ့ရှိရသည်။

ထို့ပြင် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော မဆလတပါတီအာဏာရှင်စစ်အုပ်စုက စိတ်ကြိုက် ရေးဆွဲထားသည့် ၁၉၇၄ ခု ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသား အခွင့်အရေး မဆိုထားဘိ၊ ဒီမိုကရေစီအခွင့်အရေးများ အားလုံး ဆိတ်သုဉ်းခြင်း

ပြဿနာကြောင့် ပြည်သူလူထုများ တလျောက်လုံး ဆန့်ကျင်တိုက်ပွဲဝင်လာကြရာ ယနေ့ထိ နိုင်ငံရေးအရ ဖြေရှင်း၍ မရသေးသည်မက နဝတ-နအဖ စစ်အုပ်စုသည် အနာဂတ်အမျိုးသားနိုင်ငံရေးတွင် တပ်မတော်သည် အစဉ်တစိုက် ပါဝင်ထမ်းဆောင် နိုင်ရေး ဦးတည်ချက်ဖြင့် ၂၀၀၈ ခု ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အတင်းအဓမ္မ အတည်ပြု ပြဌာန်းလိုက်ပြီး စစ်အုပ်စုမှ ပြည်သူတရပ်လုံးအပေါ် ကျွန်ပြုလိုက်ခြင်းပင် ဖြစ်ကြောင်း၊ မည်သို့မျှ တိုင်းရင်းသားများအရေးနှင့် ဒီမိုကရေစီအခွင့်အရေးတို့ကို ဦးတည်ဖော်ဆောင် ပေးမည် မဟုတ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခြေခံပြဿနာ သည် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေး ဆုံးရှုံးသွားခြင်းပြဿနာနှင့် ဒီမိုက ရေစီဆိတ်သုဉ်းခြင်း ပြဿနာဖြစ်ပြီး ယင်းဒွန်တွဲနေသည့် ပြဿနာနှစ်ရပ်ကို တပြိုင် တည်း ဖြေရှင်းနိုင်မှသာလျှင် ငြိမ်းချမ်းသာယာဝပြောမည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည် ထောင်စုနိုင်ငံတော်သစ်ကို တည်ထောင်သွားနိုင်မည်ဖြစ်ကြောင်း စသည့် ပြည်ထောင် စုမြန်မာနိုင်ငံ၏ နိုင်ငံရေး နောက်ခံသမိုင်း ဖြစ်ရပ်မှန်အပေါ် ကွင်းဆက်ရှိရှိ ရှင်းလင်းဖော် ပြထားကြောင်း တွေ့ရှိရသည်။

ဆရာနိုင်ဟံသာရေးသားပြုစုထုတ်ဝေသည့် စာအုပ်၏ အနှစ်သာရသည် တိုင်းရင်း သားလူမျိုးများဖြစ်ကြသော ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ဗမာ၊ မွန်၊ ရှမ်း၊ ရခိုင် စသည့် လူမျိုးများသည် ပင်လုံစိတ်ဓာတ်သည်သာလျှင် မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်း သော လူမျိုးရေးဝါဒကို ဖယ်ရှားနိုင်ပြီး တိုင်းရင်းသားလူမျိုးများ အချင်းချင်း လူမျိုးကြီး လူမျိုးငယ် ဖိနှိပ်ချုပ်ချယ်သော ပုံစံအားလုံးကို ဖယ်ရှားကာ လူမျိုးရေး တန်းတူညီမျှမှု၊ နိုင်ငံရေးတန်း တူညီမျှမှုရှိ၍ ပြည်ထောင်စုနိုင်ငံအတွက် တာဝန် အသီးသီးရှိကြသည့် အတိုင်း ပူးပေါင်းဆောင်ရွက်ကြလျက် အချိုးကျ အကျိုးခံစားခွင့်ရရှိခြင်းမျိုးသည်သာလျှင် စစ်မှန်သော အမျိုးသားစည်းလုံးညီညွတ်ရေးကို အာမခံချက် ပေးနိုင်မည်ဖြစ်ကြောင်း ပွင့်လင်းရှင်းလင်းစွာ ရည်ညွှန်းဖော်ပြထားကြောင်း တွေ့ရှိရသည်။

ယနေ့ပြည်သူလူထုအများစုသည် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးကို အမြန်ဆုံး ခံစားလိုကြသော်လည်း၊ တိုင်းရင်းသားလူမျိုးများ တန်းတူရေးဖြစ်သည့် ပင်လုံစိတ်ဓာတ် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကိုမူ သဘောပေါက်သူ နည်းပါးသေးကြောင်း တွေ့ရှိရသည်။ နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးခေါင်းဆောင်များသည်ပင်လျှင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ စာအုပ်များ၊ စာစောင်များ၊ သတင်းများ အမျိုးမျိုး ရေးသားဖြန့်ဝေ ထုတ်လွှင့်ကြသော်လည်း တိုင်းရင်းသားလူမျိုးများ တန်းတူ

ရေးဖြစ်သော ပင်လုံစိတ်ဓာတ် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ စာအုပ်များ၊ စာစောင်များ၊ သတင်းများ ရေးသားဖြန့်ဝေ ထုတ်လွှင့်ခြင်း အလွန်နည်းပါးကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဆရာနိုင်ငံဟံသာမှ ရေးသားပြုစု ပုံနှိပ်ထုတ်ဝေသော စစ်မှန်သောပြည်ထောင်စုတည်ဆောက်ရေးနှင့် သက်ဆိုင်သောဆောင်းပါးများ (၂) စာအုပ်သည် နိုင်ငံရေးအဖွဲ့အစည်းများ၊ ခေါင်းဆောင်များနှင့် ပြည်သူများတို့မှ အထူးဖတ်ရှုလေ့လာသင့်ပြီး၊ ယင်းစာသည် ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားများတန်းတူရေးဖြစ်သည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်တည်ဆောက်ရေး ဦးတည်ချက်အပေါ် များစွာအထောက် အကူပြုသွားလိမ့်မည်ဟု ယုံကြည်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

ခွန်းမတ်ရ်ကိုဘန်
၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၁) ရက်

# နိုင်ငံရေးလမ်းဆုံ

နိုင်ငံရေးအဖွဲ့အစည်းတွေမှာ သူ့နိုင်ငံရေးလမ်းစဉ် သူ့စခန်းဆင့်တွေနဲ့ ရှိကြတယ်။ တနည်းအားဖြင့် သူ့အစီအစဉ်တွေ သူ့ (Road Map) ခေါ် လမ်းပြမြေပုံတွေနဲ့ ရှိကြတယ်။ ဒီလမ်းစဉ်တွေ လမ်းပြမြေပုံတွေရဲ့ ဦးတည်ချက်ဟာ ပြည်သူတရပ်လုံးကို သာယာချမ်းမြေ့ပြီး အစစအရာရာ ပြည့်စုံနိုင်တဲ့ ချမ်းသာခြင်း သုခဘုံကို အမြန်ရောက်ရှိစေရေး ဖြစ်တယ်။ ဒါပေမဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေမှာ မတူညီတဲ့ အခြေခံသဘောထားတွေ ရှိနေတာကြောင့် ခြားနားတဲ့ လမ်းစဉ်တွေ လမ်းပြမြေပုံတွေနဲ့ ဖြစ်နေကြတယ်။ နိုင်ငံရေး အဖွဲ့အစည်းများလေ မတူခြားနားမှု များလေ၊ မတူခြားနားမှု များလေ၊ ပဋိပက္ခများလေ ဖြစ်နေတာဟာ သဘာဝပါ။ အဖွဲ့အစည်းတွေ အနေနဲ့ မကြည့်ဘဲ နိုင်ငံတခုလုံးကို ကိုယ်စားပြုပြီး ကြည့်မယ်ဆိုရင်တော့ "ညီညွတ်မှ ငြိမ်းချမ်းမယ်၊ ငြိမ်းချမ်းမှ တိုးတက်မယ်၊ တိုးတက်မှ ချမ်းသာခြင်းသုခဘုံကို ရောက်မယ်" ဆိုတဲ့ ဖြစ်စဉ် စခန်းဆင့်တွေ ရှိတယ်ဆိုတာ အားလုံးသိရှိ လက်ခံထားကြပါတယ်။ ဒါဟာ ဘယ်သူမှ ငြင်းပယ်လို့ မရနိုင်တဲ့ ဖြစ်စဉ်ပါ။

ဒါကို ထောက်ရင် အရင်းခံအကျဆုံးဟာ **"ညီညွတ်ရေး"** ဖြစ်တယ်။ တနည်းအားဖြင့် အမျိုးသားသင့်မြတ်ရေးလို့ ခေါ် နိုင်သလို တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လို့လည်း ခေါ် နိုင်တယ်။ ဒါကို ဘယ်လိုတည်ဆောက်ကြမလဲ။ ဒီနေ့ အနေအထားမှာ ဒါကိုပဲ အဓိကထား စဉ်းစားသင့်တယ်။ ညီညွတ်ရေးကို မကြည့်ပဲ ငြိမ်းချမ်းရေးကို အမြန်ရဖို့ အတွက်ဆိုပြီး အင်နဲ့အားနဲ့၊ အာဏာနဲ့ ဖိသုံးပြီး လုပ်လိုက်ရင် ငြိမ်းချမ်းရေး မရပဲ ညီညွတ်ရေးကို ပိုပြီးပျက်ပြားသွား စေပါလိမ့်မယ်။ တိုးတက်ရေးတွေ ချမ်းသာခြင်းသုခဘုံတွေ မစဉ်းစားပါနဲ့ဦး၊ အဆင့်ကျော်ပြီး သွားလို့ရတာ မဟုတ်ဘူးဆိုတာ အနှစ်ငါးဆယ်ကျော် မျက်မှောက်သမိုင်းက သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။

ဒီအရင်းခံ အကျဆုံးဖြစ်တဲ့ **"ညီညွတ်ရေး"** ကို ဘယ်လိုတည်ဆောက်ရမလဲဆိုတဲ့ကိစ္စကို စဉ်းစားရာမှာ အခြေအနေကို ဘက်လိုက်မှုကင်းကင်းနဲ့ အရှိကိုအရှိအတိုင်းမှန်မှန်ကန်ကန် ရှုမြင်လက်ခံဖို့ လိုအပ်တယ်။ ဒီလိုအနေအထားမှာ သာမာန်အားဖြင့် လူတွေဟာ မိမိတည်ရှိတဲ့နေရာကို အဆင့်မြှင့်ပြီး ထည့်တွက်ရှုမြင်တတ်ကြတယ်။ တဖက်လူ

အတိုက်အခံတွေကိုလည်း သူ့ပုံမှန်အဆင့်ထက် နိမ့်ပြီး ထည့်တွက်တတ်ကြတယ်။ တချို့လူတွေကျပြန်တော့ တဖက်လူအတိုက်အခံတွေကို လုံးဝနေရာ မပေးချင်ကြဘူး။

ဒီလို နိမ့်ကျတဲ့ လူပြိန်းအတွေးအမြင်တွေနဲ့ ရှုမြင်နေကြမယ်ဆိုရင် ပြဿနာကို ညှိနှိုင်းဖြေရှင်းရာမှာ အခက်အခဲတွေ ရလိမ့်မယ်။ ဒီလို ပြဿနာမျိုးကို ဖြေရှင်းရာမှာ ပြဿနာမှာ လုံးဝပါဝင်ခြင်းမရှိတဲ့ ဘေးလူတွေရဲ့ အမြင်ဟာ အမှန်တရားနဲ့ နီးစပ်တတ်ကြတယ်။ ပညာ၊ သမာဓိ၊ ဂုဏ်သိက္ခာတွေနဲ့ ပြည့်ဝပြီး အခြေအနေတွေကို လေ့လာစောင့်ကြည့်နေတဲ့ ကိုယ်ကျိုးမဖက်တဲ့ အင်အားစုက ပုဂ္ဂိုလ်တွေရဲ့ အမြင်ဟာ အမှန်တရားနဲ့ အနီးစပ်ဆုံး ဖြစ်တယ်။ အင်အားစု ပေါင်းစုံကလည်း ပိုမိုလက်ခံတတ်ကြတယ်။

တကယ်ဆိုရင် ဘေးလူတွေဟာ ကာယကံရှင်တွေထက် အဖြစ်မှန်ကို ပိုမသိနိုင်ပါဘူး။ ကာယကံရှင်တွေထဲက ပညာ၊ သမာဓိရှိတဲ့ ပုဂ္ဂိုလ်တွေ မရှိကြတော့ဘူးလား။ မရှိဘူးဆိုရင် ကျနော်တို့ ပြည်သူတွေအားလုံး ညှံ့ဖျင်းလွန်းရာ ကျလိမ့်မယ်။ ကျနော်တို့ပြည်သူ သန်းငါးဆယ်ကျော်ထဲမှာ ပညာ၊ သမာဓိရှိတဲ့ လူတွေအများကြီးပါ။ သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်တွေရဲ့ အဆုံးအမကို ခံယူနေကြတဲ့ ကျနော်တို့တတွေထဲမှာ လောဘ၊ ဒေါသ၊ မောဟ၊ မာနနဲ့ အာဃာတတွေကို ခွာချပြီး ဓမ္မဓိဋ္ဌာန်ကျကျနဲ့ ရှုမြင်ဖို့ ကြိုးစားရင် ပညာ၊ သမာဓိရှိတဲ့ လူတွေဖြစ်မှာပါပဲ။ မိမိတို့အရေးကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်ပြီး၊ မိမိတို့ ပြဿနာကို မိမိတို့ဘာသာ ဖြေရှင်းနိုင်ရင် အကောင်းဆုံးပါ။ ဒီလိုဖြစ်နိုင်အောင်လည်း ကြိုးစားသင့်ပါတယ်။

ဒီနေ့ ဖြစ်ပေါ်နေတဲ့ ကျနော်တို့ ပြည်ထောင်စုရဲ့ နိုင်ငံရေးပြဿနာကို ဖြေရှင်းချင်ရင် ဦးစွာအားဖြင့် မတူကွဲပြားနေတဲ့ နိုင်ငံရေးအင်အားစုတွေကို ညီညွတ်အောင်လုပ်ဖို့ လိုတယ်။ ဒီလို လုပ်နိုင်ဖို့အတွက် မတူကွဲပြားတဲ့ အင်အားစုကြီးတွေ ဘယ်လိုတည်ရှိနေတယ်ဆိုတာ ပထမဖော်ထုတ်ဖို့ လိုအပ်ပါတယ်။ ဖော်ထုတ်ပြီးရင် အပြန်အလှန်အသိအမှတ်ပြုဖို့ လိုပါလိမ့်မယ်။ ဒီနေ့ ကျနော်တို့နိုင်ငံမှာ ထင်ထင်ရှားရှား တည်ရှိနေတဲ့ နိုင်ငံရေးအင်အားစုကြီးတွေကတော့ -

(၁) အာဏာရစစ်အစိုးရ၊
(၂) လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများ၊
(၃) ဒီမိုကရေစီပါတီအဖွဲ့အစည်းများ ဆိုတဲ့ အင်အားစုကြီး (၃) ခုကို တွေ့ရှိရပါတယ်။ ဒီအင်အားစုကြီးတွေဟာ အမှန် တကယ်တည်ရှိနေကြတာဖြစ်ပြီး အသိအမှတ်မပြုလို့

မရပါဘူး။ ဘေးဖယ်ထားလို့လည်း မရဘူး။ ဘာကြောင့်လဲဆိုတော့ (၁) အာဏာရစစ်အစိုးရဟာ ဗမာ့တပ်မတော်ကြီးကို ချုပ်ကိုင်ထားပြီး ၁၉၆၂ ခုနှစ်ကတည်းက အာဏာရခဲ့တာ ဖြစ်တယ်။ အနှစ် (၄၀) ကျော်ကာလမှာ နာမည်အမျိုးမျိုး အသွင်အမျိုးမျိုး ပြောင်းလဲခဲ့၊ ခေါင်းဆောင်ပြောင်းလဲခဲ့တာရှိပေမဲ့ အာဏာကို ဆက်တိုက်ချုပ်ကိုင် လာခဲ့တာ ဖြစ်တယ်။ ယနေ့အထိ နိုင်ငံတော်အာဏာကို ချုပ်ကိုင်ထားဆဲဖြစ်တယ်။ နိုင်ငံတကာကလဲ လက်ရှိအုပ်ချုပ်နေဆဲ (De-facto) အစိုးရအနေနဲ့ လက်ခံအသိ အမှတ် ပြုထားတယ်။

(၂) လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများဟာ သူ့လူမျိုး၊ သူ့အဖွဲ့အစည်း၊ သူ့စစ်တပ်၊ သူ့နယ်မြေနဲ့ သူ့ကျောထောက်နောက်ခံ ပြည်သူတွေရှိတယ်။ နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ပြီး အတွေ့အကြုံ၊ ခံယူချက်တွေနဲ့ ရင့်ကျက်ပြီးသား အဖွဲ့အစည်းတွေ တော်တော်များများ ရှိတယ်။ သူတို့ကို နှစ်ပေါင်း ၄၀/ ၅၀ ကျော်တိုက်ခိုက်ချေမှုန်းလို့လည်း ပျက်ပြုန်းသွားတာ မဟုတ်ဘူး။ ဒီအုပ်စုထဲမှာ ယခုအခါ စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့အစည်းများနဲ့ အပစ်အခတ်ရပ်စဲရေး မလုပ်တဲ့ အဖွဲ့အစည်းများဆိုပြီး မတူကွဲပြားတဲ့ ပုံစံနှစ်ခု ရှိနေကြတယ်။

(၃) ဒီမိုကရေစီပါတီ အဖွဲ့အစည်းများဟာ (၈) လေးလုံး အရေးအခင်းက စတင်ခဲ့ပြီး နောက်ပိုင်း လက်နက်ကိုင်လာတဲ့ အဖွဲ့အစည်းတွေရှိသလို စစ်အစိုးရက ဦးဆောင်ကျင်းပပေးတဲ့ ၁၉၉၀ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ တရားဝင်ဖွဲ့စည်းခဲ့တဲ့ အဖွဲ့အစည်းတွေ ပါဝင်ကြတယ်။ ရွေးကောက်ပွဲမှာ အမတ်ဦးရေအများဆုံးနဲ့ တပြည်လုံးမှာ လွှမ်းခြုံပြီး အနိုင်ရခဲ့တဲ့ အဖွဲ့အစည်း ပါဝင်သလို အမတ်ဦးရေ ဒုတိယ၊ တတိယ အများဆုံး အရွေးခံထားရတဲ့ တိုင်းရင်းသားအဖွဲ့ အဖွဲ့အစည်းတွေလည်း ပါဝင်တယ်။ အာဏာမလွှဲ၊ လွှတ်တော်ခေါ် ခွင့်မပေးလို့ အဝေးရောက်အစိုးရ ဖွဲ့စည်းကြေညာထားတာ ရှိသလို လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းထားတာလဲ ရှိတယ်။ ပြည်တွင်းမှာရော ပြည်ပမှာပါ နည်းပေါင်းစုံနဲ့ လှုပ်ရှားနေကြတယ်။ ဒီအစုထဲမှာ ဒီမိုကရေစီအရေးသက်သက် မဟုတ်ဘဲ မိမိတို့ တိုင်းရင်းသားလူမျိုးစုကို ကိုယ်စားပြုပြီး အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေး၊ စစ်မှန်တဲ့ ပြည်ထောင်စုတည်ဆောက်ရေး ဦးတည်ချက်တွေနဲ့ ဖွဲ့စည်းလှုပ်ရှားခဲ့တဲ့ အဖွဲ့အစည်းတွေ များစွာပါဝင်နေတယ်။ ဒီအဖွဲ့အစည်းတွေဟာ အချင်းချင်းစုစည်းပြီး UNLD, UNA တပ်ပေါင်းစုတွေ ဖွဲ့စည်းကာ ပူးပေါင်းညှိနှိုင်း လှုပ်ရှားနေကြတယ်။ ဒီအဖွဲ့တွေအပေါ် ဒီမိုကရေစီအုပ်စုထဲမှာရော တိုင်းရင်းသားအုပ်စုထဲမှာပါ သင့်တော်သလို ထည့်သွင်းစဉ်းစားရမှာ ဖြစ်တယ်။

ဒီလို ထင်ထင်ရှားရှား တည်ရှိနေတာကို အသိအမှတ်မပြု မသိဟန်ဆောင် မျက်နှာလွှဲထားလို့ မရနိုင်ပါဘူး။ ပြည်သူအားလုံးက သိကြသလို၊ ကမ္ဘာကလည်း သိကြတယ်။ အင်အား အနေအထား၊ လူထုထောက်ခံမှု အနေအထား၊ ကျစ်လစ်ခိုင်မာမှု အနေအထားတွေအရ မတူခြားနားမှုတွေ ရှိပေမဲ့ ဘယ်အဖွဲ့ကိုမှ ပစ်ပယ်ချန်ထားလို့ မရနိုင်ဘူးဆိုတာ ရိုးသားစွာ ဝန်ခံကြရမှာ ဖြစ်တယ်။ ဒီလို ရိုးသားစွာ ဝန်ခံအသိအမှတ် ပြုနိုင်မှ ဘက်လိုက်မှုကင်းတဲ့ ပညာ သမာဓိ ရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နိုင်ပါလိမ့်မယ်။ ဒီလို လက်ခံမှ ရှေ့ဆက်ပြီး ပြဿနာကို ညှိနှိုင်းဖြေရှင်းလို့ ရနိုင်ပါလိမ့်မယ်။

အထက်က ဖော်ပြထားတဲ့ အင်အားစုကြီး (၃) ခု ကြားမှာ ညှိနှိုင်းဖြေရှင်းနိုင်တဲ့ အနေအထား လုံးဝမရှိတော့ဘူးလား။ တခု ရှင်ရင် တခုက သေမယ် ဆိုတဲ့ လုံးဝကို ယှဉ်တွဲလို့ မရနိုင်တဲ့ အနေအထားလား။ တယောက်မျက်နှာ တယောက်က မကြည့်နိုင်တော့တဲ့ အညှိုးကြီးတွေနဲ့ ဖြစ်နေကြပြီလားလို့ အသေအချာ လေ့လာကြည့်တော့ အဲ့ဒီလို မဟုတ်ပါဘူး။ တခုနဲ့တခု တဖွဲ့နဲ့တဖွဲ့ မကြာခဏတွေ့ဆုံညှိနှိုင်း ခဲ့ကြဘူးတယ်။ အုပ်စုတခုရဲ့ လိုလားချက်နဲ့ လိုအပ်ချက်တွေကို အခြားအုပ်စုတခုက ယေဘုယျအားဖြင့် နားလည်နေကြတယ်။ ဒါကြောင့် စေတနာမှန်ရင် ညီညွတ်ရေးကို တည်ဆောက်နိုင်မည့် နည်းလမ်းကို ရှာကြံလို့ ရမှာပါ။ မရဘူးဆိုတာ စေတနာ မမှန်လို့လား၊ နည်းလမ်းမမှန်လို့လား၊ အားထုတ်မှုမှာ လိုအပ်တဲ့အဆင့် မပြည့်မှီသေးလို့လားဆိုတာ ဆန်းစစ်လိုက်ရင် အဖြေပေါ်မှာပါ။

ပြီးခဲ့တဲ့ ကာလတွေမှာ ပြေလည်အောင်ဖြေရှင်းဖို့ ကြိုးစားမှု အချို့ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီကြိုးစားမှုတွေဟာ ရုပ်လုံးမပေါ်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပွင့်ပွင့်လင်းလင်း ထောက်ပြဝေဖန်ရရင် ကိုယ့်အဆင့်လျှောကျသွားမှာ စိုးပြီး၊ တဖက် အင်အားစုရဲ့ အဆင့်မြင့်တက်လာမှာကို စိုးရိမ်နေကြတယ်။ ဒီသဘောထားကြောင့် တန်းတူရည်တူ ပေါ်ပေါ်လွင်လွင် ညှိနှိုင်းတာမျိုး မလုပ်ခဲ့ကြဘူး၊ မလုပ်ချင်ကြဘူး။ မိမိလိုလားချက် များများပြည့်ဝစေဖို့ မိမိအဆင့်နေရာကိုဘဲ မြှင့်တင်ပြီး ပြောဆိုနေကြ လုပ်ငန်းစဉ်တွေချမှတ် နေကြတယ်။ ဒါကြောင့် မအောင်မြင်နိုင်သေးတာ ဖြစ်တယ်။

ရှေ့ဆက် ဘယ်လိုဆက်လုပ်ကြမလဲ။ ဒီအတွက် စဉ်းစားရင် ယခုခေတ်ဟာ ယခင်ခေတ်ကာလတွေနဲ့ မတူညီတဲ့ အခြေအနေတွေကို နားလည်ထားသင့်တယ်။ ယခုခေတ်ဟာ ယခင်ခေတ်ကလို သူတပါးနိုင်ငံကို ကြိုက်သလိုတိုက်ခိုက်၊ လူမျိုး၊ ဘာသာ

မတူညီတဲ့ အုပ်စုတွေကို ကြိုက်သလို သတ်ဖြတ်ဖိနှိပ်လို့ မရတော့ဘူး။ ကမ္ဘာ့ငြိမ်းချမ်းရေး အတွက် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံကြီးများက တာဝန်ယူစောင့်ကြည့် နေကြတယ်။ လွယ်ကူလျင်မြန်တဲ့ သတင်းဆက်သွယ်ရေးတွေကလည်း အထောက် အကူ ပေးနေကြတယ်။ အာဏာရှင်စနစ်အမျိုးမျိုးကိုလည်း အများက လက်မခံကြတော့ ဘူး။ ဒီမိုကရေစီစနစ်ကို လိုလားအားပေးနေကြတယ်။ တဖက်မှာ လူမျိုးရှိရင် နိုင်ငံရှိ ရမယ်ဆိုပြီး လူမျိုးတိုင်း သီးခြားလွတ်လပ်တဲ့ နိုင်ငံကို တည်ဆောက်မယ် ဆိုတဲ့အမြင် ကိုလည်း ကမ္ဘာက လက်မခံနိုင်တော့ဘူး။ သီးခြားနိုင်ငံတွေကိုတောင် ဆက်စပ်စုစည်းပြီး စုပေါင်းကာကွယ်ရေး စုပေါင်းကုန်သွယ်ရေး ဇုံနယ်မြေတွေကို သတ်မှတ်ကာ ဘဝတိုး တက်မြင့်မားရေးကို ကြိုးစားနေကြတယ်။ အခြားတဖက်မှာ ပြည်သူက ရွေးကောက်တင် မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တယ်။ အာဏာဟာ ပြည်သူက ဆင်း သက်လာတာမို့ ပြည်သူ့လွှတ်တော် ခေါ် ယူရေးမှ တပါး အခြားမရှိဆိုပြီး ပြည်တွင်းက ကြွေးကြော်နေလို့ ကမ္ဘာက တင်ပေးမှာ မဟုတ်ပါဘူး။ ဒီလို အုပ်စု အသီးသီးက သူ့ဟာ နဲ့သူ ကြွေးကြော်ခဲ့ ရပ်တဲ့ခဲ့ကြတာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်လို တိုးတက်လို့ ဘယ်လို ထွက်ပေါက်မျိုး မြင်နေကြပြီလဲ၊ ဘာမှ မထူးခြားဘူးဆိုတာ အားလုံးသိကြ ပါတယ်။

ဒီနေ့ အခြေအနေက ညီညွတ်ရေးကို တည်ဆောက်ရမဲ့ အဆင့်မှာသာ ရှိနေသေး လို့ ညီညွတ်ရေးရဖို့အတွက် ပြိုင်ဘက်အင်အားစု အချင်းချင်းကြားမှာ နားလည်မှု (သို့ မဟုတ်) ဆုံချက်ကို ရှာရမယ်။ သူ့ဟာနဲ့သူ သီးခြားလုပ်လို့ မရဘူး။ ကိုယ့်အစီအစဉ် ကိုယ်ဆွဲပြီး သူများကို အဖြည့်ခံ၊ နောက်လိုက်အနေနဲ့ပါ ခိုင်းလို့လည်း မရဘူး။ စုပေါင်း ပြီးလုပ်ရမယ်။ ဒီလိုလုပ်လို့ မိမိအုပ်စုရဲ့ အကျိုးစီးပွား ယာယီ (သို့မဟုတ်) အနည်း အကျဉ်းကျဆင်းနိုင်ပေမဲ့ နိုင်ငံအတွက် ကြီးမားတဲ့ အကျိုးစီးပွားကို ဖြစ်စေလိမ့်မယ်။ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းလာတဲ့အခါ မိမိအုပ်စုအတွက်လည်း အကျိုးဖြစ်ထွန်း လာမှာက မြေကြီးလက်ခတ်မလွဲပါဘူး။

ဒါကြောင့် နိုင်ငံရေးအုပ်စုကြီးများအနေနဲ့ - ကိုယ့်လှေကိုယ်ထိုး ပဲခူးရောက်ရောက် ကိုယ့်မြင်းကိုယ်စိုင်း စစ်ကိုင်းရောက်ရောက် လုပ်နေကြမည့်အစား အပြန်အလှန် အသိအမှတ်ပြု တန်းတူသဘောထားပြီး စုစည်းညှိနှိုင်း အဖြေရှာနိုင်တဲ့ အနေအထား တခု၊ တနည်းအားဖြင့် **"သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး"** ကို လုပ်ဆောင်ကြမယ် ဆိုရင် မုချနားလည်မှု တစုံတရာ ရလာပါလိမ့်မယ်။ ဒီလိုဆိုလို့ တချို့က "ခွေးတံဆိပ် ဓါတ်ပြား

ဟောင်းပါ” လို့ ပြောချင်ပြောကြမယ်။ အမှန်တရားဟာ ဘယ်လိုဘဲ ဟောင်းဟောင်း မှန်နေတာဘဲ။ ဗုဒ္ဓရဲ့ ဟောကြားချက်၊ သခင်ယေရှုရဲ့ ဟောကြားချက်၊ တမန်တော် မိုဟာမက်ရဲ့ ဟောကြားချက်တွေ စစ်ပါရဂူ ဆွန်ဇူးတို့ရဲ့ ဟောကြားချက်တွေဟာ ခါတ်ပြားဟောင်းတွေဘဲ မဟုတ်လား။ အမှန်တရားကို လက်မခံနိုင်ခင် ပစ်ပယ်ထားလို ကြပေမဲ့ တနေ့တော့ လက်ခံလာ ကြရတာဘဲ။

**“သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ”** ဆိုတာ သူ့အစုအဖွဲ့ရဲ့ လမ်းစဉ်၊ လုပ်ငန်းစဉ်တွေနဲ့ သီးခြားစီ သွားနေကြတာကို ဆက်စပ်ဆုံဆည်းပေးဖို့ နိုင်ငံရေးညှိနှိုင်းဆွေးနွေးပွဲ တခု ကို ဖန်တီးတာ ဖြစ်တယ်။ ဒီလို ဆုံဆည်းမှုတခုကို မဖန်တီးနိုင်ဘူးဆိုရင် သူ့လမ်းနဲ့သူ သွားမြဲ သွားနေကြပါလိမ့်မယ်။ ဘယ်လိုမှ နီးကပ်၊ ပေါင်းစပ်နိုင်ကြမှာ မဟုတ်ဘူး။ ဒီလို မတူကွဲပြား ယှဉ်ပြိုင်နေတဲ့ အနေအထားကနေ ပြေလည်နိုင်ဖို့ အုပ်စုသုံးစု ရှိနေတဲ့ အနေအထားမှာ **“သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေး”** အဖြေရှာဖို့ဟာ အကောင်းဆုံးနဲ့ အဖြစ်နိုင်ဆုံး နည်းလမ်းဖြစ်တယ်။ ကျနော်တို့ နိုင်ငံထဲက အမြော်အမြင်ရှိသူ တော် တော်များများက ဒါကိုလက်ခံကြသလို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ နိုင်ငံတော်တော်များ များကလည်း လက်ခံတောင်းဆိုနေကြပြီ ဖြစ်တယ်။

ထွက်ပေါက်ပိတ်နေတဲ့ အနစ်ငါးဆယ်ကျော် လမ်းဟောင်းကနေ ခွဲထွက်ပြီး စေတနာမှန်နဲ့ လမ်းသစ်ရှာမယ်ဆိုရင် **“သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး”** ဟာ ညီညွှတ် ရေးနဲ့ ပြေလည်ရေးအတွက် အလားအလာ အရှိဆုံးနဲ့ အကောင်းဆုံးဖြစ်တယ်။ သုံးပွင့်ဆိုင်တွေ့ဆုံရာမှာ အများလက်ခံနိုင်တဲ့ အစီအစဉ်တွေချ၊ ကြားဖြတ်ကာလ အတွက် ညွှန့်ပေါင်းအစိုးရဖွဲ့ပြီး ထိန်းထား၊ ချထားတဲ့ အစီအစဉ်တွေကို တဆင့်ပြီး တဆင့် အကောင်အထည်ဖော်၊ နောက်ဆုံးမှာ ပြည်သူက ရွေးချယ်တဲ့ ကိုယ်စားလှယ် များကို အာဏာအပ်နှင်းလိုက်ရင် ပြီးစီးသွားပါလိမ့်မယ်။ ဘယ်အုပ်စု ဘယ်သူ့အတွက်မှ အန္တရာယ်မရှိနိုင်သလို ဘယ်အုပ်စုကလည်း မကျေနပ်စရာ မရှိပါဘူး။ ဒီတိုင်းပြည် ဒီနယ်မြေ ဒီအဝန်းအဝိုင်းမှာ အေးအေးချမ်းချမ်းနဲ့ အတူနေသွားနိုင်ဖို့ အဓိကပါ။ ဒီလို အမြန်ဆုံးဖြစ်နိုင်ဖို့ လမ်းသစ်ကို ဖောက်ကြပါစို့။ လမ်းသစ်ကို ညီညွှတ်ရေးအဓိက လမ်းပြမြေပုံနဲ့ သွားရမယ်ဆိုတာကိုတော့ မေ့မထားပါနဲ့။

၂၀၀၅ ခုနှစ် မတ်လ
မွန်ပြည်သစ်ဂျာနယ်

# ရေကြည်ရာ မြက်နုရာ ရှာဖွေခြင်း

ရေကြည်ရာ မြက်နုရာကို ရှာဖွေသွားရောက်စားသောက်ကြသည့် သဘာဝကို ကျနော်ငယ်ငယ်က ကျွဲနွားများသာ ပြုလုပ်ကြသည်ဟု ထင်မြင်ခဲ့သည်။ ဝေါဟာရကို က **"ရေကြည်ရာ မြက်နုရာ"** ဟုသုံးထားသဖြင့် မြက်စားသော ကျွဲနွားစသည့် တိရစ္ဆာန်များကိုသာ ရည်ညွှန်းထား၍လည်း ဖြစ်သည်။ အသက်ကလေးရလာသောအခါ ကြက်၊ ငှက်၊ ငါးနှင့် လူသားများပါ ရေကြည်ရာ မြက်နုရာဖြစ်သော ရှာဖွေစားသောက်ရန် လွယ်ကူသည့်နေရာ ဒေသများသို့ ပြောင်းရွှေ့ရှာဖွေတတ်ကြောင်း တွေ့ရှိနားလည်လာသည်။ ယခုအခါ ကျနုပ်တို့ နိုင်ငံသားအများအပြားတို့သည် ပြည်ပထွက်အလုပ်ရှာနေကြသည်မှာ သာမန်အသက်မွေးဝမ်းကြောင်း တခုလိုဖြစ်နေပါပြီ။ ငါးများသည် မိုးဦးကျချိန်တွင် ချောင်းဖျားမြောင်းဖျားသို့ လိုက်တက်ပြီး မိုးကုန်သည့်အခါ မူလနေရာသို့ ပြန်ကြသည်။ ငှက်များသည်လည်း ဆောင်းဦးတွင် မြောက်ပိုင်းအေးသောဒေသမှ ပူနွေးသော တောင်ပိုင်းဒေသသို့ အုပ်ကြီးများဖြင့် ဆင်းလာကြပြီး မိုးကျသောအခါ မူလမြောက်ပိုင်းဒေသသို့ ပြန်ကြသည်။ သို့သော် ပြည်ပထွက် ကျနုပ်တို့ အမျိုးသားပြည်သူများမှာ ပြန်လာကြဦးမည်လော? မည်သည့် အချိန်တွင် ပြန်လာကြမည်နည်း? ကျနော် ဝေခွဲ၍မရ၊ သံသယ ဖြစ်နေရပါသည်။

ကျနော်ငယ်စဉ်က ကျနော်တို့ဒေသမှ လူတွေ ပြည်ပထွက်အလုပ်လုပ်ကြသည်မှာ အလွန်ကို ရှားပါသည်။ ကျနော် လူပျိုကာလသားအရွယ်ရောက်သောအခါ တောင်ကိုကျော်ပြီး ထိုင်းနိုင်ငံမှ တရားမဝင် (မှောင်ခို) ကုန်ပစ္စည်းများ သယ်ယူရောင်းချမှု ဖြစ်လာသည်။ ထိုကာလတွင် ကျနော်တို့နယ်သား ပြည်သူအချို့ နယ်စပ်ရောက်လာသည်ကို တွေ့ရသည်။ ထိုမှတဆင့် မလေးရှား၊ စင်္ကာပူသို့ စက်လှေကြီးများဖြင့် ကုန်သွယ်သည့်ခေတ် ရောက်ပြန်သောအခါ မလေးရှား၊ စင်္ကာပူအထိ သွားရောက်ကြသည်ကို တွေ့ရသည်။ သို့သော် အများစုသည် ကုန်ပစ္စည်းဝယ်ယူရေးအတွက်သာ သွားကြသည်။ ပြည်ပတွင် သွားရောက်နေထိုင် အလုပ်လုပ်ကြသူ အလွန်နည်းပါသည်။

နောက်ပိုင်းတွင် အစုလိုက်အပြုံလိုက် ထိုင်းနိုင်ငံတွင် သွားရောက် အလုပ်လုပ်ကြသည်။ ထို့နောက် မလေးရှား၊ စင်္ကာပူ၊ ဂျပန် စသည့်နိုင်ငံများသို့ ရောက်ရှိသွားကြသည်။

အများစုကြီးမှာ တရားဝင်နိုင်ငံကူးလက်မှတ်နှင့် သွားရောက်ခြင်း မဟုတ်။ ခိုးကြောင် ခိုးဝှက် တရားမဝင်သွားရောက်ကြသဖြင့် ပို၍ အထင်သေးခံ၊ အဖိနှိပ်ခံ၊ အနှိမ်ခံ ကြရ သည်။ ထိုင်းနိုင်ငံအတွင်း အဖမ်းခံရပြီး အချုပ်ခန်းထဲတွင် ငါးပိသိပ် ငါးချဉ်သိပ်၊ အိပ် စရာ နေရာမရှိ လှောင်ထားပုံ၊ တပတ်နှစ်ခါ ကုန်တင်ကားကြီးများဖြင့် မတ်တပ်ရပ် အပြည့်အကြပ်တင်ပြီး နယ်စပ်သို့ ပို့ခဲ့ပုံ၊ ဖိနပ်မရှိ၊ ရိက္ခာမရှိ၊ လူတကိုယ် အဝတ်တစုံဖြင့် ရောက်လာပုံ၊ ထိုင်းစစ်သားနှင့် ရဲသားတို့က လက်နက်အပြည့်ဖြင့် စောင့်ကြပ်ပြီး နယ်စပ်ပို့ မောင်းထုတ်ခံရပုံတို့ကို တွေ့ရှိရသောအခါ ကိုယ့်ပြည်သူ ကိုယ့်လူမျိုးအတွက် ကျနော် အလွန်ကို ရင်နာခဲ့ရသည်။ လူဖြစ်ပါလျက် လူ့သိက္ခာတစက်မျှမကျန် တိရစ္ဆာန်လို၊ ရာဇဝတ်သားလို ဆက်ဆံခံရသော မိမိတို့ပြည်သူများ၏ ဘဝအတွက် ဝမ်းနည်းခဲ့ရသည်။

ခပ်စောစောပိုင်းကာလတခုတွင် ထိုသို့ ကားကြီးနှစ်စီးဖြင့် ပို့ခဲ့သောသူများကို နယ် စပ်တွင် ထိုင်းတို့က ကျနော်တို့ အဖွဲ့အစည်းအား လွှဲအပ်ခဲ့သည်။ ကျနော်ကိုယ်တိုင် ထို သို့ရောက်လာသော မိမိပြည်သူများကို ဂရုဏာသောသောဖြင့် "ကိုယ့်နိုင်ငံ ရှိပါလျက်နဲ့ သူတပါးနိုင်ငံကို အထင်ကြီးပြီး သွားချင်ကြဦး။ မှတ်ထားကြ ဒို့ပြည်မှာ စိုက်ပျိုးစရာ မြေတွေအများကြီးရှိတယ်။ ထမင်းငတ်ပြီးသေတဲ့လူ မရှိဘူး။ ကြိုးစားရင် သူဌေး တောင်ဖြစ်နိုင်တယ်။ သိက္ခာကျခံပြီး သူများနိုင်ငံ မသွားချင်ကြနဲ့တော့၊ ပြန်ကြပါ" လို့ အပြစ်တင်ဝေဖန် ပြောခဲ့မိဘူးသည်။ ကျနော်တို့ ကယ်ဆယ်ရေးဌာနအနေဖြင့် သူတို့ အတွက် ဆန်နှင့် ရိက္ခာတချို့ ထုတ်ပေးသည်။ ယာယီတည်းခိုဖို့ စီစဉ်နေရာချပေးသည်။ နေရပ် ပြန်နိုင်ဖို့ ဝိုင်းဝန်းကူညီပေးသည်။ သို့သော် သူတို့အထဲက အချို့သာပြန်၍ အချို့ ကား ထိုင်းနိုင်ငံထဲ ပြန်ဝင်သွားကြသည်။

ထိုင်းနိုင်ငံတွင်းသို့ ဝင်ကြပုံမှာ နည်းအမျိုးမျိုးရှိသည်။ ကျနော်တို့ ဒေသတွင် နယ်စပ် ကို ဖြတ်ကျော်ရန်မှာ သိပ်မခဲယဉ်းပါ။ အဘယ်ကြောင့်ဆိုသော် နယ်စပ်သည် အလွန် ရှည်လျားသော တောတောင်များဖြစ်နေသည်။ နေရာတကာတွင် အစောင့်ချမထားနိုင် ပါ။ သို့သော် အလုပ်အကိုင်ရနိုင်သော မြို့ကြီးများသို့ သွားရောက်ရန်မှာ မလွယ်ကူပါ။ နေရာကိုလိုက်၍ နှစ်ရက် သုံးရက်မှ လေးငါးရက်အထိ တောင်ကိုကျော် တောကိုဖြတ်ပြီး မှ လှေကိုစီး၊ ကားကိုစီးပြီး ခရီးဆက်ရသည်။ ညအချိန်တွင် လှေကိုစီးပြီး သွားကြရသူများ လှေမှောက်၍ သေဆုံးသူ အများအပြား ရှိခဲ့သည်။ ပို့ဆောင်ပေးသူများက တောထဲတွင် ပစ်ထားပြီး အစာငတ်၍ သေဆုံးရသည့် သူတွေကလည်း မနည်းလှပါ။ ပို့ဆောင်ခငွေကို

ယူပြီး အစာထဲ အဆိပ်ထည့်ကျွေး၍ အသတ်ခံရသူတွေလည်း ရှိပါသည်။ ရုပ်ရည်ချောမောသန့်ပြန့်သော မိန်းမပျိုများကို ပို့ဆောင်သူအချို့က ရွေးချယ်ပြီး မယားပြုခြင်း၊ ရောင်းစားခြင်းများလည်း ရှိပါသည်။ လိုက်လံဖမ်းဆီးနေသော ရဲများကလည်း ပစ္စည်းယူခြင်း၊ မုဒိန်းကျင့်ခြင်း များရှိသည်။ ခြုံ၍ ကြည့်လျှင် အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ပြီးမှ ရောက်ရှိသွားနိုင်သည်။

ကျနော်တို့ အဖွဲ့အစည်းသည် ထိုသို့ ပြည်ပထွက်အလုပ်ရှာခြင်းကို မထောက်ခံပါ။ အားမပေးပါ။ သို့သော် ပြည်သူတို့၏ အခက်အခဲကို မဖြေရှင်းပေးနိုင်သဖြင့် အတင်းအကြပ် မပိတ်ပင်ပါ။ အစပိုင်းတွင် ၎င်းတို့ဘဝ ပျက်သွားမည်ကိုစိုး၍ အပျိုအရွယ်အမျိုးသမီးများကို တားမြစ်ခဲ့ဘူးသည်။ သို့သော် မိမိတို့ တားနိုင်သည်က ဘုရားသုံးဆူမှ ထားဝယ်ချောင်းများအထိ နယ်စပ်တလျှောက်တွင်သာ ဖြစ်သည်။ ၎င်းတို့က မြဝတီ၊ ကော့သောင်း စသည့်လမ်းများမှ သွားကြပြန်သည်။ ထိုသို့ မထိရောက်သဖြင့် ကန့်သတ်ချက်ကို ပြန်ရုတ်သိမ်းလိုက်ရသည်။ အမျိုးသမီးရော အမျိုးသားပါ မသွားကြရန် ပညာပေးစည်းရုံး၍ သဘောတရားဖြင့် တားမြစ်ခဲ့သည်။ ဤတွင် သူတို့ထံမှ တုန့်ပြန်သည့် စကားများကို ကြားသိရသည်။

"လူနေမှုစရိတ် အရမ်းကြီးလွန်းတယ်၊ ဒါကို ဖြည့်နိုင်ဖို့ ကိုယ့်မိဘက အရင်းအနှီး ထုတ်ပေးနိုင်ရင် လုပ်ကိုင်စားသောက်နိုင်တဲ့ အခွင့်အရေးအချို့ ရှိပေမဲ့ နေ့စားလခစား အလုပ်နဲ့တော့ ဘယ်လိုမှ မရပ်တည်နိုင်ဘူး။ ကျောင်းမှာလည်း လာဘ်ထိုးရ၊ ဆေးရုံမှာလည်း လာဘ်ထိုးရ၊ နေရာတကာမှာ ငွေမပေးရင် အလုပ်မဖြစ်ဘူး။ အိမ်မှာလည်း ဟိုကြေး ဒီကြေးတွေ ခဏခဏ လိုက်ကောက်နေတယ်။ ဒီလိုငွေကြေး အခက်အခဲတွေ ရှိနေလို့ ပြည်ပထွက်ရတာပါ" ဟု မြို့ပြမှ လူတယောက်က ဆိုသည်။

နယ်မှ လူငယ်တယောက်ကလည်း "အဖေ့ လယ်မြေတချို့ရှိပေမဲ့ အရင်က တကေကို ဆယ်တင်းကျော် ဆယ့်ငါးတင်းအထိ အစိုးရသတ်မှတ်ဈေးနဲ့ ပေးသွင်းနေရလို့ စားမလောက်ပါ။ အခု ဆန်စပါးသယ်ဆောင်ခွင့်၊ ပြည်ပထုတ်ခွင့်ကို အစိုးရက ပိတ်ပင်ထားလို့ စပါးဈေး မရှိပါ။ ရွာမှာ ရာဘာစေးခြစ်ရင် တနေ့လုပ်ခ တထောင်ကျပ်လောက်သာရတယ်။ ထိုင်းမှာ သွားခြစ်ရင် တနေ့ကို ကျပ်တသောင်းအထိ ရနိုင်တယ် ကြားလို့ပါ" ဟုဆိုသည်။

ကျနော် ရေးမြို့နယ်မှ ရင်းနှီးသည့်လူတယောက်ကို တွေ့သောအခါ ဤသို့ ဆွေးနွေးခဲ့ဘူးသည်။ "ရေးမြို့နယ်တောင်ပိုင်းက ရင်းရယ်ရွာမှာ သားသမီးတွေ ဒီလို ပြည်ပထွက်အလုပ်ရှာတာကို မိဘအချို့က မင်းတို့မသွားနဲ့ မလေးရှား၊ စင်္ကာပူသွားရင် ဆယ်သိန်းအထက်၊ ထိုင်းကိုသွားရင် ဆယ်သိန်းအောက် အရင်းစိုက်ရသလို ဒီမှာလည်း ဒီလောက်အရင်းအနှီးထုတ်ပြီး စိုက်ပျိုးခြံတခုခုကို ဖောက်ချလုပ်ရင် ခြောက်နှစ်၊ ခုနစ်နှစ် လောက်ကြာတဲ့အခါ မိသားစုတစု ထိုင်စားနိုင်လောက်တဲ့ ခြံတခုရမှာဘဲ အဲဒါပိုပြီး သေချာတယ်"။

သူက "အကိုပြောတာ အရင်ကဖြစ်နိုင်တယ်။ အခု မဖြစ်နိုင်တော့ဘူး။ ၂၀၀၄ ခုနှစ်ဗမာစစ်တပ်ရောက်လာချိန်ကစပြီး ရေးတောင်ပိုင်းက ပြည်သူတွေ ရွာအပြင် မထွက်ရလို့စိုက်ပြီးသား ခြံတွေတောင် ပျက်စီးသွားတာ အများကြီးပဲ။ စိုက်ပျိုးအောင်မြင်ပြီးသား ခြံတွေ ရေးမြို့နယ်တခွင်မှာ စစ်တပ်က သိမ်းဆည်းလိုက်တာ ကေထောင်ပေါင်း မနည်းတော့ဘူး။ ခြံပိုင်ရှင်ဟောင်းတွေကတောင် ခြံမရှိတော့လို့ ပြည်ပထွက် အလုပ်ရှာနေရပြီ" ဟုပြောပါသည်။

ကျနော်သူ့ကို စီးပွားရေးနှင့် ပတ်သက်၍ ချေပရန် အချက်အလက်ရှာ မရတော့ပါ။ ထို့ကြောင့် လူ့သိက္ခာပိုင်းနှင့် ဆက်လက်ဆွေးနွေးပါသည်။ "သူတပါးနိုင်ငံမှာ သွားပြီး အလုပ်လုပ်ရင် အစစအရာရာ အနှိမ်ခံရ၊ အထင်အမြင်သေးခံရ၊ အဖိနှိပ်ခံရ၊ အလုအယက်ခံနေရတယ်ဗျ။ ကိုယ်ကမူးရင် အရိုက်ခံရတယ်။ သူတို့က မူးလာရင်လည်း ကိုယ့်ကိုရိုက်တယ်။ အခံဘက်ကချည်းပဲ။ တရားမဝင် ခိုးဝင်တဲ့သူတွေ အသတ်ခံရ ရင်လည်းလိုက်ပြီး တရားစွဲအရေးယူပေးမဲ့ လူမရှိဘူး။ သူတို့ရဲ့ ခွေးတကောင်လောက်တောင်မှ အလေးထားတာ မဟုတ်ဘူး"။

သူကလည်း "ဒီမှာကော သက်သာလို့လား။ တပ်စခန်းဆောက်၊ တံတားစောင့်၊ ပိုက်လိုင်းစောင့်၊ လမ်းကင်းစောင့်၊ အဓမ္မခိုင်းစေမှုတွေ မပြတ်ဘူး။ ခြံမထွက်ရ၊ လယ်မထွက်ရ၊ ပင်လယ်ထဲ ငါးဖမ်းမထွက်ရနဲ့ လုပ်စရာအလုပ်မရှိတော့ဘူး။ ကြားမှာ မသင်္ကာရင် ဖမ်းလား၊ ဆီးလား ရိုက်ပုတ်လားနဲ့ ဒီနယ်က သမီးပျိုတွေလည်း ဖျက်ဆီးခံရတာ မနည်းတော့ဘူး။ ဒီလို အနေအထားမျိုးနဲ့ ဘယ်လိုဆက်ပြီး ရပ်တည်သွားရမှာလဲ"။

သူပြောတာလည်း မှန်ပါသည်။ လက်ရှိ ကျနော်တို့ပြည်သူများ ရပ်တည်နေထိုင်နေကြသော ဒေသအများအပြားသည် ငြိမ်းချမ်းမှုမရှိ၊ အေးချမ်းစွာ လုပ်ကိုင်စားသောက်

နိုင်သော အခြေအနေမရှိ၊ ဘဝရပ်တည်မှုအတွက် ရေကြည်ရာ မြက်နုရာကို ရှာဖွေကြရသည်။ ဤသည်ကို ရာဇဝတ်မှုဟု ကျနော်တို့ ရှုမြင်ကြမည်လော? သို့မဟုတ် သူတို့ကို အားပေးထောက်ခံ ရမည်လော ? နှစ်ခုစလုံး မဖြစ်သင့်ပါ။ အမျိုးသားရေးရှုထောင့်မှ ကြည့်လျှင် သူတပါးနိုင်ငံ၊ သူတပါး အဝန်းအဝိုင်းမှာ ကိုယ်ကလူနည်းစု၊ မှီခိုခံအောက်တန်းက ဝင်ပူးရသည်။ ကိုယ့်ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ပျောက်မည်။ ၈၈ အရေးအခင်းတွင် ရောက်လာကြသော လူငယ်အချို့ နိုင်ငံရေးစိတ်ဓါတ်၊ မျိုးချစ်စိတ်ဓါတ်အပြည့်ရှိသည်။ ထို ခေတ်လူငယ်အမျိုးသမီးအမျိုးသားစုံတွဲ အိမ်ထောင်စုပင်လျှင် (UNHCR) ထောက်ခံမှုနှင့် ပြည်ပကို ရောက်ရှိသွားကြသောအခါ စားဝတ်နေရေးအတွက် လုံးပမ်းနေရင်း နိုင်ငံရေး၊ အမျိုးသားရေးလုပ်ငန်းနှင့် ဝေးကွာအဆက်ပြတ် သွားကြရသည်။ သူတို့၏သားသမီးများ သူတို့၏ဘာသာစကားကိုအနည်းအကျဉ်းမျှသာတတ်တော့သည်။ သူတို့သားသမီးများတွင် အမျိုးသားယဉ်ကျေးမှုနှင့် မျိုးချစ်စိတ်များ လုံးလုံးပျက်သုဉ်းသွားရပြီ။ ဤအဖြစ်မျိုးကို အမျိုးဘာသာ သာသနာစောင့်ထိန်းလိုသူများ မည်သို့ခံစားရပါသနည်း။

နိုင်ငံရေးရှုထောင့်ကနေကြည့်လျှင် ကျနုပ်တို့ အမျိုးသားတွေ ကျနုပ်တို့ပြည်သူတွေ ကိုယ့်ပြည်ကိုယ့်မြေရှိပါလျက်နှင့် ပြည်ပထွက်ပြီး အနိမ့်ခံလူတန်းစားအဖြစ် သွားရောက်နေထိုင်ကြရသည်ကို မည်သို့ခံစားရပါသနည်း။ နိုင်ငံခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်၊ လူထုခေါင်းဆောင်များ အလေးထား စဉ်းစားကြဖို့လိုသည်။ ကျနုပ်တို့ နိုင်ငံမှ ရတနာ၊ ဓါတ်ငွေ့၊ သစ်၊ သားငါး၊ ကျွဲနွားမှအစ ဝက်အထိ ပြည်ပထွက်နေ ကြသည်။ ထိုမှတဖန် လူသားအရင်းအမြစ်များပါ ထွက်သွားကြပြန်သည်။ ကုန်ပစ္စည်း အလဲအလှယ်သဘောအရ တန်ရာတန်ဘိုးရပြီး ထွက်သွားလျှင်ကား အကြောင်းမဟုတ် မိမိတို့အတွက် ဆုတ်ယုတ်မှုအနေအထားနှင့် ထွက်နေကြခြင်းဖြစ်၍ တိုင်းပြည်နှင့် လူမျိုးအတွက် နစ်နာမည်။ ကြာလေ ပို၍နာလေ ဖြစ်မည်။ ထို့ကြောင့် ကျနော်တို့နိုင်ငံကို မည်သို့ပြုပြင်ကြမည်နည်း။ အမြန်ပြုပြင်ဖို့ လိုပါသည်။ တဦးတဖွဲ့ တည်းအနေဖြင့် ပြုပြင်၍ မရနိုင်ပါ။

ဤကမ္ဘာကို လူသားတို့က စည်းတား၍ ပိုင်ဆိုင်မှုသတ်မှတ်ထားကြသည်။ နိုင်ငံတခုခု၏ ပိုင်ဆိုင်မှုကင်းလွတ်သောမြေ ဟူ၍မရှိ။ သူ့စည်းထဲဝင်လျှင် သူ့လက်အောက်တွင်နေရမည်။ ထို့ကြောင့် လွတ်လပ်မှုကို ပြင်ပထွက်ရှာ၍ မရပါ။ ကိုယ့်မိဘ ဘိုးဘွားအစဉ်အဆက်က အခြေပြုခဲ့သောနေရာ၊ ကိုယ့်လူမျိုး၊ ကိုယ့်အဖွဲ့အစည်းအများစု

တည်ရှိသော နေရာ၊ ဤနေရာကို ကောင်းမွန်လာအောင် လွတ်လပ်မှုရှိလာအောင် လုပ်ယူကြရမည်။ ဆိုလိုသည်မှာ လူသားတို့အတွက် ရေကြည်ရာ မြက်နုရာကို ပြင်ပမှာ ထွက်ရှာနေ၍ မရ၊ ပုဂ္ဂိုလ်တဦးနှစ်ဦးအတွက်သာ ရကောင်းရနိုင်သည်။ သို့သော် အမျိုး၊ ဘာသာ၊ သာသနာ၊ လူ့ဂုဏ်သိက္ခာကို အရင်းအနှီးပေး အဆုံးရှုံးခံကြရလိမ့်မည်။ ကျနုပ်တို့အခြေပြုထားသော မြေ၊ ကျနုပ်တို့ ဘိုးဘွားပိုင်သည့် မြေ၊ ဤမြေ ဤတိုင်းပြည်သည် ရာသီဥတုညီညွတ် မျှတသည်။ သဘာဝသယံဇာတ များစွာရှိသည်။ သဘာဝပတ်ဝန်းကျင်ကောင်းတွေ ရှိသည်။ သွားရေးလာရေး လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်သည်။ စိုက်ပျိုးစရာ မြေကွက်မြေလွတ် များစွာရှိသည်။ သဘာဝဘေးအန္တရယ် (ငလျင်၊ မုန်တိုင်း၊ မီးတောင်) နည်းပါးကင်းရှင်းသည်။ အားနည်းချက်ရှိသည်ကား လူသားများသာ ဖြစ်သည်။ ထိုမြေပေါ်တွင် နေထိုင်နေကြသည့် လူသားများအချင်းချင်း မညီညွတ်ကြ၍ ဖြစ်သည်။ ပြင်ဆင်၍ရသော အားနည်းချက်ဖြစ်သည်။

လွတ်လပ်ရေးအတွက် လူမျိုးပေါင်းစုံ ပြည်သူတို့က စုပေါင်းတိုက်ပွဲဝင်ခဲ့သဖြင့် ယခုအခါ လွတ်လပ်သော နိုင်ငံတခုအဖြစ် ရောက်ရှိနေပါပြီ။ ကျွန်ုပ်တို့နိုင်ငံကို မည်သည့် ပြည်ပနိုင်ငံသားများက ဝင်ရောက်ကျူးကျော်ဖိနှိပ်ခြင်း မရှိပါ။ ကျနုပ်တို့နိုင်ငံ၏ သဘာဝ အနေအထားသည် စားဝတ်နေရေး ဖူလုံရေးအတွက် ပြည့်စုံကောင်းမွန်သော အနေအထားရှိသည်။ သို့ပါသော်လည်း ပြည်သူပြည်သားများသည် စစ်ဘေးစစ်ဒဏ်ကြောင့် ထိုင်းနှင့် ဘင်္ဂလားဒက်ရှ်နိုင်ငံများရှိ စစ်ပြေးဒုက္ခသည်စခန်းတွင် လူဦးရေ နှစ်သိန်းဝန်းကျင် ရောက်ရှိနေသည်။ ဒီလူတွေက ရေကြည်ရာမြက်နုရာ ရှာဖွေခြင်းမဟုတ်၊ မြေလှန်ရေပက် စစ်ဖျူဟာကြောင့် ရပ်ရွာဌာနေကိုစွန့်ပြီး တိုင်းပြည်အပြင်သို့ ရောက်သွားကြရသည်။ စားဝတ်နေရေးအခက်အခဲများကြောင့် တရားဝင်ရော၊ တရား မဝင်ပါ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ ဂျပန်နိုင်ငံတို့တွင် သွားရောက်အလုပ်လုပ်နေသူ ဆယ်သိန်းကျော် ရှိသည်။ အပြီးအပိုင်ပြောင်းရွှေ့ခြင်းဟု ဆိုနိုင်လောက်သော အမေ ရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ဥရောပနိုင်ငံများသို့ ရောက်ရှိသွားသူ သောင်းဂဏန်း ရှိသည်။ ပြည်သူပြည်သားများ ဤရွှေ့ဤမျှ အမိမြေကို စွန့်ခွာပြီး ပြည်ပကိုရောက်ရှိသွားသည်မှာ သွေးရိုးသားရိုး မဟုတ်။ အမိမြေကို မခင်တွယ်ကြ၍ မဟုတ်။ ကျနုပ်တို့နိုင်ငံတွင် မငြိမ်းချမ်း၊ မလုံခြုံ၊ မဖူလုံသော ဆုတ်ယုတ်အားနည်းမှု ရှိနေသည်ကို ကျနုပ်တို့ ဝန်ခံကြရမည်။

လူသားတို့သည် သဘာဝအားဖြင့် ဘေးအန္တရာယ်ကို ရှောင်ကျဉ်ကြမည်။ ရေကြည်ရာမြက်နုရာကို ရှာကြမည်။ ဤသည်ကို ရာဇဝတ်မှုအဖြစ် သတ်မှတ်၍ မရစကောင်းပါ။ အကြောင်းတရား အားနည်းချက်ကို ရှာရမည်။ အထူးသဖြင့် နိုင်ငံခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်၊ ပြည်သူခေါင်းဆောင်၊ နိုင်ငံရေးအဖွဲ့အစည်းခေါင်းဆောင်၊ လူ့အဖွဲ့အစည်းခေါင်းဆောင်များ ဤအားနည်းချို့ယွင်းချက်များကို အချိန်မီပြင်ဆင်ပေးရန် အဓိကတာဝန် ရှိသည်။ ပြည်သူများတွင်လည်း တာဝန်ရှိသည်။ ပြဿနာကို ရှောင်ဖယ်နေ၍ မရပါ။ ပြဿနာအသစ်သာ ထပ်တိုးလာမည်။ ဒို့ပြည် ဒို့မြေကြီးမှာ ရေကြည်ရောက်အောင် မြက်နုပေါက်အောင် ဖန်တီးကြရမည်။ တကိုယ်ကောင်း မဆန်ကြပါနှင့်၊ ကိုယ်လွတ် မရုန်းကြပါနှင့်၊ မခိုင်မြဲသည့် ယာယီအကျိုးကို မကြည့်ကြပါနှင့်။ ဤကိစ္စအပေါ် ပေါ့ပေါ့တန်တန် သဘောထားပြီး ရပ်ကြည့်မနေကြပါနှင့်။ ကြာလေဆိုးလေ ပြင်ဖို့ခက်လေ ဖြစ်သွားပါလိမ့်မည်။ သဘောထားကြီးစွာ၊ တရားမျှတစွာ၊ အေးချမ်းစွာ နည်းလမ်းရှာ ဖြေရှင်းကြပါကုန်လော့။

၂၀၀၅ ခုနှစ် နိဝင်ဘာလ

မွန်ပြည်သစ်ဂျာနယ်

# ပြည်ထောင်စုစိတ်ဓါတ်

ပြည်ထောင်စုစိတ်ဓါတ်ကို ပြည်ထောင်စုသားတိုင်း ထားရှိဖို့ အချို့က နှိုးဆော်နေကြတယ်။ မှန်ပါတယ် ဒီမြေမှာနေ ဒီရေကိုသောက်ပြီး လူလားမြောက်ခဲ့ကြတဲ့ ပြည်ထောင်စုသားတိုင်း ဒီမြေဒီရေနဲ့ ဒီတိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ကြဖို့ လိုပါတယ်။ ဒီမြေက ထွက်ခွာသွားရင် သူ့စာကိုသင်၊ သူ့စကားကိုပြော၊ သူ့ဩဇာအောက်မှာ ခိုကပ်နေရတာ ဘယ်လောက်မျက်နှာငယ်တယ်ဆိုတာ အများအသိပါ။ မိသားစုနဲ့ ဆွေမျိုးတွေကို ခွဲ၊ အိမ်နဲ့ရွာကို ခွဲပြီး ပြည်ပကိုရောက်သွားကြတဲ့ သူတွေဟာ ကမ်းမမြင်တဲ့ ပင်လယ်ပြင်မှာ ဖောင်ငယ်နဲ့ မျောနေရသလို စိတ်ဓါတ်ကျအားငယ်နေရတာပါ။ ဖျားနာချိန်နဲ့ အိုမင်းတဲ့အချိန်မှာ အထီးကျန်ဘဝနဲ့ ရင်ဆိုင်ရတာ ပိုဆိုးတာပေါ့။ ဒါပေမဲ့ လူတွေတော်တော်များများဟာ အမိမြေက ထွက်ခွာနေကြတယ်။ ဒီလိုဖြစ်နေကြရတာ ဘာကြောင့်လဲ? ဒီလိုဖြစ်နေရတာ ဘယ်မှာအားနည်းချက် ရှိနေလို့လဲ? ဒါတွေကို လက်တွေ့ကျကျ မှန်မှန်ကန်ကန် သုံးသပ်ဝေဖန်ဖို့ လိုပါလိမ့်မယ်။ သုံးသပ်ကြည့်ကြပါစို့။

## ပြည်ပရောက်သူတွေရဲ့ ဒုက္ခ

ပြည်ပရောက်သူတွေထဲမှာ ယေဘူယျအားဖြင့် သုံးမျိုးရှိပါတယ်။ ပထမအမျိုးအစားက စစ်ပြေးဒုက္ခသည် တွေပါ။ သူတို့ထဲက အများစုတွေဟာ ထိုင်းနယ်မြေအတွင်းက နယ်စပ်တလျှောက်မှာရှိတဲ့ ဒုက္ခသည်စခန်းတွေမှာ နေနေကြတဲ့ သူတွေပါ။ ဒီလို ဒုက္ခသည်မျိုး သိန်းဂဏန်းနဲ့ ရှိပါတယ်။ လောလောဆယ် စခန်း (၉) ခုထဲမှာ ကရင်နဲ့ ကရင်နီလူမျိုးစုတွေဟာ အများစုဖြစ်ပါတယ်။ ဘင်္ဂလားဒက်ရှ် နယ်စပ်ထဲမှာလည်း သောင်းဂဏန်းနဲ့ ရှိနေပါတယ်။ သူတို့ကတော့ ရိုဟင်ဂျာ ခေါ် ဘင်္ဂလီတွေ ဖြစ်ပါတယ်။ ဒီ ဒုက္ခသည်တွေဟာ ကျဉ်းကြပ်တဲ့ ဒုက္ခသည်စခန်းထဲမှာ တဲငယ်ကလေးတွေနဲ့ နှစ်ပေါင်း (၂၀) လောက် ရောက်ရှိနေထိုင်ခဲ့ရတယ်။ အစားအသောက်နဲ့ အဝတ်အစားတွေကိုတော့ ရပ်တည်နိုင်ရုံ နိုင်ငံတကာက ကူညီထောက်ပံ့ပေးပေမဲ့ သံဆူးကြိုးကာရံပြီး အစောင့်အကြပ်တွေ ချထားတဲ့ စခန်းတွေထဲမှာ အကျယ်ချုပ်လိုထောင်ချ ခံနေရသူတွေပါ။ အနှစ် (၂၀) အကျယ်ချုပ်ဘဝကို ဖြတ်သန်းခဲ့ရတယ်ဆိုတာ ကိုယ့်ကိုယ်ကို ပြန်သုံးသပ်ကြည့်ပါ။ နေချင်စရာလားလို့။

ဒုတိယအမျိုးအစားကတော့ ထိုင်း၊ မလေးရှား နိုင်ငံရောက် အလုပ်သမားတွေပါ။ သူတို့အရေအတွက်ကလည်း သိန်းပေါင်းမနည်းဘူး။ အာဏာပိုင်တွေရဲ့ ဖမ်းဆီးအရေး ယူတာက တမျိုး၊ ဒေသခံလူဆိုးလူမိုက်တွေရဲ့ အနိုင်ကျင့်တာက တဖုံ၊ စီးပွားရေးလော ဘသမားတွေရဲ့ ရောင်းကုန်အဖြစ် ခေါင်းပုံဖြတ်ခံနေရတာက တနည်း၊ ဘေးဒုက္ခတွေ ဝိုင်းရံနေတာ ဘက်ပေါင်းစုံပါပဲ။

အလုပ်ခွင်ကို မရောက်မီ လမ်းခရီးမှာ သူများနယ်မြေထဲဝင်တာနဲ့ ဒုက္ခတွေက ဒုနဲ့ ဒေး။ ၂၀၀၆ ခု မေလထဲမှာ ဘုရားသုံးဆူလမ်းက ဝင်သွားတဲ့ ကော့ကရိတ်မြို့နယ် ကော့ဘိန်းရွာက လူအချို့ ဆန်ခရဘူရီမြို့အလွန် ချောင်းရေပြင်ကို ညအချိန်လှေနဲ့ ဖြတ်သွားစဉ် စက်သေနတ်ကိုင် ယူနီဖောင်းဝတ်လူအချို့က ပစ်လို့ (၄) ဦးသေဆုံးပြီး၊ (၂) ဦးဒဏ်ရာရခဲ့တယ်။ ကျန်အဖော် (၁၁) ဦးလည်း အချုပ်ခန်းထဲမှာ တလကျော်နေ ခဲ့ရတယ်။ ပစ်ခတ်သူတွေကတော့ ကိုယ်ရောင်ဖျောက်ပြီး ပျောက်သွားတာပါပဲ။ အဲဒီ အဖြစ်အပျက်နဲ့ ကပ်ရက်အဖြစ်တခုကတော့ ပေါင်မြို့နယ် ဇင်းကျိုက်ရွာက လူတအုပ် ခေါ်လာသူက ငွေယူပြီး တောထဲပစ်ထားလို့ ထမင်းငတ်ခဲ့ကြရတယ်။ အသက်ငယ်ပြီး ရုပ်ရည်သန့်တဲ့ မိန်းမငယ်များ လမ်းခရီးမှာ မုဒိန်းကျင့်ခံရတာလည်း မရေမတွက်နိုင် အောင်ပါပဲ။

မလေးရှားနိုင်ငံမှာ တရားမဝင် ဝင်ရောက်လာတဲ့ သူတွေကို ရဲကဖမ်းပြီး ထိုင်းနယ် စပ်က လက်နက်ကိုင်အဖွဲ့တခုကို ရောင်းစားတယ်။ ဝယ်တဲ့အဖွဲ့က ပြန်ပေးဆွဲတဲ့သဘော နဲ့ လူတယောက်ကို တန်ဖိုးသတ်မှတ်ပြီး သူ့မိဘဆွေမျိုးအပေါင်းအသင်းတွေဆီက ငွေ တောင်းတယ်။ မပေးနိုင်ရင် သတ်ပစ်တယ်။ မိန်းကလေးဆိုရင် လိင်ကုန်အဖြစ်နဲ့ ရောင်းစားတယ်။ ၂၀၀၆ ခုနှစ်လယ်လောက်က ထိုင်းနဲ့ မလေးရှားနယ်စပ်မှာ လူသေ အလောင်း (၃၀၀) ခန့်ရဲ့ အရိုးတွေကို တွေ့တယ်ဆိုတာ ဒို့နိုင်ငံသားတွေရဲ့ အရိုးက အများစုပါ။

တတိယအမျိုးအစားကတော့ ရေခြားမြေခြားကို ရောက်နေတဲ့ ပြည်ထောင်စုသား တွေရဲ့ ဒုက္ခကို ကြည့်ပါဦး။ စကားမတူ၊ စာမတူ၊ ယဉ်ကျေးမှုမတူ၊ ရာသီဥတုမတူတဲ့ အသိုင်းအဝိုင်းကြားမှာ ကိုယ်ကလူနည်းစုကလေးနဲ့ ဝင်ပြီးမှီခိုရတာပါ။ မှီခိုဆိုတဲ့ သဘာဝ အတိုင်း တဖက်က အထင်အမြင်သေးကြ နှိမ်ချင်ကြတယ်။ သူ့စကားနဲ့ သူ့စာကိုတတ် ဖို့ အချိန်အများကြီးပေးပြီး လေ့လာသင်ယူကြရတယ်။ အောက်တန်းကျတဲ့ အလုပ်

ကြမ်းတွေမှာဝင်ပြီး အလုပ်လုပ်နေရတာက များပါတယ်။ သားသမီးတွေကို ပြန်ကြည့်လိုက်တော့ ကိုယ့်မိခင်ဘာသာစကားကို မပြောရတဲ့ အသိုင်းအဝိုင်းမှာ ဝင်ရောက်နေရလို့ ကိုယ့်မိခင်စကား ပျောက်ခဲ့ရတယ်။ လူမျိုးနဲ့ ဘာသာစကား တခြားစီဖြစ်သွားတော့ ယဉ်ကျေးမှုတို့ မျိုးချစ်စိတ်တို့ဆိုတာ ဘယ်မှာကျန်ရှိတော့မှာလဲ။ လူမျိုးတမျိုး ဝါးမျိုခံရတယ်ဆိုတာ အဲဒီမှာ အမြန်ဆုံးပါ။ မျိုးဆက်နှစ်ဆက်တောင် မခံဘူး။ ဒီလို ဘဝမျိုးမှာ ဘယ်လိုစိတ်ချမ်းသာ နိုင်ပါ့မလဲ။

ဒီလို သုခမမြင် ဒုက္ခပင်လယ်ပြင်ကြီးထဲမှာ ဒို့ပြည်ထောင်စုသားတွေ ဘာကြောင့် ရောက်သွားကြရသလဲ? အကြောင်းရင်းကို မကွယ်မဝှက် ဖော်ထုတ်ပြီး ပြင်ဆင်ပေးနိုင်ပါမှ ထိန်းလို့ရမှာပါ။ အကြောင်းရင်းတွေကို စီစစ်ကြည့်မယ် ဆိုရင် -

## (၁) ကိုယ့်ပြည်ထောင်စုမှာ ဘဝလုံခြုံမှု ရှိပါရဲ့လား

စစ်ပြေးဒုက္ခသည်စခန်းတွေမှာ ရောက်ရှိနေထိုင်ကြရတဲ့ လူတွေဟာ အစားချောင် အနေချောင်လို့ ပြောင်းရွှေ့သွားတဲ့ လူတွေမဟုတ်ပါဘူး။ ကိုယ့်ရပ်ကိုယ့်ရွာမှာ အေးအေးချမ်းချမ်း နေခွင့်မရှိလို့ ထွက်သွားရတာပါ။ လူ့သဘာဝက ကိုယ့်အိမ်၊ ကိုယ့်ခြံ၊ ကိုယ့်လယ်ကို နှမြောနေကြတဲ့ သူတွေပါ။ စစ်ပြိုင်ကြရာမှာ သူ့လူထု၊ ကိုယ့်လူထုခွဲခြားလိုက်တော့ ပြည်သူတွေရဲ့ဘဝဟာ လုံခြုံမှုမရှိတော့ဘူး။ စစ်မြေပြင်မှာ ရန်သူ့ထောက်တိုင်၊ ရန်သူ့သတင်းပေးလို့ အထင်ခံရတဲ့သူတွေရဲ့ဘဝကို ဘယ်တရားရုံးကမှ ဝင်ပြီး မကာယ်နိုင်ကြပါဘူး။ ရိုက်မယ်၊ ပုတ်မယ်၊ သတ်မယ်၊ ရိက္ခာတွေ မီးရှို့မယ်။ ဒါတွေဟာ ရန်သူကို အနိုင်တိုက်ဖို့ နည်းဗျူဟာတွေဖြစ်နေတော့ လူထုဘဝလုံခြုံမှု မရှိတော့ဘူး။ လုံခြုံမှုမရှိတဲ့ နယ်မြေမှာ သာမန်ပြည်သူတွေမနေဝံ့တော့လို့ ထွက်ပြေးကြရတာကို စာနာစဉ်းစားသင့်ပါတယ်။

## (၂) ကိုယ့်ပြည်ထောင်စုမှာ ဝမ်းစာဖူလုံပါရဲ့လား

ပြည်ထောင်စုတဝှမ်းလုံးကို ပြန်ကြည့်ရင် ပြည်သူတွေမှာ ဝင်ငွေနဲ့ကုန်ဈေးနှုန်း မမျှတ တာတွေကြောင့် စားဝတ်နေရေးကြပ်တည်းနေတာ အားလုံးအသိပါ။ တိုင်းရင်းသားနယ်မြေတွေမှာ စစ်စခန်းနဲ့ တပ်မိသားစုတွေအတွက် ခြံမြေတွေသိမ်း၊ လယ်မြေတွေ သိမ်းလိုက်တော့ ပြည်သူတွေထမင်းအိုး ကွဲခဲ့ရတယ်။ ဒါတွေအပြင် တပ်စခန်းဆောက်၊ တပ်လယ်တွေလုပ်တော့ လူထုကိုခေါ်ပြီး ခိုင်းတယ်။ လမ်းကင်း၊ တံတားကင်းတွေ

မှာလည်း လူထုကိုခေါ်ပြီး ခိုင်းတယ်။ ရန်သူသွားလာလှုပ်ရှားတဲ့ ဂွင်တွေဆိုရင် ပြည်သူတွေခြံထဲ မသွားရ၊ လယ်ထဲ မသွားရနဲ့ တားမြစ်ထားပြန်တော့ ဘယ်လို ဝမ်းစာရှာဖြည့်ရမှာလဲ။ အဲဒီကြားမှာ ဟိုကြေးဒီကြေးတွေ ခဏခဏပေးနေရပြန်တော့ မိသားစုတစုရဲ့ ဝမ်းစာဖြည့်ရေးအတွက် အခက်အခဲကြုံနေရတယ်။ ဒီတော့ ငွေပိုရမည့် အလုပ်၊ မိသားစုကို ကျွေးမွေးနိုင်တဲ့ အလုပ်မျိုးကို ရှာရတယ်။ ဒီလိုအဖြစ်တွေကြောင့် ပြည်ပထွက်အလုပ်ရှာရတာ တပုံချည်းပါပဲ။ ဒါတွေက သာမန်ပြည်သူတွေရဲ့ ခံစားချက်နဲ့ ထွက်ပေါက်တွေပါ။

## (၃) ကိုယ့်ပြည်ထောင်စုမှာ ကိုယ့်အမျိုး၊ ဘာသာ၊ သာသနာ အာမခံချက် ရှိရဲ့လား

ဒီအချက်မှာတော့ နိုင်ငံရေးအသိရှိတဲ့ လူတွေက လုပ်ဆောင်ကြတာပါ။ လူမျိုးပေါင်းစုံနေထိုင်တဲ့ တိုင်းပြည်မှာ တိုင်းပြည်လွတ်လပ်ရေးအတွက် လူမျိုးပေါင်းစုံစုစည်းပြီး တိုက်ပွဲဝင်ခဲ့ကြတယ်။ ပြည်ထောင်စုကို တည်ဆောက်ဖို့ ပင်လုံမြို့ကလေးမှာ စတင်သဘောတူခဲ့ကြတယ်။ ပြည်ထောင်စုလို့ အမည်ခံပြီး ပြည်နယ်တွေကိုပါ ဖွဲ့စည်းပေးခဲ့တယ်။ ဒါပေမဲ့ ပြည်နယ်သားတွေရဲ့ အမျိုး၊ ဘာသာ၊ သာသနာ လွတ်လပ်ခွင့်နဲ့ စီမံခန့်ခွဲပိုင်ခွင့် ဘယ်လောက်ရှိလဲ? အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ ကိုယ်ပိုင်အုပ်ချုပ်ရေးတို့ကို မဆိုထားနှင့် အမျိုးသားစာပေကို သင်ကြားဖို့ ဘယ်လိုခွင့်ပြုအားပေးမှု ရှိသလဲ? အမျိုးသားဘာသာစကားကို ကျောင်းမှာ ရုံးမှာ တရားဝင်ပြောဆိုခွင့် ရှိရဲ့လား ? သာသနာရေးမှာရော လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ မြှင့်တင်ခွင့် တန်းတူညီမျှရဲ့လား? ဒါတွေကို ကန့်သတ်ချုပ်ချယ်ပိတ်ပင်ထားရင်တော့ ပြည်ထောင်စုဆိုတာ နာမည်ခံသက်သက်ပဲဖြစ်မယ်။ ဒီလို လိုချင်တာမရတော့ ရတဲ့နည်းနဲ့ ကြိုးပမ်းကြတယ်။ ဒီလို ဖြစ်နေရတဲ့အတွက် ပြည်နယ်သားတွေမှာ ပြည်ထောင်စုစိတ်ဓါတ်မရှိတာ မဆန်းပါဘူး။ ထိုင်းနိုင်ငံတောင်ပိုင်းက ခရိုင် (၃) ခုမှာ ဖြစ်ပေါ်နေတဲ့ ဆူပူမှုကိုလေ့လာရင် မလေးလူမျိုးမူဆလင်တွေက ထိုင်းစာသင်ကျောင်းတွေကို မီးရှို့ဖျက်ဆီးတယ်။ ကျောင်းဆရာနဲ့ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေကို ရန်ရှာတိုက်ခိုက်တယ်။ ဒါတွေဟာ သာမန်ကြည့်ရင် စစ်ရေးနဲ့ ဘာမှမဆိုင်တဲ့ကိစ္စပါ။ ဒါပေမဲ့ အလေးအနက်ကြည့်ရင် သူတို့လူမျိုးကို ဝါးမျိုတဲ့၊ သူတို့သာသနာကို ဝါးမျိုတဲ့ အဓိကအပိုင်းကို ရွေးပြီးတိုက်တာဖြစ်တယ်။ ကျနော်တို့ ပြည်ထောင်စုမှာ ဒီလောက်အထိ မဆိုးသေးပါဘူး။

ခြုံပြီးသုံးသပ်မယ်ဆိုရင်တော့ ကျနော်တို့နိုင်ငံမှာ ပြည်ထောင်စုစိတ်ဓါတ်၊ နိုင်ငံကို ချစ်တဲ့ စိတ်ဓါတ် နည်းတယ်လို့ဆိုရင် ဆိုနိုင်ပါတယ်။ နိုင်ငံဆိုတာ နိုင်ငံသားအားလုံးရဲ့ နေထိုင်ရာ မှီခိုအားထားရာ ဖြစ်ပါတယ်။ နိုင်ငံကို နိုင်ငံသားအားလုံးက ကာကွယ်စောင့် ရှောက်ဖို့ လိုပါတယ်။ လွယ်လွယ်နဲ့ မြင်သာအောင် ဥပမာပြရရင် အိမ်တဆောင်ထဲမှာ အတူနေနေကြတဲ့ မိသားစုတွေပါ။ ဒီအိမ်သားတွေရဲ့ လုံခြုံရေး၊ ဖူလုံရေး၊ ဖွံ့ဖြိုးတိုးတက် ရေးနဲ့ ငြိမ်းချမ်းပျော်ရွှင်စေဖို့ အိမ်သားအားလုံးမှာ တာဝန်ရှိကြပါတယ်။ အိမ်သား အားလုံးအထဲမှာတော့ မိဘဟာ ပိုပြီးအဓိကကျပါတယ်။ ပိုပြီး တာဝန်ရှိပါတယ်။ မိဘဟာ မိသားစုစိတ်ဓါတ်ပြည့်ဝပြီး သားသမီးတွေအပေါ် မှန်မှန်ကန်ကန်သဘောထားရင် သား သမီးတွေကလည်း မိသားစုစိတ်ဓါတ် ရှိမှာပါ။ သားသမီးတွေရဲ့ လုံခြုံရေး ဖူလုံရေး၊ ဖွံ့ဖြိုးရေး၊ ပျော်ရွှင်ရေးတွေကို တာဝန်ယူရပါလိမ့်မယ်။ ဆင်းရဲနေတာမို့လို့ ချမ်းသာတဲ့ မိသားစုလို မဖြည့်ဆည်းနိုင်တာထား၊ သားသမီးတွေ နားလည်နိုင်ပါတယ်။ မိဘနဲ့ သားသမီး ညီတူညီမျှမှု မရှိတဲ့ အိမ်ထောင်၊ သားသမီးတွေရဲ့ လုံခြုံရေး၊ ဖူလုံရေးကို တာဝန်မယူတဲ့အိမ်ထောင်၊ ဒီအိမ်ထောင်မှာ မိသားစု စိတ်ဓါတ်မရှိတာ အားနည်းတာ မဆန်းပါဘူး။

ပြည်ထောင်စု မပီပြင်လို့ ပြည်ထောင်စုစိတ်ဓါတ် မရှိတာပါ။ ပြည်ထောင်စုစိတ်ဓါတ် မရှိရင် ပြည်ထောင်စုသားတွေရဲ့ ဘဝဟာ မလုံခြုံဘူး။ ပြည်ထောင်စုသားတွေရဲ့ စား ဝတ်နေရေးလည်း မဖူလုံဘူး။ ဒီလိုအနေအထားမှာ ပြည်ထောင်စုကို စွန့်ခွာတာ၊ ပြည် ထောင်စုကို ဆန့်ကျင်တာတွေဟာ နောက်ဆက်တွဲပြဿနာပါ။ ဒါကြောင့် ပြည်ထောင်စု စိတ်ဓါတ်ရှိလာဖို့ ပြည်ထောင်စုကို ပီပြင်အောင် တည်ဆောက်ကြပါစို့။

၂၀၀၆ ဩဂုတ်လ
မွန်ပြည်သစ်ဂျာနယ်

# နိုင်ငံတစ်ခုအတွက် ငြိမ်းချမ်းရေးဟာ အခြေခံလိုအပ်ချက်

နိုင်ငံတစ်ခုအတွက် ငြိမ်းချမ်းရေးကို ဘယ်လောက် လိုအပ်နေတယ်ဆိုတာ လူတွေမှာ အမြင်မတူညီကြပါဘူး။ ဘဝချင်းမတူ၊ အသိတရားချင်းမတူညီကြတဲ့ လူသားတွေထဲမှာ ဒီလိုဖြစ်ရှိနေတာ သဘာဝကျပါတယ်။ တချို့လူတွေက ငြိမ်းချမ်းရေးဆိုတဲ့ ဝေါဟာရရဲ့ အနက်အဓိပ္ပာယ်ကိုတောင် လေးလေးနက်နက် ပြည့်ပြည့်စုံစုံ မသိကြပါဘူး။ သူတို့မသိတာကို အပြစ်တင်ဖို့ မဟုတ်ပါဘူး။ ဒါပေမဲ့ နိုင်ငံအရေး၊ အမျိုးသားအရေး၊ လူ့အဖွဲ့အစည်းအရေးကို ဦးစားပေးကြိုးပမ်းနေကြတဲ့ လူ့အဖွဲ့အစည်းအသိုင်းအဝိုင်းမှာတော့ ဒါကိုလေးလေးနက်နက် သိထားကြဖို့ လိုပါတယ်။ တကယ်လို့ မတူညီတဲ့ အမြင်တွေရှိရင်လည်း ညှိနှိုင်းကြဖို့ လိုအပ်မယ်လို့ မြင်ပါတယ်။ အနာဂတ်အကျိုးကို ရည်စူးပြီး ကျနော့်အမြင်ကို ရိုးသားပွင့်လင်းစွာ တင်ပြပါရစေ။

ပထမဦးစွာ ငြိမ်းချမ်းရေးဆိုတာ ဘာလဲ? ဆိုတာ တိုတိုနဲ့ဖြေရရင် **"ပူပင်သောက ကြောက်လန့်မှုကင်းပြီး အေးအေးချမ်းချမ်းနေထိုင်နိုင်ခြင်းဟာ ငြိမ်းချမ်းရေး"** ပါပဲလို့ ကျနော်အဓိပ္ပာယ်ဖွင့်ဆို ပါတယ်။ ဒီငြိမ်းချမ်းရေးကို လူတွေသာမက သက်ရှိသတ္တဝါတိရစ္ဆာန်တွေအတွက်ပါ အလိုအပ်ဆုံးအရာဖြစ်တယ်လို့ဆိုရင် မှားမယ်မထင်ပါဘူး။ တချို့လူတွေက စားဝတ်နေရေးဟာ အလိုအပ်ဆုံးအရာလို့ ဆိုကြပါတယ်။ ကျနော့်အမြင်ကတော့ စားဖို့၊ ဝတ်ဖို့၊ နေဖို့ ဘယ်လောက်ပြည့်စုံ ကောင်းမွန်နေပေမဲ့ ဂုတ်ပေါ်ဓါးဝဲနေမယ်ဆိုရင် ဒါမှမဟုတ် မျက်ရည်နဲ့မျက်ခွက် တရက်မပြတ် ဖြစ်နေရမယ်ဆိုရင် ဒါမှမဟုတ် အချုပ်ထောင်အကျဉ်းစခန်းထဲမှာ နေနေရမယ်ဆိုရင် ဒီစားဝတ်နေရေးကို ငဲ့ပြီး ဘယ်သူမှနေနိုင်မှာ မဟုတ်ပါဘူး။ ပိုမိုအေးချမ်းဘေးကင်းတဲ့ နေရာကို ထွက်သွားကြမှာပါ။ ဒါကြောင့် **"ငြိမ်းချမ်းရေးဆိုတဲ့ အေးချမ်းသာယာဘေးကင်းတဲ့ အခြေအနေဟာ လူသားတွေအတွက် လူတွေစုဖွဲ့နေတဲ့ နိုင်ငံတခုအတွက် အလိုအပ်ဆုံးအရာ အဓိကကျတဲ့ အခြေခံလိုအပ်ချက်ဖြစ်တယ်"** လို့ ကျနော်မြင်တယ်။

ငြိမ်းချမ်းရေးရဲ့ တန်ဘိုးကို ငြိမ်းချမ်းတဲ့နိုင်ငံ၊ မြို့၊ ရွာတွေမှာ နေထိုင်ကြတဲ့ လူတွေအနေနဲ့ သာမန်အားဖြင့် မသိကြပါဘူး။ ဒါဟာ ရေကိုလိုသလောက် ဖောဖောသီသီ

လွယ်လွယ်ကူကူ ရနေတဲ့လူတွေက ရေရဲ့တန်ဘိုးကို မသိသလိုမျိုးပါပဲ။ ငြိမ်းချမ်းမှုမရှိတဲ့နိုင်ငံ၊ မြို့၊ ရွာတွေမှာ နေထိုင်ကြတဲ့လူတွေဟာ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်တဲ့သူ စတဲ့သူများရဲ့ သတ်ဖြတ်ညှင်းဆဲ၊ မုဒိန်းကျင့်၊ ပစ္စည်းလု၊ အဓမ္မစေခိုင်း ဒုက္ခပေးနေတာတွေကို နေ့စဉ်မြင်တွေ့ခံနေရတဲ့ဘဝ၊ ဒါတွေကနေ ကင်းလွတ်ဖို့ ပြေးလွှားပုန်းအောင်းနေနေရတဲ့ ဘဝမျိုးမှာ ငြိမ်းချမ်းရေးရဲ့တန်ဘိုးကို လေးလေးနက်နက် သိရှိလာကြမှာပါ။ ငြိမ်းချမ်းရေးမရှိတဲ့ အနေအထားမှာ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဂီတနဲ့ အနုပညာ စတာတွေမက တရားထိုင်ဘာဝနာပွားတဲ့ အလုပ်ကိုတောင် လုပ်လို့မရဘူးဆိုတာ ဒီဒေသကလူတွေ သိကြပါတယ်။ ဒီလို ငြိမ်းချမ်းရေးမရှိတဲ့ဒေသမျိုးမှာ လူသားတွေကလည်း မနေထိုင်လိုကြပါဘူး။ ဒါကြောင့် စစ်ပြေးဒုက္ခသည်တွေ ကမ္ဘာ့နေရာတော်တော်များများမှာ တွေ့ရှိနေရတာ ဖြစ်ပါတယ်။

ကမ္ဘာမှာ နိုင်ငံတစ်ခုနဲ့တစ်ခု ဒေသတစ်ခုနဲ့တစ်ခု ငြိမ်းချမ်းရေးတည်ရှိပြည့်စုံမှုအတိုင်းအတာ မတူညီကြပါဘူး။ တချို့နိုင်ငံ တချို့ဒေသမှာ (၉၀) ရာခိုင်နှုန်းကျော် ရှိနေချိန်မှာ တချို့နိုင်ငံဒေသတွေမှာတော့ (၆၀) ရာခိုင်နှုန်း၊ တချို့ဒေသမှာ (၃၀) ရာခိုင်နှုန်းလောက်သာ ရှိကြပါတယ်။ ဒီလိုခြားနားနေတဲ့ အနေအထားမှာ ငြိမ်းချမ်းရေးဆိုတဲ့ အခြေခံကောင်းရှိမှ တည်ဆောက်လုပ်ဆောင်လို့ ရနိုင်တဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု စတာတွေကိုလည်း ငြိမ်းချမ်းရေးပြည့်စုံမှုအတိုင်းအတာ များလေလေ တိုးတက်ဖြစ်ထွန်းမှု အားကောင်းလေဆိုတာ နိုင်ငံရေးအသိရှိသူတိုင်း သိမြင်ကြပါတယ်။ ပြီးတော့ လူတိုင်းလူတိုင်းဟာ ပိုမိုပြည့်စုံကောင်းမွန်ပြီး အေးချမ်းသာယာတဲ့ဘဝကို တည်ဆောက်ချင်ကြတာချည်းပဲ။ ဒီလို ဖွံ့ဖြိုးတိုးတက်တဲ့လူ့ဘောင်ကို တည်ဆောက်နိုင်ဖို့အတွက် မိမိတို့ရပ်တည်နေထိုင်တဲ့ နိုင်ငံ၊ ဒေသနဲ့ လူ့အသိုင်းအဝိုင်းမှာ ငြိမ်းချမ်းရေးတည်ရှိမှု အတိုင်းအတာပိုမိုကောင်းမွန်လာအောင် နည်းလမ်းရှာတည်ဆောက်ကြရမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးကိုတည်ဆောက်ဖို့ အစိုးရတိုင်း၊ နိုင်ငံရေးအဖွဲ့အစည်းတိုင်းက လိုလားပြီး သူ့ရှုထောင့်ကနေ သူ့နည်းသူ့ဟန်နဲ့ တည်ဆောက်နေကြတာ ဖြစ်ပါတယ်။ အမြင်ရှုထောင့် မတူကြရင် အကောင်အထည်ဖော်မှုဆိုတာလည်း ကွဲပြားနေကြတာ မဆန်းပါဘူး။ ဒီတော့ အမြင်ကိုအရင်ညှိနှိုင်းဖို့လိုမယ်လို့ ယုံကြည်တယ်။ ဒီလိုညှိနှိုင်းရာမှာ ငြိမ်းချမ်းရေးဆိုတဲ့ ဝေါဟာရရဲ့အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုတဲ့နေရာကစပြီး ညှိရမယ်။ ဒီလို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ခေတ်နဲ့လျော်ညီပြီး ပြီးပြည့်စုံဖို့လည်း လိုအပ်ပါလိမ့်မယ်။

အချို့က ပြင်ပရန်လုံခြုံရေးကို ဇောင်းပေးပြီး အဓိပ္ပာယ်ဖွင့်ကြတော့ အပြင်ကလာတဲ့ ရန်သူကိုကာကွယ်ဖို့ "ကာကွယ်ရေး" လုပ်ငန်းကို အဓိကထားကြတယ်။ ဒီလိုအမြင်မျိုး ကို အခြေခံပြီး ယခင်ခေတ်တွေမှာ ကျုံးတွေ၊ မြို့ရိုးတွေကို အခိုင်အမာတည်ဆောက် ကြတယ်။ ဒီတော့ အပြင်ကလာမည့် ဘေးအန္တရာယ်သက်သာစေပေမဲ့ သွားရေးလာ ရေး၊ ပြင်ပနဲ့ဆက်သွယ်ရေးမှာ ခက်ခဲစေပါတယ်။ ခုခေတ်မှာတော့ စစ်တပ်၊ ပုလိပ်တပ်၊ ထောက်လှမ်းရေးတပ်တွေကို အခိုင်အမာဦးစားပေးတည်ဆောက်ကြပြန်တယ်။ ပြီး တော့ ပြည်သူတွေရဲ့ လွတ်လပ်ခွင့်ကို ကန့်သတ်တဲ့ဥပဒေတွေ အမျိုးမျိုးထုတ်လာ တယ်။ ဒီအခါမျိုးမှာ များပြားလာတဲ့ စစ်တပ်၊ ပုလိပ်၊ ထောက်လှမ်းရေးတွေနဲ့ ဥပဒေတွေက ပြည်သူတွေရဲ့ လွတ်လပ်ခွင့်ကို ဖျက်ဆီးလာပြန်တယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး တွေမရှိတဲ့ အာဏာရှင်တွေ ကြီးစိုးတဲ့နိုင်ငံတွေမှာ ပြည်သူတွေဟာ အာဏာပိုင်တွေကို ကြောက်လန့်နေရတယ်။ အာဏာရှိသူတွေရဲ့ ညှင်းပမ်းဖိနှိပ် အနိုင်ကျင့်မှု အမျိုးမျိုးကို ခံကြရတယ်။

ဒီလို ပူပင်သောကကြောက်လန့်မှုတွေ ဖြစ်နေရင်တော့ အေးချမ်းသာယာမှုတွေ ပျောက်ဆုံးပြီး ငြိမ်းချမ်းရေးဟာလည်း ပျက်ပြားသွားရတယ်။ ဒါဟာ လုံခြုံရေးကို ဇောင်း ပေးလွန်းတဲ့ အမြင်ရဲ့အားနည်းချက်ကို ထောက်ပြတာပါ။ ဟစ်တလာလက်ထက် ဂျာမ ဏီနိုင်ငံမှာ အစိုးရကိုဝေဖန်တာမျိုး လုံးဝလုပ်ခွင့် မရှိဘူး။ ဆန္ဒပြသပိတ်မှောက်ခြင်း ဟာ မဟာရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပါတယ်။ ရန်သူ့သူလျှို နိုင်ငံတော်သစ္စာ ဖောက်မှုနဲ့ တန်းတူကြီးမားတဲ့ အပြစ်ကိုပေးတယ်။ ပြည်သူလူထုအများစုကြီးက အုပ်စိုး သူတွေကို အမြဲကြောက်ရွံ့နေရမယ်ဆိုရင် ဒါမျိုးကို ငြိမ်းချမ်းပါတယ်လို့ လက်ခံလို့ မရတော့ဘူး။

ငြိမ်းချမ်းရေးဆိုတာ **"ပူပင်သောက ကြောက်လန့်မှုကင်းပြီး အေးအေးချမ်းချမ်း နေထိုင်ခြင်း"** ကို အဓိပ္ပာယ်ဖွင့်ထားတာကြောင့် အပြင်ရန်ရော အတွင်းရန်ပါ ကင်းတဲ့ လုံခြုံမှုရှိဖို့ကတော့ အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ အတွင်းရန်ကင်းဖို့ဆိုတာက ပြည်သူလူထုရဲ့ လွတ်လပ်ခွင့်ကို တန်ဘိုးထားတဲ့ အစိုးရဖြစ်ဖို့လိုတယ်။ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားပြီး ပြည်သူလူထုက မကြိုက်တဲ့အခါ ဖယ်ရှားလို့ရနိုင်တဲ့ အစိုးရဖြစ်ဖို့လိုတယ်။ အရှင်းဆုံးပြောရရင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့အစိုးရဖြစ်ဖို့ လိုတယ်။

နောက်ပြီး ပူပင်သောကကြောက်လန့်မှုကင်းပြီး အေးအေးချမ်းချမ်းနေထိုင်နိုင်ဖို့ ဆိုရာမှာ ပြည်သူတွေအတွက် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ အခြေခံ လိုအပ်ချက်တွေ ပြည့်စုံဖို့လည်း လိုအပ်ပါတယ်။ ဒါကို နိုင်ငံသားတိုင်းအတွက် ဖြည့် ဆည်းပေးနိုင်ဖို့ အစိုးရဟာ ပြည်သူတွေဆီက အကောက်အခွန်ယူ၊ နိုင်ငံရဲ့ သယံဇာတ တွေကို ထိန်းချုပ်ပြီး စီမံကွပ်ကဲလုပ်ဆောင်ရတာ ဖြစ်တယ်။ တဖက်က လူတန်းစား ကွာဟမှု မကြီးမားအောင်ထိန်းရ၊ ပြည်သူတွေအချင်းချင်း ဖိနှိပ်မှု၊ သွေးစုတ်မှုမရှိအောင် လည်းထိန်းသိမ်းပေးဖို့ တာဝန်ရှိပါတယ်။ ပြည်သူတွေအထဲက တချို့ဟာ သိတ်ချမ်းသာ ပြီး တချို့က ဆင်းရဲငတ်ပြတ်နေရင် လုယက်သတ်ဖြတ်မှုတွေဖြစ်လာမှာမို့ ငြိမ်းချမ်းနိုင် မှာမဟုတ်ဘူး။ ပြည်သူတွေအချင်းချင်းထဲမှာ ဖိနှိပ်သွေးစုတ်မှုများပြားနေရင် ပဋိပက္ခတွေ များပြီး ငြိမ်းချမ်းနိုင်မှာ မဟုတ်ဘူး။ ဒါကို ကာကွယ်ဖို့ မှန်ကန်တဲ့တရားဥပဒေတွေကို ပြဋ္ဌာန်းပြီး တရားဥပဒေစိုးမိုးရေးဆိုတာလည်း ရှိဖို့လိုပါတယ်။ အချုပ်အားဖြင့် နိုင်ငံ အတွင်းမှာ ရှိနေကြတဲ့ လူမျိုးစုံပြည်သူအားလုံး ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာ ခြင်းတွေနဲ့ ပြည့်စုံဖို့လိုအပ်ပါတယ်။

ငြိမ်းချမ်းရေးဆိုတာရဲ့ အခြေခံသဘောတရားအမြင်ကို ဒီလောက်နဲ့ရပ်ထားပြီး ငြိမ်းချမ်းရေးကို ရရှိနိုင်ဖို့ ဘယ်လိုတည်ဆောက်ကြမလဲဆိုတဲ့ အပိုင်းကိုပြောကြရ အောင်။ ကျနော့်အမြင်ကိုပြောရရင် "**ငြိမ်းချမ်းရေးရဲ့အခြေခံဟာ ညီညွတ်ရေးဖြစ်တယ်။ ညီညွတ်ရေးရဲ့ အခြေခံဟာ ချစ်ကြည်ရေးဖြစ်တယ်။ ချစ်ကြည်ရေးရဲ့ အခြေခံဟာ သာတူညီမျှရေး (တန်းတူရေး) နဲ့ တရားမျှတရေး ဖြစ်တယ်**"။ တန်းတူရေးနဲ့ တရားမျှတ ရေးကို လက်တွေ့ဖော်ဆောင်တဲ့နေရာမှာ နိုင်ငံသားဆိုတဲ့ ယူနစ်တခုတည်းနဲ့ မတိုင်း ထွာဘဲ၊ မတူညီတဲ့ လူမျိုး၊ မတူညီတဲ့ ကိုးကွယ်မှုဘာသာတွေအပေါ်မှာ လွှမ်းမိုးဖိနှိပ် ဝါးမျိုတာ အခွင့်ထူးခံယူတာတွေ မရှိဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် လူမျိုးရေးအရ၊ ဘာသာရေးအရ မတူညီတဲ့ လူ့အဖွဲ့အစည်းတွေအကြားမှာ အမုန်းတရားတွေ ပျောက်ပြီး ညီအစ်ကိုတွေလို ချစ်ခင်ညီညွတ်နိုင်ကြဖို့ အစွန်းထွက်နေတဲ့ လုံခြုံရေးအမြင်တွေကို ပြန်လည်သုံးသပ်ပြုပြင်ဖို့ လိုပါတယ်။

တဖက်ကလည်း တမြေတည်းနေ တရေတည်းသောက် တနိုင်ငံတည်းက ပေါက်ဖွား လာတဲ့လူတွေ အချင်းချင်းကြားမှာ မဟာလူမျိုးကြီးဝါဒ၊ မဟာသာသနာအမြင်တွေကို ပယ်ဖျောက်ကြဖို့ လိုပါတယ်။ မဟာအမြင်နဲ့ လွှမ်းမိုးလာရင် အဲဒါကို ကာကွယ်ဖို့ ကျဉ်း မြောင်းတဲ့အမြင်တွေ ပေါ်မှာဘဲ။ တော်လှန်အန်တုမှုတွေ ပေါ်လာမှာဘဲ။ တော်လှန်အန်တု

လို့မှ စိတ်မချရင် ဆက်စပ်နေမှုကို ဖြတ်တောက်ပြီး ခွဲထွက် လိုတဲ့အမြင်တွေ ပေါ် လာမှာဘဲ။ ဒါက ဓမ္မတာပါ။ အကျိုးတရားအပေါ် အဆိုးမမြင်ပါနဲ့။ အကြောင်းတရားကို စီစစ်ဖော် ထုတ်ပြင်ဆင်ပေးနိုင်ဖို့က အဓိကပါ။

ဒီနေ့ ခေတ်ကာလဟာ နိုင်ငံတကာခေတ် ကမ္ဘာတခွင်လုံး ဆက်စပ်နေတဲ့ ဂလို ဗယ်လိုင်ဇေးရှင်း (Globalization) ခေတ်ဖြစ်တယ်။ မိမိလူမျိုး၊ မိမိကိုးကွယ်တဲ့ ဘာသာ လောက်ကိုပဲ သိတတ်နားလည် ဖောင်းပေးပြီး လုပ်ဆောင်နေလို့ မရတော့ပါဘူး။ အများ ကိုယှဉ်ပြီး ရင်ဘောင်တန်းချီတက်နိုင်ဖို့ မိမိတို့စည်းဝိုင်းထဲက လူတွေအချင်းချင်း စည်း လုံးညီညွတ်ဖို့ လိုပါတယ်။ တိုးတက်တဲ့ နိုင်ငံကြီးသားတွေ နိုင်ငံခေါင်းဆောင်ကြီးတွေ ဟာ ကမ္ဘာတခွင်လုံးငြိမ်းချမ်းရေး၊ ကမ္ဘာတခွင်လုံး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးစတာတွေ ကြိုးပမ်းလုပ်ဆောင်နေတဲ့ ကာလမှာ ကျနော်တို့ဟာ ကျနော်တို့နိုင်ငံရဲ့ စည်းဝိုင်းအတွင်းက စည်းလုံးညီညွတ်ကြဖို့ လိုပါတယ်။ စည်းလုံးညီ ညွတ်စေဖို့ လက်တွေ့အကောင်အထည်ဖော်ရာမှာ လူ့အဖွဲ့အစည်းတွေထဲက လွတ် လပ်ရေး၊ တန်းတူရေး၊ တရားမျှတရေး အမြင်သဘောထားတွေကို များများသွတ်သွင်း ပြီး အာဏာရှိသူတွေက ပီပီပြင်ပြင်လက်တွေ့ပြသပေးဖို့ လိုအပ်နေပါတယ်။

ကျနော်တို့နိုင်ငံမှာ ထက်မြက်တက်ကြွတဲ့ လူသားအရင်းအမြစ်တွေ ရှိပါတယ်။ တန်ဘိုးကြီးမားတဲ့ သဘာဝသယံဇာတတွေ ရှိတယ်။ ကောင်းမွန်မျှတတဲ့ ရာသီဥတု တွေရှိတယ်။ ဧရိယာအကျယ်အဝန်းနဲ့ သင့်တော်တဲ့ လူဦးရေလည်းရှိတယ်။ လမ်းပန်း ဆက်သွယ်ရေးလွယ်ကူကောင်းမွန်တဲ့ နေရာလည်းဖြစ်တယ်။ စင်္ကာပူနိုင်ငံကတော့ ဒီ အချက်တွေနဲ့ (၃) ချက်ပဲ ပြည့်စုံပေမဲ့ တိုးတက်ခေတ်မီအောင် ကာလတိုအတွင်း လုပ် ဆောင်နိုင်တာ တွေ့ရတယ်။ အချက် (၅) ချက်စလုံးနဲ့ ပြည့်စုံတဲ့ ကျနော်တို့နိုင်ငံမှာ လမ်းစဉ်ပေါ် လစီမှန်ရင် စင်္ကာပူထက် မြန်အောင်တည်ဆောက်နိုင်မှာ အမှန်ပါ။

ငြိမ်းချမ်းရေးဆိုတာကို ငြိမ်းချမ်းတဲ့နည်းနဲ့ပဲ တည်ဆောက်ယူလို့ ရနိုင်မှာပါ။ လူ ချင်းအတူတူ တခြားလူကို နွားလိုသဘောထားပြီး နဖားထိုး တုတ်နဲ့ထိုး ကိုယ်ဖြစ်စေ ချင်သလို အဓမ္မပုံသွင်းလို့ မရဘူး။ အနှစ် (၆၀) နီးပါး ပျက်ပြားလာနေတဲ့ ငြိမ်းချမ်းရေး ကို တည်ဆောက်ရာမှာ စိတ်ရှည်ဖို့၊ သဘောထားမှန်ဖို့၊ သဘောထားကြီးဖို့၊ ခွင့်လွှတ် တတ်ဖို့၊ အာဃာတတရား၊ မာန်မာနတရားတွေ လျှော့ဖို့၊ သင်ပုံးချေကြဖို့ လိုပါတယ်။

တန်းတူရည်တူ ပါဝင်သင့်တဲ့သူ အားလုံးစုံစုံညီညီနဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းကြဖို့ လိုပါတယ်။ အနာဂတ်အရေးကို ဦးစားပေးပြီး အဖြေရှာကြဖို့ လိုပါတယ်။

ချုပ်ပြီးပြောရရင် နိုင်ငံတခုအတွက် အေးချမ်းသာယာရေး၊ ရိက္ခာဖူလုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စတာတွေအတွက် ငြိမ်းချမ်းရေးဟာ အခြေခံလိုအပ်ချက် ဖြစ်တယ်။ ဒါကို တည်ဆောက်နိုင်ဖို့အတွက် နိုင်ငံခေါင်းဆောင်များ၊ နိုင်ငံရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ နိုင်ငံဝန်ထမ်းများ၊ နိုင်ငံသားများအပါအဝင် ကျနော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ ကျနော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကို ကျနော်တို့ကပဲ တည်ဆောက်ကြရမယ်။ ရတနာသိုက်ပေါ် မှာထိုင်ပြီး အချင်းချင်းသတ်ဖြတ်နေကြလို့ ဘယ်သူ့အတွက်မှ အကျိုးမရှိပါဘူး။ ရတနာဆိုတာ တန်ဘိုးကြီးတယ်။ စေတနာမှန်တဲ့ သူတွေနဲ့သာ ထိုက်တန်တယ်။ နိုင်ငံဆိုတာလည်း ရတနာပါဘဲ။ စေတနာမမှန်ရင် ဦးဆောင်လို့ မရပါဘူး။ အချင်းချင်းသတ်ဖြတ်နေကြရတာကို အမြန်ရပ်ဖို့လိုပြီ။ ဒီနေ့ အခြေအနေက တောင်းဆိုနေတာဟာ ငြိမ်းချမ်းရေးဖြစ်တယ်။ စစ်မှန်ပြီး ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို တည်ဆောက်ပေးနိုင်သူတွေဟာ နိုင်ငံရဲ့ တကယ့်ခေါင်းဆောင်၊ ပြည်သူတွေ လေးစားပြီး သမိုင်းတင်ကျန်ရစ်မည့် ခေါင်းဆောင်တွေ ဖြစ်လာပါလိမ့်မယ်။ ဒီတာဝန်ကို ယူနိုင်သူများ၊ ယူသင့်သူများ ဝင်ယူကြပါ။ အေးချမ်းသာယာပြီး တိုးတက်တဲ့ နိုင်ငံသားများဘဝနဲ့ နေလိုသူများ အားပေးထောက်ခံ အားဖြည့်ကြပါ။ ဒီနေ့ ဦးစားပေးလုပ်ဆောင်ရမှာက ငြိမ်းချမ်းရေးရဖို့ အဓိကပါ။

၂၀၀၆ နိဝင်ဘာလ
ချစ်ကြည်ရေးဂျာနယ် အမှတ် (၄)

# လူသတ်စွမ်းအင်ပြိုင်ဆိုင်ခြင်းနှင့် ဆက်စပ်မှု

လူတွေဟာ ဦးနှောက်ရှိတယ်၊ အသိဉာဏ်ရှိတယ်၊ အမှားအမှန်ကို ပိုင်းခြားဝေဖန်တတ်တယ်၊ ဒီလို ဉာဏ်ရှိလို့ သတ္တဝါတွေထဲမှာ လူဟာဆရာ၊ လူဟာဘုရင်လို အခြားသတ္တဝါတွေအပေါ် မင်းမူကြီးစိုးနေတာဖြစ်တယ်။ ဒီလို စွမ်းရည်ထူးတွေရှိလို့ အများနဲ့စည်းခြားဖို့ အခြားသတ္တဝါတွေကို တိရစ္ဆာန်လို့ခေါ်ပြီး ကိုယ့်ကိုယ်ကိုတော့ တိရစ္ဆာန်စာရင်းထဲမထည့်လိုကြပါဘူး။ ဒီလိုလူတွေအထဲမှာ စာရေးသူလည်း အပါအဝင်ပါပဲ။ ဒီလို တိရစ္ဆာန်စာရင်းထဲမပါဝင်စေလိုတဲ့အတွက် တိရစ္ဆာန်တွေနဲ့မတူအောင် လူတွေကို အမှားအမှန်သိဖို့ ထောက်ပြဝေဖန်သင့်တာ ထောက်ပြဝေဖန်ကြရမှာ ဖြစ်ပါတယ်။

ကြက်တွေမှာ အားအင်ကုန်ခမ်း မျက်လုံးကန်းအောင် ခွပ်နေကြတာကို မိုက်မဲတယ်လို့ လူတွေကမြင်ကြတယ်။ နွားသိုးတွေဟာ ဂျိုအားကိုးပြီး ထိုးသတ်နေကြတာကိုလည်း မိုက်တယ်လို့ပဲ မြင်ကြတယ်။ ခွေးတွေကတော့ တကောင်ချင်းရော၊ အုပ်စုလိုက်ပါ ကိုက်သတ်နေကြတာကို ဦးနှောက်မရှိ ဘာမှမသိတဲ့ အဟိတ်တိရစ္ဆာန်လို့ လူအချို့က ဝေဖန်တတ်ကြတယ်။ စာဖတ်သူလည်း ဒီလိုမြင်ကောင်း မြင်မိမှာပါ။

လူတွေမှာကော အချင်းချင်း မသတ်ကြဘူးလား။ သတ်နေကြတာ တိရစ္ဆာန်တွေထက် နည်းမှာမဟုတ်ပါဘူး။ လူအချင်းချင်းသတ်ကြရာမှာ လောဘကြောင့်၊ ဒေါသကြောင့် ခိုက်ရန်ဖြစ်ပြီး သတ်ကြရင် တယောက်စ၊ နှစ်ယောက်စ အရေအတွက် နည်းနည်းပဲသေတာပါ။ ဒီလိုသတ်ကြတာမျိုးကို မိုက်မဲတယ်ဆိုပြီး အာဏာရှိသူတွေက အပြစ်ဒဏ်ပေး အရေးယူကြတယ်။ ဒါပေမဲ့ အုပ်စုဖွဲ့၊ လူသတ်နည်းနာတွေ ကောင်းစွာလေ့ကျင့်ပြီး ခေတ်မီလက်နက်တွေ တပ်ဆင်ကာ အရေအတွက်များများ သေအောင်သတ်နေကြတာကိုတော့ မိုက်မဲတယ်လို့ မဆိုကြဘူး။ မျိုးချစ်၊ နိုင်ငံချစ်၊ အများအတွက် ကိုယ်ကျိုးစွန့်တဲ့ ပြည်သူ့သားကောင်းရတနာများတဲ့ အံ့သြစရာ မကောင်းပေဘူးလား။

ပိုပြီးထူးခြားတာက အဲ့ဒီလို အုပ်စုဖွဲ့၊ ကောင်းစွာလေ့ကျင့်၊ ခေတ်မီလက်နက်တွေ တပ်ဆင်ပြီး အခြားလူတွေကို လိုက်သတ်နေတဲ့ လူတွေက သူတို့သတ်ရတဲ့လူတွေအပေါ် ဘာရန်ငြိုးမှမရှိပဲ သတ်နေကြတယ်။ အချို့နေရာမှာ အသတ်ခံရတဲ့လူတွေဟာ ဘာလက်နက်မှလည်းမရှိတဲ့ အားနွဲ့တဲ့ ကလေးတွေ၊ လူအိုတွေ၊ အမျိုးသမီးတွေ ဖြစ်

နေကြတယ်။ သေဆုံးရတဲ့ အရေအတွက်ကို ပြန်ကြည့်ရင် အားကောင်းတဲ့ ကားပုံး၊ ရထားပုံးထောင်တာမျိုးမှာ လူတွေရာချီပြီး သေဆုံးကြရတယ်။ ၂၀၀၁ ခု စက်တင်ဘာ (၁၁) ရက်က အမေရိကန်နိုင်ငံရှိ ကမ္ဘာ့ဗဟိုကုန်သွယ်ရေးအဆောက်အဦး (WTC) ကို လေယာဉ်နဲ့ ဝင်တိုက်ပြီးဖောက်ခွဲရာမှာ လူတွေထောင်ချီ သေခဲ့ရတယ်။ ၁၉၄၅ ခုမှာ အမေရိကန်နိုင်ငံက ဂျပန်နိုင်ငံ ဟီရိုရှီးမားနဲ့ နာကာဆာကီမြို့တွေကို အနုမြူဗုံးနဲ့ တိုက်ခိုက်ရာမှာ လူတွေသောင်းနဲ့ သိန်းနဲ့ သေဆုံးခဲ့ရတယ်။ ဒီလို စစ်ရေးနဲ့မဆိုင်တဲ့ အရပ်သားတွေ အစုလိုက်အပြုံလိုက် သေဆုံးအောင် သတ်နေတာကို စေ့စေ့တွေးရင် လူတွေဟာ တိရိစ္ဆာန်တွေထက် ပိုမိုက်မနေဘူးလား။ ကြက်ဖကြီးတွေဟာ ကြက်မနဲ့ ကြက်ကလေးတွေကို လိုက်မခွပ်ပါဘူး။ နွားသိုးကြီးတွေကလည်း နွားမနွားကလေးတွေကို လိုက်မဝှေ့ပါဘူး။ ခွေးကြီးတွေကလည်း ခွေးသားလေးတွေကို မကိုက်ပါဘူး။ ဒါပေမဲ့ အသိဉာဏ်ရှိပါတယ်ဆိုတဲ့ လူတွေက ဒီလိုကျူးလွန်နေကြတော့ တိရစ္ဆာန်တွေထက် လိမ္မာတယ်၊ ယဉ်ကျေးတယ်၊ အသိဉာဏ်ရှိတယ်ဆိုတာ မှန်နိုင်ပါဦးမလား။

စစ်နဲ့ မသက်ဆိုင်တဲ့ လူအုပ်ထဲဗုံးခွဲသူတွေ၊ လူအုပ်ထဲ အမြောက်ပစ်ထည့်သူတွေ မြို့ရွာထဲ ဗုံးကျဲသူတွေဟာ အများအားဖြင့် သူတို့ဆန္ဒနဲ့ သူတို့လုပ်ကြတာ မဟုတ်ဘူး။ သူတို့အတွက် လက်စားချေစရာ ဒါမှမဟုတ် ကြီးမားတဲ့အကျိုးကျေးဇူးတစုံတရာ ရရှိဖို့ လုပ်ကြတာ မဟုတ်ဘူး။ အကွက်ချအစီအစဉ်ဆွဲပြီး စည်းရုံးပညာပေးကာ သူတို့ကို ခိုင်းစေလိုက်တဲ့ ခေါင်းဆောင်တွေ၊ အတွေးအခေါ် ပညာရှင်တွေကသာ ရည်ရွယ်ချက်တစုံတရာအတွက် လုပ်ခိုင်းတာဖြစ်ပါတယ်။ ဒီတော့ ခေါင်းဆောင်ဆိုသူတွေ အတွေးအခေါ် ပညာရှင်ဆိုသူတွေဟာ သာမန်နောက်လိုက်လူငယ်တွေထက်ပိုပြီး မိုက်ရာကျမနေဘူးလား။ ခေါင်းဆောင်တွေ အတွေးအခေါ် ပညာရှင်တွေကို လူမိုက်တွေလို့ ကျနော်တို့လို သာမန်လူတွေက ပြောဆိုဝေဖန်ရင် လူအများကလက်ခံနိုင်ကြမလား။ သူတို့မှာ ခိုင်မာတဲ့ အမြင်သဘောထားတရပ်၊ လူအများလက်ခံနိုင်တဲ့ အမြင်သဘောထားတရပ် မရှိပဲနဲ့ သူတို့ဟာ ခေါင်းဆောင်တွေ အတွေးအခေါ် ပညာရှင်တွေ ဖြစ်မှာမဟုတ်ဘူး။ ဒီတော့ သူတို့ရဲ့အမြင်သဘောထားကို ကျနော်တို့လေ့လာဖို့ လိုပါလိမ့်မယ်။

ကျနုပ်တို့လူသားများဟာ ငြိမ်းချမ်းရေးကို လိုလားကြတယ်။ အထူးသဖြင့် စစ်ပွဲကြီးများနဲ့ ရင်ဆိုင်ရပြီးတဲ့အခါ ငြိမ်းချမ်းရေးကို ပိုပြီးတောင်းဆိုလာကြတယ်။ ပထမကမ္ဘာစစ်အပြီးမှာ ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်ဖို့ နိုင်ငံပေါင်းချုပ်အသင်းကြီးကို ဖွဲ့စည်းခဲ့သလို ဒုတိယကမ္ဘာစစ်အပြီးမှာလည်း ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့တယ်။

ကမ္ဘာတခွင်လုံးငြိမ်းချမ်းပြီး တိုးတက်ဖွံ့ဖြိုးအောင် ကမ္ဘာ့အဖွဲ့အစည်းများ နိုင်ငံကြီးများက နည်းမျိုးစုံနဲ့ ကြိုးပမ်းနေကြပါတယ်။ နိုင်ငံတခုအတွင်းမှာ ဖြစ်စေ၊ ဒေသတခုအတွင်းမှာဖြစ်စေ၊ တကမ္ဘာလုံးအတိုင်းအတာအရပါ ငြိမ်းချမ်းဖို့ ကြိုးစားနေကြတာကို တွေ့ရပါတယ်။

ဒါပေမဲ့ လက်တွေ့မှာဘယ်လောက် အောင်မြင်နေပြီလဲ။ ဒါကို လေ့လာစီစစ်ရင် စိတ်ပျက်စရာတွေ အများကြီးတွေ့ရမယ်။ လွန်လာတဲ့ ၂၀၀၆ ခုထဲမှာဆိုရင် လက်ဘနွန်မှာ ဟက်ဇဘိုလာ (ပါလက်စတိုင်း) အဖွဲ့နဲ့ အစ္စရေးတို့ (၃၄) ရက်ကြာ အကြီးအကျယ်တိုက်ကြတယ်။ အသေအပျောက် အပျက်အစီးတွေ အလွန်များပါတယ်။ ဆူဒန်နိုင်ငံ ဒါဖော်ဒေသမှာ အစိုးရနဲ့ သူပုန်အကြား ကြီးကြီးကျယ်ကျယ် တိုက်ကြရာမှာ အရပ်သားတွေ တော်တော်များများ သေဆုံးခဲ့ရတယ်။ သီရိလင်္ကာနိုင်ငံမှာလည်း အစိုးရနဲ့ တမီးလ်ကျားသူပုန်အကြား အပြန်အလှန်တိုက်ကြလို့ လူ (၃,၅၀၀) ကျော်သေဆုံးခဲ့ရတယ်။ အီရတ်မှာတော့ အများသိတဲ့အတိုင်း တနေ့ကို ပျမ်းမျှ (၈၀) ကျော် သေဆုံးနေရပြီး အများအားဖြင့် အသေခံဗုံးတွေနဲ့ အရပ်သားတွေကို တိုက်နေတာဖြစ်တယ်။ ကျနော်တို့နိုင်ငံအတွင်းမှာတော့ သေကြေတာ စာရင်းမရပေမဲ့ သံတောင်၊ တောင်ငူ၊ ကျောက်ကြီး၊ ရွှေကျင်ဒေသက ပြည်သူတွေ အတော်များများ နေရပ်ကိုစွန့်ပြီး စစ်ပြေးဒုက္ခသည်တွေဖြစ်နေကြရတယ်။

လူသတ်လက်နက်ထုတ်လုပ်မှုအခြေအနေကို လေ့လာရင် ဒီ ၂၀၀၆ ခုထဲမှာ မြောက်ကိုးရီးယားက ဒုံးကျည် (၆) စင်းနဲ့ နျူကလီးယားဗုံးတလုံး စမ်းသပ်ပစ်ဖောက်ပြခဲ့တယ်။ ကမ္ဘာမှာ (၉) နိုင်ငံမြောက် နျူကလီးယားပိုင်နိုင်ငံအဖြစ် ကြေညာလိုက်တာပါပဲ။ အီရန်မှာလည်း နျူကလီးယားလက်နက်ထုတ်ဖို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဟန့်တားနေတာကို ဂရုမစိုက်ပဲ ဆက်ကြိုးပမ်းနေတယ်လို့ သိရတယ်။ ရုရှားနိုင်ငံကတော့ မိုင် (၆,၀၀၀) ကျော် ပစ်လွှတ်နိုင်တဲ့ တာဝေးတိုက်ချင်းပစ်ဒုံးပျံ (Topol-M) တွေ ထုတ်လုပ်လာနေတယ်။

ဒီလို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေတာကို ထောက်ရင် ဒါတွေကို မိုက်မဲမှုလို့ ခတ်လွယ်လွယ်ပြောလို့ မဖြစ်တော့ဘူး။ အဖြေတခုခုရှာတွေ့လိုလျှင် လေးလေးနက်နက်တွေးတောသင့်ပါတယ်။ ကြက်တွေဟာ သဘာဝအရ ဘာကြောင့်ခွပ်နေကြတာလဲ။ (လူတွေခွပ်ခိုင်းတာကို မဆိုလို) နွားသိုးတွေ ဝှေ့ကြတာ၊ ခွေးတွေကိုက်ကြတာတွေဟာ

အခြေခံအကြောင်းကတော့ နယ်မြေကို ကျူးကျော်တာနဲ့ နယ်မြေကို ကာကွယ်တာဖြစ်တယ်။ နယ်မြေကျူးကျော်တာက အကျိုးအမြတ်ရာဖို့ဖြစ်ပြီး နယ်မြေကို ကာကွယ်တာက သူ့အကျိုးစီးပွားကို ကာကွယ်တာဖြစ်တယ်။ ခွေးငယ်တချို့ဟာ သူ့နယ်မြေ၊ သူ့ခြံထဲကို ဝင်လာတဲ့ခွေးကြီးတွေကို ခံမကိုက်ဝံ့ပေမဲ့ ဟောင်ပြီးမောင်းထုတ်နေတာ တွေ့ရလိမ့်မယ်။ လူတွေစစ်တိုက်နေကြတာ အစုအပြုံလိုက်သတ်ဖြတ်နေကြတာမှာလဲ နယ်မြေကို ကျူးကျော်ဝင်ရောက်လာတဲ့လူတွေနဲ့ ကိုယ့်နယ်မြေကို ကာကွယ်နေတဲ့ လူတွေအကြား ပဋိပက္ခပဲ ဖြစ်တယ်။ ယေဘုယျအားဖြင့် ကျူးကျော်ခြင်းနဲ့ ခုခံခြင်းတို့ရဲ့ ပဋိပက္ခပဲပေါ့။

စစ်ပွဲသမိုင်းကိုလေ့လာရင် ကျူးကျော်စစ်နဲ့ ခုခံစစ်ကို ခွဲခြားကြည့်ဖို့ လိုပါတယ်။ ကျူးကျော်စစ်ဆိုတာက သူတပါးရဲ့ ရိက္ခာ၊ ဥစ္စာ၊ ရွှေငွေတွေကို ရယူဖို့၊ ဒါမှမဟုတ် နယ်မြေကို ရယူသိမ်းပိုက်ဖို့ ဒါမှမဟုတ် တဖက်လူထုကို ကျေးကျွန်အဖြစ် ခိုင်းစေနိုင်ဖို့ ကြိုးပမ်းကြတာဖြစ်တယ်။ အထူးသဖြင့် ခေါင်းဆောင်လုပ်သူတွေရဲ့ လောဘရမ္မက်ဇော တွေကို ဖြည့်ဆည်းဖို့ ကျူးကျော်စစ်ကို ဖန်တီးတာဖြစ်တယ်။ ပဋိပက္ခရဲ့ အဓိကဘက် ဟာ ကျူးကျော်တာဖြစ်တယ်။ ဒါကြောင့် ကျူးကျော်စစ်ကို **"မတရားတဲ့စစ်"** လို့ သတ်မှတ်ကြတယ်။ ခုခံစစ်ကတော့ မိမိတို့ရဲ့ ဥစ္စာပစ္စည်းနယ်မြေနဲ့ အခွင့်အရေးတွေကို ကျူးကျော်ဖျက်ဆီး လာရောက်လုယက်တာကြောင့် ဆုံးရှုံးမသွားရအောင် ခုခံတိုက်ရတာဖြစ်လို့ **"တရားတဲ့စစ်"** လို့ခေါ်ပါတယ်။ ကျနော်တို့တွေဟာ မတရားတဲ့စစ်ကို ဆန့်ကျင်ပြီး တရားတဲ့စစ်ကို အားပေးထောက်ခံ ကူညီဖို့လိုပါတယ်။ ဒါမှ လူသားတွေ လိုလားတဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွေ ဖြစ်ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။

အတိတ်မှာဖြစ်ခဲ့တဲ့ စစ်ပွဲတွေရဲ့သမိုင်းကို လေ့လာရင် သက်ဦးဆံပိုင်ဘုရင်တွေ၊ အာဏာရှင်ခေါင်းဆောင်တွေက သူတို့အားသာရင် ကျူးကျော်စစ်ကို စတင်ဖန်တီးကြတာတွေ့ရတယ်။ နိုင်လို့ရလာတဲ့ စစ်ပွဲတွေရဲ့ အကျိုးအမြတ်ကိုလည်း သူတို့ကပဲ လက်ဝါးကြီးအုပ် ရယူခံစားကြတယ်။ သူတို့ဟာ ဝိသမလောဘတွေတက်ပြီး သူတပါးရဲ့ စည်းစိမ်ဥစ္စာနယ်မြေတွေကို ရယူလိုတာဖြစ်တယ်။ သူတို့ရဲ့ ဆန္ဒကိုဖြည့်ဆည်းဖို့ သူ့ပြည်သူတွေကို စေလွှတ်လုယက်ခိုင်းတာ ဖြစ်တယ်။ သေစရာရှိရင် ပြည်သူတွေကို အသေခံခိုင်းတယ်။ ငတ်ပြတ်လာရင် ပြည်သူတွေကို သိပ်ဂရုစိုက်တာ မဟုတ်ဘူး။ ဒီလိုဖြစ်ခဲ့လို့ ပြင်သစ်နဲ့ ရုရှားနိုင်ငံတွေမှာ ဘုရင်တွေကို ပြည်သူတွေက တော်လှန်သတ်ဖြတ်တဲ့အထိ ဖြစ်လာခဲ့ရတယ်။

ဒီလို ကျူးကျော်စစ်တွေကို ဖန်တီးရာမှာ ထင်ရှားတဲ့ အာဏာရှင်ခေါင်းဆောင်တွေထဲမှာ ဟစ်တလာ၊ ဆလိုဗိုတန်မီလိုရှေးဗစ်နဲ့ ဆက်ဒမ်ဟူစိန် တို့ပါဝင်တယ်။ ဟစ်တလာက ဂျူးလူမျိုး (၆) သန်းကျော်ကို သတ်ဖြတ်ဖို့ ညွှန်ကြားခဲ့ပြီး ဥရောပမှာ နိုင်ငံများစွာကို တိုက်ခိုက်သိမ်းယူဖို့ သူ့တပ်တွေကို စေလွှတ်ခဲ့သူ ဖြစ်တယ်။ ဆလိုဗိုတန်မီလိုရှေးဗစ်ဟာ ယူဂိုဆလားဗီးယားပြည်ထောင်စုအဖွဲ့ဝင် ဆားဗီးယားသမ္မတနိုင်ငံက ကိုဆိုဗိုပြည်နယ်မှ အယ်ဘေးနီးယန်းလူမျိုးထောင်ပေါင်းများစွာကို ရက်ရက်စက်စက် သတ်စေခဲ့သူဖြစ်တယ်။ ဆက်ဒမ်ဟူစိန်ကတော့ ကူဝိတ်နိုင်ငံကိုလည်း တိုက်ခိုက်သိမ်းယူခဲ့တယ်။ ကာဒ်လူမျိုး (၁၈၂,၀၀၀) ကျော်ကိုလည်း သတ်ဖြတ်ဖို့ စီစဉ်ညွှန်ကြားခဲ့သူ ဖြစ်တယ်။ နိုင်ငံတကာက မတရားတဲ့ ကျူးကျော်စစ်ကို ဝိုင်းဝန်းဆန့်ကျင်တိုက်ခိုက်ကြလို့ သူတို့ရဲ့ ကိုယ်ကျိုးကြည့် စစ်ပွဲဟာ ကျဆုံးခဲ့ရပြီး သူတို့လည်း စစ်ရာဇဝတ်ကောင်များအဖြစ်နဲ့ သမိုင်းတင်ခံ သွားကြရတယ်။

ဒီနေ့ကမ္ဘာဟာ ကမ္ဘာ့ရွာခေါ် ကလိုဗယ်လိုက်ဇေးရှင်း (Globalization) ခေတ်ရောက်နေပါပြီ။ တိုးတက်လာတဲ့ လူဦးရေ၊ စက်ပစ္စည်းနဲ့ နည်းပညာတွေကြောင့် နိုင်ငံတွေဟာ ပိုမိုဆက်စပ် လာနေကြတယ်။ နိုင်ငံတခုရဲ့အရေးဟာ နိုင်ငံတကာအရေးဖြစ်လာပြီး နိုင်ငံတကာရဲ့အရေးဟာလည်း နိုင်ငံတခုစီရဲ့ အရေးဖြစ်လာနေတယ်။ ကိုယ့်နိုင်ငံရဲ့လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်ဘာသာ တကိုယ်တည်းလုပ်နေလို့ မလုံလောက်တော့ဘူး။ စစ်ဘေး၊ ရောဂါဘေး၊ သဘာဝဘေးအန္တရာယ်တွေကို စုပေါင်းကာကွယ် အပြန်အလှန် အကူအညီပေးနေကြတာဟာ သီးခြားတကိုယ်တော်လုပ်နေလို့ မပြည့်စုံ မအောင်မြင်နိုင်တာကြောင့် ဖြစ်တယ်။

ဒီနေ့ကမ္ဘာမှာ နိုင်ငံအချို့ရရှိပိုင်ဆိုင်ထားပြီးဖြစ်တဲ့ ခေတ်မီလက်နက်လူသတ်ပစ္စည်းတွေဟာ ထိရောက်မှုအားပြင်းလွန်းလို့ နိုင်ငံခေါင်းဆောင်များ အတွေးအခေါ်ပညာရှင်များဟာ စစ်ဖြစ်မှာကို စိုးရိမ်လာကြတယ်။ ခေတ်မီလက်နက်ဆန်းတွေ မပိုင်ဆိုင်တဲ့ နိုင်ငံတွေ၊ လူမျိုးတွေ၊ လူစုတွေကလည်း မိမိတို့ရန်သူရဲ့ ပျော့ကွက်ဖြစ်တဲ့ သူ့ပြည်သူကို ပုံးခွဲတိုက်ခိုက်သတ်ဖြတ်လာနေကြတယ်။ ဒီလိုတိုက်ခိုက်မှုတွေကို တိုးတက်တဲ့ နိုင်ငံကြီးတွေမှာလည်း အပြည့်အဝ မကာကွယ်နိုင်ကြပါဘူး။ ဒါကြောင့် ဒီနေ့ကမ္ဘာမှာ စစ်ရေးအရပြိုင်ဆိုင်နေမှုများကို ရပ်တန့်ပြီး ငြိမ်းချမ်းစွာအတူနေထိုင်ကြဖို့ ကမ္ဘာတခွင်လုံးရိက္ခာဖူလုံပြီး ဖွံ့ဖြိုးတိုးတက်ဖို့ကို ဦးတည်နေကြပါပြီ။ ဒီအတွက်လည်း နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်း၊ (NGO) များကနေ နိုင်ငံတကာမှာ လိုက်လံအကူအညီပေးနေကြ

တာဖြစ်ပါတယ်။ တဖက်ကလည်း ဖြစ်ပေါ် လာတဲ့ လူမှုရေးပြဿနာတွေကို ကာကွယ်ဖို့ ဒီမိုကရေစီကျင့်စဉ်နဲ့ လူ့အခွင့်အရေးတွေကို အားပေးမြှင့်တင်လာနေကြတယ်။

ကျနော်တို့နိုင်ငံဟာ ကမ္ဘာရဲ့အစိတ်အပိုင်းတခုဖြစ်နေလို့ ကမ္ဘာ့ရဲ့ဖြစ်ပေါ် ပြောင်းလဲမှုနဲ့အညီ ပြုပြင်ပြောင်းလဲဖို့ လိုနေပါပြီ။ ဒီလိုပြုပြင်ရာမှာ တဖက်က ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေကို အားပေးမြှင့်တင်ပြီး လူမျိုးရေးအရဖိနှိပ်အနိုင်ကျင့်မှုတွေ မရှိရအောင်၊ နယ်မြေအရကျူးကျော်မှုတွေ မရှိရအောင် ပြုပြင်ထိန်းသိမ်းသွားမယ်ဆိုရင် ငြိမ်းချမ်းတိုးတက်တဲ့ လူ့ဘောင်ကိုဖန်တီးနိုင်ပါလိမ့်မယ်။ လူသားအချင်းချင်း သတ်ဖြတ်မှု၊ ဖိနှိပ်အနိုင်ကျင့်မှုတွေဟာ ပွင့်ပွင့်လင်းလင်းပြောရရင် မိုက်မဲခြင်းပါ။ ဒါတွေကို ရှောင်ဖယ်ပြီး ညီညွတ်ငြိမ်းချမ်းစွာ အတူနေထိုင်ကြဖို့ စီစဉ်ဖန်တီးသူတွေဟာ ပညာအမြော်အမြင်ရှိတဲ့ ခေါင်းဆောင်တွေ၊ တွေးခေါ် ပညာရှင်တွေ ဖြစ်တယ်။ ခေတ်ကာလနဲ့ မလျော်ညီတဲ့ အတွေးအခေါ် လုပ်ဟန်တွေကိုပြောင်းပြီး အနာဂတ်မှာထွန်းပြောင်မယ့် စစ်မှန်တဲ့ အမျိုးသားခေါင်းဆောင်၊ နိုင်ငံခေါင်းဆောင်တွေ ဖြစ်ဖို့ကြိုးပမ်းကြပါစို့။

၂၀၀၇ မေလ
မွန်ပြည်သစ်ဂျာနယ်

# ပေါင်းစပ်ချစ်ကြည် ခေတ်မီပညာရေးစနစ်

နိုင်ငံတိုင်းမှာ ဖွင့်လှစ်ထားရှိတဲ့ စာသင်ကျောင်းတွေဟာ နိုင်ငံသားတွေရဲ့ အတတ်ပညာ၊ အသိအမြင်နဲ့ အတွေးအခေါ်တွေကို အဓိကဖန်တီးစီမံပြုပြင်ပေးတဲ့ နေရာဖြစ်တယ်။ စာတတ်ပေတတ်နိုင်ငံသားတိုင်းဟာ ဒီစာသင်ကျောင်းတွေကို ငယ်စဉ်ကနေ နှစ်ပေါင်းများစွာ ဖြတ်ကျော်လာခဲ့ရတာချည်းဖြစ်လို့ ကျောင်းကသင်ကြားပေးလိုက်တဲ့ သင်ခန်းစာတွေဟာ သူတို့ရဲ့အသိပညာဦးနှောက်ကို အရောင်ဆိုးပြုပြင်ပေးလိုက်တာဖြစ်တယ်။ သူ့မိဘနဲ့ သူ့အသိုင်းအဝိုင်းရဲ့ ပညာပေးမှုဟာ သူတက်ခဲ့တဲ့ကျောင်းတွေရဲ့ ပညာပေးမှုထက်များစွာမှ နည်းပါးပါတယ်။ ဒါကြောင့် နိုင်ငံတခုကို ပြုပြင်ပုံစံသွင်းချင်ရင် စာသင်ကျောင်းတွေက စတင်ပုံစံချရတာ ဖြစ်ပါတယ်။ ကျနော်တို့ဟာ နိုင်ငံကို ငြိမ်းချမ်းပြီး ခေတ်မီတိုးတက်စေတဲ့ ပညာရေးစနစ်ကို ရှာဖွေပြီး ပြုပြင်အစားထိုးသွားဖို့ လိုအပ်ပါတယ်။

ကလေးသူငယ်တွေမှာ မိသားစုအသိုင်းအဝိုင်းက အသိအမြင်ခံယူချက် အနည်းအကျဉ်းကို ရရှိခဲ့တာကလွဲပြီး သူတို့မှာ အသိအမြင် အတွေးအခေါ်များများမရှိပါဘူး။ မိဘတွေ ဆိုတာကလည်း စားဝတ်နေရေးကို တာဝန်ယူလုံးပမ်းနေရတာဖြစ်လို့ သားသမီးတွေရဲ့ ပညာရေးနဲ့ အသိအမြင်တိုးတက်ရေးကို ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူနိုင်ကြတာ မဟုတ်ဘူး။ စာသင်ကျောင်းတွေကိုပဲ အားကိုးအားထား ပြုနေကြရပါတယ်။ စာသင်ကျောင်းတွေဟာ ကလေးသူငယ်တွေကို အသက် (၅) နှစ်၊ (၆) နှစ်အရွယ်ကစပြီး ၂၀ ကျော် ၃၀ နီးပါးအထိ အသိအမြင်သွတ်သွင်းခွင့် ရရှိကြတာဖြစ်တယ်။ ဒါကြောင့် နိုင်ငံသားပြည်သူအားလုံးကိုအဓိကပညာပေး၊ပုံစံသွင်းနေတာဟာစာသင်ကျောင်းတွေပဲ ဖြစ်တယ်။ နိုင်ငံခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်တွေနဲ့ ပညာရေးဌာနက တာဝန်ရှိသူတွေအနေနဲ့ ကျောင်းမှာစာသင်ပေးနေတာဟာ စာရေးတတ်၊ ဖတ်တတ်ရုံ မဟုတ်ဘူး။ အတတ်ပညာ၊ အတွေးအခေါ်၊ အသိအမြင်တွေ သွတ်သွင်းပေးပြီး နိုင်ငံတော်နဲ့ လူ့ဘောင်အဖွဲ့အစည်းတွေကို ပြန်လည်အကျိုးပြုဖို့ စီစဉ်နေကြတာကိုလည်း အများကနားလည်ကြပါတယ်။ ဒါပေမဲ့ ဘယ်ပုံစံနဲ့သွတ်သွင်းနေတာလဲ။ ဘယ်လောက်များများ သွတ်သွင်းနိုင်တာလဲ။ ရည်ရွယ်ထားသလောက် အောင်မြင်မှု ရှိ/မရှိနဲ့ ဘေးထွက်ဆိုးကျိုး (Side affect) တွေ ဘယ်လိုရှိနေတယ်ဆိုတာ ပြန်လည်သုံးသပ်ဖို့ လိုအပ်ပါတယ်။

ခေတ်မီတိုးတက်နေတဲ့ နိုင်ငံတော်တော်များများဟာ သူတို့နိုင်ငံ ရေရှည်တိုးတက်ရေးအတွက် ပညာရေးလုပ်ငန်းစဉ်တွေမှာ အရင်းအနှီးစိုက်ပြီး လုပ်ဆောင်ကြပါတယ်။ အဓိကအားဖြင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်တွေကို မွေးထုတ်ပေးဖို့ဖြစ်တယ်။ အဆင့်မြင့်တဲ့ ပညာတတ်များစွာကို ရရှိတဲ့အခါ ခေတ်မီစက်မှုကွန်ပြူတာတွေနဲ့ ပေါင်းပြီး ကုန်ထုတ်လုပ်ငန်းတွေကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နေကြပါတယ်။ သူ့နိုင်ငံသားတွေဟာ ဦးဆောင်မှုအခန်း၊ ပညာရှင်အခန်းတွေမှာ လုပ်ကိုင်ကြပြီး ပညာသိပ်မလိုတဲ့ သာမန်လုပ်ငန်းနဲ့ အလုပ်ကြမ်းတွေကိုတော့ တိုးတက်မှုနောက်ကျတဲ့ ဝန်းကျင်နိုင်ငံက အလုပ်သမားတွေကို ငှားရမ်းသုံးနေကြပါတယ်။ ဥပမာ - ကျနော်တို့ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ စင်္ကာပူ၊ ထိုင်း၊ မလေးရှားနိုင်ငံတွေကို အိမ်နီးချင်း မြန်မာ၊ ဘင်္ဂလားဒက်ရှ်၊ လော၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနဲ့ ဗီယက်နမ်နိုင်ငံသားများ အလုပ်သွားလုပ်နေကြတာမျိုး ဖြစ်တယ်။ စင်္ကာပူနဲ့ မလေးရှားနိုင်ငံတို့ဟာ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ လွတ်လပ်ရေးရတာ နောက်ကျတယ်။ နယ်မြေကျဉ်း၊ လူဦးရေနည်းပြီး သဘာဝသယံဇာတ ထွက်ရှိမှုလည်း နည်းပါတယ်။ ဒါပေမဲ့ ဘာကြောင့် ဖွံ့ဖြိုးမှုမှာ ရှေ့တန်းရောက်နေရတာလဲ? ။ သုံးသပ်ဖို့ လိုပါလိမ့်မယ်။

စင်္ကာပူဟာ ၁၉၆၅ ခုနှစ်မှာမှ မလေးရှားက ခွဲထွက်ပြီး သီးခြားနိုင်ငံဖြစ်လာတယ်။ နိုင်ငံပိုင်မြေ (၂၅၀-စတုရန်းမိုင်) အလွန်ကျဉ်းပြီး သဘာဝသယံဇာတဆိုလည်း ပြောပလောက်အောင် ဘာမှမရှိဘူး။ သောက်ရေကိုတောင် မလေးရှားနိုင်ငံက တင်သွင်းပြီး သောက်သုံးနေရတယ်။ စင်္ကာပူနိုင်ငံဟာ ပညာရေးကို ဦးစားပေးပြီး အရင်းအနှီးစိုက် အကောင်အထည်ဖော်ခဲ့တယ်။ သူ့နိုင်ငံမှာ တရုတ်လူမျိုးဟာ လူများစု (၇၆) ရာခိုင်နှုန်း ရှိပေမဲ့ လူနည်းစုဖြစ်တဲ့ မလေး၊ တမီးလ် လူမျိုးတွေအတွက် စာပေရေးရာမှာ တန်းတူနေရာပေးထားတယ်။ တရုတ်၊ မလေး၊ တမီးလ်နဲ့ အင်္ဂလိပ် ဘာသာစကား (၄) မျိုးစလုံးကို တရားဝင်ဘာသာအဖြစ် အသိအမှတ်ပြုထားပြီး မလေး၊ တမီးလ် စာပေနဲ့ ပညာသင်ကျောင်းတွေကို တက္ကသိုလ်အဆင့်အထိ သင်ကြားခွင့်ပြုထားတယ်။ ဒီလို လူမျိုးရေးအရ ခွဲခြားမှု၊ ဦးစားပေးမှု မရှိတော့ လူများစုလူမျိုးနဲ့ လူနည်းစုလူမျိုးတွေအကြား ပြဿနာ မရှိတော့ဘူး။ ကိုးကွယ်မှုဘာသာအရ ဗုဒ္ဓဘာသာ၊ တာအို၊ အစ္စလာမ်၊ ဟိန္ဒူ၊ ခရစ်ယာန် တွေရှိနေပေမဲ့ လွတ်လပ်ခွင့်၊ တန်းတူခွင့် ပေးထားတဲ့အတွက် ပြဿနာမရှိ အေးချမ်းခဲ့တယ်။

မလေးရှားနိုင်ငံကတော့ ပြည်နယ် (၁၃) ခုနဲ့ ပေါင်းစည်းထားတဲ့ ပြည်ထောင်စုနိုင်ငံ ဖြစ်တယ်။ သူ့နိုင်ငံမှာ မလေးလူမျိုးတွေက လူများစု (၅၅) ရာခိုင်နှုန်းခန့် ရှိပါတယ်။ တရုတ်နဲ့ အိန္ဒိယမျိုးနွယ်စုတွေက လူနည်းစုအနေနဲ့ ပါဝင်ကြတယ်။ ပညာရေးမှာ မလေးဘာသာကို ဦးစားပေးထားတာ ရှိပေမဲ့ အခြားဘာသာနဲ့ စာပေသင်ကြားမှုကို မကန့်သတ် မပိတ်ပင်ခဲ့ဘူး။ ပညာသင်ကြားရေးကို အလေးထားပြီး အားပေးခဲ့တယ်။ တချိန်က မလေးနဲ့ တရုတ်လူမျိုးတို့အကြား ပြဿနာရှိခဲ့လို့ သဘောထားကြီးကြီးနဲ့ တရုတ်လူမျိုး အများစုနေထိုင်တဲ့ စင်္ကာပူကျွန်းကို သီးခြားနိုင်ငံထူထောင်ခွင့် ပေးလိုက်တယ်။ ဒါတွေကြောင့် သူ့နိုင်ငံထဲမှာ လူမျိုးရေးပြဿနာ မရှိတော့ဘူး။ မလေးလူမျိုးတွေဟာ အစ္စလာမ်ဘာသာကို ကိုးကွယ်ကြတယ်။ သူ့နိုင်ငံမှာ ကမ္ဘာ့အကြီးဆုံး ပလီရှိတယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာ၊ တာအို၊ ခရစ်ယာန်၊ ဟိန္ဒူဘာသာတွေကို မချုပ်ချယ် မဖိနှိပ်ဘူး။ ဒါကြောင့် နှစ်အနည်းငယ်အတွင်း တိုးတက်တဲ့နိုင်ငံတခု ဖြစ်လာတယ်။

ထိုင်းနိုင်ငံကတော့ ဘုရင်စနစ်နဲ့ ရေရှည်အုပ်ချုပ်လာတာဖြစ်လို့ မဟာလူမျိုးကြီး အမြင်တွေ ရှိခဲ့တယ်။ ယခင်အခေါ် "ဆီယမ်" (ရှမ်း) ကို ၁၉၃၉ ခုနှစ်မှာ "ထိုင်း" လို့ ပြောင်းခေါ်စေပြီး နိုင်ငံအတွင်းရှိ လူမျိုးစုအားလုံးကို ကိုယ်စားပြုသယောင် လုပ်ခဲ့တယ်။ ရေရှည်ဝါးမျိုခံခဲ့ရလို့ အခြားတိုင်းရင်းသားလူမျိုးစုတွေဟာ သီးခြားလူမျိုးစုစိတ်ဓါတ်နည်းပါးလာပြီး လူငယ်အများစုဟာ ထိုင်းစာ၊ ထိုင်းစကားကိုပဲ တတ်ကြတယ်။ ဒီလိုဝါးမျိုမှုရှိလို့ ၂၀၀၃ ခုနှစ်ကစပြီး တောင်ပိုင်းပြည်နယ် (၃) ခုမှာ မလေးမျိုးနွယ်ဝင် မူဆလင်တွေရဲ့ ပုန်ကန်တော်လှန်မှု ဖြစ်ခဲ့တယ်။ မူဆလင်သူပုန်တွေက စာသင်ကျောင်း၊ ကျောင်းဆရာ/ဆရာမနဲ့ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကို အဓိကဦးတည်ပြီး တိုက်ခိုက်သတ်ဖြတ်လာတယ်။ ဒီလိုတိုက်ခိုက်မှုတွေဟာ ဒီနေ့အထိ ဖြစ်ရှိနေပါတယ်။ ဒီလိုကြုံခဲ့ရလို့ ထိုင်းအစိုးရဟာ ယခုအခါ တိုင်းရင်းသားလူမျိုးစုများရဲ့ ဘာသာစကားနဲ့ ယဉ်ကျေးမှုတွေကို အားပေးလာပြီး စာပေတွေသင်ကြားဖို့ စီစဉ်လာတယ်။ စာပေမရှိတဲ့ လူမျိုးစုတွေကို စာပေတည်ထွင်ပေးတယ်။ တိုင်းရင်းသားဒေသကျေးရွာတွေမှာရှိတဲ့ အစိုးရစာသင်ကျောင်းတွေမှာ သက်ဆိုင်ရာတိုင်းရင်းသားစာပေတွေကို သင်ကြားခွင့် ပေးလာတယ်။

အိန္ဒိယနိုင်ငံမှာတော့ ဟိန္ဒီဘာသာစကားနဲ့ အင်္ဂလိပ်ဘာသာ စကားတို့ကို တနိုင်ငံလုံးအတွက် ရုံးသုံးဘာသာစကားအဖြစ် ပြဋ္ဌာန်းထားတယ်။ ပြည်နယ်တွေမှာတော့ သက်ဆိုင်ရာပြည်နယ် လူမျိုးစုတွေရဲ့ ဘာသာစကားကိုလည်း ရုံးသုံးဘာသာ စကား

အဖြစ် သတ်မှတ်ထားတယ်။ ဤမျှအထိ ခွင့်ပြုထားပေမဲ့ အချို့ပြည်နယ်တွေက ဟိန္ဒီစာပေကို မသင်ကြဘူး။ ၎င်းတို့ ဘာသာစာပေနဲ့ အင်္ဂလိပ်ဘာသာ စာပေကိုပဲ သင်ကြတယ်။ ဒါတွေအပေါ် မှာ သက်ဆိုင်ရာက ပြဿနာမလုပ်ပါဘူး။

ကလေးလူငယ်တွေကို ပညာသင်ကြားပေးရာမှာ တတ်မြောက်လွယ်ပြီး ထူးချွန်သူများဖြစ်လာစေဖို့အတွက် ကုလသမဂ္ဂရဲ့ ပညာရေး၊ သိပ္ပံနဲ့ ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို- UNESCO) မှ လေ့လာတွေ့ရှိချက်အရ ကလေးတွေကို ပညာသင်ခါစမှာ သူတို့ရဲ့ မိခင်ဘာသာစကားနဲ့ သင်ကြားပေးဖို့ လိုတယ်။ သူတို့ကောင်းစွာနားလည်ထားတဲ့ ဘာသာစကားနဲ့ သင်ကြားတဲ့အခါ ဘာသာစကားအတွက် အခက်အခဲမရှိ စာရေးနည်း ဖတ်နည်းကိုပဲ သူတို့အာရုံစိုက်ရတယ်။ တကယ်တော့ စာလုံးအက္ခရာသင်္ကေတနဲ့ အသံထွက်အောင် ပေါင်းစပ်ရတဲ့ စာရေးနည်းဟာ ဘာသာခြားတခုကို သင်ရတာထက် အများကြီး လွယ်ကူသက်သာစေပါတယ်။ ငယ်ရွယ်တဲ့ ကလေးငယ်တွေရဲ့ ဦးနှောက်ကို ဝန်မပိစေသင့်ဘူး။ ဒီလိုနည်းနဲ့ (၃) နှစ်လောက်သင်ကြားပြီး စာရေးစာဖတ်တတ်လာတဲ့အခါ သူတို့နဲ့ သိပ်မစိမ်းတဲ့ နိုင်ငံသုံးဘာသာစကား စာပေကိုစတင်သင်ကြား ပေးသင့်တယ်။ ဒီတော့ ဘာသာခြားတခုကို အသံထွက်နဲ့ အဓိပ္ပာယ် နားမလည်တဲ့အခါ သူတို့စာပေနဲ့ ရေးမှတ်ထားလို့ ရတယ်။ ဒါကြောင့် အခက်အခဲပိုနည်း စေပါတယ်။ အတန်းကြီးလာတာနဲ့အမျှ မိခင်ဘာသာစာပေကို လျှော့ပြီး နိုင်ငံသုံးဘာသာစာပေကို ပိုမိုသင်သွားဖို့ သင့်တယ်။ ပိုပြီးအတန်းကြီးလာတဲ့အခါ နိုင်ငံတကာသုံးဘာသာစာပေကို သင်ကြားဖို့ နည်းနာကို အကြံပြုထားတယ်။ ဒီနည်းဟာ ကလေးလူငယ်တွေကို ပညာသင်ပေးရာမှာ သင်ယူတတ်မြောက်ဖို့ လွယ်ကူပြီး ဦးနှောက်ကို မလေးပင်စေဘူးလို့ ဆိုပါတယ်။ ပေါ့ပါးတဲ့ ဝန်ကိုထမ်းတဲ့လူဟာ လေးလံတဲ့ဝန်ကို ထမ်းသူထက် ပိုမြန်စေပြီး ပိုဝေးတဲ့ ခရီးကို သွားရောက်စေနိုင်တာမို့ ဘယ်လိုအကျိုးရှိမယ်ဆိုတာ အထူးပြောဖို့လိုမယ် မထင်ပါ။ ဒီနည်းနာဟာ ကလေးလူငယ်တွေကို ပိုမိုထူးချွန်အောင်မြင်စေတယ်လို့ ယူနက်စကိုက လေ့လာတွေ့ရှိထားပါတယ်။

ဘာသာစကားတခုခု၊ စာပေတမျိုးမျိုး ဖြစ်ပေါ် လာဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စ မဟုတ်ပါဘူး။ လူမျိုးတမျိုးရဲ့ စကား၊ စာပေ ဆိုတာ နှစ်ရာထောင်ချီရှိတဲ့ ရှေးဟောင်းပစ္စည်းတမျိုးလည်း ဖြစ်တယ်။ ဒါဟာ ရုပ်ဝတ္ထုဖြစ်တဲ့ ရှေးဟောင်းပစ္စည်းတွေထက် ပိုမိုတန်ဖိုးကြီးမားပါတယ်။ ရှေးဟောင်းကျောက်စာတွေဟာ သမိုင်းလေ့လာသူတွေအတွက် တန်ဘိုးအလွန်ကြီး ပါတယ်။ ဒါပေမဲ့ တကယ်လို့ နားမလည်နိုင်ဘူးဆိုရင် တန်ဘိုးဆိုတာ ရှိနိုင်ပါ

ဦးမလား။ ထို့အတူ လူမျိုးတိုင်းမှာရှိနေတဲ့ ရှေးဟောင်းပုံပြင်၊ စကားပုံ၊ အဆိုအမိန့်၊ နည်းပညာတွေနဲ့ ဆေးကျမ်းတွေဟာ အဲ့ဒီ လူမျိုးပျောက်သွားရင် အလိုအလျောက်လိုက်ပါပျောက်ဆုံးသွားမှာပါ။ ဒါကို နားလည်ရင် လူမျိုး၊ စာပေ ဝါးမျိုးဖျောက်ဖျက်မှု လုပ်ရပ်မှန်သမျှကို ကျနုပ်တို့ ဆန့်ကျင်ဖို့ လိုပါလိမ့်မယ်။

နိုင်ငံတော်ကို ဦးဆောင်နေတဲ့ အဆင့်ဆင့်သော ခေါင်းဆောင်တွေဟာ နိုင်ငံတော်အေးချမ်းသာယာပြီး ပြည်သူလူထုတို့ရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား ဦးစားပေးကြတာ ဖြစ်တယ်။ အေးချမ်းတည်ငြိမ်တဲ့ နိုင်ငံတော်ဖြစ်လာစေဖို့ ပြည်သူပြည်သားအချင်းချင်းအကြား၊ ပြည်သူနဲ့ အစိုးရအကြား ပြဿနာကင်း သံသယရှင်းပြီး ရင်းနှီးချစ်ကြည်မှု ရှိကြဖို့လိုပါတယ်။ နိုင်ငံတိုင်းမှာ မတူညီတဲ့ လူမျိုးနဲ့ ကွဲပြားတဲ့ ကိုးကွယ်မှုဘာသာတွေ ရှိတယ်။ ဒီ မတူညီမှုတွေဟာ နှစ်ပေါင်းရာထောင်က ဖြစ်ရှိလာတဲ့ ကိစ္စဖြစ်တယ်။ ဒီတော့ တူညီအောင်ဆိုပြီး ဒါတွေကို တခုထဲဖြစ်ဖို့ ကြိုးပမ်းတွန်းပို့မှာလား။ ဒီလို ကြိုးပမ်းရင် ဘာတွေဖြစ်လာနိုင်မလဲ။ ဒါမှမဟုတ် ဒါတွေကို လက်ခံအသိအမှတ် ပြုပြီး ဆူကြုံနိမ့်မြင့် မဖြစ်၊ ပြဿနာမရှိအောင် ထားရှိသွားမှာလား။ ဒါဟာ အဓိက စဉ်းစားရမဲ့ အချက်ဖြစ်တယ်။

အေးချမ်းတည်ငြိမ်ပြီး တိုးတက်နေတဲ့ နိုင်ငံတွေမှာ မတူကွဲပြားနေတဲ့ လူမျိုးနဲ့ ကိုးကွယ်မှုဘာသာတရားတွေကို အသိအမှတ်ပြု အကာအကွယ်ပေးပြီး အများပြည်သူနဲ့ ရင်းနှီးအောင် ပေါင်းစပ်ပေးကြတယ်။ ဒါကို အစိုးရဲ့ လမ်းစဉ်ပေါ် လစီထဲမှာသာ မဟုတ်ပဲ၊ ပြည်သူအများရဲ့ အသိအမြင်နှလုံးသားထဲမှာ ကိန်းဝပ်သွားအောင် ကျောင်းပညာရေးအစီအစဉ်ထဲကို ထည့်သွင်းထားကြတယ်။ ထည့်သွင်းပုံကတော့ ယေဘုယျအားဖြင့် တိုင်းရင်းသားစာပေတွေကို အသိအမှတ်ပြု အားပေးပြီး ပုံစံတခုနဲ့ သင်ကြားခွင့်ပြုတယ်။ ကျောင်းသင်ခန်းစာတွေထဲမှာ တိုင်းရင်းသားများရဲ့ သမိုင်းကြောင်း၊ ယဉ်ကျေးမှုတွေကို နေရာပေး ဖော်ပြတယ်။ ကိုးကွယ်မှုဘာသာ တရားတိုင်းရဲ့ အကြောင်းတွေကိုလည်း နေရာပေး ဖော်ပြတယ်။ ဒီနည်းနာကို ရောင်သွေးစုံ ယဉ်ကျေးမှုပညာရေးစနစ် (Multi Cultural Education System) လို့ နာမည်ပေးခေါ်ဝေါ်ကြတယ်။ အဓိကအားဖြင့် အာဏာရတဲ့ လူမျိုး ဒါမှမဟုတ် လူများစုတွေကပဲ အခွင့်အရေးယူတဲ့စနစ်၊ တနည်းအားဖြင့် တခုခုကို ဦးစားပေးခြင်းမျိုးမလုပ်ပဲ အများကို အသိအမှတ်ပြုနေရာပေး၊ ပေါင်းစပ်ထိန်းညှိပေးထားတဲ့ ပညာရေးစနစ်ကို ကျင့်သုံးပြီး ပြည်သူလူထုအကြား ချစ်ကြည်

ရင်းနှီးမှုကို ဖြစ်စေတယ်။ ဒီပညာရေးစနစ်ဟာ ဒီနေ့ကမ္ဘာမှာ ခေတ်မီတဲ့ပညာရေးစနစ် တရပ် ဖြစ်လာနေပါကြောင်း တင်ပြအပ်ပါသည်။

၂၀၀၇ ဒီဇင်ဘာလ

ပညာအလင်းရောင်ဂျာနယ် (မွန်ပညာရေးဌာန)

# ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ ဘာကြောင့်လိုအပ်သလဲ

ကျနော်တို့ နိုင်ငံတော်ကို ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ လိုအပ်ကြောင်းကို ၁၉၄၇ခုနှစ် မတိုင်မီကနေ ဒီနေ့အထိ လူတော်တော်များများက ရေးခဲ့ကြ ပြောခဲ့ကြတယ်။ ကျနော်လည်း ရေးခဲ့ဘူး ပြောဆိုဆွေးနွေးခဲ့ဘူးတယ်။ ဒါပေမယ့် ဒီနေ့အထိ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဆန့်ကျင်နေသူ၊ လက်မခံနိုင်သူတွေ တော်တော်များများ ရှိနေသေးတယ်။ ဒီလိုလူတွေအထဲမှာ အခြေအနေမှန်ကိုမသိတဲ့၊ ရိုးသားတဲ့ မျိုးချစ်ပုဂ္ဂိုလ်တွေ လူငယ်တွေ တော်တော်များများပါဝင်နေတယ်။ တိုင်းရင်းသားနိုင်ငံရေးပါတီ အဖွဲ့အစည်းတွေနဲ့ နီးနီးကပ်ကပ် မဆက်ဆံဘူးတဲ့ ဗမာလူငယ်တွေထဲမှာ ဒီလိုအမြင်သဘောထားတွေရှိသူတွေ ပိုများပါလိမ့်မယ်။ ဒီနေ့လို နိုင်ငံရေးအခြေအနေဆိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကာလမှာတောင် ဒီလိုအမြင်မျိုးတွေရှိနေသေးတာဟာ အခြေအနေဆိုးကို သက်တမ်း ရှည်အောင် အားပေးထောက်ကူနေသလိုဖြစ်နေလို့ ဒီအကြောင်းအရာကို ကျနော်ထပ်ပြီးရေးရတာဖြစ်တယ်။ နားလည်ကျေညက်ပြီးသူများအနေနဲ့ ခွင့်လွှတ်သီးခံ စေချင်တယ်။

ဖက်ဒရယ်ပြည်ထောင်စုဆိုတာ စစ်မှန်တဲ့ပြည်ထောင်စု (ဒါမှမဟုတ်) ပြည်နယ်ပေါင်းစု ပြည်ထောင်စုကိုခေါ်တာ ဖြစ်ပါတယ်။ ဖက်ဒရယ် (ဖက်ဒရေးရှင်း) ဆိုတာ ခွဲထွက်ရေး၊ ပြိုကွဲရေးမဟုတ်ဘူး။ ပူးပေါင်းခြင်း၊ စုပေါင်းဖွဲ့စည်းခြင်း သာဖြစ်တယ်။ ဖက်ဒရယ်ကို ခွဲထွက်ရေး၊ ပြိုကွဲရေးလို့ လူတွေထင်မြင် သွားအောင်လုပ်ခဲ့တာက ၁၉၆၂ ခုမှာ အာဏာသိမ်းခဲ့တဲ့ ဗိုလ်ချုပ်နေဝင်းနဲ့ စစ်ခေါင်းဆောင် တွေဖြစ်တယ်။ ဗိုလ်ချုပ်နေဝင်းနဲ့ အာဏာသိမ်းစစ်ဗိုလ်ချုပ်တွေဟာ ၎င်းတို့အာဏာသိမ်းတာကို အပြစ်မမြင် အကောင်းထင်လာအောင်နဲ့ စစ်မှန်တဲ့ပြည်ထောင်စု တည်ဆောက်ရေးကို တောင်းဆိုခဲ့ကြတဲ့ တိုင်းရင်းသားနိုင်ငံရေးခေါင်းဆောင်တွေ အဖွဲ့ဝင်တွေ အပေါ်အဆိုးမြင်အပြစ်တင်လာအောင် ထွင်လိုက်တဲ့သဘောတရားတစ်ခုပါ။ ဒါကို နားလည်ကြဖို့ လိုပါတယ်။

တိုင်းရင်းသားခေါင်းဆောင်တွေဘက်က ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ ဘာကြောင့်တောင်းဆို ရတာလဲ။ ဒါကိုရိုးသားတဲ့ မျိုးချစ်ဗမာလူငယ်တွေ သုံးသပ်နိုင်ဖို့ ကျနော် အကျဉ်းချုပ် တင်ပြလိုပါတယ်။

ကျနော်တို့နိုင်ငံဟာ လူမျိုးပေါင်းစုံစုစည်းနေထိုင်တဲ့နိုင်ငံ၊ လူမျိုးပေါင်းစုံပိုင်ဆိုင်တဲ့ နိုင်ငံဖြစ်တယ်။ လူမျိုးပေါင်းစုံဆိုပေမယ့် စစ်ခေါင်းဆောင်တွေ ပြောကြသလို လူမျိုး (၁၃၅) မျိုး ဆိုတာတော့မဟုတ်ဘူး။ ပြည်နယ် (၁၀၀) ကျော် တည်ဆောက်ဖို့ ဘယ်သူတွေ ဘယ်တုန်းကမှ ပြောဆိုတာမရှိခဲ့ဘူး။ (၈) ပြည်နယ်ကို တည်ဆောက်ဖို့ တောင်းဆိုခဲ့တာ ရှိတယ်။ ဘာ့ကြောင့် ဒီလိုတောင်းဆိုကြ ရတာလဲ။ ၁၉၄၇ ခု နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြည်နယ် (၃) ခု၊ ဝိဒေသတိုင်း (၁) ခုနဲ့ ပြည်မဆိုပြီး ဖွဲ့စည်းခဲ့တယ်။ ဗမာတွေက ပြည်မကို ရယူထားပြီး ပြည်နယ်တွေ၊ ဝိဒေသတိုင်းတွေကို ပြည်မအာဏာနဲ့ လွှမ်းမိုးထားလိုက်တယ်။ ၁၉၇၄ခု ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ ပြည်နယ် (၇) ခု၊ တိုင်း (၇) ခုနဲ့ ခွဲခြားထားတယ်။ ဒါပေမယ့်ပြည်နယ်တွေ၊ တိုင်းတွေကို စီမံခန့်ခွဲရေးအာဏာပေးထားခြင်းမရှိဘူး။ နာမည်ခံလောက်ပဲရှိပြီး အာဏာအားလုံးကို ဗဟိုအစိုးရကချုပ်ကိုင်ထားပြန်တယ်။ ဒီလို အတုအယောင်ပြည်ထောင်စုတွေနဲ့တွေ့ကြုံခဲ့ရတာများလို့ ပြည်ထောင်စုအစစ်အမှန်ကို ဖော်ဆောင်ပေးလာအောင် ဖက်ဒရယ်ပြည်ထောင်စုကို တောင်းဆိုရတာ ဖြစ်တယ်။

(၈) ပြည်နယ်နဲ့ ဖွဲ့စည်းဖို့ဆိုတာက လူမျိုးကြီး (၈) မျိုးကို အခြေခံတာဖြစ်တယ်။ ကျန်တဲ့လူမျိုးစုတွေကို လျစ်လျူရှု ထားတာမဟုတ်ဘူး။ သူတို့အတွက် သင့်တော်သလို အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ လူမျိုးစုဒေသ ဆိုပြီးသတ်မှတ်ကာ သင့်တော်တဲ့ အာဏာတွေ အခွင့်အရေးတွေ ပေးထားရမှာဖြစ်ပါတယ်။ အထူးသဖြင့် လူမျိုးစုတစ်စုက အခြားလူမျိုးစုတွေကို ဝါးမျိုတာမျိုးမဖြစ်ရအောင် အာဏာတွေ အခွင့်အရေးတွေ ခွဲဝေပေးထားရမှာ ဖြစ်ပါတယ်။

ဒီလိုပုံစံမျိုးနဲ့ဖွဲ့စည်းဖို့ ဘာကြောင့်လိုအပ်သလဲဆိုရင် -

**(၁) မတူညီတဲ့ လက္ခဏာရပ်တွေနဲ့ သမိုင်းနောက်ခံ**

**(၂) သီးခြားစီရပ်တည်နေထိုင်နိုင်တဲ့အခြေအနေ**

**(၃) တန်းတူညီမျှရေးမှ စုပေါင်းညီညွတ်မှုရှိစေရန်**

ဒီအခြေခံ (၃) ခုကြောင့် ဖက်ဒရယ်ပြည်ထောင်စုမျိုးဖွဲ့စည်းဖို့ လိုအပ်တာဖြစ်တယ်။ ဒီအခြေခံ (၃) ရပ်ကို ထပ်မံပြီး ရှင်းလင်းအောင်ပြောရမယ်ဆိုရင် -

## (၁) မတူညီတဲ့လက္ခဏာရပ်များနဲ့ သမိုင်းနောက်ခံ

လူမျိုးစုကြီး (၈) မျိုးဆိုတဲ့ ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးစုတွေဟာ တစ်မျိုးနဲ့ တစ်မျိုးမတူညီတဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတွေနဲ့ သမိုင်းကြောင်း နောက်ခံတွေ ရှိနေကြတယ်။ ဘာသာ စကား၊ စာပေ၊ ယဉ်ကျေးမှုတွေ မတူညီတာကိုရှင်းဖို့ လိုမယ်မထင်လို့ မရှင်းတော့ပါဘူး။ ဒီလူမျိုးစုတွေဟာ ဒီနိုင်ငံရဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ ဒီနေ့သူတို့ အခြေပြုနေထိုင်နေကြတဲ့ နေရာဒေသတွေကို လွန်ခဲ့သောနှစ်ပေါင်းထောင်ကျော်က ရောက်ရှိနေထိုင် ခဲ့ကြတာဖြစ်တယ်။ (၁၁) ရာစု မတိုင်မီကဆိုရင် အနောက်ဘက်မှာ ရခိုင်ပြည်၊ တောင်ဘက်မှာ မွန်ပြည်၊ အလယ်ပိုင်း အညာဒေသမှာ ဗမာပြည် ဆိုပြီးထင်ထင်ရှားရှားရှိနေခဲ့ကြတယ်။

အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား ဗမာဘုရင်တွေ စစ်အင်အားကောင်းချိန်မှာ အခြားလူမျိုးတွေရဲ့ နိုင်ငံတွေကို တိုက်ခိုက်သိမ်းပိုက်ခဲ့တယ်။ ဒါပေမယ့် အမြဲတမ်း သိမ်းပိုက်ထား နိုင်တာမဟုတ်ဘူး။ နှစ်ဆယ်ရာအချို့မှာ သူ့ပြည်သူ့နိုင်ငံနဲ့ သူဖြစ်ခဲ့ကြတာ သမိုင်းကို လေ့လာသူတိုင်းသိကြပါတယ်။ ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ရှမ်း တွေဟာ သီးခြားသူ့နိုင်ငံသူ့ဘုရင်တွေနဲ့ မဟုတ်ပေမယ့်၊ ဒူးဝါး၊ စော်ကဲ၊ စောဖြာ၊ စော်ဘွား၊ တောင်ပိုင်၊ တောင်အုပ် တွေနဲ့ ၎င်းတို့လူမျိုးကို ၎င်းတို့ရဲ့ အကြီးအကဲတွေက အုပ်ချုပ်ခဲ့ကြတယ်။ ပဒေသရာဇ်ဘုရင်ခေတ်တွေမှာ လက်ဆောင်ခံဘဏ ရောက်ခဲ့ရင်တောင် ဘဏ္ဍာဆက်နိုင်၊ လိုအပ်လာရင်စစ်သား ပို့ပေးနိုင်ရင် ပြီးတာပဲ၊ လက်တွေ့အရ သူ့လူမျိုးနဲ့သူ အုပ်ချုပ်ခဲ့ကြတာ ခေတ်အဆက်ဆက်ကပါ။

ရှမ်းတွေက တစ်ခါတစ်ရံမှာ ဘုရင်တွေနဲ့သီးခြားနိုင်ငံဖြစ်ခဲ့ဘူးတယ်။ ဗမာတွေကိုနိုင်ပြီး ဗမာပြည်ကို အုပ်ချုပ်ခဲ့ဘူးတယ်။ ကရင်နီတွေကတော့ ၁၈၇၅ ခုနှစ်မှာ မင်းတုန်းမင်းရဲ့ ကိုယ်စားလှယ် ကင်းဝန်မင်းကြီးနဲ့ အင်္ဂလိပ်အစိုးရရဲ့ကိုယ်စားလှယ် ဆာဒေါက်ကလပ်ဖေါဆစ်တို့ သဘောတူလက်မှတ်ရေးထိုးပြီး သီးခြားနိုင်ငံတစ်ခုအဖြစ်နဲ့ ရှိလာခဲ့တာ ၁၉၄၇ ခုနှစ်အထိဖြစ်တယ်။ ဒီလိုသမိုင်းနောက်ခံ အခိုင်အမာရှိလာခဲ့တာကို ပစ်ပယ်မေ့ပျောက်ထားလို့ မရပါဘူး။ အင်္ဂလိပ်တွေ အုပ်စိုးခဲ့ တဲ့ကာလမှာ တောင်တန်းဒေသနဲ့ မြန်မာပြည်မဆိုပြီး သီးခြားစီ ဖြစ်နေကြတယ်။

ဒီလို တစ်သီးတစ်ခြားစီ နှစ်ပေါင်းကြာရှည်စွာရှိခဲ့တာကို ပေါင်းစပ်စုစည်းဖို့ ရှေးလူကြီးတွေရဲ့ သဘောထားတွေနဲ့ ကတိစကားတွေကိုလည်း ပြန်လည်လေ့လာဖို့လိုပါ

တယ်။ ၁၉၄၆ ခု ဇန်နဝါရီလ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံမှာ ကျင်းပတဲ့ (ဖဆပလ) ရဲ့ ပထမအကြိမ်ပြည်လုံးကျွတ်ညီလာခံမှာ **"လွတ်လပ်တဲ့ ဗမာပြည်သစ်ကို တည်ထောင်ရာမှာ မည်သည့်တိုင်းရင်းသားလူမျိုးစုကိုမဆို ကိုယ့်ကံကြမ္မာကိုယ်ဖန်တီး ခွင့်ပေးမယ်၊ ခွဲထွက်လိုတဲ့အခါ ခွဲထွက်ခွင့်ပေးမယ်"** လို့ချမှတ်ထားတာ ရှိပါတယ်။ ၁၉၄၆ ခု မတ်လ ပထမ ပင်လုံအစည်းအဝေးမှာ (ဖဆပလ) ကိုယ်စားလှယ်အနေနဲ့ တက်ရောက်ခဲ့တဲ့ ဦးနုနဲ့ ဦးဘဂျမ်းတို့က ဒီစကားကို ထပ်မံထုတ်ဖော်ပြောဆိုပြီး တိုင်းရင်းသားအားလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ကြတယ်။ ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ ပင်လုံညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်းက **"ဗမာတွေ ဗြိတိသျှကျွန် မဖြစ်ချင်သလို တောင်တန်းသားတွေကိုလည်း ဗြိတိသျှကျွန် မဖြစ်စေလိုကြောင်း၊ ထို့အတူ တောင်တန်းသားတွေကို ဗမာကျွန် မဖြစ်စေရဘူး၊"** ဆိုပြီး ပဋိညာဉ်အဖြစ်နဲ့ ကတိကဝတ်ပြုပြောဆိုခဲ့တာရှိပါတယ်။ ဒီလိုကတိကဝတ်တွေ နားလည်မှုတွေနဲ့ ပင်လုံစာချုပ်ဆိုတဲ့ သဘောတူညီမှု ရှိခဲ့တာကို ဒီနေ့ဗမာတွေ မေ့ပျောက်မထားကြဖို့ လိုပါတယ်။

ပင်လုံစာချုပ်အခြေခံသဘောထားကတော့ -

**(၁) ပြည်ထောင်စုမှုအရပူးပေါင်းခြင်း၊**
**(၂) အခွင့်အရေးနဲ့အဆင့်အတန်းတူညီရေး၊**
**(၃) ပြည်နယ်တွေမှာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး၊**
**(၄) ခွဲထွက်လိုပါက ခွဲထွက်ခွင့်ရှိရေး** ဆိုတဲ့ အခြေခံသဘောထား (၄) ရပ်ရှိပါတယ်။

ဒီအခြေခံမှုတွေနဲ့စုစည်းပြီး လွတ်လပ်ရေးကိုအတူတကွရယူဖို့ တောင်းဆိုကြိုးပမ်းခဲ့ကြတာဖြစ်တယ်။ ဟိုတုန်းကဒီလိုသာ သဘောထားမျိုးမရှိခဲ့ရင် မြန်မာပြည်လို့ခေါ်တဲ့ ကျနော်တို့ ပြည်ထောင်စုရဲ့ နယ်နိမိတ်ဟာ ဒီနေ့လိုအနေအထားမျိုး ဖြစ်လာလိမ့်မှာမဟုတ်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်တွေ လုပ်ကြံခံရပြီးတဲ့နောက် လက်တွေ့အကောင်အထည်ဖော်တဲ့ ၁၉၄၇ ခု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အထက်ပါသဘောထားတွေ ပျောက်ကွယ်နေတာတွေ့ရတယ်။

ပုံသဏ္ဍာန်အရ ပြည်ထောင်စုအသွင်ပေါက်ပေမယ့် ပြည်မဖြစ်တဲ့ ဗမာတွေက ပြည်နယ်တွေဖြစ်တဲ့ တိုင်းရင်းသားလူမျိုးတွေအပေါ် မှာ လွှမ်းမိုးချုပ်ကိုင်ထားလို့ အနှစ်သာရအရ တပြည်ထောင်စနစ် ဖြစ်နေတယ်။ ဒီဖွဲ့စည်းပုံကို ဒိုင်ခံရေးသားခဲ့သူ ဦးချန်ထွန်းကိုယ်တိုင်က ဝန်ခံခဲ့ပြီး ဖြစ်သည်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ အားနည်းချက်တွေရှိခဲ့ပေမယ့် ပြည်

ထောင်စုက နေခွဲထွက်ဖို့ ဘယ်ပြည်နယ်ကမှ တောင်းဆိုခဲ့ခြင်း မရှိပါဘူး။ ဘာကြောင့်လည်းဆိုတော့ နိုင်ငံငယ်လေးနဲ့ ရပ်တည်ဖို့ဆိုတာ အန္တရာယ်ကြီးမားကြောင်း အားလုံးကနားလည်ကြပါတယ်။

၁၉၄၇ ခုဖွဲ့စည်းပုံအခြေခံဥပဒေအရ ကရင်၊ မွန်နှင့် ရခိုင်တွေ ဘာအခွင့်အရေးမှမရခဲ့ကြပါဘူး။ ဒါကို မကျေနပ်ပြီး တောင်းဆိုကြရာက အကြမ်းနည်းနဲ့ ဖြေရှင်းလို့ တိုင်းရင်းသားတွေရဲ့ လက်နက်ကိုင်တော်လှန်ပုန်ကန်မှု စတင်ဖြစ်လာခဲ့ရတယ်။ ဒီလို ပွဲကြမ်းပြီးမှ ၁၉၅၁ ခုနှစ်မှာ ကရင်ပြည်နယ်ကို ဖော်ထုတ်ပေးခဲ့တယ်။ ဒါပေမယ့် မြေပြန့်နဲ့ကမ်းရိုးတန်းမှာရှိတဲ့ မွန်နဲ့ ရခိုင်တွေကိုတော့ အခွင့်အရေးမပေးပဲ ဗမာစာရင်း သွပ်သွင်းပြီး ဖုံးကွယ်ဝါးမျို ခဲ့ကြတယ်။

## (၂) သီးခြားစီရပ်တည်နေထိုင်နိုင်တဲ့အခြေအနေ

လူမျိုးစုကြီး (၈) မျိုးထဲမှာ ဗမာကလွဲရင် ကျန်တဲ့လူမျိုးတွေဟာ နိုင်ငံတော်ရဲ့ နယ်စပ်မျဉ်းတစ်လျှောက်မှာ သူ့နေရာနဲ့သူ စီတန်းပြီး ရှိနေကြတယ်။ သူတို့မှာ သီးခြားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတွေ ရှိနေကြတယ်။ လက်ရှိမိမိတို့ရဲ့အခြေပြုတဲ့ ဒေသတွေမှာ နှစ်ပေါင်းရာထောင်ချီပြီး အခြေချနေထိုင် လာခဲ့ကြတယ်။ ၎င်းတို့မှာ လူဦးရေအရလည်း တော်တော်များများနဲ့ စုစုစည်းစည်း ရှိနေကြတယ်။ ဒေသတွင်း စီးပွားရေးအခြေခံနဲ့ ရပ်တည်နိုင်တဲ့ အနေအထားရှိတယ်။ မိမိတို့အမျိုးသား ကံကြမ္မာကိုဖန်တီးခွင့်ရဖို့ ပြင်းထန်တဲ့ဆန္ဒနဲ့ နှစ်ပေါင်းများစွာရုန်းကန် လှုပ်ရှားခဲ့ကြတယ်။ ဒါတွေဟာ အမျိုးသားအလိုက်သီးခြားရပ်တည် နေထိုင်နိုင်တဲ့ အခြေခံလက္ခဏာတွေ ဖြစ်တယ်။ ဒီလောက်ထင်ထင်ရှားရှား ခိုင်ခိုင်မာမာရှိနေတာကို မျက်ကွယ်ပြုပြီး နည်းပေါင်းစုံနဲ့ ဖိနှိပ်ကာဗမာဖြစ်သွားအောင် ဝါးမျိုဖျောက်ဖျက်တာကို လူမျိုးစုများ လက်သင့်ခံကြမှာ မဟုတ်ဘူး။

## (၃) တန်းတူညီမျှရေးမှစုစည်းညီညွတ်မှုရှိစေရန်

လူသားတွေဟာသဘာဝအရ စုစည်းညီညွတ်မှု ကိုလိုလားကြတယ်။ စုစည်းညီညွတ်မှလည်း အင်အားရှိမယ်။ အင်အားရှိမှလည်း သဘာဝအန္တရာယ်၊ ပြင်ပကရန်ပြုလာတဲ့အန္တရာယ်ကို ကာကွယ်ခုခံနိုင်မှာဖြစ်တယ်။ စုစည်းညီညွတ်မှု ရှိမှလည်း အေးချမ်းပြီးတိုးတက်တဲ့ဘဝကို ရရှိနိုင်မှာ ဖြစ်တယ်။ ဒါကြောင့် စုစည်းညီညွတ်မှုကို လူတိုင်းလိုလားတာ ဖြစ်တယ်။ ဒီစုစည်းညီညွတ်မှုကို တည်ဆောက်နိုင်ဖို့အတွက် အခြေ

ခံလိုအပ်ချက်ကတော့ တန်းတူညီမျှမှုရှိရေး ဖြစ်တယ်။ မရှိအတူ၊ ရှိအတူ အေးအတူပူအမျှ အခွင့်အရေးနဲ့ အခွင့်အာဏာတွေညီမျှဖို့ လိုတယ်။ လူတစ်ဦးချင်း အရရော လူတစ်စုချင်း၊ လူတစ်မျိုးချင်း၊ တစ်ဘာသာချင်းကအစ အခွင့်အရေးညီမျှဖို့ လိုတယ်။ သမိုင်းမှာ လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အသားရောင်၊ ဇာတ်နိမ့်၊ ဇာတ်မြင့်အပေါ် အခြေခံပြီး အခွင့်အရေးနဲ့ အခွင့်အာဏာတွေ ခွဲခြားခြင်းရှိလို့ စစ်ပွဲတွေ၊ လူသတ်ပွဲတွေ ဖြစ်ခဲ့ကြတာများပြီ။ ဒါတွေကို သင်ခန်းစာယူပြီး ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးဖြစ်အောင် တည်ဆောက်နေတဲ့ကာလမှာ မိမိလူမျိုးအတွက် အခွင့်အရေး အာဏာ ပိုယူထားတာဟာ မှားယွင်းတဲ့ သဘောထား မှားယွင်းတဲ့လုပ်ရပ် ဖြစ်တယ်။ မိမိပုဂ္ဂိုလ် အကျိုး၊ အုပ်စုအကျိုး၊ လူမျိုး အကျိုး၊ ဘာသာအကျိုးကိုသာ ဦးစားပေးတတ်တဲ့ လူတွေဟာ လူအများကို စုစည်းလို့ မရနိုင်ပါ။

၁၉၄၇ ခု ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားလူမျိုးစုအချို့ကို အခွင့်အရေးဘာမျှမပေး၊ လူမျိုးစု အချို့ကို ပြည်နယ်တွေပေးထားပေမယ့်လည်း ဗမာတွေလွှမ်းမိုးတဲ့ ပြည်မ အောက်မှာထားရှိခဲ့တာကြောင့် အာဏာနဲ့ အခွင့်အရေး တန်းတူညီမျှစေရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းဖို့တောင်းဆို လှုပ်ရှားခဲ့တာ ဖြစ်တယ်။ ဒီလိုတောင်းဆိုတာကို ခွဲထွက်ရေးလို့တံဆိပ်ကပ်ပြီး စစ်တပ်ကအာဏာ သိမ်းခဲ့တယ်။ ပြီးတော့ တစ်ပါတီအာဏာရှင်စနစ်နဲ့ အုပ်ချုပ်ခဲ့တယ်။ စစ်တပ်ကို ပိုမိုတိုးချဲ့ပြီး လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့တယ်။ တိုင်းရင်းသားပြည်နယ်တွေရဲ့ အခွင့်အာဏာတွေကို ထပ်မံပြီးလျှော့ချကာ ကွပ်ကဲရေးအဖွဲ့မှာ စစ်ဗိုလ်တွေကို ထည့်သွင်းချုပ်ကိုင် စေခဲ့တယ်။ ဒီလိုလုပ်တော့ ပြည်တွင်းစစ်မီးဟာ ချုပ်ငြိမ်းမသွားဘဲ ပိုမိုကြီးထွားကျယ်ပြန့် လာခဲ့တယ်။ တိုင်းရင်းသားလူမျိုးစုံတို့က လက်နက်ကိုင်တော်လှန် လာကြတယ်။ အာဏာသိမ်း စစ်အစိုးရကလည်း စစ်ဆင်ရေးမှာ ပိုမိုထိရောက်အောင်မြင်စေဖို့ သူပုန်တွေကို အထောက်အကူဖြစ်စေ နိုင်တယ်လို့ ယူဆရတဲ့ လူထုကို ဖမ်းဆီးသတ်ဖြတ် မောင်းထုတ် မုဒိမ်းကျင့်တာတွေ လုပ်လာတယ်။ တစ်ဖက်မှာ စစ်ဆင်ရေးကို အထောက်အကူ ဖြစ်စေဖို့ လူထုကို လိုက်လံဖမ်းဆီးပြီး အထမ်းသမားအဖြစ်၊ ဗုံးရှင်းကိရိယာအဖြစ် အသုံးပြု ခဲ့ကြတယ်။

အဲဒီအချိန်ကစပြီး လူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ နေရာဒေသ အနှံ့အပြားမှာဖြစ်ပေါ် လာတော့တယ်။ ပြည်သူတွေဟာ စစ်အုပ်ချုပ်ရေးရဲ့ ခါးသီးတဲ့ အရသာကို စတင်ခံစားနားလည် လာကြတယ်။ စစ်တပ်ဟာ လူထုပိုင် ပစ္စည်းတွေကို ပြည်သူပိုင်လို့ ကြွေးကြော်ပြီး သိမ်းယူခဲ့တယ်။ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေကိုလည်း စစ်ရေးမှာပိုပြီး

သုံးစွဲလာခဲ့တယ်။ ဒီလိုနဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေဟာ နိမ့်ကျလာပြီး နောက်ဆုံးတော့ လူစဉ်မမီတဲ့ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံအဆင့်ကို ရောက်ခဲ့ရတယ်။ ဒီအကျိုးဆက်တွေကြောင့် ကျောင်းသားတွေ၊ အလုပ်သမားတွေ၊ သံဃာတော်တွေ မခံမရပ်နိုင်ဖြစ်ကြပြီး အုံကြွပေါက်ကွဲမှုတွေ ဖြစ်လာခဲ့ရတယ်။ အခုတော့ ဗမာ အမျိုးသားပြည်သူတွေ လွတ်လပ်ရေးရခဲ့တယ် ဆိုပေမယ့် လွတ်လပ်ရေးရဲ့ အရသာကို မခံစားကြရဘူး။ တိုင်းရင်းသားလူမျိုးစုတွေလိုပဲ စစ်အာဏာရှင်တွေရဲ့ ကျေးကျွန်တွေဖြစ်နေရပြီ။ တကယ်တော့ ဗမာလူထုတွေရဲ့ နစ်နာဆုံးရှုံးမှုတွေဟာ စစ်ဖြစ်နေတဲ့နယ်စပ်နဲ့ တောနယ်ဒေသက တိုင်းရင်း သားပြည်သူတွေရဲ့ ဘဝထက် အများကြီးသာပါသေးတယ်။ တိုင်းရင်းသားဒေသက ပြည်သူတွေဟာ သူများနိုင်ငံကိုမှီခိုနေရတဲ့ စစ်ပြေးဒုက္ခသည်ဘဝ၊ တောတောင်တွေ ကြားမှာ ပြေးလွှားပုန်းအောင်းနေရတဲ့ (IDP) ဒုက္ခသည်ဘဝမှာ သိန်းပေါင်းများစွာ ရောက်ရှိနေကြရတယ်။

ဒီလို ဘဝဆိုးတွေက အမြန်လွတ်မြောက်ပြီး အေးအေးချမ်းချမ်း စုစုစည်းစည်းနဲ့ ညီညီညွတ်ညွတ် နေထိုင်နိုင်ဖို့လိုပါလိမ့်မယ်။ ရှေ့ဆောင်သူတွေအနေနဲ့ တိုင်းရင်းသားတွေရဲ့ မျိုးချစ်စိတ်ဓါတ်ကို သိဖို့လိုပါတယ်။ နိုင်ငံခြားကအထောက်အပံ့တွေမရပေမယ့်လည်း အနှစ် (၆၀) ကျော်တိုင် လက်နက်ကိုင်ပြီး တော်လှန်ရပ်တည်နေနိုင်တာဟာ သက်သေပါပဲ။ ဗမာမျိုးချစ်တွေအနေနဲ့ အင်္ဂလိပ်၊ ဂျပန်တွေရဲ့ကျွန်ဘဝကို ရောက်ခဲ့ရစဉ်က ခံစားခဲ့ရ နာကျည်းခဲ့ရတာမျိုးလိုပဲ ဒီနေ့တိုင်းရင်းသားတွေဘက်က နာကျည်းနေရပါတယ်။ အာဏာရယူသူတွေဟာ ဗမာ စကား၊ ဗမာ စာပေ၊ ဗမာ ယဉ်ကျေးမှုတွေကိုချည်း အစွမ်းကုန်မြှင့်တင်ပေးနေပြီး ကျန်တိုင်းရင်းသားတွေရဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှုတွေကိုတော့ အသိအမှတ် ပြုခြင်း၊ နေရာပေးခြင်း၊ လွတ်လပ်ခွင့်ပေးခြင်းတွေ မရှိခဲ့ဘူး။ ဒါတွေဟာ လူမျိုးရေးအရ ဝါးမျိုနေတာ ဖြစ်တယ်။ ပြည်တွင်းစစ်ရပ်စဲပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ချင်ရင် ဒီလုပ်ရပ်တွေကို ပြုပြင်ပေးဖို့ ဗမာတွေရဲ့ တာဝန်သာဖြစ်တယ်။ ပြုပြင်ပေးနိုင်မှလွတ်လပ်ရေးရဲ့ အရသာကို ဗမာလူမျိုးပြည်သူအများစုက ခံစားခွင့် ရှိနိုင်ပါလိမ့်မယ်။

ဒီနေ့ ဗမာလူမျိုးပြည်သူတွေ အခက်အခဲအကြပ်အတည်းပေါင်းစုံနဲ့ ရင်ဆိုင်နေရသလို တိုင်းရင်းသားလူမျိုးပေါင်းစုံတွေကလည်း အညီအမျှ ခံစားနေရတယ်။ ဒါတွေအပြင် တိုင်းရင်းသားတွေဟာ လူမျိုးရေးအရ ဝါးမျိုမှု အခြေပြု နယ်မြေထဲက နည်းပေါင်းစုံနဲ့ မောင်းထုတ်ခံနေရမှုတွေ ရှိနေတယ်။ ဒီအခြေအနေဆိုးတွေကို ပြောင်းလဲ

ပြုပြင်ဖို့ ဒီမိုကရေစီအခွင့်အရေးတစ်ခုတည်းနဲ့မလုံလောက်ဘူး။ တိုင်းရင်းသားတွေရဲ့ လွတ်လပ်ခွင့်နဲ့ တန်းတူခွင့်တွေကို အသိအမှတ် ပြုဖို့လိုပါတယ်။ ဆွစ်ဇာလန်နိုင်ငံနဲ့ စင်္ကာပူနိုင်ငံတွေကိုလေ့လာကြည့်ပါ။ နိုင်ငံငယ်၊ လူဦးရေ နည်းနည်းလေးနဲ့ သူတို့နိုင်ငံထဲမှာ စကား၊ စာပေ (၄) မျိုးကို ရုံးသုံးဘာသာအဖြစ် အသိအမှတ်ပြု ပြဌာန်းထားတယ်။ ဒါကြောင့်သူတို့မှာ လူမျိုးရေးအရ ပြဿနာမရှိဘူး။ ညီညွတ်တယ်၊ အေးချမ်းတယ်၊ တိုးတက်တယ်။

ဒီနေ့ ကျနော်တို့နိုင်ငံမှာ ရင်ဆိုင်နေရတဲ့အခြေအနေဆိုးတွေက အမြန်လွတ်မြောက်ပြီး ငြိမ်းချမ်းသာယာ တိုးတက်တဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်ဖို့ ဒီမိုကရေစီအင်အားစုတွေနဲ့ တိုင်းရင်းသားအင်အားစုတွေ ပူးတွဲ ပေါင်းစည်းကြဖို့ လိုနေပါတယ်။ ဒီလို ပူးတွဲပေါင်းစည်းကြရာမှာ ခိုင်မြဲတဲ့စုစည်းညီညွတ်မှု တစ်ရပ်ဖြစ်လာ နိုင်ဖို့အတွက် တစ်ချိန်က ဗိုလ်ချုပ်အောင်ဆန်းလို ရိုးသားဖြောင့်မတ်ပြီး ပွင့်လင်းတဲ့ ဒီမိုကရေစီခေါင်းဆောင်တွေ လိုအပ်နေပါတယ်။ တကယ်တော့ ဒီမိုကရေစီအခွင့်အရေးကို တိုင်းရင်းသားတွေဘက်က ဗမာတွေနဲ့ထပ်တူ လိုလားနေတာပါ။

ဒါပေမယ့် ဒီမိုကရေစီတစ်ခုတည်းနဲ့ပဲရပ်ပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ကျောခိုင်းနေမယ်ဆိုရင် တိုင်းရင်းသားတွေအတွက် ကျွန်ဘဝမှာဆက်ပြီး နစ်မွန်းနေရမှာမို့ ဒီမိုကရေစီအင်အားစုတွေနဲ့ အပြည့်အဝလက်တွဲချင်မှာမဟုတ်ဘူး။ ဒီတော့ ပူးတွဲပေါင်းစည်းရေးဟာ ခိုင်မာအားကောင်းနိုင်မှာမဟုတ်ဘူး။ ဒီလိုသာဖြစ်နေရင် တိုင်းပြည်ကရင်ဆိုင်နေရတဲ့ ဆင်းရဲကြပ်တည်းမှုအနေအထားဟာ ဆက်ပြီးကြာရှည်နေ ပါလိမ့်မယ်။

ဒါကြောင့် ဒီမိုကရေစီအခွင့်အရေးရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ လိုပါတယ်။ ဒီလိုရယူနိုင်ဖို့ ဒီမိုကရေစီအင်အားစုနဲ့ တိုင်းရင်းသားအင်အားစုတို့ ပူးတွဲပေါင်းစည်းပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး လမ်းစဉ်ကိုချမှတ်ဖို့ လိုအပ်နေပါကြောင်း စေတနာကောင်းနှင့် တင်ပြလိုက်ပါတယ်။

၂၀၀၈ ဖေဖော်ဝါရီလ
မွန်ပြည်သစ်ဂျာနယ်

# လက်နက်နှင့် ငြိမ်းချမ်းရေးပြဿနာ

ဒီအကြောင်းအရာ ဆောင်းပါးကို ရေးရတာ အပစ်အခတ်ရပ်စဲထားကြတဲ့ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများနဲ့ စစ်အစိုးရအကြား ငြိမ်းချမ်းရေးပြဿနာဖြေရှင်းရာမှာ အမှားအယွင်းမခံနိုင်တဲ့ လက်နက်နဲ့ တပ်ကိစ္စအတွက် အမြင်ဖလှယ်လိုခြင်းဖြစ်ပါတယ်။ နဝတ၊ နအဖ စစ်အစိုးရဟာ သူတို့ရဲ့ အမျိုးသားညီလာခံက ရေးဆွဲချမှတ်ခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တွန်းတွန်းတိုက်တိုက်နဲ့ အတည်ပြုခဲ့ပြီးဖြစ်တယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို လာမည့် ၂၀၁၀ ခုနှစ်မှာ ကျင်းပမည့် ရွေးကောက်ပွဲပြီးရင် အကောင်အထည်ဖော်မှာမို့ ရွေးကောက်ပွဲမတိုင်ခင် စစ်အစိုးရအနေနဲ့ ပြင်ဆင်စရာရှိတာတွေ အပြီးပြင်ဆင်ထားမှာ ဖြစ်တယ်။ ၎င်းတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ **"နိုင်ငံထဲမှာ တပ်မတော်ဆိုတာ တခုတည်း ရှိရမယ်။ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးဟာ တပ်မတော်ဦးစီးချုပ်ရဲ့ ကွပ်ကဲမှုအောက်မှာ ရှိရမယ်"** လို့ဖော်ပြထားတယ်။ ဒီတော့ကာ အပစ်ရပ်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးယူထားတဲ့ အဖွဲ့တွေရဲ့ တပ်ဖွဲ့တွေ (သို့မဟုတ်) လက်နက်တွေအပ်ဖို့ ပြောလာလိမ့်မယ်။ အခုတောင် အချို့အပစ်ရပ်အဖွဲ့တွေကို ဒီကိစ္စပြောထားပြီး ဖြစ်တယ်။ အပြောနဲ့သာမဟုတ် အလုပ်နဲ့လည်း ဖိအားအမျိုးမျိုးပေးလာလိမ့်မယ်။ ဒီတော့ ဒီကိစ္စအပေါ် အမြင်ရှင်းအောင် စဉ်းစားသုံးသပ်ထားဖို့ လိုနေပါပြီ။ အပစ်ရပ်နဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေအပြင် ၎င်းတို့ကိုယ်စားပြုထားတဲ့ လူမျိုးစုပြည်သူတွေရဲ့ ဘဝဟာ လက်နက်အပ် (သို့မဟုတ်) တပ်ကိုပါ အပ်လိုက်ရင် ၎င်းတို့ရဲ့ အနာဂတ်ကံကြမ္မာ ဘယ်လိုဖြစ်သွားမယ်ဆိုတာ ကြိုတင်ရှုမြင်သုံးသပ်ပြီး ဆုံးဖြတ်လုပ်ဆောင်နိုင်ဖို့ အထူးကို လိုအပ်နေပါပြီ။

## လက်နက်ရဲ့ သဘောသဘာဝ

ကျနုပ်တို့ လူသားအပါအဝင် သတ္တလောကထဲမှာ သတ္တဝါတွေအားလုံးဟာ ရေရှည်ရှင်သန်ရပ်တည်နိုင်ဖို့ လက်နက်ကိုယ်စီရှိကြရတယ်။ အဲဒီလက်နက်တွေထားရှိရတာဟာ ရည်ရွယ်ချက်အားဖြင့် (၂) မျိုးရှိတယ်။ တချို့က မိမိကိုယ်ကိုကာကွယ်ဖို့နဲ့ ကျန်တမျိုးက အခြားသူတွေကို ရန်ရှာဖို့ဖြစ်တယ်။ ခရုတို့ လိပ်တို့ရဲ့ လက်နက်ဟာ သူတို့ရဲ့ အခွံပါ။ သာမန် ရန်သူဆိုရင် အခွံထဲဝင်လိုက်ခြင်းအားဖြင့် အန္တရာယ်ကို ကာကွယ်နိုင်ပါ

တယ်။ အချို့သတ္တဝါတွေ အပြေးမြန်ခြင်းဟာ သူတို့ကိုယ်ကို ကာကွယ်တဲ့ နည်းနာလက်နက်တမျိုး ဖြစ်တယ်။ မြက်နဲ့သစ်ရွက်တွေကိုစားတဲ့ သမင်၊ ဒရယ်၊ စိုင်၊ ဆတ်၊ ကျွဲ၊ နွားတွေရဲ့ ဦးချိုတွေဟာ သူတို့ကိုယ်ကို ကာကွယ်ဖို့အတွက် အဓိကဖြစ်ပါတယ်။ အချို့နေရာတွေမှာ ရန်ရှာဖို့အတွက်လည်း သုံးနိုင်တယ်။ ကျားတွေ၊ ခြသေ့်တွေရဲ့ ခြေသည်း၊ လက်သည်း၊ သွားတွေနဲ့ အစွယ်တွေဟာ သူတို့ကိုယ်ကို ကာကွယ်တဲ့ဘက်မှာ အသုံးနည်းပြီး အခြားတိရစ္ဆာန်တွေကို ရန်ရှာတဲ့ဘက်မှာ အသုံးများပါတယ်။ လူသားတွေရဲ့ ခြေလက်တွေဟာ ထိုးကြိတ်ကန်ကျောက်ရာမှာ သုံးနိုင်ပေမဲ့ အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ်တဲ့ အရာမို့ လက်နက်စာရင်းမသွင်းကြဘူး။ တုတ်၊ ဓါး၊ လှံ၊ သေနတ်တွေကိုတော့ လက်နက်အဖြစ် သတ်မှတ်ပါတယ်။ ဒီ ဓါး၊ လှံ၊ သေနတ်တွေကို မိမိကိုယ်ကိုကာကွယ်ဖို့ သုံးမလား။ သူတပါးကို ရန်ရှာဖို့ သုံးမလား။ နှစ်မျိုးစလုံး သုံးနိုင်ပါတယ်။ ငှက်တွေထဲမှာ လင်းယုန်၊ စွန်နဲ့ သိမ်းငှက်တွေဟာ အခြားငှက်နဲ့ သတ္တဝါတွေကို သတ်စားကြတယ်။ ကျားတွေ၊ ခြသေ့်တွေကလည်း အခြား သတ္တဝါတွေကို သတ်စားတယ်။ သတ္တဝါချင်းအတူတူ သူတပါးကို ရန်ရှာသတ်စားတဲ့ အကျင့်စရိုက်က မကောင်းဘူး၊ မမှန်ဘူး၊ မတရားဘူးလို့ ပြောရမယ်။ ဒါပေမဲ့ မြက်တွေကိုသာ စားတဲ့ သမင်၊ ဒရယ်၊ စိုင်၊ ဆတ်တွေကို ချိုရှိတာ မမှန်ဘူး။ မတရားဘူးလို့ သတ်မှတ်လို့ မရဘူး။ ဒီလိုပဲ လူအချို့ကိုင်ဆောင်တဲ့ လက်နက်တွေဟာ သူတို့ရဲ့အသက်အိုးအိမ် စည်းစိမ်တွေ မြို့ရွာ နိုင်ငံတွေကို ကာကွယ်ဖို့အတွက်ကိုသာသုံးရင် ဒါဟာမှန်တယ်၊ တရားတယ်လို့ လက်ခံရမှာ ဖြစ်တယ်။

## လက်နက်တွေရဲ့ အကျိုးသက်ရောက်မှု

ကျနုပ်တို့လူသားတွေအတွက် လက်နက်ဆိုတာ သက်မဲ့အရာ အသုံးအဆောင်ပစ္စည်းပါ။ ဒီလက်နက်တွေကို မိမိတို့ရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့အတွက်သာ သုံးရင် မှန်ကန်တယ်၊ တရားတယ်။ ဒီအတွက်ကို ထောက်ခံသင့်တယ်။ အားပေးသင့်တယ်။ ဘာကြောင့်လဲဆိုရင် ကျနုပ်တို့လူသားတွေ ရှင်သန်နိုင်ဖို့ဟာ တောတိရစ္ဆာန်ရိုင်းတွေရဲ့ ရန်ပြုမှုကို ကာကွယ်ဖို့ လိုအပ်သလို ကျနုပ်တို့လူသားတွေထဲမှာ တိရစ္ဆာန်သာသာ စိတ်ထားမျိုးနဲ့ သူတပါးရဲ့ ဥစ္စာပစ္စည်းကို လုယူလိုတဲ့ သူတွေရဲ့ အန္တရာယ်ကို ကာကွယ်ဖို့လည်း လိုအပ်ပါတယ်။ လူ့အဖွဲ့အစည်းတိုင်းမှာ သူ့အဖွဲ့အစည်းကို ကာကွယ်ဖို့ အဆင့်ရှိတဲ့ လက်နက်တွေရှိနေကြရင် သူတပါးကို ရန်မူပြီး လုယူနယ်ချဲ့လိုတဲ့ အဖွဲ့အစည်းတွေကို ထိန်းပေးသလိုဖြစ်စေကာ ကမ္ဘာ့ငြိမ်းချမ်းရေးကိုလည်း အကျိုးပြုစေပါတယ်။

ဒီနေ့ ကမ္ဘာမှာလိုပဲ ချူကလီးယားလက်နက်တွေ နိုင်ငံတခုတည်းမှာ မဟုတ်ပဲ နိုင်ငံ (၉) ခုလောက်က ပိုင်ဆိုင်ထားတာဟာ အင်အားချိန်ခွင်လျှာညှိထားသလို ဖြစ်စေပြီး ကမ္ဘာကြီးရဲ့ ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေပါတယ်။

လူသားတွေဟာ ခြံတွေ စိုက်ခင်းတွေ စိုက်ပျိုးတဲ့အခါ ခိုင်လုံတဲ့ ခြံစည်းရိုးတွေရှိဖို့ လိုအပ်တယ်။ မရှိဘူးဆိုရင် အဲ့ဒီစိုက်ခင်းနဲ့ သီးနှံပင်တွေဟာ သားကောင်အမျိုးမျိုးရဲ့ ဖျက်ဆီးခြင်းကို ခံရပြီး ပျက်စီးသွားမှာပါ။ ဒီလိုပါပဲ လူတဦးချင်းနဲ့ လူ့အဖွဲ့အစည်းတွေ ထဲမှာ သူတို့ရဲ့ အခွင့်အရေးတွေနဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ဖို့ လက်နက်ဆိုတာ ရှိသင့်တယ်။ မြွေပွေး၊ မြွေဟောက်တွေမှာ အဆိပ်ရှိလို့၊ ပင်လယ်ဂဏန်းတွေမှာ ညှပ်ဖို့ လက်မကြီးတွေရှိလို့ အခြားသတ္တဝါတွေက သူတို့ကို အနိုင်ကျင့်ချင်တိုင်း မကျင့်ဝံ့တာဖြစ်တယ်။ တရုတ်အမျိုးသားခေါင်းဆောင်ကြီး မော်စီတုန်းက **"နိုင်ငံရေးအာဏာဆိုတာ သေနတ်ပြောင်းဝက ထွက်လာတာ ဖြစ်တယ်"** ဆိုပြီး မြင်လွယ်အောင်ပြောထားတာရှိတယ်။ ပြီးတော့ **"အမျိုးသားတရပ်မှာ သူတို့ရဲ့ အမျိုးသား ကာကွယ်ရေးတပ် မရှိဘူးဆိုရင် အဲဒီအမျိုးသားအတွက် ဘာမှမရှိနိုင်ဘူး"** လို့ဆိုထားပြန်တယ်။ ဒီတော့ အမျိုးသားတရပ်ရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အခွင့်အရေးတွေရရှိဖို့အတွက် ဖွဲ့စည်းထားတဲ့ လက်နက်ကိုင်တပ်နဲ့ လက်နက်တွေကို စွန့်ဖို့ဆိုတာ ပြောဖို့သင့်တဲ့ ကိစ္စလား။

## လူမျိုးရေးအရ ခွဲခြားမှုနဲ့ သတ်ဖြတ်မှုရှိတဲ့ ကမ္ဘာ

လူမျိုးဆိုတာ နှစ်ပေါင်းထောင်သောင်းများစွာ အတူတကွနေထိုင်ခဲ့ကြရာက တူညီတဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတွေ ရှိလာပြီး ကောင်းတူဆိုးဖက် ကံကြမ္မာချင်းဆက်စပ်နေတဲ့ လူစုဖြစ်တယ်။ အတွေးအခေါ် အယူအဆအရ မယဉ်ကျေးတဲ့ ခေတ်ကာလတွေမှာ အင်အားကြီးတဲ့ လူမျိုးစုက အင်အားငယ်တဲ့ လူမျိုးစုတွေကို လိုက်လံတိုက်ခိုက်ပြီး ပစ္စည်းလု၊ နယ်မြေလု၊ ကျွန်ပြုသတ်ဖြတ်ခဲ့ကြတာ အထင်အရှားပါ။ ကျနော်တို့နိုင်ငံထဲမှာ ၁၇၅၇ ခုက ဗမာဘုရင် ဦးအောင်ဇေယျဟာ မွန်တွေကို ဒီလိုလုပ်ခဲ့သလို ၁၇၈၄ ခုမှာ ဗမာဘုရင် ဘိုးတော်ဦးဝိုင်းက ရခိုင်တွေကို ဒီလိုလုပ်ခဲ့တယ်။ ဒါတွေဟာ ၁၈ ရာစုမှာဖြစ်ခဲ့တဲ့ အတိတ်သမိုင်းပါ။ ၂၀ ရာစုခေတ်ကြီးထဲမှာ ဒီလိုအဖြစ်မျိုး နိုင်ငံများစွာမှာ ဖြစ်ခဲ့ဘူးတယ်။ ၁၉၄၃ နဲ့ ၁၉၄၅ အကြား ဒုတိယကမ္ဘာစစ်ကာလအတွင်းမှာ ဟစ်တလာဦးဆောင်တဲ့ ဂျာမဏီတွေဟာ ဂျူးလူမျိုး (၆) သန်း

ကျော်ကိုသတ်ခဲ့ဘူးတယ်။ ၁၉၉၅-၉၆ အတွင်း ရဝမ်ဒါနိုင်ငံမှာ ဟူတူလူမျိုးတွေက တူစီလူမျိုး (၅) သိန်းခန့်ကို သတ်ဖြတ်ခဲ့ဘူးတယ်။ ၁၉၈၈ ခုထဲမှာလည်း ဆက်ဒမ် ဟူစိန် ဦးဆောင်တဲ့ အီရတ်တွေဟာ ကာဒ်လူမျိုး (၁၈၂,၀၀၀) ခန့်ကို သတ်ခဲ့တယ်။ ဒီ လောက်မများတဲ့ အလတ်စားသတ်ဖြတ်မှုတွေ ဥပမာ - ယူဂိုဆလားဗီးယားနိုင်ငံ ဟောင်းက ဘော့စနီးယားဒေသလို၊ ဆူဒန်နိုင်ငံ ဒါဖောဒေသက အဖြစ်အပျက်တွေလို များစွာရှိပါသေးတယ်။ ကျနော်တို့ နိုင်ငံမှာလည်း စစ်ရေးနဲ့ မသက်ဆိုင်တဲ့ ကလေးတွေ အမျိုးသမီးတွေ လူအိုတွေဟာ နယ်စပ်နဲ့တောနယ်ဒေသတွေထဲမှာ သတ်ဖြတ်ခံနေရ တာ များစွာရှိပါတယ်။ ဒါတွေဟာ ဆန့်ကျင်ဘက်ရန်သူတွေကိုသာမကပဲ ရန်သူလို့ သတ်မှတ်ထားတဲ့ လူမျိုးဆိုရင် အားလုံးကိုရှင်းပစ်တဲ့ သဘောဖြစ်တယ်။ ခေတ်ကြီး ဟာ ပြောင်းလဲနေပါပြီ။ ၂၀ ရာစု မဟုတ်တော့ဘူးလို့ ဆိုချင်ဆိုနိုင်ပေမဲ့ ၂၁ ရာစုထဲ လှမ်းဝင်လာတာ ဆယ်စုနှစ် တခုတောင် မပြည့်သေးပါဘူး။ လူတွေဟာ စက်မှုပညာ အရ လပေါ်ကိုတောင်တက်နိုင်လို့ တိုးတက်နေတယ်လို့ ဆိုနိုင်ပေမဲ့ အတွေးအခေါ် အသိအမြင်တွေမှာ အာဏာရူးတွေ၊ အခွင့်ထူးခံတွေ၊ မဟာဆန်ချင်သူတွေနဲ့ ပြည့်နှက် နေပါသေးတယ်။ တန်းတူရေးဆိုတာ အနိမ့်ခံလူမျိုးစုတွေက တောင်းဆိုနေတဲ့စကား၊ အာဏာရအထက်စည်းနေ လူမျိုးတွေက လက်ခံချင်တာ မဟုတ်ဘူး။ ကမ္ဘာ့လူသား များအားလုံး အေးချမ်းစွာ အတူနေထိုင်ရေးဆိုတာ စိတ်ကူးယဉ်အဆင့်မှာပဲ ရှိပါသေး တယ်။ ဒါ့ကြောင့် ကိုယ်ဖြစ်ရှိနေတဲ့ လူမျိုးစုအဝန်းအဝိုင်းမှာ ကိုယ်ဟာ ဝင်ရောက် ပြီး အားလုံးရဲ့ ဘဝလုံခြုံရေးနဲ့ အခွင့်အာဏာအတွက် အလေးအနက်စဉ်းစားထားဖို့ လိုနေ ပါတယ်။

## လက်နက်စွန့်သွားတဲ့ အဖွဲ့တွေရဲ့ကံကြမ္မာ

ကျနော်တို့နိုင်ငံရဲ့ တော်လှန်ရေးသမိုင်းဖြစ်စဉ်ထဲမှာ လက်နက်နဲ့ ချေမှုန်းခံရလို့ ကြေပြုန်းသွားရတဲ့ အဖွဲ့အစည်းရယ်လို့ မကြားမိသေးဘူး။ ဒါပေမဲ့ လက်နက်ချတာပဲ ဆိုဆို၊ အလင်းဝင်တာပဲ ပြောပြော လက်နက်စွန့်သွားတဲ့အဖွဲ့တွေ ကြေပြုန်းသွားကြ တာ များစွာရှိခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်ထဲမှာ လက်နက်နဲ့ ဒီမိုကရေစီ လဲလှယ်တယ် ဆိုပြီး ပြည်သူ့ရဲဘော်ပါတီ၊ ဦးလှဖေ ဦးဆောင်တဲ့ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့၊ နိုင်အောင်ထွန်း ဦးဆောင်တဲ့ မွန်ပြည်သူ့တပ်ဦးနဲ့ ဆရာတော် ဦးစိန္တာဦးဆောင်တဲ့ ရခိုင် ပြည်သူ့လွတ်မြောက်ရေးပါတီတွေ လက်နက်ချသွားကြတယ်။ အဲ့ဒီ အဖွဲ့က ခေါင်းဆောင် တွေဟာ ၁၉၆၀ မှာ ရွေးကောက်ပွဲဝင်ပြီး အချို့ဝန်ကြီးတွေဖြစ်၊ အချို့လည်း အမတ်

တွေဖြစ်၊ ဒါပေမဲ့ ၁၉၆၂ ခုမှာ ထောင်ထဲရောက်သွား ကြရတယ်။ ဘယ်မှာလဲ အာမခံချက်နဲ့ တော်လှန်ရေးအသီးအပွင့်။ ၁၉၆၄ မှာ ကရင်အမျိုးသား တော်လှန်ရေးထဲက သမ္မတလို့ သူ့အသိုင်းအဝိုင်းက ခေါ် ဆိုနေတဲ့ မုဆိုးကော်ကဆာ စောဟန်တာ သာမွေးနဲ့ ဗိုလ်မှူးကြီး လင်းထင်တို့ရဲ့ (KRC) အဖွဲ့ လက်နက်စွန့်ဝင်သွားတယ်။ ဝင်ခါစမှာ စောဟန်တာသာမွေးဟာ ရာထူးကြီးကြီးနဲ့ တိုက်တလုံးကားတစီး ရခဲ့တယ်။ ဒါပေမဲ့ (၂) နှစ်လောက်အကြာမှာ ဗိုလ်လင်းထင် အသတ်ခံရပြီး စောဟန်တာသာမွေးလည်း သာမန် အရပ်သားဘဝ ရောက်သွားခဲ့ရတယ်။

ပြီးတော့ တချိန်တုန်းက အယူအဆရေးရာမှာ တောက်ပြောင်ခဲ့တဲ့ အလံနီကွန်မြူနစ်ပါတီ ခေါင်းဆောင် သခင်စိုးကြီးလည်း ငြိမ်းချမ်းရေးတံခါးကို ခေါက်ပြီး ဖွင့်မယ်လို့ ကြွေးကြော်ကာ လက်နက်စွန့်ဝင်သွားတယ်။ မကြာပါဘူး ထောင်ထဲရောက်ပြီး ဘဝ နိဂုံးချုပ် သွားရတယ်။ ၁၉၉၀ ကျော်လောက်မှာ စစ်အင်အားတသောင်းလောက်နဲ့ လွတ်လပ်တဲ့ ရှမ်းပြည်တည်ထောင်မယ်လို့ ကြွေးကြော်ခဲ့တဲ့ ခွန်ဆာဟာ ၁၉၉၆ ခုနှစ် ဆန်းပိုင်းမှာ လက်နက်ချပြီး စစ်အစိုးရနဲ့ ပူးပေါင်းသွားတယ်။ ခွန်ဆာရဲ့ ဦးတည်ချက်နဲ့ တော်လှန်ရေးအမွေအနှစ် ဘာတွေဖြစ်ပြီး ဘာတွေကျန်ခဲ့လဲ၊ လေ့လာကြည့်စမ်းပါ။ ၂၀၀၅ ခုနှစ်ထဲမှာ ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) က တပ်မဟာမှူး ကန်နနဲ့ ကွမ်းခေးတို့ သူတို့ တပ်ဖွဲ့ဝင်တချို့နဲ့အတူ လက်နက်အပ်ခဲ့တယ်။ ပလောင်ပြည်နယ်လွတ်မြောက်ရေးပါတီ (PSLP) က ဦးအိုက်မုံးနဲ့ အဖွဲ့ဝင်များ လက်နက်အပ်ခဲ့တယ်။ လက်နက်အပ်ပြီး မကြာခင်မှာ ပလောင်ဒေသအတွင်း မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးမှုတွေနဲ့ လုယက်မှု၊ အနိုင်ကျင့်မှုတွေ များပြားလာတာကို တွေ့ရှိရပါတယ်။ ၂၀၀၇ ခုမှာ ပအိုဝ်းနီလို့ အချို့ကခေါ်ကြတဲ့ ရလလဖ ခေါ် (SNPLO) အဖွဲ့အတွင်း အကွဲအပြဲဖြစ်ပြီး ဥက္ကဋ္ဌ ဗိုလ်မှူးချစ်မောင်နဲ့အဖွဲ့ လက်နက်အပ်လိုက်ကြတယ်။ အခုတော့ အရပ်သားအဆင့်ကို ရောက်သွားပြီးဖြစ်တယ်။ ၂၀၀၈ ခုနှစ်ထဲမှာ ဥက္ကဋ္ဌ ဦးစိန်ရွှေတို့ အကြပ်ကိုင်ခံရပြီး လက်နက်အပ်လိုက် ရပြန်တယ်။ ဒီတော့ သူတို့ဟာ ဂဏန်းလက်မကျိုး၊ မြွေအစွယ်ကျိုးလို မိမိလူထုအကျိုးတွေကို ဘာမှပြောပိုင်ခွင့် မရှိတော့ဘူး။ ဒီလို ရှေ့ကနောင်တော်ကြီးတွေ လက်နက်စွန့်ခဲ့လို့ ဘဝလည်း ပျက်၊ ဦးတည်ချက်လည်း ပျောက်၊ သမိုင်းအမှိုက်ပုံထဲ ရောက်ခဲ့ရတာကို တော်လှန်ရေးသံဝေဂ ခိုင်ခိုင်မာမာရခဲ့ ကြပြီလေ။

## လက်နက်ကိုင်ထားလည်း ငြိမ်းချမ်းရေးတည်ဆောက်လို့ ရတယ်

ငြိမ်းချမ်းရေးကို တည်ဆောက်ဖို့ လက်နက်စွန့်စရာမလိုပါ။ ပြဿနာဖြစ်လာရတာ ဘက်နှစ်ဖက်စလုံးမှာ တာဝန်ရှိပါတယ်။ ပြေလည်ချင်ရင် နှစ်ဖက်စလုံးက အပေးအယူ အလျှော့အတင်း လုပ်ရမှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ပဲ တဖက်ထဲက လက်နက်စွန့်ရင် ချိန်ခွင့်လျှာပိုပြီး တဖက်စောင်းနင်းဖြစ်ကာ အမှန်တရားနဲ့ ဝေးသွားစေမှာ ဖြစ်ပါတယ်။ သမိုင်းထဲမှာရော နိုင်ငံတကာမှာပါ လက်နက်ကိုင်တိုက်ကြတဲ့ အင်အားစုနှစ်ဖက် အကြား အပစ်အခတ်ရပ်စဲပြီး ဆွေးနွေးဖြေရှင်းကြတာ ရှိပါတယ်။ ဆွေးနွေးလို့ မပြေလည်ရင် ပြန်တိုက်၊ တိုက်လို့ ပမ်းလာရင် အမြင်တွေပြောင်းလာမလားဆိုပြီး ပြန်ဆွေးနွေးချင်လည်း ပြန်ဆွေးနွေးနိုင်တယ်။ လက်နက်ကိုင်တိုက်ပွဲနည်းနဲ့ ဖြေရှင်းတာဟာ စကားနဲ့ပြောလို့မရလို့ အားနဲ့ပြောတာဖြစ်တယ်။ ရေရှည်ယှဉ်ပြိုင်ခဲ့ကြတဲ့ အင်အားစုတွေအကြား စေ့စပ်ဖြေရှင်းတဲ့နည်းနဲ့ ပြေလည်နိုင်ဖို့ဆိုတာ တန်းတူညီတူသဘောထား ရှိဖို့လိုတယ်။ တန်းတူညီတူသဘောထားနိုင်ဖို့အတွက် လက်တွေ့အရ အင်အားချင်း တူညီတာ ဒါမှမဟုတ် ညီလုနီးပါး ရှိဖို့လိုတယ်။ အနိမ့်ဆုံးအဆင့် တဖက်ကိုတဖက်က မချေမှုန်းနိုင်ပဲ နှစ်ဖက်စလုံးရဲ့ အကျိုးစီးပွားတွေ ထိခိုက်ပျက်ပြားနေဖို့ လိုတယ်။ ဒီလို သဘောတရားတွေနဲ့ ဆန့်ကျင်ပြီး တဖက်ထဲက လက်နက်စွန့်တာ၊ တပ်ကိုဖျက်တာ၊ တပ်ကို ပေးအပ်တာတွေက ငြိမ်းချမ်းရေးကို ဦးတည်တဲ့ လုပ်ရပ်မဟုတ်ဘူး။ ငြိမ်းချမ်းရေးရဲ့ ဆန့်ကျင်ဘက် လက်နက်ရှိသူ တပ်ရှိသူဘက်က တဖက်သတ်အသာရပြီး ဘဝင်မြင့်ကာ ရမ်းချင်ကြမ်းချင်လာအောင် ထောင်ပေးသလို ဖြစ်စေတယ်။ ဒါမျိုးဟာ ရေရှည်မှာ ငြိမ်းချမ်းရေးကို ပိုပြီးအန္တရာယ် ဖြစ်စေပါတယ်။

တော်လှန်ရေးရဲ့ အတွေးအခေါ်၊ သဘောတရား၊ ယဉ်ကျေးမှုထဲမှာ ရန်သူ့ထံ လက်နက်ချတယ်ဆိုတာ အကြီးမားဆုံး ဖောက်ပြန်မှု ဖြစ်တယ်။ ရန်သူအဝိုင်းခံရလို့ လက်နက်ချရတာတောင် ကျည်ဆံလက်ကျန်ရှိနေသေးရင် ဖောက်ပြန်ရေး စာရင်းထဲ ထည့်တွက်ရမယ်ဆိုတာ တော်လှန်ရေးအမြင် သဘောတရားပဲ ဖြစ်တယ်။ မိမိကိုယ်ကို အဆုံးမစီရင်နိုင်ရင်ထား ရန်သူထံကို သေနတ်တလက် ကျည်တတောင့်မှ ပေးအပ်လို့ မရဘူးဆိုတာ တော်လှန်ရေးအဖွဲ့ဝင်တိုင်းရဲ့ စောင့်စည်းရမည့် သစ္စာတရားဖြစ်တယ်။ လက်နက်ချတယ်၊ လက်နက်စွန့်တယ်၊ လက်နက်နဲ့ ဒီမိုကရေစီ လဲလှယ်တယ်၊ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်တယ်၊ အလင်းဝင်တယ် ဆိုတာတွေဟာ ဝေါဟာရ

ကွဲပေမဲ့ အဓိပ္ပာယ်က အတူတူပါ။ တော်လှန်ရေးသမားများဟာ တော်လှန်ရေးအတွက် အသက်သွေးချွေး၊ အချိန်နဲ့ ဘဝကို ပုံအပ်ထားခဲ့တဲ့သူတွေ ဖြစ်တယ်။ ဖောက်ပြန်တဲ့ လူအချို့ကလွဲပြီး တော်လှန်ရေးသမား အများစုဟာ တော်လှန်ရေးရဲ့သစ္စာကို စောင့် စည်းကြတယ်။ ဒီတော့ ငြိမ်းချမ်းရေးကို တည်ဆောက်လိုရင် ဖြစ်သင့်ဖြစ်ထိုက်တဲ့ နည်းနာတွေနဲ့သာ တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလိုချင်လို့ အပစ် အခတ်ရပ်စဲကြတာဖြစ်တော့ အမှန်တကယ် ငြိမ်းချမ်းချင်ရင် မှန်ကန်သင့်တော်ပြီး အများလက်ခံနိုင်တဲ့ နည်းလမ်းတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ လိုအပ်ပါတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးရဖို့အတွက် တွေ့ဆုံဆွေးနွေးမှုနည်းနဲ့ ဖြေရှင်းခြင်းကသာ တကယ့် အဖြေမှန်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

၂၀၀၈ ခု ဒီဇင်ဘာလ

မွန်ပြည်သစ်ဂျာနယ်

# မတူခြားနားလွန်းတဲ့ တိုင်းရင်းသားအခွင့်အရေး

ကျနုပ်တို့နိုင်ငံ (ပြည်ထောင်စု) ကို တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ၎င်းတို့နေထိုင်ပိုင်ဆိုင်ကြတဲ့ နယ်မြေပေါင်းစုံနဲ့ စုပေါင်းဖွဲ့စည်းထားတာ ဖြစ်တယ်။ အိမ်နီးချင်းပြည်ပနိုင်ငံသား တရုတ်၊ ကုလားတွေက လွဲပြီး ဒီ နိုင်ငံမှာ ပေါက်ဖွားကြတဲ့ ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ပလောင်၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ လားဟူ၊ "ဝ" စတာတွေဟာ ကျနုပ်တို့ ပြည်ထောင်စုရဲ့ တိုင်းရင်းသားလူမျိုးတွေ ဖြစ်ကြပါတယ်။ ဗမာလူမျိုးဆိုတာလည်း တိုင်းရင်းသားလူမျိုးတွေထဲက တမျိုးဖြစ်တယ်ဆိုတာ နားလည်လက်ခံဖို့ လိုပါတယ်။ ဒီလူမျိုးစုတွေဟာ ဒီနယ်မြေမှာနှစ်ပေါင်းထောင်နဲ့ ချီပြီး အခြေပြုနေထိုင်လာခဲ့ကြတာဖြစ်တယ်။ သူတို့ စုစည်းနေထိုင်ကြတဲ့ နယ်မြေတွေဟာ သူတို့ရဲ့ မိဘဘိုးဘွားဘီဘင်ခေတ်အဆက်ဆက်က နေထိုင်ပိုင်ဆိုင်လာတဲ့ နယ်မြေတွေဖြစ်တယ်။ နယ်ချဲ့သမားအင်္ဂလိပ်၊ ဂျပန်တွေရဲ့ လက်အောက်ကလွတ်မြောက်ဖို့ကိုလည်း စုပေါင်းပြီး တိုက်လာခဲ့ကြတယ်။ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ပြည်နယ်တွေနဲ့ ပြည်ထောင်စုကို ဖွဲ့စည်းဖို့ ပင်လုံမြို့မှာသဘောတူညီခဲ့ကြပြီး အဲဒီလိုညီညွတ်ရေးအခြေခံသဘောထားတွေနဲ့ ကျနုပ်တို့နိုင်ငံပြည်ထောင်စုကြီး ပေါ်ပေါက်လာတာ ဖြစ်တယ်။

မတူခြားနားတဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ နယ်မြေ၊ သမိုင်းနောက်ခံတွေနဲ့ ရှိကြတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ အတူတကွ ရေရှည်ချစ်ကြည်ညီညွတ်စွာ နေထိုင်နိုင်ဖို့အတွက် တိုင်းရင်းသားလူမျိုးများဆိုင်ရာ အခွင့်အရေးတွေ ညီတူတရားမျှတစွာ ရရှိဖို့လိုပါတယ်။ ဒီလိုမဟုတ်ပဲ လူမျိုးတမျိုးက အခွင့်အရေးပိုယူပြီး အခြားလူမျိုးတွေကို နှိမ့်ချထားမယ်ဆိုရင် ညီညွတ်ရေးဟာ မတည်မြဲနိုင်ပါဘူး။ အိမ်ထောင်စုတခုအတွင်းက ညီအစ်ကိုအရင်းတွေအကြားမှာတောင် အခွင့်အရေးတွေ မတရားကွာခြားနေရင် ညီညွတ်ရေးပျက်ပြားမှာပဲ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို စင်ပေါ်တက်ပြီး ကြွေးကြော်နေရုံနဲ့ မတည်ဆောက်နိုင်ပါဘူး။ အဓိကလိုအပ်နေတာက တိုင်းရင်းသားဆိုင်ရာ အခွင့်အရေးတွေ ညီမျှစွာနဲ့ တရားမျှတစွာ ရရှိကြဖို့ပဲ ဖြစ်ပါတယ်။

အင်္ဂလိပ်၊ ဂျပန်နယ်ချဲ့တွေရဲ့ လက်အောက်ကနိုင်ငံလွတ်မြောက်ဖို့အတွက် ကြိုးပမ်းခဲ့စဉ်က ထားခဲ့ကြတဲ့သဘောထား၊ ပြောခဲ့ကြတဲ့ စကားတွေ ပြည်ထောင်စုနိုင်ငံတည်ဆောက်ဖို့အတွက် ပင်လုံမြို့မှာ ကိုယ်စားလှယ်ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့တဲ့ ဂတိစကားတွေကို အလေးထားပြီး ပြန်လည်စဉ်းစားသုံးသပ်ဖို့ လိုပါတယ်။ ကျနော်တို့ဟာ လူမျိုးရေးအရ မတူကွဲပြားပေမဲ့ တမြေတည်းနေ တရေတည်းသောက် ကြတဲ့ တိုင်းရင်းသားညီအစ်ကိုတွေ ဖြစ်ကြတယ်။ ဆိုးရင်လည်း အတူတူခံ၊ ကောင်းရင်လည်း အတူတူစံကြရမဲ့ ဘဝကံကြမ္မာခြင်း ဆက်စပ်နေသူများ ဖြစ်တယ်။ ဒါကြောင့် ညီညွတ်ဖို့၊ စည်းလုံးဖို့၊ လက်တွဲရုန်းကန်ကြဖို့ ဆိုတဲ့အမြင်သဘောထားတွေ အမြဲလိုအပ်နေပါတယ်။ ညီညွတ်မှုမရှိရင် ငြိမ်းချမ်းမှု မရှိနိုင်။ ငြိမ်းချမ်းမှုမရှိရင် တိုးတက်မှုမရှိ။ တိုးတက်မှုမရှိရင် သူတပါးနိုင်ငံတွေနဲ့ ယှဉ်နိုင်မှာ မဟုတ်ဘူး။ နိမ့်ကျလွန်းရင် ကျွန်ဘဝ ပြန်ရောက်သွားနိုင်ပါတယ်။ ဒါကြောင့် ညီညွတ်ရေးနဲ့ ညီမျှရေးကို အလေးထားသုံးသပ်ဖို့ လိုအပ်နေပါတယ်။

တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ကျနော်တို့နိုင်ငံမှာ တိုင်းရင်းသားဆိုင်ရာအခွင့်အရေးတွေ ဘယ်လို မတူကွဲပြားခြားနားနေပါသလဲ?။ အရှိကို အရှိအတိုင်းသိမြင်နိုင်ဖို့ အောက်ပါကဏ္ဍများကို လေ့လာသုံးသပ်ကြည့်ကြပါ။

## (က) ဘာသာစကား

လူမျိုးတမျိုးရဲ့ လက္ခဏာတွေအထဲမှာ **"ဘာသာစကား"** ဟာ အဓိက အကျဆုံးဖြစ်တယ်။ ဘာသာစကားပျောက်ရင် လူမျိုးလည်းပျောက်မှာပဲ။ လူတဦးအတွက် ကိုယ့်ရဲ့မိခင်ဘာသာစကားကို ငယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့တာမို့ နားလည်နိုင်ဆုံးဘာသာစကား ဖြစ်တယ်။ ဒါပေမဲ့ ကျောင်းမှာ ရုံးမှာ အများတကာနဲ့ ဆက်ဆံတဲ့နေရာတွေမှာ ကိုယ့်မိခင်ဘာသာစကားကို သုံးခွင့်မရှိပဲ ကိုယ်မကျွမ်းတဲ့ ဘာသာစကားနဲ့ပြောဆိုဆက်ဆံနေရမယ်ဆိုရင် တပန်းနာတာပေါ့။ အချို့လူတွေဟာ ကိုယ့်မိခင်ဘာသာစကားကလွဲပြီး အခြားဘာသာစကားတွေကို လုံးဝနားမလည် မပြောနိုင်ကြဘူး။ တကယ်လို့ အထိုက်အလျောက်နားလည်တယ်၊ ပြောနိုင်တယ်ထား၊ ကိုယ့်မိခင်ဘာသာစကားနဲ့ ဘယ်တူနိုင်ပါ့မလဲ။ ယှဉ်ပြီးပြောရမယ်ဆိုရင် ကိုယ့်မိခင်ဘာသာစကား မဟုတ်တဲ့ သူအတွက် မိခင်ဘာသာစကားနဲ့ပြောသူကို မီအောင်လိုက်ပြောနိုင်မှာ မဟုတ်ဘူး။ ဒီတော့ အရေးကြီးတဲ့ကိစ္စ၊ မှုခင်းကိစ္စတွေဆိုရင် နစ်နာရတာပေါ့။ နောက်တချက်က

ကိုယ့်မိခင်ဘာသာစကားနဲ့ လျှာတည့်လာတဲ့လူတွေဟာ အခြားဘာသာစကားတခုခုကို ပီသအောင် ပြောနိုင်ဖို့ဆိုတာ မလွယ်ဘူး။ လူမျိုးစုံစုပေါင်းနေထိုင်တဲ့ နိုင်ငံတခုမှာ ဘာသာစကားတခုကိုပဲ တရားဝင်ရုံးသုံးဘာသာလို့ သတ်မှတ်ပြီး ကျန်ဘာသာစကားတွေကို အသိအမှတ်မပြုတာဟာ တရားမျှတ ပါ့မလား။ အခွင့်အရေး သာတူညီမျှမှု ဖြစ်ပါ့မလား။ တပြည်လုံးအတိုင်းအတာ မဟုတ်ပေမဲ့ သူ့လူမျိုးအများစုနေထိုင်တဲ့ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၊ အမျိုးသားဒေသတွေမှာတောင် သူတို့ဘာသာစကားကို တရားဝင်သုံးစွဲခွင့် မရှိဘူးဆိုတဲ့ သတ်မှတ်ချက်ဟာ လွတ်လပ်တရားမျှတရေး သဘောတရားတွေနဲ့ ဘယ်လောက် ဆန့်ကျင်နေတယ်ဆိုတာ လူတိုင်းတွက်ဆသိရှိကြမှာပါ။ ဒီလိုအနေအထားမျိုးမှာ အမျိုးသားပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနဲ့ လူမျိုးစုဒေသတို့ဆိုတာ ဘာအဓိပ္ပာယ် ရှိတော့မှာလဲ။

## (၁) စာပေ

**"စာပေ"** ဆိုတာ လူမျိုးတမျိုးရဲ့ လက္ခဏာတွေထဲမှာ ဒုတိယအရေးအကြီးဆုံးအရာဖြစ်သလို ဘာသာစကားကို ခိုင်မာအောင်နဲ့ တည်ငြိမ်အောင် ထိန်းပေးထားတဲ့ အရာလည်းဖြစ်တယ်။ စာပေပျောက်ရင် စကားပျက်မယ်။ စကားပျက်ရင် လူမျိုးလည်း ပြုန်းသွားမှာပဲ။ ဘယ်သူတွေက ကိုယ့်လူမျိုးပျက်သုဉ်းသွားမှာကို လက်ခံနိုင်မလဲ။ အာဏာရထားတဲ့လူမျိုးက မိမိတို့စာပေကို အခြားလူမျိုးများ မသင်မနေရ၊ သင်ကြားကြရမယ်လို့ သတ်မှတ်ထားတာက လွန်နေပြီ။ သူတို့စာပေကို သူတို့ကသင်ကြားခွင့်မရဘူးဆိုတော့ တရားတဲ့ ညီမျှတဲ့အခွင့်အရေးလား။ ပြည်သူတွေအပေါ် အခွန်အကောက်တွေ အမျိုးမျိုးကောက်ခံပြီး အဲဒီငွေတွေနဲ့ ကျောင်းဆောက်၊ ဆရာငှားထားတဲ့ အစိုးရကျောင်းတွေမှာ အာဏာရလူမျိုးရဲ့ စာပေကိုပဲ သင်ရမယ်၊ ဒေသခံလူမျိုးတွေရဲ့ စာပေတွေ သင်ကြားခွင့်မရှိဘူးဆိုတာ တရားမျှတတဲ့ လုပ်ရပ်လား။ တိုင်းရင်းသားဒေသတွေမှာ ဆိုင်ရာတိုင်းရင်းသားစာပေကို သင်ကြားရင် အာဏာရလူမျိုးတွေရဲ့ စာပေကို ထိခိုက်စေတာ ရှိပါသလား။ မိမိစာပေကို အာဏာနဲ့မြှောက်စားပြီး သူတပါးစာပေကို အာဏာနဲ့ ဖျောက်ဖျက်နေတာကတော့ ဘယ်လိုမှ တရားနည်းလမ်း မကျနိုင်ပါဘူး။ ဒါပေမဲ့ လက်တွေ့မှာ ဖြစ်နေတယ်။

အဖြစ်အချို့ကို တင်ပြရမယ်ဆိုရင် ၂၀၀၅ ခုနှစ် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ခြပုံကျေးရွာရှိ မွန်အမျိုးသားအလယ်တန်းကျောင်းမှာ ရေတပ်အရာရှိ ဗိုလ်ကြီးဝင်းလှိုင်

က မွန်စာပေသင်ကြားခွင့်ကို ပိတ်ပင်ခဲ့တယ်။ အဲ့ဒီကျောင်းမှာ လွန်ခဲ့တဲ့ (၁၀) နှစ်လောက်ကတည်းက မွန်စာ၊ ဗမာစာတွေ သင်လာခဲ့တယ်။ အဲဒီရွာက ချောင်ကျပြီး ပင်လယ်ကမ်းစပ်မှာ ရှိနေတယ်။ လူထုတွေ ဗမာစကားကို ရေရေလည်လည်နားလည်ကြတာ မဟုတ်ဘူး။ ဒါပေမဲ့ ရေတပ်ရောက်လာစခန်းချတော့ မွန်စာသင်ခွင့်ကို ပိတ်ပင်ခဲ့တယ်။ အဲဒီနောက်ပိုင်း ရေဖြူမြို့နယ် ကားလမ်းနံဘေးရှိ မွန်ရွာတွေမှာလည်း မွန်စာသင်ကြားခွင့်ကို ပိတ်ပင်ခဲ့တယ်။

ရှမ်းပြည်နယ်မှာလည်း ဒီလိုအဖြစ်မျိုး လုပ်ဆောင်ခဲ့တယ်။ ၈-၈-၂၀၀၆ ရက်နေ့က မိုင်းပြင်းမြို့အခြေစိုက် ခမရ ၃၆၀ က ဗိုလ်ကြီးဝင်းမောင်ဦးစီးတဲ့ အဖွဲ့ဟာ မိုင်းပြင်းမြို့နယ် ပျက်ကန့်ကျေးရွာအုပ်စုဝင် လွိုင်တိုးနဲ့ မိုက်ဆော့ရွာရှိ ရှမ်းအမျိုးသားစာသင်ကျောင်းတွေကို ပိတ်ပစ်ခဲ့တယ်။ နောက်ဖြစ်ရပ်တခုက မိုင်းရယ်မြို့အခြေစိုက် စစ်ဗျူဟာရုံးက ဗျူဟာမှူး ဗိုလ်မှူးကြီးကြည်မြင့်ဟာ ၂၀၁၀ ဖေဖော်ဝါရီလအတွင်းက မိုင်းရယ်မြို့ အထကကျောင်းသားများကို စာသင်ပြရာမှာ ရှမ်းဘာသာနဲ့ ပြန်လည်ရှင်းပြပေးခြင်း မပြုဖို့ တားမြစ်ခဲ့တယ်။ ပြီးတော့ မိုင်းရယ်မြို့အတွင်းမှာရှိတဲ့ ရှမ်းဘာသာနဲ့ ရေးထားတဲ့ ဈေးဆိုင်၊ အလုပ်ရုံဆိုင်းဘုတ် အားလုံးကိုဖြုတ်ခိုင်းပြီး ဗမာလိုရေးခိုင်းတယ်လို့ ၂၀၁၀ ခု မတ်ချ်လထုတ် ရှမ်းသံတော်ဆင့်အဖွဲ့ကထုတ်တဲ့ Independence လွတ်လပ်ရေးသတင်းဂျာနယ်မှာ တွေ့ရတယ်။

## (ဂ) ယဉ်ကျေးမှု

**"ယဉ်ကျေးမှု"** ဆိုတာ လူမျိုးတမျိုးရဲ့ ထင်ရှားတဲ့ လက္ခဏာ၊ အရေးပါပြီး တွယ်တာရင်းနှီးတဲ့ကိစ္စရပ် ဖြစ်တယ်။ မိမိတို့ယဉ်ကျေးမှုအပေါ် ခိုင်ခိုင်မာမာတွယ်တာမြတ်နိုးရင် တပါးယဉ်ကျေးမှုထိုးဖောက်ဝင်လာဖို့ မလွယ်ဘူး။ လူမျိုးတိုင်းမှာ သူတို့ရဲ့ ဝတ်စားဆင်ရင်မှု၊ စားသောက်နေထိုင်မှု၊ ဆို၊ က၊ ရေး၊ တီး စတဲ့ အနုပညာဖန်တီးမှု၊ ကိုးကွယ်ယုံကြည်မှု၊ ရာသီအလိုက်ပွဲလမ်းသဘင်ကျင်းပမှုတွေဟာ သူ့ဓလေ့ သူ့ထုံးစံ သူမူဟန်တွေနဲ့ ရှိကြတယ်။ မျိုးရိုးစဉ်ဆက်ကျင့်သုံးလာတဲ့ ဒီဓလေ့စရိုက် လက္ခဏာတွေကို လွယ်လွယ်နဲ့ မစွန့်ပစ်လိုကြဘူး။ အဟောင်းတွေပြည့်နေရင် အသစ်ကိုလည်း လက်မခံလိုကြဘူး။ ဒါကြောင့် ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံတွေဟာ မျိုးချစ်စိတ်ကို ဖန်တီးထိန်းသိမ်းပေးတဲ့ကိစ္စရပ်တွေ ဖြစ်တယ်။

လူမျိုးစုံ စုပေါင်းနေထိုင်တဲ့ ပြည်ထောင်စုကြီးမှာ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးတွေသာတူညီမျှမှု ရှိပါရဲ့လား။ ဗမာ့ယဉ်ကျေးမှုကို မြှင့်တင်အားပေးဖို့အတွက် ယဉ်ကျေးမှုတက္ကသိုလ် ဆောက်လုပ်ဖွင့်လှစ်ခဲ့ခြင်း၊ ရန်ကုန်မှာ အမျိုးသားဇာတ်ရုံ၊ ပဒုမ္မာဇာတ်ရုံတွေ၊ မန္တလေးမှာ အထက်မြန်မာနိုင်ငံဇာတ်ရုံတွေ ဆောက်လုပ်ခဲ့တယ်။ ပြီးတော့ တနှစ်တခါ ဆို၊ က၊ ရေးတီး ပြိုင်ပွဲတွေလုပ် မြို့နယ်အလိုက် ယှဉ်ပြိုင်နိုင်ဖို့ လေ့ကျင့်သင်ကြားစေတယ်။ ထူးချွန်သူတွေကို အားပေးမြှောက်စား၊ ဒီလို ဗမာ့ယဉ်ကျေးမှုတွေကို အားပေးနေတာ အများအသိဖြစ်ပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေကို တနည်းတဖုံနဲ့ အားပေးမြှင့်တင်တာ ရှိခဲ့ဘူးပါသလား။ မတူခြားနားပုံတွေက ပြောပြလို့မကုန်နိုင်အောင်ပါပဲ။

## (ဃ) သမိုင်းအမွေအနှစ်ထိန်းသိမ်းရေး

သမိုင်းအမွေအနှစ်တွေဟာ အတိတ်ရဲ့သက်သေခံ အထောက်အထားတွေ ဖြစ်တယ်။ ကျောက်စာတိုင်တို့ သမိုင်းဝင်အဆောက်အဦတို့ ဆိုတာ အထောက်အထားပစ္စည်းတွေပဲ။ ဒီအထောက်အထားတွေဟာ နောက်လူတွေကို အမြဲသတိပေးနေတဲ့အရာ၊ ဘဝပေးတာဝန်ကိုနားလည်စေတဲ့ အရာတွေဖြစ်တယ်။ ခေတ်ကာလတွေ ဘယ်လိုပြောင်းပြောင်း သမိုင်းကိုပြောင်းလို့ မရပါ။ ပြန်လှည့်ကြည့်ရတဲ့ ကိစ္စတွေများစွာ ရှိပါတယ်။ လူမျိုးတမျိုးရဲ့ သမိုင်းအမွေအနှစ်တွေဟာ သူ့လူမျိုးအတွက် ထူးခြားတဲ့ အသိတရားတွေကို ဖန်တီးပေးနိုင်တာဖြစ်လို့ တန်ဘိုးအလွန်ကြီးပါတယ်။ အတိတ်ဆိုတာ ပစ္စုပ္ပန်ကို ဖန်တီးတယ်။ ပစ္စုပ္ပန်ဆိုတာက အနာဂတ်ကို ဖန်တီးဦးမှာဖြစ်လို့ အတိတ်ကို မေ့ရင်၊ ပစ္စုပ္ပန်ရော အနာဂတ်ပါ ကောင်းမှာမဟုတ်ဘူး။ အတိတ်သမိုင်းကို မသိရင် သူတပါးလှည့်စားတာ ခံရလိမ့်မယ်။ လူ့ငတုံးဒအတွေ ဖြစ်ကုန်မယ်။ ဒါကြောင့် အတိတ်ရဲ့ သက်သေခံသမိုင်းအမွေအနှစ်တွေကို ထိန်းသိမ်းနေကြရတာပါ။

အာဏာရဗမာတွေက ပျက်စီးနေတဲ့ သမိုင်းအမွေအနှစ်တွေဖြစ်တဲ့ ပုဂံစေတီပုထိုးတွေကို ပြုပြင်စောင့်ရှောက်ထားသလို အစမကျန်တော့တဲ့ သမိုင်းဝင်အဆောက်အဦတွေကို အသစ်ပြန်လည်တည်ဆောက်နေတာလည်း များစွာရှိပါတယ်။ ဥပမာ - မန္တလေးမှာ မြနန်းစံကျော် ရွှေနန်းတော်၊ မဟာအတုလဝေယံကျောင်း၊ အမရပူရမှာ မဟာဝေယံဘုံသာ ဗားကရာကျောင်း၊ ပဲခူးမှာ ကမ္ဘောဇသာဒီနန်းတော်၊ ရွှေဘိုမှာ ရွှေဘုံရတနာမင်္ဂလာနန်းတော် စတာတွေနဲ့ သုတေသနပြတိုက်တွေကို ငွေကြေးများ

စွာ အကုန်အကျခံပြီး ဆောက်လုပ်ခဲ့တယ်။ အခြားတဖက်မှာကျတော့ ရှမ်းလူမျိုးတွေရဲ့ သမိုင်းဝင်အမွေအနှစ်ဖြစ်တဲ့ စော်ဘွားတွေရဲ့ ဟော်နန်းတွေကို ဖျက်ဆီးခဲ့ကြတယ်။ လွန်ခဲ့တဲ့ အနှစ်တရာနီးပါးက တည်ဆောက်လာခဲ့ပြီး ဟော်နန်းတွေထဲမှာ အခမ်းနားအထည်ဝါဆုံးလည်းဖြစ်တဲ့ ကျိုင်းတုံဟော်နန်းကို ၁၉၉၁ ခုမှာ ဖျက်ဆီးပစ်ခဲ့တယ်။ အဲဒီနေရာမှာ ၁၉၉၄ ခုအတွင်း ဟိုတယ်တခုဆောက်ခဲ့တယ်။ သီပေါဟော်နန်းကိုလည်း ၂၀၀၆ ခုမှာ ပိတ်ထားလိုက်တယ်။ လွတ်လပ်ရေးရပြီး နိုင်ငံတော်ရဲ့ ပထမဆုံးသမ္မတဖြစ်ခဲ့တဲ့ သမ္မတစဝ်ရွှေသိုက်ရဲ့ ညောင်ရွှေဟော်နန်းကိုလည်း ၂၀၀၇ ခုမှာ ဗုဒ္ဓပြတိုက်အဖြစ် ပြောင်းလဲပစ်ခဲ့တယ်။

ဒီလုပ်ရပ်နှစ်ခုကို နှိုင်းယှဉ်ကြည့်လိုက်ရင် သမိုင်းအမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာမှာ ဘယ်လိုသဘောထားရှိပြီး တိုင်းရင်းသားအချင်းချင်းအကြားမှာ အခွင့်အရေးတွေ ဘယ်လိုခြားနားနေတယ်ဆိုတာ ထင်ထင်ရှားရှား နားလည်သိကြမှာပါ။ လူမျိုးဆိုတာ လူ့အဖွဲ့အစည်းတွေကို ခွဲခြားသတ်မှတ်ရာမှာ အဓိကအကျဆုံးအရာ၊ ပြောင်းလဲလို့မရတဲ့ အခိုင်အမာဆုံးအရာ ဖြစ်တယ်။ လူတန်းစား၊ ကိုးကွယ်တဲ့ဘာသာ၊ ကျား-မ၊ လူငယ်-လူကြီး၊ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ သံဃာ စတာတွေထက် ပိုမိုလေးနက်တယ်။ အထိမခံ နာကျင်လွယ်တဲ့ ကိစ္စဖြစ်တယ်။ ဒီလို အစုအဖွဲ့ တွေနဲ့ ပေါင်းစည်းထားတဲ့ နိုင်ငံတခုမှာ အခွင့်အရေးတွေ မတူခြားနားလွန်းရင် စုစည်းမှုကို ထိခိုက်စေမှာပဲ။ ဒီနေ့ခေတ်ကာလမှာ ဒီသိမ်မွေ့နက်နဲတဲ့ လူမျိုးရေးကိစ္စကို အမြော်အမြင်ကြီးမားတဲ့ နိုင်ငံခေါင်းဆောင်တွေက မထိပါးမိအောင် ရှောင်ကျဉ်ကြတယ်။ နိုင်ငံတခု ငြိမ်းချမ်းအောင်နဲ့ ဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်ရာမှာ ဒီကိစ္စကြောင့် ပြဿနာမဖြစ်အောင် လူမျိုးစုံပူးပေါင်းဆောင်ရွက်မှုစွမ်းအားကို ရရှိအောင် ကြံဆောင်ကြတယ်။ ဥပမာ - စင်္ကာပူနိုင်ငံ ၁၉၆၅ ခုမှာ လွတ်လပ်တဲ့ သီးခြားနိုင်ငံတခုဖြစ်လာတယ်။ နယ်မြေအလွန်ကျဉ်းတဲ့ ကျွန်းနိုင်ငံဖြစ်ပြီး သဘာဝသယံဇာတ ဘာမှမရှိဘူး။ သောက်ရေကိုပင် သူတပါးနိုင်ငံက တင်သွင်းရတယ်။ မတူတဲ့ လူမျိုးစုတွေနဲ့ စုဖွဲ့ထားတာ ဖြစ်တယ်။ အဓိကအားဖြင့် တရုတ်၊ မလေးနဲ့ တမီးလ် (အိန္ဒိယမျိုးနွယ်) လူမျိုးသုံးမျိုးရှိတယ်။ ဒီလိုနယ်မြေကျဉ်း၊ လူဦးရေနည်းပြီး ဆင်းရဲတဲ့ နိုင်ငံသစ်တခုကို ဖွံ့ဖြိုးလာအောင် ထူထောင်ရာမှာ လူမျိုးရေးပြဿနာကို မထိခိုက်အောင် လုပ်ဆောင်ခဲ့တယ်။ အဲဒီ လူမျိုး သုံးမျိုးရဲ့ဘာသာစကားစာပေတွေ အားလုံးအပြင် အင်္ဂလိပ်ဘာသာကိုလည်း တရားဝင်ရုံးသုံးဘာသာအဖြစ် ကျင့်သုံးခဲ့တယ်။ ပညာသင်ကြားရေးမှာ သူ့လူမျိုးအလိုက် တက္ကသိုလ်

အထိ ကျောင်းတွေရှိတယ်။ ဒီလို နိုင်ငံငယ်ကလေးထဲမှာ ဘာသာစကား လေးမျိုးကို တရားဝင်ကျင့်သုံးထားတဲ့အတွက် လူမျိုးရေးအရရော တိုးတက်မှုအရပါ ဘာမှ ပြဿနာ မရှိဘူး။ ညီညွတ်မှု ငြိမ်းချမ်းမှုပိုကောင်းလာလို့ နှစ်အနည်းငယ်အတွင်းမှာ ခုန်ပျံပြီး တိုးတက်လာခဲ့တယ်။ အခု အာဆီယံခေါ် အရှေ့တောင်အာရှနိုင်ငံများအသင်း ဆယ် နိုင်ငံမှာ ထိပ်ဆုံးအဆင့်ကို ရောက်နေပြီဖြစ်တယ်။ ဒီလိုပဲ ဥရောပမှာ နိုင်ငံငယ်လေး တခုဖြစ်တဲ့ ဆွစ်ဇာလန်နိုင်ငံမှာလည်း ဘာသာစကား လေးမျိုးကို တရားဝင်ဘာသာ အဖြစ် သတ်မှတ်ကျင့်သုံးခဲ့တယ်။ ဒီလိုလုပ်ဆောင်ခဲ့တဲ့အတွက် ဒီနိုင်ငံတွေမှာ လူမျိုး ရေးပြဿနာ တစုံတရာမပေါ်တဲ့အပြင် အလွန်ခိုင်မာတဲ့ ညီညွတ်ရေးကိုလည်း ဖြစ်ပေါ် စေခဲ့တယ်။

ဒီလို သူတပါးနိုင်ငံတွေ ကျင့်သုံးနေတာကိုကြည့်ပြီး ကျနော်တို့နိုင်ငံမှာ ဘာသာ စကားတခုတည်းကိုသာ တရားဝင်ဘာသာ၊ တရားဝင်စာပေ ဖြစ်စေချင်တဲ့ အယူအဆ ဟာ လက်တွေ့ဘဝနဲ့ စပ်ဟပ်ပြီး အကျိုးရှိမရှိ သုံးသပ်ပိုင်းခြားစေချင်တယ်။ တလွဲဆံ ပင်သန်နေခြင်းကြောင့် ပွဲအဝင်မဟန်နိုင်တာကိုတော့ ရှေ့ဆောင်ရှင်များ သတိတရားရ ဖို့ အချိန်တန်ပြီ။ မတူခြားနားလွန်းတဲ့ တိုင်းရင်းသားအခွင့်အရေးတွေနဲ့ ပြည်ထောင်စု မြန်မာနိုင်ငံကို ငြိမ်းချမ်းအောင်၊ တိုးတက်အောင် မတည်ဆောက်နိုင်ပါ။ တိုင်းရင်းသား လူမျိုးအချင်းချင်းအကြား ညီညွတ်အောင် ကြိုးပမ်းရမည့်အစား သူတပါးခေါင်းကို နင်းပြီး စင်ပေါ်တက်ချင်တဲ့ အတွေးအခေါ် လုပ်ဟန်များကို ရှောင်ကျဉ်ဖို့ သင့်ပါကြောင်း မောင်းခတ်ပြီး တင်ပြအပ်ပါတယ်။

၂၀၁၀ ဒီဇင်ဘာလ
မွန်ပြည်သစ်ဂျာနယ်

# စစ်အစိုးရရဲ့အပစ်အခတ်ရပ်စဲရေးခေါ် ချေမှုန်းရေးမဟာဗျူဟာ

တချိန်တုန်းက န၀တ နောက်တော့ နအဖ လို့ခေါ်တဲ့ စစ်အစိုးရက ပြုလုပ်ကျင့်သုံးနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အပစ်အခတ်ရပ်စဲရေးရဲ့ ဦးတည်ချက်ဟာ ဘာလဲ?။ စုစည်းနေတဲ့ အတိုက်အခံရန်သူတွေကို ပြန့်ကျဲသွားအောင် ဖဲ့ထုတ်ပြီး တဖွဲ့ချင်းစီကို ချေမှုန်းဖို့လား?။ ဒါကို စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲထားကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် နိုင်ငံရေးရာကိစ္စတွေကို စိတ်ဝင်စားပြီး လေ့လာသုံးသပ်နေတဲ့ မိဘပြည်သူများ ရှင်းရှင်းလင်းလင်း သိမြင်ကောင်း သိမြင်ကြပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဆယ်နှစ်ကျော် အနှစ်နှစ်ဆယ်ကာလ အပစ်အခတ်ရပ်စဲလာတာဖြစ်လို့ ပုံမှန်ဦးနှောက်ရှိရင် သိကြမှာပါ။ ဒါပေမဲ့ ဆန္ဒကတိဆိုတဲ့ အရောင်ပါတဲ့မျက်မှန်ကို တပ်ပြီးကြည့်မယ်ဆိုရင်တော့ ပကတိအရောင်ကို မြင်နိုင်မှာမဟုတ်ပါ။ ထိုနည်းတူ သတိပညာနည်းပါးသူများလည်း ရှင်းရှင်းလင်းလင်း မြင်နိုင်မှာ မဟုတ်ပါ။ ဘယ်ပဲဖြစ်ဖြစ် ကိုယ်တိုင်ထိတွေ့ဖြတ်သန်းခဲ့ခြင်း မရှိသူအတွက် မရှင်းလင်းသေးရင် ရှင်းသွားအောင်၊ ရှင်းနေပြီဆိုရင်လည်း ပိုမိုခိုင်မာအောင် ကျနော်ရဲ့ အတွေ့၊ အသိနဲ့ လေ့လာသုံးသပ် တွက်ချက်မိတာတွေကို မျှဝေလိုက်ပါတယ်။

အပစ်အခတ်ရပ်စဲရေးနဲ့ ပတ်သက်ပြီး သမိုင်းမှာ လေ့လာချင်လေ့လာ နိုင်ငံတကာမှာပဲကြည့်ကြည့် အပစ်အခတ်ရပ်စဲရေးကို စတင်ကမ်းလှမ်းတဲ့အဖွဲ့တွေဟာ အကြပ်အတည်း အခက်အခဲကြီးကြီးမားမားနဲ့ ဘေးကြပ်နံကြပ် ရင်ဆိုင်ရတဲ့ကာလတွေမှာ ထွက်ပေါက်ရဖို့ လုပ်ကြတာကို တွေ့ရတယ်။ စစ်အစိုးရရဲ့ အခြေအနေကိုလည်း ပြန်လေ့လာကြည့်မယ်ဆိုရင် (၈) လေးလုံး လူထုအုံကြွမှုကြီးမှာ အာဏာသိမ်းပြီး တက်လာခါစ ဖြစ်တယ်။ (၈) လေးလုံးလူထုအုံကြွမှုဆိုတာကလည်း မဆလတပါတီအာဏာရှင်စနစ်နဲ့ မဆလကျောရိုး ဗမာ့တပ်မတော်ရဲ့ အနိုင်ကျင့်မှုကို မခံနိုင်လွန်းလို့ ပေါ်ပေါက်လာတာဖြစ်တယ်။ တပြည်လုံးအနှံ့ပေါ်ပေါက်လာတဲ့ အုံကြွမှုကြီးကို မထိန်းသိမ်းနိုင်တဲ့အခါ စစ်တပ်ဟာ မဆလပါတီနဲ့ လမ်းခွဲဟန်ပြပြီး ကယ်တင်ရှင်လေသံနဲ့ အာဏာသိမ်းခဲ့တာ ဖြစ်တယ်။ ပြီးတော့ ပြည်သူတွေကျေနပ်လက်ခံအောင် ရွေးကောက်ပွဲလုပ်ပေးမယ်လို့ ကတိပေးခဲ့တယ်။ တကယ်တော့ (၈) လေးလုံးအုံကြွမှုကြီးမှာ ပြည်သူတွေကို

ထောင်နဲ့ချီပြီး သတ်ခဲ့တာ စစ်တပ်ဖြစ်တယ်။ ဒါကြောင့် စစ်တပ်ရဲ့အုပ်စိုးမှုကို လက်မခံနိုင်တဲ့ (၈) လေးလုံးအရေးအခင်းမှာ ဦးဆောင်ခဲ့သူ ကျောင်းသားတွေဟာ လက်နက်ကိုင်တော်လှန်ဖို့ နယ်စပ်ရှိတိုင်းရင်းသားအဖွဲ့အစည်းများထံ သောင်းနဲ့ချီပြီး ရောက်သွားကြတယ်။ အဲဒီကာလမှာ တိုင်းရင်းသားလူမျိုးစုံ တော်လှန်ရေးအဖွဲ့ (၁၂) ဖွဲ့ဟာ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) ခေါ် (NDF) မှာစုစည်းနေကြတယ်။ မဒတဟာ တိုက်ပွဲဝင်လိုတဲ့ ကျောင်းသားတွေကိုစုပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မကဒတ) ခေါ် (ABSDF) ကို ဖွဲ့စည်းနိုင်အောင် ကူညီပေးခဲ့တယ်။ ပြီးတော့ အဲဒီနှစ်ထဲမှာ မကဒတ အပါအဝင် ဒီမိုကရေစီအင်အားစုများနဲ့ မဒတ အဖွဲ့ဝင် တိုင်းရင်းသားအင်အားစုများစုပေါင်းပြီး မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (မဒမခ) ခေါ် DAB ကိုဖွဲ့စည်းနိုင်ခဲ့တယ်။ DAB မှာ စစ်အစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်နေတဲ့ အဖွဲ့ပေါင်း (၂၂) ဖွဲ့ပါဝင်ခဲ့တယ်။ ဒီလို အတိုက်အခံအင်အား စုများ စုစည်းနိုင်ခြင်းအပေါ် ပြည်သူအများစုနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက အားရ ကျေနပ်ပြီး ထောက်ခံအားပေး ကူညီမှုတွေ ရှိလာနေတယ်။

အခြားတဖက်ကလည်း ဗမာပြည်ကွန်မြူနစ် (ဗကပ) ဟာ အလုပ်သမားညီအစ်ကိုပါတီ တရုတ်ကွန်မြူနစ်ပါတီက ဖောဖောသီသီ ပေးထားတဲ့လက်နက်တွေနဲ့ ဒေသခံ တိုင်းရင်းသားလူမျိုးစုတွေရဲ့ အင်အားကို အခြေပြုပြီး စစ်အစိုးရကို တပ်မ ချင်းပြိုင်ကာ ယှဉ်တိုက်နေတဲ့ အနေအထားမှာ ရှိနေတယ်။

အာဏာသိမ်းခါစ စစ်အစိုးရရင်ဆိုင်နေရတဲ့ အခြားအခက်အခဲတွေကတော့ ပြည်သူတွေ ထပ်မံအုံကြွဖို့လှုပ်လှုပ်ရှားရှား ရှိနေတယ်။ နိုင်ငံဝန်ထမ်းအများစုက စစ်အစိုးရရဲ့ ထိန်းကွပ်မှုကို မခံလိုကြတော့ဘူး။ ဘဏ္ဍာရေးမှာလည်း အကြပ်အတည်းကြီးမားနေတယ်။ စစ်ရေးအရလည်း တပြည်လုံးအနှံ့မှာ ပုန်ကန်မှုတွေ ပိုမိုလှုပ်ရှားလာနေပြီး တိုက်ပွဲကြီးတွေလည်း ဆက်တိုက်ဖြစ်ပွားနေတယ်။ နိုင်ငံတကာကလည်း နည်းပေါင်းစုံနဲ့ ဝေဖန်ရှုံ့ချ ဖိအားတွေပေးလာနေတယ်။ တကယ်တော့ လူရမ်းကားအရှူးကြီး မီးဝိုင်းခံနေရသလို ဖြစ်နေရတဲ့ ဘဝပါ။ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး၊ သံတမန်ရေး ဘက်ပေါင်းစုံက အကြပ်တည်းဆုံး အခြေအနေကို ရောက်နေတာဖြစ်တယ်။ ဒီလို အကြပ်အတည်းတွေကြားက ရပ်တည်နိုင်ဖို့နဲ့ ထွက်ပေါက်ရဖို့ အပစ်အခတ်ရပ်စဲရေးကို လုပ်လာရတာဖြစ်တယ်လို့ ကျနော်မြင်တယ်။

အာဏာသိမ်း နဝတ စစ်အစိုးရဟာ မဆလလက်ထက်က တပ်မှူးဟောင်းများကို အကြံပေးအဖွဲ့အဖြစ် စုစည်းထားပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး၊ သံတမန်ရေး စတာတွေမှာ နည်းလမ်းရှာ ဗျူဟာချအကောင်အထည်ဖော်နေတာဖြစ်တယ်။ ဖြစ်ရှိနေတဲ့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအခြေအနေတွေအရ ပြည်ပကတိုက်ရိုက်ဝင်စွက်ဖို့ မလွယ်ဘူးဆိုတာ သူတို့သိထားတယ်။ လူထုတွေကို ငြိမ်သွားအောင် ရွေးကောက်ပွဲ လုပ်ပေးမယ်၊ နိုင်ငံရေးပါတီတွေ ထောင်ကြပါလို့ လမ်းဖွင့်ပေးလိုက်တယ်။ ဘဏ္ဍာရေးအကြပ်အတည်းကိုတော့ အိမ်နီးချင်းနိုင်ငံတွေကို သစ်ခုတ်ခွင့်၊ ငါးဖမ်းခွင့်တွေ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ပေးလိုက်တယ်။ အိမ်နီးချင်းနိုင်ငံအချို့က စီးပွားရေးလုပ်ခွင့်တွေရပြီး အမြတ်များများရလိုက်တော့ စစ်အစိုးရအပေါ် ဝေဖန်မှုတွေ ရပ်သွားတယ်။ အချို့ကိစ္စတွေမှာ စစ်အစိုးရကို ကာကွယ်ထောက်ကူလာကြတယ်။ ဒီတော့ ဘဏ္ဍာရေးအကြပ်အတည်းရော၊ သံတမန်ရေး အကြပ်အတည်းပါ လျော့ကျသက်သာသွားတယ်။ သူတို့ကို လက်တွေ့အန္တရာယ်ပေးနိုင်တာက တော်လှန်ရေးအင်အားစုတွေရဲ့ တိုက်ခိုက်ရေးအင်အားတွေပဲ ကျန်တော့တယ်။

တော်လှန်ရေးအင်အားစုတွေရဲ့ တိုက်အားထဲမှာ သူတို့ကို အဓိက ရင်ဆိုင်တိုက်ခိုက်နိုင်တာက တောင်ပိုင်းမှာ KNU ခေါ် ကရင်အမျိုးသားအစည်းအရုံးရဲ့ တိုက်ခိုက်ရေးတပ်မတော် KNLA နဲ့ မြောက်ပိုင်းမှာက ဗကပ ရဲ့ ပြည်သူ့တပ်မတော်တွေပဲ ဖြစ်တယ်။ စစ်အစိုးရဟာ KNU/KNLA ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ရဲ့ စခန်းတွေကို ၁၉၈၀ ကျော်ကနေ ၁၉၉၀ ကျော်ကာလအတွင်း အကြီးအကျယ်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့တယ်။ မော်ဖိုးကော၊ ဝမ်းခါ၊ ဖလူး၊ မယ်လ၊ မယ်တဝေါ၊ ချေးအိပ်တောင်နဲ့ မာနယ်ပလောစခန်းတွေကို ရဖို့ နှစ်ပေါင်းများစွာ တန်ဖိုးအမြောက်အများပေးပြီး တိုက်ခဲ့ရတယ်။ မဒတ တပ်ပေါင်းစုရဲ့ အဖွဲ့ဝင်တွေက KNU ကို ကူညီတိုက်ခဲ့တယ်။ နောက်ပိုင်း ကျောင်းသားတပ်မတော် ပေါ်လာတော့ ကျောင်းသားတပ်ဖွဲ့တွေကလည်း ဝိုင်းကူတိုက်ခဲ့တယ်။

မြောက်ပိုင်းက ဗကပရဲ့ တပ်ဖွဲ့တွေနဲ့လည်း ၁၉၈၀ ကျော်ကနေ ၁၉၈၈ အထိ တိုက်ပွဲကြီးတွေ များစွာဖြစ်ပွားခဲ့တယ်။ ဗကပရဲ့ ပြည်သူ့တပ်မတော်ထဲမှာ “ဝ”၊ ကိုးကန့်တွေအများစု၊ ကချင်၊ ရှမ်းနဲ့ အာခါလူမျိုးတွေလည်း ပါဝင်တယ်။ ဗကပရဲ့ ပြည်သူ့တပ်မတော်နဲ့ ဗမာ့ကာကွယ်ရေးတပ်မတော်တို့ရဲ့ ကွန်လုံတိုက်ပွဲ၊ မိုင်းယောင်းတိုက်ပွဲ၊ စီစီဝမ်တာပန် တိုက်ပွဲတွေဟာ အလွန်ပြင်းထန်ခဲ့တယ်။ ဗကပတွေဘက်က

လက်နက်ကြီး လက်နက်ငယ်တွေ အလျှံပယ်ရှိနေတာကြောင့် စစ်အစိုးရတပ်အဖို့ ထိတ်လန့်စရာ ရှိနေတယ်။

ခြုံကြည့်ရင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုရဲ့ တိုက်အားဟာ အာဏာရ အစိုးရရဲ့တပ်တွေနဲ့ ရင်ဆိုင်ပြီး ယှဉ်ပြိုင်တိုက်ခိုက်နိုင်တဲ့ အနေအထားမှာ ရှိနေတယ်။ ဒီအခြေအနေမှာ ပြည်သူနဲ့စစ်အစိုးရအကြား ပဋိပက္ခဖြစ်လာတော့ ပြည်သူတွေပုန်ကန် တဲ့ဘက်ကို ပါသွားရင် အစိုးရအဖို့ အာဏာမြဲဖို့ မလွယ်တော့ဘူး။ ဒါကြောင့် သူပုန် အင်အားတွေကို ဖြိုခွဲဖို့ မဟာဗျူဟာ၊ နည်းဗျူဟာတွေချ အရင်းအနှီးများစွာထုတ်ပြီး အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို လုပ်ဆောင်လာရတာ ဖြစ်တယ်။ သူတို့ရဲ့ မဟာ ဗျူဟာကတော့ စစ်ပါရဂူ ဆွန်ဇူးတို့၊ တရုတ်တော်လှန်ရေးခေါင်းဆောင် မော်စီတုန်း တို့ကျင့်သုံးခဲ့တဲ့နည်း ဖြစ်တယ်။ အဲဒီနည်းကတော့ **"အင်အားကြီးပြီး စုစည်းနေတဲ့ ရန်သူကို ပြန့်ကျဲအောင်လုပ်၊ ပြန့်ကျဲသွားတဲ့အခါ တစုချင်းစီကို နည်းပေါင်းစုံနဲ့ ချေမှုန်း သွားရေး"** ဖြစ်တယ်။

အခြေအနေ ဖန်တီးပေးလာပုံက ၁၉၈၉ ခု နှစ်ဆန်းမှာ ဗကပရဲ့ တိုက်အားတစုဖြစ် တဲ့ ကိုးကန့်လူမျိုးစုတပ်ဖွဲ့တွေ ဗကပကနေ ခွဲထွက်သွားတယ်။ အဲဒီ ကိုးကန့်အဖွဲ့ကို ဖုန်ကျားရှင်နဲ့ ဖုန်ကျားဖူး ညီအစ်ကိုတို့က ဦးဆောင်ထားတာဖြစ်ပြီး ခွဲထွက်ခါစမှာ အစစအရာရာ မပြည့်စုံတော့ တိုက်ပွဲကို ရှောင်လိုတဲ့အမြင် ရှိတယ်။ ဒီအချိန်မှာ နဝတ စစ်အစိုးရဘက်က စစ်မျက်နှာကျဉ်းသွားစေဖို့ ကိုးကန့်လူမျိုး ဘိန်းကုန်သည်ကြီး လောစစ်ဟန်ကို လွှတ်ပြီး အပစ်အခတ်ရပ်စဲရေးဖြစ်အောင် ညှိနှိုင်းလုပ်ဆောင်နိုင်ခဲ့ တယ်။ သိပ်မကြာခင် ဗကပရဲ့ အဓိကတိုက်အားဖြစ်တဲ့ "ဝ" လူမျိုးတပ်ဖွဲ့တွေ ဗကပ ကနေခွဲထွက်သွားပြန်တယ်။ ကျောက်ညီလှိုင်နဲ့ ပေါက်ယိုချန်းတို့ ဦးဆောင်တဲ့ "ဝ" တပ်ဖွဲ့တွေမှာ တပ်အင်အားနဲ့ လက်နက်ခဲယမ်းအင်အားများစွာရှိပေမဲ့ ရိက္ခာနဲ့ ဆေးဝါး မှာ အခက်အခဲ ရှိနေပြန်တယ်။ ဒါကြောင့် သူတို့လည်း လောလောလတ်လတ် အခြေ အနေမှာ စစ်ပွဲကို ရှောင်ရှားချင်နေတယ်။ အတော်ပါပဲ နဝတ စစ်အုပ်စုဟာ သူတို့ရဲ့ အကြပ်အတည်းက အသက်ရှူပေါက်ရဖို့ "ဝ" တပ်ဖွဲ့တွေကို နဝတဘက်က အဖွဲ့အစည်း ကိုရော နယ်မြေကိုပါ အသိအမှတ်ပြုပြီး သူတို့နယ်မြေကို သူတို့စီမံအုပ်ချုပ်ခွင့် ပေးခဲ့ တယ်။ ဒီထက်မက သူတို့လိုအပ်နေတဲ့ ရိက္ခာ၊ ဆေးဝါးနဲ့ ဒေသဖွံ့ဖြိုးရေးအကူအညီ တွေကိုလည်း ပေးမယ်လို့ဆိုပါတယ်။ သဘောကတော့ အပစ်အခတ်ရပ်စဲရေးဖြစ်လာ အောင် တန်ဘိုးကြီးကြီးပေးပြီး ဝယ်ယူထားတာမျိုး ဖြစ်တယ်။ ဒီနှစ်ဖွဲ့နဲ့ အပစ်အခတ်

ရပ်စဲပြီးနောက် မကြာမီမှာ ဗကပမှ နောက်ထပ်ခွဲထွက်လာတဲ့ ဦးစိုင်းလင်း ဦးဆောင်တဲ့ မိုင်းလားအဖွဲ့နဲ့လည်း အပစ်အခတ်ရပ်စဲရေး လုပ်နိုင်ခဲ့တယ်။

ဗကပရဲ့ ပြည်သူ့တပ်မတော်အင်အားစုတွေ ကွဲထွက်ပြန့်ကျဲသွားပြီး အဲဒီအားတွေကို အပစ်အခတ်ရပ်စဲအောင် လုပ်နိုင်လိုက်တော့ စစ်မျက်နှာတဖက် အေးသွားတယ်။ ဒီတပ်တွေနဲ့ ရင်ဆိုင်ထားခဲ့ရတဲ့ တပ်တွေကိုသုံးပြီး အနီးဝန်းကျင်ဒေသမှာရှိတဲ့ အခြားအင်အားစုတွေကို တိုက်ခိုက်ဖို့ အင်အားတွေရလာတယ်။ ဒီလိုအခြေအနေကို တွက်မိတဲ့ ဗိုလ်ချုပ်ဆေထင် ဦးဆောင်တဲ့ ရှမ်းပြည်တိုးတက်ရေးပါတီနဲ့ သူ့ရဲ့ ရှမ်းပြည်တပ်မတော် (SSA) ဟာ ရနိုင်တဲ့အခွင့်အရေးတွေနဲ့ အပစ်အခတ်ရပ်စဲ လိုက်ပြန်တယ်။ ဗကပကနေ ခွဲထွက်ခဲ့တဲ့ ဇခုံတိန့်ယိန်း ဦးဆောင်တဲ့ NDAK အမည်ခံ ကချင်တပ်ဖွဲ့ကလည်း အပစ်ရပ်လိုက်ပြန်တယ်။ ၁၉၈၉ ခု တနှစ်တည်းမှာပဲ စစ်အစိုးရဟာ အဖွဲ့ (၅) ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲရေးဖြစ်အောင် လုပ်နိုင်ခဲ့တယ်။ တခုထူးခြားနေတာက နောက်ကျတဲ့ (၃) ဖွဲ့ကိုတော့ အစောပိုင်းဖြစ်တဲ့ အဖွဲ့ (၂) ဖွဲ့လောက် အခွင့်အရေး မပေးတော့ဘူး။

အဲဒီနောက် ယခင် ဗကပရဲ့ ပြည်သူ့တပ်မတော်နဲ့ ရှမ်းပြည်တပ်မတော်တို့ကို ရင်ဆိုင်တိုက်ခိုက်ရတဲ့ တပ်အင်အားတွေကို သုံးပြီး ရှမ်းပြည်နယ်အတွင်းမှာ ရှိနေတဲ့ အခြားအင်အားစုတွေကို စစ်ဆင်တိုက်ခိုက် ပါတော့တယ်။ တပ်မအင်အားနဲ့ စစ်ဆင်တိုက်ခိုက် ဝိုင်းပတ်ပိတ်ဆို့မှုတွေ လုပ်ခဲ့တယ်။ အဲဒီစစ်ဆင်ရေးမှာ ဒေသခံပြည်သူလူထုကို အမျိုးမျိုးညှင်းဆဲ အကြပ်ကိုင်ပြီး လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေကို အပစ်အခတ်ရပ်စဲလာအောင် တောင်းဆိုပေးဖို့ ဖိအားပေးလုပ်ဆောင်ခဲ့တယ်။ ဒီလိုနဲ့ ၁၉၉၁ ခုနှစ်ထဲမှာ ယခင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ရဲ့ တပ်မဟာ (၄) ဖြစ်တဲ့ ဦးမထုနော် ခေါင်းဆောင်တဲ့ KDA အဖွဲ့၊ ဦးအောင်ခမ်းထီ ဦးဆောင်တဲ့ ပအိုဝ်းအမျိုးသားအစည်းအရုံး (PNO) နဲ့၊ ဦးအိုက်မုန်း ခေါင်းဆောင်တဲ့ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (PSLO) တို့က စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲ ခဲ့ကြတယ်။ သူတို့ကိုတော့ နောက်ပိုင်းမှာ အပစ်အခတ်ရပ်စဲခဲ့တာဖြစ်လို့ ယခင်အဖွဲ့တွေလို အခွင့်အရေးတွေ မပေးတော့ပဲ လျှော့ချခဲ့တာ တွေ့ရတယ်။ ဒီလိုနည်းနဲ့ ဗကပ ကနေခွဲထွက်လာတဲ့ အဖွဲ့တွေနဲ့ ရှမ်းပြည်နယ်ထဲရှိ အဖွဲ့တွေ စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲသွားကြတယ်။

ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ရခိုင် အပါအဝင် အခြားလူမျိုးစုတော်လှန်ရေး အဖွဲ့တွေဟာ ကရင်ပြည်နယ်မှာ အခြေပြုထားတဲ့ NDF, DAB တပ်ပေါင်းစုတွေမှာ ပါဝင် နေပြီး အရှိန်မပျက် စုစည်းလှုပ်ရှားနေကြတယ်။ စစ်အစိုးရဟာ KNU ရဲ့ အခြေခံစခန်း တွေကို တပ်မကြီးတွေ လက်နက်ကြီးတွေနဲ့ ရေရှည်ထိုးစစ်ကြီးများ ဆင်နွှဲပြီး တိုက်ခိုက် နေတယ်။ တပ်ပေါင်းစုအဖွဲ့ဝင်တွေရဲ့ တပ်တွေကလည်း KNU ဘက်ကို စစ်ကူပို့ပြီး တိုက်ခိုက်ပေးနေတယ်။ အဲဒီတုန်းကတော့ စစ်ရေးတိုက်ပွဲရော နိုင်ငံရေးတိုက်ပွဲပါ အရှိန်ကောင်းနေတယ်။

၁၉၉၀ ခုနှစ်မှာ အစိုးရက အထွေထွေရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ အဲဒီ ရွေးကောက်ပွဲမှာ စစ်အစိုးရဘက်က အားကိုးအားထားနေတဲ့ ယခင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ (မဆလ) ရဲ့ အသွင်ပြောင်း သို့မဟုတ် အမွေစားအမွေခံ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည) က အရှုံးကြီးရှုံးခဲ့ပြီး အဓိက အတိုက်အခံအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) က အပြတ်အသတ် အနိုင်ရခဲ့တယ်။ အဲဒီလို သူတို့မထင် မှတ်သလိုဖြစ်သွားတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသေးတာကို အကြောင်းပြပြီး အာဏာမအပ် လွှတ်တော်ခေါ်ခွင့်မပေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဖို့ လုပ်ခဲ့တယ်။ ဒီလိုနဲ့ နိုင်ငံရေးပါတီတွေနဲ့ ရွေးချယ်ခံ ပြည်သူ့ကိုယ်စားလှယ်အချို့ နယ်စပ်ဘက်ကို ထွက်လာပြီး NDF, DAB တပ်ပေါင်းစု တွေနဲ့ ပူးပေါင်းလှုပ်ရှားခဲ့တယ်။ တပ်ပေါင်းစုအဖွဲ့ ဝင်တွေကလည်း အားပေးပြီး ရွေးချယ်ခံအမတ်တွေသာ ပါဝင်တဲ့ ပြည်ထောင်စုမြန်မာ နိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီတော့ ကရင်ပြည် နယ်မှာ ဗဟိုပြုပြီး လှုပ်ရှားနေတဲ့ အတိုက်အခံတွေရဲ့ အင်အားဟာ နိုင်ငံရေးအရရော စစ်ရေးအရပါ အလွန်ကို အားကောင်းသွားတယ်။

အဲဒီကာလမှာ ဖြစ်ရှိနေတဲ့ နိုင်ငံရေး၊ စစ်ရေးအနေအထားတွေကို ယှဉ်ကြည့်ရင် အတိုက်အခံ ပုန်ကန်သူတွေဘက်က ပြည်နယ်ပေါင်းစုံနဲ့ လူမျိုးပေါင်းစုံကို ကိုယ်စားပြု ထားတဲ့ NDF တပ်ပေါင်းစု ရှိနေတယ်။ တိုင်းရင်းသားအဖွဲ့တွေနဲ့ ဒီမိုကရေစီအင်အားစု တွေ ပေါင်းစည်းထားတဲ့ မဟာမိတ်အဖွဲ့ (DAB) ရှိနေတယ်။ ပြီးတော့ ရွေးကောက်ပွဲ မှာ ပြည်သူတွေမဲပေးထားတဲ့ ပြည်သူ့ကိုယ်စားလှယ်အမတ်တွေနဲ့ ဖွဲ့စည်းထားတဲ့ ညွန့်ပေါင်းအစိုးရ ဆိုတာလည်း ရှိနေတယ်။ နဝတစစ်အုပ်စုဘက်ကို ကြည့်လိုက်တော့ ၁၉၆၂ ခုကနေ အာဏာသိမ်းခဲ့တဲ့ စစ်အုပ်ချုပ်ရေးစနစ်ကြောင့် နိုင်ငံလည်းမွဲ၊ ပြည်သူ တွေကလည်း ကိုယ်စိတ်ဆင်းရဲ ဖြစ်ခဲ့ရတာကြာပြီ။ ဒီဒဏ်ကိုမခံနိုင်တော့လို့ ၁၉၈၈

မှာ (၈) လေးလုံးလူထုအုံကြွမှုကြီး ဖြစ်လာခဲ့တယ်။ အဲဒီ အုံကြွမှုမှာ ကျောင်းသားပြည်သူ ထောင်ပေါင်းများစွာကို ရက်ရက်စက်စက် ပစ်သတ်ပြီးမှ စစ်တပ်ကတဖန် အာဏာသိမ်း ပြန်တယ်။ ဒီလို အာဏာသိမ်းထားတဲ့ကာလမှာ ရွေးကောက်ပွဲလုပ်ပေးပြီး အနိုင်ရတဲ့ ပါတီနဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကို အာဏာလွှဲအပ်ပေးမယ်လို့ ကတိပေးထားတယ်။ လက်တွေ့မှာ မအပ်ခဲ့ဘူး။ ဒီတော့ ဘယ်လောက်သိက္ခာကျနေမယ်ဆိုတာ တွက်ချက် ခန့်မှန်းနိုင်ပါလိမ့်မယ်။ စစ်ရေးမှာ သူပုန်နဲ့ အစိုးရဆိုပေမဲ့ တပ်ရင်းတပ်မတွေနဲ့ ရင်ဆိုင် ပြီး ရေရှည်ယှဉ်ပြိုင် တိုက်ခိုက်နိုင်တဲ့ အနေအထားမှာ ရှိနေတယ်။ ဒီလိုစုစည်းနေတဲ့ အင်အားကို ဖြိုခွဲဖို့ နည်းနာရှာ၊ မဟာဗျူဟာ နည်းဗျူဟာတွေ ချလာရပြန်တယ်။ အဲဒီလို ချလာတဲ့ အစီအစဉ်အရ ၁၉၉၃ ခုနှစ်မှာ န၀တရဲ့ အတွင်းရေးမှူး (၁) ဖြစ်တဲ့ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်ဟာ လွိုင်ကော်၊ ဖားအံ၊ မော်လမြိုင်၊ ရေးမြို့တွေကို သွားရောက် ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးဖို့ ကမ်းလှမ်းဖိတ်ခေါ် ခဲ့တယ်။

စစ်အစိုးရဟာ အပစ်အခတ်ရပ်စဲရေး ဖြစ်လာနိုင်ဖို့ ထိုင်းအစိုးရကိုလည်း ချဉ်းကပ် စည်းရုံးတယ်။ ထိုင်းအစိုးရဟာ အာဏာသိမ်း တက်လာခါစ စစ်အစိုးရအကြပ်တွေ့နေ တဲ့ကာလမှာ သွားရောက်ဆက်ဆံ မဟာမိတ်ဖွဲ့ပြီး မြန်မာပြည်အတွင်း သစ်ထုတ်လုပ် ခွင့်နဲ့ ငါးဖမ်းခွင့်တွေကို ဈေးချိုချိုနဲ့ ရခဲ့တယ်။ အဲဒီအတွက် ထိုင်းဘက်က အမြတ်တွေ များစွာ ရလိုက်တယ်။ ဒီလိုအခြေခံရှိနေချိန်မှာ စစ်အစိုးရဘက်က တကယ်လို့ နယ်စပ်ရှိ တော်လှန်ရေးအင်အားစုတွေနဲ့ အပစ်အခတ်ရပ်စဲနိုင်ခဲ့ရင် သစ်တွေ ပိုထုတ်နိုင်မယ်။ ငါးတွေပိုဖမ်းနိုင်မယ် ဆိုပြီး ထိုင်းအစိုးရကို ဆွဲဆောင်ခဲ့ပါတယ်။ အဲဒီအပေါ် ထိုင်း အစိုးရအဖွဲ့ခေါင်းဆောင် ဝန်ကြီးချုပ် ချတ်ချိုင်ချူဟာဝမ် ဟာ စီးပွားရေးရမက်ဇောနဲ့ ထိုင်း-မြန်မာနယ်စပ်တလျှောက်ရှိ စစ်ဖြစ်နေတဲ့ ဒေသတွေကို **"စစ်ရေးဖိုကနေ စီးပွား ရေးဖိုအဖြစ် ပြောင်းလဲပစ်မယ်"** လို့ ကြွေးကြော်ပြောဆိုလာတယ်။ အဲဒီ သဘောထား ကို လက်တွေ့အကောင်အထည်ဖော်ရာမှာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့တွေကို စစ်အစိုးရနဲ့ သဘောတူညီမှုရအောင် ကူညီဆက်စပ်ပေးသလို ဖိအားတွန်းအားတွေ လည်း အမျိုးမျိုးပေးလာတယ်။

တိုင်းရင်းသားတော်လှန်ရေးအဖွဲ့တွေဘက်ကလည်း နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးဖြေရှင်းလိုတဲ့ အခြေခံသဘောထားအမြင် တွေရှိနေတော့ တွေ့ဆုံဆွေးနွေးဖြေရှင်းနိုင်ဖို့ လက်ခံနိုင်တဲ့ နည်းလမ်းတွေရှာလာတယ်။

ပထမဆုံး သဘောထားပြန်ကြားလိုက်တာက DAB မဟာမိတ်အဖွဲ့ချုပ်အနေနဲ့ ဆွေးနွေးမယ်။ ပြည်ပနိုင်ငံတခုခုမှာ ဆွေးနွေးမယ်။ ဒါကို စစ်အစိုးရဘက်က လက်မခံခဲ့။ ဒီမိုကရေစီအင်အားစုတွေနဲ့ မဆွေးနွေးဘူး။ တိုင်းရင်းသားအင်အားစုတွေနဲ့ ဆွေးနွေးမယ်။ ပြည်တွင်းမှာပဲ ဆွေးနွေးမယ်လို့ ဆိုလာတယ်။ အဲဒီတော့ NDF တပ်ပေါင်းစုအနေနဲ့ ဆွေးနွေးဖို့ နည်းလမ်းရှာလာပြန်တယ်။ ဒါကိုလည်း လက်မခံပြန်ဘူး။ တဖွဲ့ချင်းစီပဲ ဆွေးနွေးမယ်လို့ ဆိုလာပြန်တယ်။ အဲဒီအခြေအနေမှာ တစ်ဆို့မှုတွေ ဖြစ်လာတယ်။ ဒီအခါ ထိုင်းဘက်က ဖိအားတွန်းအားတွေ ပြင်းထန်လာတယ်။ ထင်ရှားတဲ့လုပ်ရပ်တခုကတော့ စစ်ပြေးဒုက္ခသည်စခန်းတွေကို ထိုင်းနယ်မြေထဲ ထားခွင့်မပေးတော့ပဲ အဓမ္မတွန်းထုတ်ခဲ့တယ်။ နဝတ တပ်တွေကလည်း အချို့ဒုက္ခသည်စခန်းထဲကို ဝင်ရောက်ပြီး တိုက်ခိုက်မီးရှို့တာတွေ လုပ်ခဲ့တယ်။

အဲဒီအချိန် NDF တပ်ပေါင်းစုထဲမှာ ကချင် (KIO)၊ ကရင် (KNU)၊ ကရင်နီ (KNPP) နဲ့ မွန် (NMSP) အဖွဲ့တို့ဟာ အဓိကဇာတ်ကောင်တွေလို ဖြစ်နေတယ်။ ကချင်အဖွဲ့ (KIO) ဟာ နိုင်ငံရဲ့ မြောက်ပိုင်းအစွန်မှာ ရှိနေပြီး အခြားအဖွဲ့တွေနဲ့ အလှမ်းဝေးနေတယ်။ နဝတတပ်တွေကလည်း သူတို့ကို ဖိတိုက်နေတယ်။ သူတို့မှာ ခဲယမ်းကျည်ဆံတွေ နည်းပါးလာတော့ အမြန်တွေ့ဆုံဆွေးနွေးလိုတဲ့ သဘောထားရှိနေတယ်။ အများနဲ့ ညှိနှိုင်းဆွေးနွေးရာမှာ ခက်ခဲကြန့်ကြာနေလို့ မစောင့်နိုင်တော့ပဲ သီးခြားသွားဆွေးနွေးခဲ့တယ်။ ဒီလိုနဲ့ နောက်ဆုံး သီးခြားစီဆွေးနွေးဖို့ ဖြစ်လာတယ်။ KIO ဟာ ၁၉၉၄ ခု ဖေဖော်ဝါရီလထဲမှာ နဝတနဲ့ အပစ်အခတ်ရပ်စဲသွားခဲ့တယ်။ မဒတအဖွဲ့ဝင် ကယန်းပြည်သစ်ပါတီ (KNLP) ကလည်း ၁၉၉၄ ခုနှစ်အတွင်းမှာ စစ်အစိုးရနဲ့ အပစ်အခတ်ရပ်ခဲ့တယ်။ မဒတအဖွဲ့ဝင်မဟုတ်တဲ့ အလယ်ပိုင်းဒေသရှိ ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူလွတ်မြောက်ရေးတပ်ဦး (ကလလတ) နဲ့ ရှမ်းပြည်ရှိ လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) တို့ကလည်း ၁၉၉၄ ခုနှစ်အတွင်းမှာ အပစ်အခတ်ရပ်သွားတယ်။ ၁၉၉၅ ခုနှစ်ဆန်းပိုင်းမှာ KNU ထဲက ဗုဒ္ဓဘာသာယုံကြည်သူတပ်ဖွဲ့ဝင်တချို့ KNU ထဲကနေခွဲထွက်ပြီး စစ်အစိုးရနဲ့ ပူးပေါင်းသွားကြတယ်။ သူတို့ရဲ့ လမ်းပြမှုကြောင့် KNU နဲ့ တပ်ပေါင်းစုတွေရဲ့ ဌာနချုပ်စခန်းတည်ရှိရာ မာနယ်ပလောစခန်း ကျသွားရတယ်။ KNPP က ၁၉၉၅ ခု မတ်လထဲမှာ အပစ်အခတ်ရပ်သွားပြန်တယ်။ အဲဒီနှစ် ဧပြီလထဲမှာ ဗိုလ်ချုပ်မြကြ စစ်အစိုးရတပ်တွေ ကိုယ့်ကိုလာမတိုက်ရင် သူတို့ကိုသွားမတိုက်နဲ့ ဆိုပြီး KNLA အတွင်းမှာ အမိန့်ထုတ်ခဲ့ဘူးတယ်။ အကျိုးမရှိတော့ မကြာ

မီမှာ အဲဒီအမိန့်ကို ပြန်ရုပ်သိမ်းလိုက်ရတယ်။ မွန် (NMSP) အဖွဲ့က ၁၉၉၅ ခု ဇွန်လ အတွင်းမှာ နဝတနဲ့ အပစ်အခတ်ရပ်စဲသွားခဲ့တယ်။ အဲဒီနောက် ၁၉၉၆ ခုနှစ်ဆန်းမှာ MTA ခေါ် ခွန်ဆာရဲ့ ရှမ်းပြည်တပ်မတော်ဟာ လက်နက်ချတဲ့အနေအထားမျိုးနဲ့ နဝတ အောက်ကို ဝင်သွားတယ်။ နောက်ပိုင်းအချို့အဖွဲ့တွေ စစ်အစိုးရနဲ့ အပစ်ရပ်ကြရာမှာ **"လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်တယ်"** ဆိုတဲ့ ဝေါဟာရနဲ့ လက်နက်ချခိုင်းတာတွေပဲ ရှိခဲ့တယ်။ KNU အနေနဲ့ ကိုယ်စားလှယ်အဖွဲ့တွေ အကြိမ်ကြိမ်လွှတ်ပြီး ရန်ကုန်၊ မော်လမြိုင်မြို့တွေမှာ သွားရောက်ဆွေးနွေးခဲ့ဘူးတယ်။ ဗိုလ်ချုပ်မြ ကိုယ်တိုင် ၂၀၀၄ ခုနှစ်မှာ ရန်ကုန်သွားပြီး ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ ဆွေးနွေးခဲ့ဘူးတယ်။ ဒါပေမဲ့ သဘောတူညီမှု တစုံတခုရတဲ့အထိ ဖြစ်မလာခဲ့ပါ။ စစ်အစိုးရဟာ KNU အပေါ် နိုင်ငံရေးအရ လှည့်စားတွေဝေအောင်လုပ်ပြီး စစ်ရေးအရ ဖိတိုက်ခဲ့တယ်။ KNU က ကွဲထွက်လာတဲ့ အဖွဲ့တွေကို မွေးထားပြီး KNU ကို ပြန်လည်တိုက်ခိုက်နေတာလည်း ရှိတယ်။ ဒါကိုကြည့်ရင် အပစ်အခတ်ရပ်စဲရေး အစီအစဉ်ကုန်ဆုံးသွားပြီလို့ ပြောနိုင်ပါတယ်။

ဒီ ဖော်ပြထားတဲ့ အပစ်အခတ်ရပ်စဲရေးဖြစ်ပေါ်လာပုံ ဖြစ်စဉ်တွေဟာ ကျနော် လေ့လာတွေ့ရှိ ကြားသိခဲ့သမျှကို ဘက်မလိုက်ပဲ အကျဉ်းချုံးတင်ပြလိုက်တာ ဖြစ်ပါတယ်။ တော်လှန်ရေးအင်အားစုတွေ မိမိတို့ရဲ့ အားနည်းချက်တွေကို ရှုမြင်သင်ခန်းစာ ယူတတ်ဖို့ လိုပါတယ်။ ရှေ့အခန်းတွေမှာ တော်လှန်ရေးအင်အားစုတွေကို ဘယ်လို တိုက်ခိုက်ချေမှုန်း ဖျက်ဆီးခဲ့တာတွေကို ဆက်လက်တင်ပြပါမယ်။

လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေကို ချေမှုန်းဖို့ စစ်အစိုးရရဲ့ အပစ်အခတ်ရပ်စဲရေးအစီအစဉ်တွေထဲမှာ ပထမတွေ့ရှိတာက တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းများနဲ့သာ အပစ်ရပ်တာ ပြုလုပ်မှာဖြစ်ပြီး ဒီမိုကရေစီအင်အားစုတွေကို လုံးဝလက်မခံဘူးလို့ သိရတယ်။ ဒီလို ဒီမိုကရေစီအင်အားစုတွေနဲ့ မဆွေးနွေး မဖြေရှင်းရင် တပြည်လုံးအတိုင်းအတာဆောင်တဲ့ ငြိမ်းချမ်းရေးမရနိုင်ဘူး။ သူတို့မှာလည်း လက်နက်ကိုင်အင်အားစု ရှိတယ်။ ဘာလို့ မဆွေးနွေးနိုင်တာလဲလို့ ထောက်ပြီးမေးလိုက်တော့ **"ဒီလူတွေဟာ ဆူပူရေးသမားသက်သက်၊ မျိုးချစ်ပြည်ချစ် တိုင်းပြည်နဲ့ လူမျိုးအတွက် အနစ်နာခံသူတွေ မဟုတ်ဘူး။ အာဏာကို ဖြတ်လမ်းက ရယူချင်သူတွေပဲ"** ဆိုပြီး လုံးဝလက်မခံ ငြင်းဆန်နေတာကို တွေ့ရတယ်။

ဒါက အထက်ကချထားတဲ့ ပေါ်လစီ၊ ဒီသဘောထားဟာ တပြည်လုံးအတိုင်းအတာ ဆောင်ပြီး ကျယ်ပြန့်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့ မဟုတ်ဘူးဆိုတာ ထင်ရှားတယ်။ သူတို့ဟာ တိုင်းရင်းသားအင်အားစု တွေနဲ့ ဒီမိုကရေစီအင်အားစု နှစ်ခု စုစည်းနေတာကို ခွဲထုတ်ဖို့ ဖြစ်တယ်။ ဒီအင်အားစု နှစ်ခုထဲမှာ တိုင်းရင်းသားအင်အားစုတွေဟာ လက်နက်ကိုင်တော်လှန်ရေး အတွေ့ အကြုံ အနှစ်သုံးလေးဆယ် ရှိပြီးသား ဖြစ်တယ်။ ဆိုင်ရာလူမျိုးစုတွေရဲ့ ထောက်ခံမှုနဲ့ အခြေခံနယ်မြေတွေ ရှိပြီးသား ဖြစ်တယ်။ အာဏာရအစိုးရအဆက်ဆက်က မည်သို့ပင် တိုက်ခိုက်ချေမှုန်းခဲ့ပေမဲ့ ခိုင်မာစွာရပ်တည်နိုင်တဲ့ အဖွဲ့တွေဖြစ်တယ်။ ပြီးတော့ သူတို့ဟာ နိုင်ငံတော်အစိုးရရဲ့ ထိုင်ခုံနေရာကို လုယူမယ့် လူတွေလည်း မဟုတ်ဘူး။ အလွန်ဆုံး သူတို့ရဲ့အမျိုးသားများစုစည်းနေထိုင်ရာ နယ်မြေကို စီမံကွပ်ကဲအုပ်ချုပ်ဖို့ အခွင့်အရေးတွေလောက်ပဲ တောင်းဆိုမှာ ဖြစ်တယ်။ ဒါကြောင့် ဒီလူတွေကို တစုံတရာ အခွင့်အရေးပေးပြီး နားလည်မှုရယူနိုင်ရင် ဒီမိုကရေစီအင်အားစုတွေ ရပ်တည်ဖို့ အခြေခံပျက်စီးသွားလိမ့်မယ်။ ရပ်တည်ဖို့နေရာမရှိရင် ပြည်ပရောက်တဖြည်းဖြည်းနဲ့ ပျောက်သွားလိမ့်မယ်လို့ တွက်ပြီး တိုင်းရင်းသားအင်အားစုတွေနဲ့ အပစ်အခတ်ရပ်စဲ ရေးဖြစ်ဖို့ လုပ်ဆောင်တာဖြစ်တယ်။ သူတို့ရဲ့ ပြိုင်ဘက်အဓိကရန်သူ ဒီမိုကရေစီအင် အားစုတွေကို ဦးတည်ချေမှုန်းဖို့ ဒီလိုလုပ်တာဖြစ်တယ်။ ဒါဟာ အရေးပါတဲ့ သူတို့ရဲ့ **ပထမနည်းဗျူဟာ** ဖြစ်တယ်။

**ဒုတိယနည်းဗျူဟာ** ကတော့ စုဖွဲ့မှုအနေအထားဖြစ်တဲ့ တပ်ပေါင်းစုတွေနဲ့ မဆွေးနွေး၊ မညှိနှိုင်း၊ အပစ်အခတ်ရပ်စဲရေး မလုပ်ဘူး။ တဖွဲ့ချင်းစီအနေနဲ့ပဲ ဆွေးနွေးအပစ်အခတ်ရပ်စဲရေး လုပ်သွားဖို့နည်းကို ကျင့်သုံးတယ်။ အစုအဖွဲ့နဲ့ဆွေးနွေးရင် အားပိုကောင်းနေလို့ အခွင့်အရေးတွေပိုတောင်းနိုင်တာကို ရှောင်လိုတာလဲပါတယ်။ သီးခြားစီ ဆွေးနွေးတဲ့နေရာမှာ အဖွဲ့တဖွဲ့နဲ့ တဖွဲ့အကြား မတူညီတဲ့စစ်ရေးအင်အားနဲ့ အဖွဲ့အတွင်း စုစည်းမှု အခြေအနေကိုကြည့်ပြီး အခွင့်အရေးတွေ ပေးတဲ့နေရာမှာ ခွဲခြားထားတယ်။ စောတဲ့အဖွဲ့တွေကို အခွင့်အရေးပိုပေးတယ်။ အင်အားကြီးပြီး စုစည်းတဲ့အဖွဲ့တွေကို အခွင့်အရေးပိုပေးတယ်။ တန်းတူ မထားဘူး။ ဒါဟာ **"မှု"** မဲ့တဲ့ လုပ်ရပ်၊ မရိုးသားတဲ့ လုပ်ရပ်ဖြစ်တယ်။ အပစ်ရပ်တာပဲ ပြောပြော၊ ငြိမ်းချမ်းရေးယူတာပဲ ဆိုဆို တဖွဲ့တစည်း ထဲကလာတဲ့ အင်အားစုတွေကို သူတို့ချင်းပြန်ပေါင်းသွားအောင် ခွင့်မပြုဘူး။ ဥပမာ KNU ကခွဲထွက်သွားတဲ့ DKBA, KPF ပဒိုအောင်ဆန်းနဲ့ ဗိုလ်ချုပ်ထိန်မောင်ရဲ့ ငြိမ်းချမ်း

ရေးကောင်စီတို့ကို တဖွဲ့တည်းဖြစ်အောင် ခွင့်မပြုဘူး။ KIO က ခွဲထွက်သွားတဲ့ ဗိုလ်မှူးကြီး လဆန်အောင်နဲ့ အဖွဲ့က အခြားကချင်အမျိုးသားအဖွဲ့ဖြစ်တဲ့ NDA-K နဲ့ သွားပေါင်းချင်တာကို ခွင့်မပြုဘူး။ သီးခြားစီ ကွဲပြားနေအောင် တမင်ဖန်တီးနေတာ ဖြစ်တယ်။

**တတိယနည်းဗျူဟာ** ကတော့ စီးပွားရေးဆိုင်ရာ အခွင့်အရေးတွေကို စည်းရုံးဆွဲဆောင်ရေး၊ အကြပ်ကိုင်ရေးကိရိယာ အနေနဲ့ ကျင့်သုံးနေတာကို တွေ့ရတယ်။ အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးလာတဲ့အဖွဲ့တိုင်းကို ဘယ်လိုဘယ်ပုံ စီးပွားရေးလုပ်ငန်းတွေ လုပ်ခွင့်ပေးမယ်ဆိုပြီး ဆွဲဆောင်ခဲ့တယ်။ ဒါပေမဲ့ အပစ်အခတ်ရပ်ပြီးနောက် မကြာမီမှာ အဲဒီအခွင့်အရေးတွေကို လျှော့ချတာ၊ ပိတ်ပင်တာ၊ အခြား လူအများကိုပါပေးပြီး ဝင်ငွေလျှော့နည်းသွားအောင် လုပ်ခဲ့တယ်။ သူတို့စီမံသလို နာခံပြီး သူတို့နောက်က လိုက်တဲ့အဖွဲ့တွေ၊ နိုင်ငံရေးစကားမပြောတဲ့ အဖွဲ့တွေကို စီးပွားရေးအခွင့်အလမ်းပိုဖွင့်ပေးတယ်။ သူတို့လုပ်ရပ်ကို အာခံဆန့်ကျင်တာမျိုး၊ သူတို့ဦးတည်တိုက်နေတဲ့ NLD လို အင်အားစုကို ထောက်ခံတာမျိုးလုပ်မိရင် စီးပွားရေးလုပ်ပိုင်ခွင့်တွေကို ပိတ်ပစ်တယ်။ ထောက်ပံ့မှုတွေကို ရပ်တံ့တယ်။ အပစ်ရပ်အဖွဲ့တွေအတွင်းမှာ အဖွဲ့အစည်းအနေနဲ့ မဟုတ်ပဲ ပုဂ္ဂိုလ်ရေးအရ သူတို့ကို ချဉ်းကပ်ပြီး သင့်တော်တဲ့အခွင့်အရေးတွေတောင်းရင် လိုက်လျောခွင့်ပြုတာ များတယ်။ အဖွဲ့အစည်းထဲမှာ လုပ်ပိုင်ခွင့်အာဏာပိုရှိသူ၊ တပ်ဘက်ဆိုင်ရာ အကြီးအကဲတွေဆိုရင် ပိုပြီးလိုက်လျောတတ်တယ်။ ဒါက သူ့လူဖြစ်အောင် မွေးမြူတဲ့သဘောပါသလို မြို့ပြအတွင်း အခြေအမြစ်ခိုင်မာသွားအောင်နဲ့ ပျော်ပိုက်နစ်မျောသွားအောင် လုပ်တာဖြစ်တယ်။ ဒါပေမဲ့ အဖွဲ့အစည်းအနေနဲ့ တောင်းတာမျိုးဆိုရင် ပေးဖို့ မလွယ်ဘူး။ အဖွဲ့အစည်းအနေနဲ့ စီးပွားရေးတောင့်တင်းတာကို မလိုလားဘူး။ ဒါအပြင် အဖွဲ့အစည်းတွေရဲ့ ဝင်ငွေရေသောက်မြစ်ကို ဖျစ်ညှစ်ပိတ်ဆို့နိုင်အောင် လုပ်တာတွေ ရှိခဲ့တယ်။

**စတုတ္ထနည်းဗျူဟာ** ကတော့ အပစ်ရပ်အဖွဲ့တဖွဲ့ရဲ့အတွင်းမှာ အတွင်းပဋိပက္ခကြောင့် ကွဲအက်လာတဲ့အခါတွေမှာ ကြားဝင်ကူညီသလိုနဲ့ တဖက် ဒါမှမဟုတ် နှစ်ဖက်စလုံးကို သုတ်သင်ရှင်းလင်းပစ်တာမျိုးလည်း လုပ်ခဲ့တယ်။ သာဓကအနေနဲ့ နဝတနဲ့ ပထမဆုံး အပစ်ရပ်ခဲ့တဲ့ MNDAA အမည်ခံ ကိုးကန့်အဖွဲ့အတွင်း အကွဲအပြဲမှာ ဒီလိုအမြတ်ထုတ်လုပ်ဆောင်ခဲ့တယ်။ ၁၉၉၅ မှာ MNDAA အဖွဲ့ခေါင်းဆောင် ဖုန်ကျားရှင်နဲ့ ဖုန်ကျားဖူးတို့ရဲ့ ဖုန်ညီအစ်ကို အုပ်စုနဲ့ တပ်ဖက်ခေါင်းဆောင် ရန်မိုးအန်း၊ ရန်မိုးလျှံတို့ရဲ့ ရန်ညီအစ်ကို အုပ်စုအကြား အာဏာလုပွဲမှာ သူတို့နဲ့ ပိုမိုနီးစပ်တဲ့ ဖုန်ညီအစ်ကိုဘက်က

ကူညီပြီး တိုက်ပေးခဲ့တယ်။ နောက်ဆုံးမှာ အင်အား (၃၀၀) လောက်သာ ကျန်တဲ့ ရန်ညီအစ်ကို အဖွဲ့ကိုလက်နက်ချစေပြီး သံလွင်မြစ်အရှေ့ခြမ်း ကုန်းကျန်းမြို့နယ်ထဲ မှာ အသွင်ပြောင်းရဲအဖြစ်နဲ့ မွေးထားခဲ့တယ်။ ရန်ညီနောင်အဖွဲ့တွေရဲ့ လက်နက်ကျည် ဆံတွေကို ဂိုဒေါင်အလိုက် ရလိုက်တယ်။ နောက်ပြီး ကိုးကန့်နယ်ထဲက မထွက်တော့ပဲ တပ်တွေချ၊ ခြေကုတ်ယူထား လိုက်တယ်။

ဒုတိယ သာဓကကတော့ ၁၉၉၅ ခုအတွင်း ဖုန်ညီအစ်ကိုနဲ့ ရန်ညီအစ်ကိုတို့ ပဋိပက္ခဖြစ်နေစဉ်မှာ ကချင်အမျိုးသား မုံဆာလ ဦးဆောင်တဲ့အဖွဲ့တဖွဲ့ဟာ MNDAA ထဲက ခွဲထွက်ပြီး MDA ခေါ် မုန်းကိုးဒေသကာကွယ်ရေးတပ်ဖွဲ့ကို တည်ထောင်ခဲ့တယ်။ အဲဒီအဖွဲ့ကို နဝတက သီးခြားအပစ်ရပ်အဖွဲ့တခုအနေနဲ့ အသိအမှတ် ပြုခဲ့တယ်။ ၂၀၀၀ ခုနှစ်အတွင်းမှာ MDA ရဲ့ ဒု-ဒေသကာကွယ်ရေးဦးစီးချုပ်ဖြစ်ပြီး ကချင်လူမျိုးမဟုတ်တဲ့ "လီနင်မင်" က ကချင်လူမျိုးခေါင်းဆောင်များကို ဖမ်းဆီးပြီး အာဏာသိမ်းဖို့ ကြိုးပမ်း ခဲ့တယ်။ သူ့ရဲ့ ဦးဆောင်မှုကို မခံယူနိုင်တဲ့ တပ်ဖွဲ့တွေက သူ့ကိုဆန့်ကျင်တိုက်ခိုက်ခဲ့ သလို ဒေသခံပြည်သူတွေကလည်း စုပေါင်းပြီး ဆန္ဒပြဆန့်ကျင်တယ်။ ဆန္ဒပြဆန့်ကျင် တဲ့ ပြည်သူတွေက စခန်းကိုဝင်သိမ်းပြီး အဖမ်းခံထားရတဲ့ ကချင်လူမျိုးခေါင်းဆောင် တွေကို လွှတ်ပေးခဲ့တယ်။ တိုက်ပွဲဖြစ်နေတဲ့ အဲဒီ ပဋိပက္ခမှာ မုံဆာလဘက်ကရော လီနင်မင်ဘက်ကပါ နအဖကို အကြောင်းစုံတင်ပြပြီး ဝိုင်းကူဖြေရှင်းဖို့ အကူအညီတောင်း ခဲ့တယ်။ နအဖ ဘက်ကတပ်တွေစေလွှတ်ပြီး ကြားဝင်ဖြေရှင်းပေးသလိုလိုနဲ့ ဗိုလ်ချုပ် မြင့်လှိုင်၊ ဗိုလ်ချုပ်တင်အောင်မြင့်ဦးတို့ပါဝင်ကွပ်ကဲပြီး လီနင်မင်နဲ့အဖွဲ့တွေကိုတယောက် မကျန် သတ်ဖြတ်ချေမှုန်းခဲ့တယ်။ လီနင်မင်နဲ့ အဖွဲ့ဝင် (၉၇) ဦးနဲ့ ဒေသခံအရပ်သား အပါအဝင် လူပေါင်း (၁၅၀) ခန့်ကို သတ်ဖြတ်ခဲ့တယ်။ မုံဆာလကို ထောက်ခံတဲ့ တပ် တွေကို ဖျက်သိမ်းလက်နက်သိမ်းပြီး မုံဆာလကိုလည်း ရခိုင်ပြည်နယ်ရှိ ထောင်တခုမှာ နှစ်ရှည်ချထားလိုက်တယ်။ ယခုတော့ မုံဆာလ ထောင်ထဲမှာ သေဆုံး သွားခဲ့ရပြီ။ ဒီလို နှစ်ဖက်စလုံးကို လှည့်စားချေမှုန်းပြီး လက်နက်နဲ့နယ်မြေတွေကို သိမ်းယူခဲ့တာ ရှိပါတယ်။

**ပဥ္စမ နည်းဗျူဟာ** ကတော့ သူတို့ တပ်ရင်းတပ်ဖွဲ့တွေကို တိုးချဲ့ဝင်ရောက်နေရာ ချထားပြီး စစ်ရေးအရ အသာစီးရအောင်နဲ့ ထိန်းချုပ်အကြပ်ကိုင်နိုင်အောင် လုပ်ဆောင် ခဲ့တယ်။ ဒါမျိုးကိုတော့ အပစ်ရပ်အဖွဲ့တွေ လှုပ်ရှားအခြေပြုတဲ့ ဒေသအတွင်းမှာနဲ့ အပစ်ရပ်အဖွဲ့တွေရဲ့ အရေးကြီးတဲ့ အခြေခံစခန်းတွေကို ဝိုင်းရံပိတ်ဆို့နိုင်တဲ့ အချက် အချာကျတဲ့ နေရာဒေသတွေမှာ သူတို့ရဲ့ ခြေလျင်၊ ခြေမြန်တပ်ရင်းတွေ အမြောက်

တပ်ရင်းတွေကို တတ်နိုင်သလောက် ဝင်ရောက်ချထားခဲ့တယ်။ ဒီလို တပ်ချရာမှာလည်း တပ်ရိက္ခာဖူလုံရေး၊ တပ်မိသားစု ဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူတွေရဲ့ စိုက်ပျိုးဖြစ်ထွန်းပြီးသား ခြံမြေလယ်မြေနေရာကောင်းတွေကို ရွေးပြီး တပ်ရင်းတရင်းအတွက် မြေအကျယ်ဧက (၃၀၀) ခန့်ကို သိမ်းယူကြတယ်။ လယ်ယာ ခြံပိုင်ရှင်တွေကိုတော့ ကာလတန်ဘိုးရဲ့ (၁) ရာခိုင်နှုန်း လောက်တောင်မရှိတဲ့ အမည်ခံငွေကြေးကိုပေးပြီး သဘောတူကြည်ဖြူစွာ လွှဲအပ်ကြောင်း လက်မှတ်ရေးထိုးစေတယ်။ ဒီလို မြေယာကောင်းတွေ သိမ်းယူပြီး စခန်းချ တပ်ဆောက်ရာမှာလည်း ဒေသခံပြည်သူတွေကို အဓမ္မခိုင်းစေ၊ သူတို့ဆီက ငွေကြေး ကောက်ခံတာတွေ လုပ်ခဲ့တယ်။ အခြေကျပြီးတဲ့နောက်မှာ ဩဇာတွေသုံး ဖိအားတွေပေးပြီး အုပ်ချုပ်မှုအာဏာတွေ အခြေခိုင်အောင် ဖော်ဆောင်လာတယ်။ ဒီလိုနည်းနဲ့ စစ်ရေးအရလွှမ်းမိုးနိုင်ဖို့နဲ့ အုပ်ချုပ်ရေးအာဏာ ဖော်ဆောင်နိုင်ဖို့ အရေးကြီးတဲ့ ဂွင် တွေမှာ တပ်အင်အားတွေ (၃) ဆကနေ (၄) (၅) (၆) ဆအထိ တိုးချခဲ့တယ်။ ဒီလို လုပ်ရပ်မျိုးကို အပစ်ရပ်နယ်မြေတိုင်းလိုလိုမှာ လုပ်ခဲ့တယ်။ တဆက်တည်းမှာ စစ်ရေးအရလှုပ်ရှားလွယ်ကူစေဖို့လမ်းဖောက်တံတားဆောက်တာတွေလည်း ဒေသဖွံ့ဖြိုးရေးအမည်ခံပြီး ပြင်ဆင်ဖောက်လုပ်ခဲ့တယ်။

**ဆင့်မနည်းဗျူဟာ** ကတော့ အပစ်ရပ်အဖွဲ့များ အားနည်းပြိုကွဲပျက်စီးသွားအောင် နည်းပေါင်းစုံနဲ့ အရေးယူလုပ်ဆောင်တာ တပ်ဖျက်၊ လက်နက်သိမ်းတာတို့ကို ပြုလုပ်ခဲ့တယ်။

သာဓကအနေနဲ့ နိုင်ငံရေးအရ ရပ်တည်မှုမခိုင်မာ၊ စီးပွားရေးဖွံ့ဖြိုးရေးကိုသာ ဦးစားပေးပြီး သူတို့စီမံရာကို လိုက်နာလုပ်ဆောင်နေတဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ ဦးဆောင်တဲ့ PNO ခေါ် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ရဲ့ တပ်ဖွဲ့ဝင်များကို အထူးရဲအဖြစ် အသွင်ပြောင်းကာ လစာ၊ ရိက္ခာတွေကို ထုတ်ပေးပြီး သူတို့ရဲ့ လက်အောက်ခံတပ်ဖွဲ့အဖြစ် ဝါးမျိုသိမ်းသွင်းခဲ့တာကို တွေ့ရတယ်။

ပြီးတော့ ယခင် ဗိုလ်မှူးကြီး ကဏ်းယွတ် ဦးဆောင်တဲ့ ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) အဖွဲ့ဝင် တပ်မဟာ (၁၁) မှူး ဗိုလ်မှူးကြီးကန်နန်နဲ့ ခေါင်းဆောင်အချို့ကို ဖမ်းဆီးပြီး ၂၀၀၅ ဧပြီလ (၁၂) ရက်နေ့မှာ သူ့တပ်ဖွဲ့တွေနဲ့ပါ လက်နက်ချစေခဲ့ပါတယ်။ အဲဒါရဲ့အဆက် တပ်မဟာ (၁၉) မှူး ဗိုလ်မှူးကြီး ကွမ်းခေးနဲ့ ခေါင်းဆောင်တွေကို အကြပ်ကိုင်ပြီး မေလ (၂၀) ရက်နေ့မှာ ၎င်းတပ်ဖွဲ့ဝင်များကို လက်နက်အပ်စေခဲ့ပါ

တယ်။ ၎င်းအဖွဲ့ဝင် ဗိုလ်မှူးကြီး စိုင်းရီနဲ့ ကျန်တပ်ဖွဲ့ဝင်တွေက နယ်စပ်ကိုပြောင်းရွှေ့ပြီး ဗိုလ်မှူးကြီး ယွက်ဆစ်ဦးဆောင်တဲ့ ရှမ်းပြည်တောင်ပိုင်းတပ်မတော်နဲ့ ပူးပေါင်းခဲ့ရတယ်။ ဒီလိုနဲ့ SSNA အဖွဲ့ ပျောက်ဆုံးခဲ့ရတယ်။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) အဖွဲ့ဝင်များကိုလည်း အင်အားအလုံးအရင်းနဲ့ ဝိုင်းရံထားပြီး ၂၀၀၅ ခု ဧပြီလ (၂၉) ရက်နေ့မှာ အဓမ္မလက်နက်ချစေခဲ့တယ်။

၂၀၀၈ ခု ဩဂုတ်လအတွင်းမှာလည်း ဥက္ကဋ္ဌဟောင်း တာကလယ် ဦးဆောင်နေတဲ့ ပအိုဝ်းနီခေါ် ရှမ်းပြည်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) လက်ကျန်အဖွဲ့တွေကို တပ်အင်အားအလုံးအရင်းနဲ့ ဝိုင်းရံထားပြီး အဓမ္မလက်နက်ချစေခဲ့တာကို တွေ့ခဲ့ရတယ်။

ဒီလို အင်အားသုံး ဖျက်သိမ်းဖို့ မလွယ်တဲ့အဖွဲ့တွေအပေါ်မှာ အခြားနည်းနဲ့ အားနည်းသွားအောင် လုပ်ဆောင်ခဲ့တာတွေ အောက်ပါအတိုင်း တွေ့ရပြန်တယ်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလဆန်းမှာ ရှမ်းပြည်တိုးတက်ရေးပါတီ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) SSA-N ရဲ့ နာယကကြီး ဝါရင့်တော်လှန်ရေးခေါင်းဆောင် ဗိုလ်ချုပ်ဆေထင် ကိုဖမ်းပြီး နှစ်တရာကျော် ထောင်ဒဏ်ချမှတ်ခဲ့တယ်။ နိုင်ငံရေးအရ ဦးဆောင်နေသူကို ဖမ်းဆီးဖယ်ရှားတဲ့နည်းနဲ့ အဖွဲ့အစည်းကို အားနည်းလမ်းလွဲသွားအောင် လုပ်ဆောင်ခဲ့တယ်။ ၎င်းအဖွဲ့ရဲ့ တပ်မဟာ (၃) ဌာနချုပ်စခန်းကိုလည်း အကြပ်ကိုင်ပြီး ပြောင်းရွှေ့စေခဲ့ပါတယ်။

KIO အဖွဲ့အစည်းပေါ်မှာလည်း အမျိုးမျိုးစော်ကား မတရားလုပ်ခဲ့တာ ရှိပါတယ်။ ဥပမာ - ကချင်ပြည်လွတ်မြောက်ရေးတပ်မတော် (KIA) အဖွဲ့ဝင်ထဲက သူတို့ကိုအွန္တရယ်ပေးနိုင်တဲ့ လူလို့ယူဆရတဲ့ အရာရှိတချို့ကို ဖမ်းဆီးထားတာမျိုး လုပ်ခဲ့တယ်။ ၂၀၀၆ ခုနှစ်ဆန်းမှာ ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်းမှာရှိတဲ့ တိုက်နယ်ဖွံ့ဖြိုးရေးစခန်းထဲကို စစ်အစိုးရ ခလရ (၆၈) က အရာရှိနဲ့ တပ်ဖွဲ့တချို့ဝင်ရောက်ပြီး အတန်ကြာစကားပြောဆိုပြီးမှ KIA အဖွဲ့ဝင် (၅) ဦးနဲ့ အရပ်သားတဦးကို သွေးအေးအေးနဲ့ ပစ်ခတ်ကာ အလောင်းတွေကို မီးရှို့ ဒီလိုလုပ်ပြီး ထွက်သွားကြတယ်။ အခြားဖြစ်ရပ်တခုကတော့ ကချင်အမျိုးသမီး ကျောင်းသူအချို့အား နအဖတပ်ဖွဲ့ဝင်အချို့က မုဒိန်းကျင့်ခဲ့တာကို

ထုတ်ဖော်ခဲ့လို့ အဲဒီကျောင်းသူတွေအပေါ် ခန္ဓာကိုယ်ရောင်းစားတဲ့ မိန်းမပျက်တွေလို့ စွပ်စွဲပြီး ထောင်ချခဲ့တယ်။ ဒါတွေအပြင် KIA နယ်မြေအတွင်းကြို တင်အကြောင်းမကြားပဲ နအဖတပ်ဖွဲ့များ ရုံဖန်ရံခါ ဝင်ထွက်သွားလာပြတယ်။ ဒီလို လုပ်ပြတာတွေဟာ သီးခံနေတဲ့ KIO/KIA ခေါင်းဆောင်တွေအပေါ် အောက်ခြေထုက ယုံကြည်မှုကင်းမဲ့လာအောင်နဲ့ ကချင်ပြည်သူတွေ KIO/KIA အပေါ် ထောက်ခံမှုကျဆင်းပြီး ဆန့်ကျင်လာအောင် လုပ်တာဖြစ်တယ်။

**သတ္တမနည်းဗျူဟာ** ကတော့ အပစ်ရပ်ငြိမ်းချမ်းရေးရယူထားတဲ့ အဖွဲ့အချို့ကို အခွင့်အရေးအချို့ပေးပြီး လက်ကိုင်ဒုတ်လုပ်ကာ နိုင်ငံရေးစစ်ရေးမှာ ပိုမိုအားကောင်းတဲ့ ၎င်းတို့ဆိုင်ရာ အမျိုးသားအဖွဲ့အစည်းကို တိုက်ခိုက်စေခဲ့တယ်။ ဥပမာ - DKBA ကို ထောက်ကူအားပေးပြီး သူတို့နဲ့အတူ KNU/KNLA ကို တိုက်ခိုက်စေခဲ့တယ်။ ၁၉၉၅ ကနေ ဒီနေ့အထိ ရှိနေတာကို အများကြားသိပြီးသား ဖြစ်တယ်။ ထို့အတူ ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) ကိုလည်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ရဲ့ ကရင်နီတပ်မတော်က နေရာယူထားတဲ့ ထိုင်းမြန်မာနယ်စပ်က ညာမူကုန်းကို သူတို့နဲ့အတူ ၂၀၀၆ ခုနှစ်ကုန်ပိုင်းကစပြီး တိုက်ခိုက်စေခဲ့တယ်။ ယခုအချိန်အထိ ခြေကုတ်ယူနိုင်တဲ့နေရာက တိုက်နေစေခဲ့တယ်။ ဒီလို လူမျိုးစုတခုအတွင်းမှာ အချင်းချင်းတိုက်ခိုက်စေပြီး အမြတ်ထုတ်နေတဲ့ လုပ်ရပ်ဟာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်တဲ့ လုပ်ရပ်မဟုတ်ဘူး။

**အဋ္ဌမနည်းဗျူဟာ** ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ချည်နှောင်ပြီး နောက်ဆုံးပိတ်ကြိတ်ချေ ချေမှုန်းတဲ့ နည်းဖြစ်တယ်။

သူတို့ဟာ အပစ်အခတ်ရပ်စဲရေး စကတည်းက တိုင်းရင်းသားအင်အားစုတွေနဲ့ နိုင်ငံရေးအရ ဆန္ဒမပြည့်တဲ့ကိစ္စကို ဆွေးနွေးဖို့ကိစ္စကို ရှောင်ခဲ့တယ်။ တိုက်ခိုက်နေသူတို့အချင်းချင်း အပစ်ရပ်တယ်ဆိုတာ နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းဖို့ ဖြစ်တာကို သူတို့သိပေမဲ့ သူတို့ဟာ တရားဝင်အစိုးရ၊ လူထုက ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရမဟုတ်လို့ ဆုံးဖြတ်ပိုင်ခွင့် မရှိဘူး။ နောင်တက်လာမဲ့ ရွေးချယ်ခံအစိုးရနဲ့သာ ဆွေးနွေးပါလို့ဆိုပြီး ရှောင်ခဲ့တယ်။ နောက်တော့ အမျိုးသားညီလာခံကျင်းပပြီး အမျိုးသားညီလာခံမှာ မိမိတို့လိုလားတဲ့ အခွင့်အရေးတွေ ပါဝင်လာအောင် တက်ရောက်ဆွေးနွေးပါလို့ ဆိုလာပြန်တယ်။ တကယ်တက်ရောက်ပြီး အမျိုးသားပြည်နယ်၊ အမျိုးသားဒေသ

လူမျိုးစုဆိုင်ရာ အခွင့်အာဏာတွေတင်ပြတော့ ညီလာခံဦးတည်ချက်နဲ့ မကိုက်ညီဘူး ဆိုပြီး ပယ်တာလည်းရှိ၊ ကိုယ်စားလှယ်အားလုံးရဲ့ သဘောတူညီမှုကို ရရှိဖို့လိုတယ်ဆို ပြီး သူတို့ခေါင်းခေါက်ရွေးချယ်ထားပြီး သူတို့ပြောသလို လိုက်လုပ်နေတဲ့ ကိုယ်စားလှယ် အများစုရဲ့ ဆန္ဒနဲ့ ပယ်တာလည်း ရှိတယ်။ သူ့ပွဲနဲ့ သူ့လူတွေအကြားမှာ ငြင်ငြင်သာသာ စကားလုံးလှလှနဲ့ တင်သမျှကို ပယ်ချခဲ့တယ်။ သူ့ "လူ"၊ သူ့ "မူ" တွေနဲ့ ချမှတ်ရေးဆွဲခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လိမ်ညာခြိမ်းခြောက်ဟန်ပြ အဓမ္မနည်းပေါင်းစုံနဲ့ အမည်ခံပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ဖြစ်အောင်လုပ် ခဲ့တယ်။ လာမဲ့ ၂၀၁၀ မှာ ရွေးကောက်ပွဲလုပ်ပြီး အခြေခံဥပဒေကို အပြည့်အဝ အကောင်အထည် ဖော်တော့ မယ်။ အခြေခံဥပဒေမှာ ဖော်ညွှန်းထားချက်အရ လက် နက်ကိုင်အဖွဲ့အစည်းအားလုံးဟာ တပ်မတော်စစ်ဦးစီးချုပ်ရဲ့ ကွပ်ကဲမှုအောက်မှာရှိရမယ်လို့ ဆိုထားတယ်။ အပစ်ရပ် အဖွဲ့တွေရဲ့ တပ်ဖွဲ့ဝင်အားလုံးကို အထူးရဲနဲ့ နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့တွေအဖြစ် အသွင်ပြောင်းပြီး သူတို့က ချုပ်ကိုင်ညွှန်ကြားတာဝန် ယူသွားမှာ ဖြစ်တယ်။ အပစ်ရပ် အဖွဲ့ နိုင်ငံရေးခေါင်းဆောင်တွေကို ပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ဖို့ ပြောလာပြီ ဖြစ်တယ်။

ဒါကသူတို့ရဲ့ နောက်ဆုံးအကွက် နောက်ဆုံးလက်နက်နဲ့ အပြီးသတ် အပစ်ရပ်အဖွဲ့ တွေကို ချေမှုန်းဝါးမျိုဖျက်ဆီးတော့မဲ့နည်း ဖြစ်ပါတယ်။ သူတို့ရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အပြင်မခံနိုင်ဘူးလို့ ဆိုထားတာကြောင့် ဒီအတိုင်းပဲ အကောင်အထည်ဖော် တော့မှာ ဖြစ်ပါတယ်။

တထစ်ပြီးတထစ် တရစ်ပြီးတရစ် အပစ်ရပ်အဖွဲ့တွေကို ချေဖျက်ဝါးမျိုလာတာ အချို့အဖွဲ့တွေ လက်နက်အပ်လို့ အဆုံးသတ်သွားပြီ။ သူတို့မှာ အာဏာမရှိတော့ သူတို့အမျိုးသားပြည်သူတွေကို ဘယ်လိုမှ အကာအကွယ်မပေးနိုင်တော့ပြီ။ ကျန်နေ သေးတဲ့ အဖွဲ့တွေကို မကြာမီ အပြီးအပြတ်ချေဖျက်ရန် အစီအစဉ်အရ အကောင် အထည်ဖော်တော့မယ်။ ဒီအဆင့်ကို ဖြတ်ကျော်ရမဲ့ အဖွဲ့များ ဘယ်လိုဘယ်ပုံ ရင်ဆိုင် ဖြတ်ကျော်ကြမှာလဲ?။ အပစ်ရပ်အဖွဲ့ဝင်များ ဘာတွေမျှော်ကိုးပြီး တွေဝေနေစရာ ကျန်သေးလို့လဲ?

ဒီနောက်ဆုံးအဆင့်မှာ တကယ်တော့ စစ်အစိုးရဘက်က လိုချင်တာ တပ်မဟုတ် ဘူး။ တပ်ကိုဖျက်ပြီး လက်နက်ကို သိမ်းယူဖို့ဖြစ်တယ်။ ဒါပေမဲ့ ဘယ်အဖွဲ့ကမှ

လက်နက်ကို ပေးအပ်ဖို့ လက်မခံနိုင်တာကို သိတာကြောင့် တဆင့်ခံပြီး ဒီလိုလုပ်တာဖြစ်တယ်။ ဒီ တပ်တွေကို သူတို့ခေါင်းဆောင်တပ်မှူးတွေနဲ့ပဲ ဆက်ထားမယ်။ ဒေသဝွင်တွေ သတ်မှတ်ပြီး နေရာချထားပေးမယ်။ လိုအပ်တဲ့ သင်တန်းတွေပေးမယ်။ လိုအပ်တာတွေ ဖြည့်စွက်ပေးမယ်လို့ အကောင်းတွေရွေးပြီး ပြောလာနေတယ်။ တကယ်တော့ သူ့ခြံပေါက်၊ သူ့ကျောင်းဆင်း၊ သူ့လူရင်းတွေ မဟုတ်တော့ သူတို့စိတ်ချယုံကြည်မှာမဟုတ်ဘူး။ အခြေအနေအရ တဖြည်းဖြည်းခြင်း ကျောသပ်စည်းရုံး ပုံသွင်းခေါင်းဆောင်တွေ လဲလှယ်ပြီး ဝါးမျိုသွားဖို့ ဒီလိုလုပ်နေတာ ဖြစ်တယ်။ သူတို့ တပ်မတော်မှာ ယခင်က ရှိခဲ့တဲ့ ကချင်တပ်ရင်းတွေ၊ ချင်းတပ်ရင်းတွေကိုတောင်ဖျက်ခဲ့တာကို ကြည့်ရင် ဒီလိုဖျက်ဖို့ သေချာနေပါတယ်။

အပစ်ရပ်အဖွဲ့တွေအတွက် တပ်ကိုအပ်လိုက်ရင် ဘာတွေမျှော်လင့်စရာ ကျန်ရှိသေးလဲ။ တပ်ဆိုတာ အထက်အမိန့်ကို နာခံရတယ်။ လစာရိက္ခာထောက်ပံ့တဲ့ အဖွဲ့တွေအပေါ် သစ္စာစောင့်သိရတယ်။ ဒီတော့ မိမိတို့တပ်အပေါ် ကိုယ့်ရဲ့အင်အားတွေပါလို့ မစဉ်းစားနဲ့တော့။ ၁၉၅၈ ခုတုန်းက ပအိုဝ်း၊ မွန်၊ ရခိုင်နဲ့ ပြည်သူ့ရဲဘော်အဖွဲ့များ လက်နက်ပေးအပ်ခဲ့ဘူးတယ်။ ဟိုတုန်းက ဒီမိုကရေစီအစိုးရ၊ ဒီမိုကရေစီစနစ်အရ နိုင်ငံရေးလှုပ်ရှားခွင့် အတော်အတန်ရှိခဲ့တယ်။ ဒါတောင် ၃-၄ နှစ်အကြာမှာ မိမိတို့အမျိုးသားအတွက် ဘာမှဖြစ်မလာတဲ့အပြင် ခေါင်းဆောင်တွေ ထောင်ထဲဝင်ခဲ့ရတဲ့ အတွေ့အကြုံ ရှိခဲ့ဘူးတယ်။ အခုခေတ်မှာ ရှမ်း (SSNA)၊ ပလောင် (PSLA)၊ ပအိုဝ်း (ရလလဖ) တို့ လက်နက်အပ်ပြီး ဘာတွေရလို့ ဘာတွေဖြစ်နေကြပြီလဲ။ ဘာတွေမျှော်လင့်နိုင်သေးလဲဆိုတာ လေ့လာကြည့်ပါ။

စစ်အာဏာရှင်တွေ အုပ်စိုးနေတဲ့ကာလမှာ တပ်ကို ပုံအပ်ပေးလိုက်တာဟာ မိမိတို့ရဲ့အသက်၊ မိမိတို့ရဲ့ ဘဝကံကြမ္မာကို ပုံအပ်ပေးလိုက် တာနဲ့ အတူတူပဲ။ မိမိတို့တော်လှန်ရေးတပ်ဖွဲ့ဝင်တွေရဲ့ မူလဦးတည်ချက်တွေနဲ့ ခံယူ ချက်တွေက ဘာလဲ။ မိမိတို့အမျိုးသားလွတ်မြောက်ရေးအတွက်ဆိုတဲ့ ဦးတည်ချက်နဲ့ အသက်ကိုစွန့်လျှပြီး တာဝန်ထမ်းဆောင်ဖို့ ဝင်ရောက်လာတဲ့ မျိုးချစ်လူငယ်၊ လူလတ်တွေ ဖြစ်တယ်။ ဒါကို မျက်ကွယ်ပြုပြီး စစ်အစိုးရအောက် ကျွန်သဘောက်အဖြစ်နဲ့ ခံနေကြတော့လို့ သူတို့ကိုတွန်းပို့လိုက်မယ်ဆိုရင် တရားမျှတ ပါရဲ့လား။ ဒီလို လုပ်ရက်တဲ့ ခေါင်းဆောင်မျိုး အနာဂတ်မှာ မိမိရဲဘော်တွေနဲ့ ပြည်သူတွေရဲ့ တံတွေးခွက်မှာ နစ်မျောရဖို့ သေချာတယ်။ လက်နက်ကို ပေးအပ်တာဟာ တကယ်တော့ တပ်ကိုပါ ပေးအပ်တာထက် သက်သာပါသေးတယ်။

ပစ္စည်းကို ပေးအပ်ပြီး လူက လွတ်လပ်နေ ပါသေးတယ်။ လက်နက်တခု ဆုံးရှုံးသွားရင် နောက်တခုရှာယူလို့ ရနိုင်ပါသေးတယ်။ လူကိုပါ အပ်လိုက်တာဟာ တသက်တာ သူ့ ကျွန်ခံဖို့ ကိုယ့်သားသမီးတွေကို ပေးအပ်လိုက်သလို ဖြစ်မနေဘူးလား။ အနှစ် နှစ် ဆယ်ကျော် ဖြတ်သန်းလာခဲ့ရတဲ့ အပစ်အခတ်ရပ်စဲရေး ခရီးစဉ်မှာ အတွေ့အကြုံ သင် ခန်းစာတွေရခဲ့တာလည်း မနည်းတော့ပါ။ ပေးဆပ်ခဲ့ရတဲ့ အရင်းအနှီးတွေကလည်း မနည်းတော့ပြီ။ ဒီတော့ကာ ကောင်းရာမှန်ရာ ဆုံးဖြတ်နိုင်ပါစေ။

၂၀၀၉ ခု မေလ+ဇွန်လ

Guiding Star Mon Newspaper

# ဖက်ဒရယ်မူသည်သာ မြန်မာ့ပြဿနာ၏ ထွက်ပေါက်

ကျနုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံကို ၁၉၄၈ ခုမှ ၁၉၆၂ ခုအထိ မဟာလူမျိုးကြီးဝါဒကို အခြေခံသော ဒီမိုကရေစီလမ်းစဉ်ဖြင့် အုပ်ချုပ်ခဲ့သည်။ ၁၉၆၂ ခုမှ ၁၉၈၈ ခုအထိ ဗိုလ်ချုပ်နေဝင်းက မဟာလူမျိုးကြီးဝါဒကို တပါတီအာဏာရှင် မြန်မာ့နည်း မြန်မာ့ဟန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် အုပ်ချုပ်ခဲ့သည်။ ၁၉၈၈ ခုမှ ဒီနေ့ ၂၀၀၉ ခုအထိ (နဝတ၊ နအဖ) စစ်အစိုးရက မဟာလူမျိုးကြီးဝါဒကို စစ်အာဏာရှင်စနစ် ငြိမ်ဝပ်ပိပြားရေး (ငြိမ်-ပိ) လမ်းစဉ်ဖြင့် အုပ်ချုပ်ခဲ့သည်။ ဤလမ်းစဉ်ပေါ်လစီများသည် ကျွန်ုပ်တို့ ပြည်ထောင်စုကို အေးချမ်းတည်ငြိမ်တိုးတက်အောင် မဖြစ်စေနိုင်ကြောင်း အများပြည်သူတို့ သိရှိကြပြီး ဖြစ်ပါသည်။ နအဖစစ်အစိုးရသည် လာမည့် ၂၀၁၀ ခုတွင် ရွေးကောက်ပွဲ ကျင်းပပြီး မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်ကိုပင် အခြေခံသော ၎င်းတို့အဆို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းစဉ်ကို ကျင့်သုံးသွားမည်ဟု ဆိုပါသည်။ ဤ လမ်းစဉ်သည်လည်း ကျနုပ်တို့ပြည်ထောင်စုအတွင်း ဖြစ်ရှိနေသော အဓိကပြဿနာ များကို ဖြေရှင်းပေးနိုင်မည် မဟုတ်ကြောင်း နိုင်ငံရေးအသိရှိသူအများစုနှင့် ပြည်သူ အများက သိရှိနားလည်ထားကြသည်။ ထို့ကြောင့် အကျိုးမရှိမှန်း ထင်ရှားသော စမ်း တဝါးဝါးလမ်းစဉ် ပေါ်လစီများဖြင့် အချိန်ကုန်လူပမ်း နိုင်ငံကို ပိုမိုမနစ်မွန်းစေရန် မိမိတို့ နိုင်ငံအခြေအနေနှင့် သင့်တော်သော လမ်းစဉ်ပေါ်လစီကို အမြန်ကျင့်သုံးနိုင်ရန် လိုအပ် ပါသည်။ နိုင်ငံတခု၏ နိုင်ငံရေးလမ်းစဉ်ပေါ်လစီသည် ထိုနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီစပ်ဟပ်ရန် လိုအပ်ပေသည်။ မကိုက်ညီသည့် ပေါ်လစီကို ချမှတ်ကျင့်သုံးမိ ပါက ပြဿနာမျိုးစုံပေါ် ပေါက်လာမည်ဖြစ်ပြီး နိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုး ရေးတို့ကို ထိခိုက်ပျက်ပြားစေပါလိမ့်မည်။ ထို့ကြောင့် စစ်မှန်သည့် အခြေ အနေကိုသိပြီး သမိုင်းကိုလည်း နောက်ပြန်ကြည့်၍ အနာဂတ်အတွက် အဖြေညှိရန် လိုပါလိမ့်မည်။

အဖြေသိနိုင်ရေးအတွက် အောက်ပါအကြောင်းအချက်များကို သုံးသပ်နိုင်ရန် တင် ပြပါသည်။

## (က) ပထဝီအနေအထားနှင့် လူမျိုးစု

ကျနုပ်တို့ပြည်ထောင်စုသည် လူမျိုးစုကြီးတခုကသာ အခြေချနေထိုင်ပိုင်ဆိုင်သော နိုင်ငံမဟုတ်။ လူမျိုးကြီးများ လူမျိုးငယ်များက သီးခြားနယ်မြေများဖြင့် ပါဝင်ဖွဲ့စည်းထားသော နိုင်ငံဖြစ်သည်။ ဗမာလူမျိုးသည် လူဦးရေအများဆုံးနှင့် အာဏာရထားသော လူမျိုးကြီး ဖြစ်သည်။ မြေပြန့်ဒေသနှင့် နိုင်ငံ၏ အလယ်ပိုင်းဒေသတွင် နေထိုင်ကြသည်။ ကာလတော်တော်များများတွင် အာဏာရလာခဲ့သဖြင့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတို့တွင် အခြားသော လူမျိုးများအပေါ် လွှမ်းမိုးထားနိုင်သောကြောင့် လူဦးရေအရ ပိုမိုများပြားလာနေခြင်း ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး စသည်တို့တွင်လည်း အခြားသော လူမျိုးများထက် တိုးတက်ရှေ့ရောက်နေသည်။ သို့သော် အခြားသော လူမျိုးများဖက်ကို ပြန်ကြည့်ပါက မွန်၊ ရခိုင်၊ ရှမ်းတို့သည် တချိန်က ဗမာ တို့နှင့် ထီးပြိုင်နန်းပြိုင် သီးခြားနိုင်ငံများဖြင့် နှစ်ပေါင်းများစွာ အခိုင်အမာ ရှိလာခဲ့ကြသည်။ ကရင်နီသည်လည်း သီးခြားလွတ်လပ်သည့် နိုင်ငံတခုအနေနှင့် တည်ရှိခဲ့သည်။ ကချင်နှင့် "ဝ" တို့သည် သီးခြားနိုင်ငံအနေနှင့် မပေါ်လွင်သော်လည်း ၎င်းတို့လူမျိုး၊ ၎င်းတို့ နယ်မြေကို ၎င်းတို့ကိုယ်တိုင် စီမံအုပ်ချုပ်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ထင်ထင်ရှားရှား ရှိခဲ့သည်။ ဤသို့ တသီးတခြားစီနေလာခဲ့ကြသော လူမျိုးများ၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ကိုယ်စီကိုယ်ငှနှင့် ရှိလာခဲ့ကြသော လူမျိုးများ၊ ဤသို့သော လူမျိုးများ နယ်မြေများကို တစုတစည်းတည်းအဖြစ် ဖွဲ့စည်းထားသော နိုင်ငံတခုကို တည်ထောင်ပါက ထူးခြားသော အခြေအနေနှင့်ကိုက်ညီရန် ဖန်တီးဖို့ လိုပါသည်။

## (ခ) လူမျိုးရေးစိတ်ဓါတ်၏ လေးနက်မှု

လူမျိုးတမျိုးဖြစ်ပေါ် လာရန်မှာ လူတစုက အခြားလူမျိုးများနှင့် ကင်းလွတ်ကာ တသီးတခြား နှစ်ပေါင်းများစွာ အတူတကွနေထိုင်ပြီးမှ ဖြစ်ပေါ် လာရသည်။ လက်ရှိလူမျိုးများသည် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကတည်းက သီးခြားလူမျိုးများအနေဖြင့် တည်ရှိလာခဲ့ကြသည်။ ထိုသို့ သီးခြားလူမျိုးများအနေဖြင့် ရပ်တည်နိုင်ရန်မှာ တောတိရစ္ဆာန်တို့၏ ရန်၊ အခြားလူစုတို့၏ ရန်၊ ရန်အမျိုးမျိုးကို ခုခံတော်လှန်ပြီးမှ ဖြစ်တည်ပေါ်ပေါက်လာရသည်။ အင်အားကြီးသော လူစုက အင်အားငယ်လူစုကို အနိုင်ကျင့် လုယက်သတ်ဖြတ် ကျွန်ပြုလာခဲ့သော ရှည်လျားသည့် သမိုင်းစဉ်တလျှောက်တွင် မပျောက်မပျက် ရပ်တည်လာနိုင်ခြင်းမှာ ၎င်းတို့အတွင်း စည်းလုံးမှု၊ ချစ်ကြည်မှု၊ စွမ်း

အား စိုက်ထုတ်မှု စသည့်အရင်းအနှီးများစွာ ရှိခဲ့ကြသည်။ လူမျိုးတမျိုးတွင် ဘာသာ စကား၊ စာပေ၊ ယဉ်ကျေးမှု တူညီနေခြင်းမှာ ဘိုးဘေးဘီဘင်ခေတ် ကာလများစွာတွင် အတူ နေထိုင်ကြီးပြင်းလာကြ၍သာ ဖြစ်သည်။ ထိုသို့ ဘိုးဘေးဘီဘင်များ အတူတကွ နေလာခဲ့ကြသဖြင့် အရင်းအမြစ်ကိုစီစစ်ကြည့်လျှင် လူမျိုးတမျိုးဆိုသည်မှာ သွေးသား တော်စပ်ကြသော ဆွေမျိုးစုများ ဖြစ်ကြသည်။ ထို့ကြောင့် လူမျိုးတုကို ဆွေမျိုးဖြစ်သည် ဟု သဘောထားပြီး ကူညီစောင့်ရှောက်ကြခြင်းမှာ သင့်တော်မှန်ကန်ပါသည်။

လူ ဟူ၍ဖြစ်လာလျှင် လူမျိုးတမျိုး သို့မဟုတ် နှစ်မျိုးတွင် ပါဝင်ရစမြဲ ဖြစ်သည်။ လူမျိုးတုလျှင် ဘဝကံကြမ္မာခြင်း ဆက်စပ်နေကြသည်။ လူမျိုးတမျိုးသည် ကိုယ့်နိုင်ငံ နှင့် လွတ်လပ်ပြီး အာဏာရထားသော လူမျိုးဖြစ်ပါက ထိုလူမျိုးတို့၏ဘဝသည် အလိုလို အခွင့်သာနေမည် ဖြစ်သည်။ အကယ်၍ လူတမျိုးက အဖိနှိပ်ခံဘဝ မလွတ်လပ်သော လူမျိုးဖြစ်နေပါက ၎င်းတို့လူမျိုးအားလုံးသည်လည်း မလွတ်လပ်သော အဖိနှိပ်ခံများ ဖြစ်နေပါလိမ့်မည်။ လွတ်လပ်သော လူမျိုးတို့သည် မိမိတို့၏ ဘာသာစကား၊ စာပေ ယဉ်ကျေးမှုတို့ကို မိမိနိုင်ငံအတွင်း လွတ်လပ်စွာပြောဆိုသင်ကြားကျင့်သုံးနိုင် သော် လည်း မလွတ်လပ်သော လူမျိုးတို့အဖို့ ထိုသို့ ခံစားပိုင်ခွင့်မရှိ။ ပညာတတ်ရန် အလုပ် ရရန် သူတပါး၏ ဘာသာစကားစာပေကို လိုက်၍ သင်ယူနေရသည်။ ထို့ပြင် အနှိမ်ခံရ အထင်သေးရ တန်းတူညီမျှခြင်းမရှိသော ကိစ္စရပ်များစွာကို ခံရမည်ဖြစ်သည်။ အိန္ဒိယ ပြည်တွင် ဇာတ်နိမ့်မျိုးစုအတွင်း လူဖြစ်ပါက အလိုအလျောက် နိမ့်သောအဆင့်တွင် နေရပါလိမ့်မည်။ အမေရိကန်ပြည်ထောင်စုတွင် တချိန်က လူဖြူလူမဲ ခွဲခြားမှု ကြီးမား နေစဉ် လူမဲတယောက်အဖို့ အလိုအလျောက် အနှိမ်ခံရမည် ဖြစ်သည်။ လူသားတို့သည် အသိပညာရှိသည်။ မေတ္တာ ဂရုဏာ ညှာတာမှု ရှိသည်ဟုဆိုသော်လည်း လူမျိုးတမျိုးက အခြားလူမျိုးတမျိုးကို တိုက်ခိုက်သတ်ဖြတ် ပစ္စည်းလုကျွန်ပြုနိုင်ခဲ့ခြင်းကို ဂုဏ်ယူစရာ အဖြစ် တချိန်က မှတ်ယူခဲ့ကြသည်။ လွန်လာခဲ့သော ဆယ်စုနှစ်အချို့အတွင်းမှာပင် လူမျိုးတမျိုးက အခြားလူမျိုးကို မျိုးဖြုတ်သတ်ဖြတ်ခဲ့သည်မှာ ထင်ထင်ရှားရှား ရှိခဲ့ သည်။ ဂျာမဏီက ဂျူးလူမျိုး ခြောက်သန်းကျော်ကို သတ်ခဲ့ခြင်း၊ အီရတ် (ဆဒမ် ဟူစိန်) က ကာဒ်လူမျိုး နှစ်သိန်းနီးပါးကို သတ်ခဲ့ခြင်း၊ ရဝမ်ဒါတွင် ဟူတူလူမျိုးက တူစီလူမျိုး ခြောက်သိန်းကျော်ကို သတ်ခဲ့ခြင်း၊ ဘော့စနီးယား ဟာဇီဂိုးဗီးနားတွင် ဆာပ်လူမျိုးတို့ မူဆလင်မျိုးနွယ်စုကို အစုလိုက်အပြုံလိုက် သတ်ခဲ့ခြင်း၊ မကြာသေးမီက ဆူဒန်နိုင်ငံ ဒါဖောဒေသတွင် အာရပ်တို့က လူမဲများကိုသတ်ဖြတ်ခြင်း စသည်တို့ မှာ လူမျိုးတုရုံနှင့်

ရန်သူစာရင်းဝင်ပြီး ချေမှုန်းခြင်းမျိုးဖြစ်သည်။ ထိုသို့ လူမျိုးရေးအရ ခွဲခြားမှု အနိုင်ကျင့်မှု ရှိနေသဖြင့် လူတိုင်းသည် မိမိတို့၏ လုံခြုံရေးတိုးတက်ရေးအတွက် မိမိလူမျိုးအပေါ် အခြေပြုရမည် ဖြစ်ပါသည်။ ဤသို့သော ဖြစ်စဉ်သည် သမိုင်းဦးကျောက်ခေတ်မှသည် ယနေ့ကမ္ဘာ့ရွာ (ဂလိုဗယ်လိုင်ဇေးရှင်း) ခေတ်အထိ ရှိနေသေးသဖြင့် လူတို့အဖို့ မိမိလူမျိုးသည်သာ မိမိတို့၏ မှီခိုရာ ဖြစ်နေမည်မှာ သဘာဝကျပါသည်။

မာ့ခ် လီနင် စတာလင်နှင့် မာရှယ်တီးတိုးတို့က လူမျိုးရေးပြဿနာသည် လူတန်းစားပြဿနာ၏ လက်အောက်ခံဖြစ်သည်။ လူတန်းစား ပြဿနာကို ဖြေရှင်းလိုက်ပါက လူမျိုးရေးပြဿနာသည် အလိုလိုပြေလည်သွားမည်ဟု ဆိုသည်။ သို့သော် ဆိုဗီယက်ယူနီယံသည်၎င်း၊ ယူဂိုဆလားဗီးယား သည်၎င်း လူတန်းစားအရေး ဦးစားပေးစနစ်ကို နှစ်ပေါင်းအတော်အတန် စမ်းသပ်ခံပြီးသည့်နောက်ပိုင်းတွင် လူမျိုးအလိုက်သီးခြားနိုင်ငံများအဖြစ် ပြောင်းလဲသွားခဲ့ရပြီ။ ၎င်းမှာ လူမျိုးရေးပြဿနာသည် လူတန်းစားပြဿနာထက် ပိုမိုလေးနက်ကြောင်း သာဓကပင် ဖြစ်သည်။

## (ဂ) မျက်မှောက်ခေတ် မြန်မာ့ဖြစ်စဉ်များအပေါ် လေ့လာသုံးသပ်သော် -

ထင်ရှားပြီး အရေးပါသောအချက်များကိုသာ ဖော်ပြပါမည်။ ပြည်ထောင်စုမြန်မာနိုင်ငံဟု ပေါ်ပေါက်မလာမီ ရှန်းကန်တော်လှန်ခဲ့သော ကာလတွင် နယ်ချဲ့ကိုလိုနီနိုင်ငံခြားသားများအား ပူးပေါင်းတိုက်ထုတ်ကြပြီး တိုင်းရင်းသားအချင်းချင်း ညီရင်းအစ်ကိုပမာအခွင့်အရေးများကို သာတူညီမျှခွဲဝေယူကြမည်ဟု ဖဆပလအဖွဲ့က စည်းရုံးပြောဆိုခဲ့သည်။ ၎င်းအပေါ်တွင် တိုင်းရင်းသားများယုံကြည်ပြီး ပါဝင်စုစည်းတော်လှန်ခဲ့ကြသည်။

တဖန် မြေပြန့်ပိုင်း အောက်မြန်မာပြည်ကို အင်္ဂလိပ်တို့က လွတ်လပ်ရေးပေးမည်။ တောင်တန်းဒေသများကို ချန်ထားဦးမည်ဟု အင်္ဂလိပ်တို့ပြောလာသောအခါ လွတ်လပ်ရေးအတူတကွ တချိန်တည်းတွင် ရယူနိုင်ရန် ပင်လုံစာချုပ်ကိုချုပ်ဆိုခဲ့သည်။ ဤတွင် ဆိုင်ရာလူမျိုးနှင့် နယ်မြေများကို ဒေသခံလူမျိုးများ ကိုယ်တိုင်စီမံအုပ်ချုပ်ခန့်ခွဲ နိုင်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြည်နယ်များနှင့် ပြည်ထောင်စုဖွဲ့စည်းရန် ညှိနှိုင်းသဘောတူခဲ့ကြသည်။

၁၉၄၈ ခု လွတ်လပ်ရေးရလာသည့်အခါ ကရင်၊ မွန်၊ ရခိုင် မြေပြန့်နေလူမျိုးစုကြီးများအား မည်သည့်အခွင့်အရေးမျှ မပေးခဲ့သည့်အတွက် တိုင်းရင်းသားများ၏ လက်နက်ကိုင်တော်လှန်ရေး ပေါ်ပေါက်လာခဲ့ရသည်။ ကွန်မြူနစ်နှင့် ပြည်သူ့ရဲဘော်အဖွဲ့တွေကလည်း လူတန်းစားအမြင်နှင့် တော်လှန်လာခဲ့ကြသည်။

၁၉၆၂ ဗိုလ်ချုပ်နေဝင်းအာဏာမသိမ်းမီအထိ ကျနော်တို့ပြည်ထောင်စုတွင် တိုင်းရင်းသားလူမျိုးများ၏ တော်လှန်ရေးအဖွဲ့ ယနေ့ကဲ့သို့ များများစားစား မရှိသေးပါ။ လွှတ်တော်တွင် လူမျိုးစုကိုယ်စားလှယ်များက ၎င်းတို့၏ ရသင့်ရထိုက်သော အခွင့်အရေးများကို ပါလီမန်လွှတ်တော်တွင် တောင်းဆိုတိုက်ပွဲဝင်မှု အားကောင်းအောင်မြင်လာသောအခါ ၎င်းကို ဟန့်တားချေဖျက်ရန် ဗိုလ်ချုပ်နေဝင်းနှင့် ဗမာ့နိုင်ငံရေးခေါင်းဆောင်အချို့ ပူးပေါင်းပြီး အာဏာသိမ်းခဲ့ကြသည်။ အာဏာသိမ်းပြီးသောအခါ တိုင်းရင်းသားခေါင်းဆောင်များကို ဖမ်းဆီးထောင်ချသည်။ ယခင်ပေးထားပြီးသော တိုင်းရင်းသားအခွင့်အရေး ပြည်နယ်အခွင့်အရေးများကို လျှော့ချပြီး အာဏာကို စစ်ဗိုလ်များက ဝင်ရောက်ချုပ်ကိုင်ခဲ့သည်။ ထို့နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် (မဆလ) နှင့် လှည့်စားခဲ့သည်။ စစ်တပ်ကိုတိုးချဲ့ပြီး စစ်ဆင်တိုက်ခိုက်ခဲ့သည်။ ဤသို့ လုပ်ခဲ့သောကြောင့် ကချင်၊ ကယန်း၊ ချင်း၊ ပလောင်၊ ပအိုဝ်း၊ ရှမ်း၊ လားဟူ၊ "ဝ" အမျိုးသားတော်လှန်ရေးအဖွဲ့များ ပေါ်ပေါက်လာခဲ့ရသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ကန့်သတ်ဖျက်ဆီး ခံခဲ့ရသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် ပြည်သူတရပ်လုံး မခံမရပ်နိုင်တော့သဖြင့် (၈) လေးလုံးအရေးအခင်းကြီး ပေါ်ပေါက်လာရသည်။ ဤသည်မှာ မဟာလူမျိုးကြီးဝါဒကို စစ်အာဏာရှင်စနစ်ဖြင့် အကောင်အထည်ဖော်ခဲ့သော ဖက်ဆစ်စနစ်ကြောင့် ဗမာလူမျိုးအတွင်း ပြဿနာပေါ် ပေါက်လာရခြင်း ဖြစ်သည်။ ဗိုလ်ချုပ်နေဝင်း၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နှင့် အစိုးရချုပ်ငြိမ်းခဲ့ရသည်။

(၈) လေးလုံးအရေးအခင်းနောက်ပိုင်းတွင် အာဏာရလာသော နဝတ၊ နအဖ စစ်အစိုးရသည် ဒီမိုကရေစီလိုလားသော အင်အားစုများကို ဖြိုနိုင်ရန် အပြင်းအထန်ကြိုးစားရတော့သည်။ တိုင်းရင်းသားအင်အားစုနှင့် ဒီမိုကရေစီအင်အားစုတို့ ပူးပေါင်းမိပြီး အတိုက်အခံအင်အားစုကြီး ဖြစ်မသွားစေရန် တိုင်းရင်းသားအင်အားစုများကို အပစ်အခတ်ရပ်စဲရေးနှင့် ဆွဲဆောင်ခဲ့သည်။ နစ်အတန်ကြာသော် ဒီမိုကရေစီအင်အားစုများ အခြေယိုင်သွားသည့်အခါ အပစ်ရပ်တိုင်းရင်းသားအင်အားစုများကို နည်းပေါင်းစုံနှင့် ဖြိုခွဲလာပြန်သည်။ အမှန်မှာ နဝတ၊ နအဖ စစ်အစိုးရသည် ဗိုလ်ချုပ်နေဝင်း၏ နောက်

လိုက်များပီပီ ၎င်း၏အတွေးအမြင် အယူအဆများကို လက်ခံထားပြီး တိုင်းရင်းသားများကို ထပ်မံဖိနှိပ်ဝါးမျို နေခြင်းဖြစ်သည်။

ယခုအခါ လက်နက်ကိုင်ထားသော ကွန်မြူနစ်တပ်ဖွဲ့များ မရှိတော့ပါ။ လက်နက်ကိုင် ဒီမိုကရေစီအင်အားစု အချို့ရှိပါသည်။ အများစုမှာ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုဖြစ်သည်။ ၎င်းတို့ကို ဖျောက်ဖျက်ပစ်ရန် နအဖတို့က နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်အဖြစ် အသွင်ပြောင်းလဲရန် ကြိုးစားနေသည်။ အဓိကကျသော တိုင်းရင်းသားအဖွဲ့အစည်းများက လက်မခံကြပါ။ လက်နက်နှင့် ဖြေရှင်းမည်ဆိုလျှင်လည်း ပြည်တွင်းစစ်မီး ကြီးကြီးမားမား ပြန်ထတောက်တော့မည်။

ဤဖြစ်စဉ်နှင့် လက်ရှိအနေအထားအပေါ် သုံးသပ်ကြည့်မည်ဆိုလျှင် တိုင်းရင်းသားများ၏ ရသင့်ရထိုက်သော အမျိုးသားဆိုင်ရာအခွင့်အရေးများကို မပေးပါက ဤပြည်တွင်းစစ်ပြဿနာကို မည်သို့မျှ ဖြေရှင်းနိုင်မည် မဟုတ်ပါ။ ဗမာအမျိုးသားရေးဝါဒီများအနေနှင့် တိုင်းရင်းသားများအပေါ် ဆက်လက်စိုးမိုးရန် ဆန္ဒများစွာ ရှိသေးသည်။ ထိုအမြင်ကြောင့် လွတ်လပ်သောလူမျိုး အာဏာရလူမျိုး ဆိုသည့် ဗမာလူမျိုးပြည်သူများစွာတို့သည် ကိုယ်လက်အင်္ဂါပြည့်စုံပါလျှက်နှင့် လူတကာကို အောက်ကျို့ခံပြီး တောင်းစားနေရသူ များစွာဖြစ်ရှိနေရသည်။ အနံ့အသက်ဆိုးသော အမှိုက်ပုံများကို မှီခိုပြီး စားသောက်ရှင်သန်နေရသူများစွာ ဖြစ်ရှိနေရသည်။ သူတပါးနိုင်ငံတွင် ခန္ဓာကိုယ်နှင့် လုပ်အားကိုရောင်းစားပြီး ကျွန်ခံနေရသူ များစွာဖြစ်ရှိနေရသည်။ ကလေးသူငယ်များ စစ်တပ်ထဲ အတင်းဆွဲသွင်းခံနေရခြင်း များစွာဖြစ်ရှိနေသည်။ ဤဆင်းရဲဒုက္ခအဝဝတို့သည် အကျိုးတရားများသာ ဖြစ်သည်။ ဤသို့ဖြစ်ပေါ်လာရခြင်း၏ အရင်းခံအကြောင်းတရားကို ဗမာပြည်သူများ ရှင်းရှင်းလင်းလင်း နားလည်ခြင်းမရှိသေးသမျှ ပြောင်းလဲရန် လွယ်ကူမည် မဟုတ်ပါ။ အဓိကအကြောင်းတရားမှာ လူမျိုးစုံနိုင်ငံဖြစ်ပါလျှက်နှင့် ဗမာလူမျိုးတမျိုးတည်းကသာ စိုးမိုးချယ်လှယ် အာဏာရယူထားနိုင်ရန် ကြံစည်အားထုတ်နေသော မဟာဗမာလူမျိုးကြီးဝါဒကြောင့် ဖြစ်သည်။

## (ဃ) ဖက်ဒရယ်ဆိုသည်မှာ

ဖက်ဒရယ် (Federal) ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ **"ပူးပေါင်းဖွဲ့စည်းခြင်းနှင့် ဆိုင်သော"** ဖြစ်သည်။ ဖက်ဒရယ်စတိတ် (Federal state) ဖက်ဒရယ်ယူနီယံ (Federal union) တို့မှာ **"ပြည်နယ်များဖြင့် စုပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံ"** ဖြစ်

သည်။ တနည်းအားဖြင့် **"စစ်မှန်သောပြည်ထောင်စု"** ဖြစ်သည်။ ဤသို့ ရှင်းရှင်းလင်းလင်းမှန်မှန်ကန်ကန် အဓိပ္ပာယ်ရှိနေပါလျှက် ဤ **"မူ"** ကို မလိုလား လက်မခံနိုင်သော ဗိုလ်ချုပ်နေဝင်းနှင့် အဖွဲ့တို့က ဖက်ဒရယ်ကို **"ခွဲထွက်ရေး"** ဟူ၍ ပြောင်ပြောင်တင်းတင်း အဓိပ္ပာယ်ဖော်ကာ နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည်။ ၎င်းတို့ အာဏာရထားသော သက်တမ်းတလျှောက်လုံးတွင် စာသင်ကျောင်း၊ တပ်မတော်၊ မဆလပါတီဝင်များနှင့် ဝန်ထမ်းများအကြားတွင်၎င်း၊ ၎င်းတို့ချုပ်ကိုင်ထားသော ရေဒီယို၊ သတင်းစာများတွင်၎င်း၊ ဤအတိုင်း ရိုက်သွင်းထားခဲ့သည်။ ဤသို့ ဗိုလ်ချုပ်နေဝင်းနှင့် အပေါင်းပါတို့က ပြောင်းပြန်အမြင် သွတ်သွင်းထားခြင်းဖြင့် ၎င်းတို့အာဏာသိမ်းထားခြင်းကို အကောင်းမြင်လာစေရန်နှင့် တိုင်းရင်းသားများတောင်းဆိုနေသည့် ဖက်ဒရယ်ပြည်ထောင်စုမူကို ပြည်သူအများက အရှည်သဖြင့် ဆန့်ကျင်နေစေရန် ဖန်တီးထားခဲ့သည်။ န၀တ၊ နအဖ စစ်အစိုးရသည် ဗိုလ်ချုပ်နေဝင်း၏ တပည့်များပီပီ ဤအမြင်သဘောတရားကို ဆက်လက်ကိုင်စွဲဖြန့်ချီနေကြသည်။

ဖက်ဒရယ်ပြည်ထောင်စုနှင့် ပတ်သက်၍ ပိုမိုသိရှိနားလည်နိုင်ရန် စံပြဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတခု အကြောင်းအချို့ကို ကောက်နှုတ်ဖော်ပြလိုက်ပါသည်။ ကမ္ဘာတွင် ဖက်ဒရယ်ပြည်ထောင်စုပုံစံ အပီပြင်ဆုံးနှင့် သက်တမ်းအရှည်ဆုံးနိုင်ငံမှာ ဆွစ်ဇာလန်နိုင်ငံ ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံသည် ဥရောပတိုက်အလယ်ပိုင်း ပြင်သစ်၊ ဂျာမဏီ၊ အီတလီနှင့် ဩစတြီးယားနိုင်ငံတို့အကြားတွင် တည်ရှိသည်။ ဧရိယာစတုရန်းမိုင် (၁၆,၀၀၀) မျှသာ ရှိပြီး၊ လူဦးရေလည်း (၆,၅၀၀,၀၀၀) ကျော်သာရှိသော နိုင်ငံငယ်တခုဖြစ်သည်။ တောင်မြင့်များထူထပ်ပြီး စိုက်ပျိုးနိုင်သော မြေအလွန်နည်းသည်။ တန်ဘိုးကြီးမားသော မြေပေါ်မြေအောက်သယံဇာတ နည်းပါးပြီး ကုန်းတွင်းပိတ်နိုင်ငံလည်းဖြစ်သည်။ စားရေရိက္ခာများ မလုံလောက်သဖြင့် ပြည်ပမှ မှာယူတင်သွင်းနေရသည်။ သဘာဝရေတံခွန်များမှ လျှပ်စစ်ဓါတ်အားထုတ်ယူပြီး နာရီနှင့် ဆေးရုံသုံးကိရိယာများကို အဓိက ထုတ်လုပ်ရောင်းချနေသော နိုင်ငံတခုဖြစ်သည်။

ဤ နိုင်ငံတွင် ဘာသာစကားအမျိုးမျိုးကို ပြောဆိုနေသော လူမျိုးစုများနှင့် ကိုးကွယ်ယုံကြည်မှုသာသနာတွင်လည်း ကွဲပြားမှု ရှိနေပြန်သည်။ ဤသို့သော အနေအထားမျိုးတွင် နိုင်ငံကိုဖက်ဒရယ်ပြည်ထောင်စုပုံစံဖြင့် စုစည်းထားသည်။ ဆွစ်ဇာလန်နိုင်ငံတွင် တရားဝင်ရုံးသုံးဘာသာစကား (၄) မျိုး ပြဋ္ဌာန်းထားသည်။ ကန်တုံ ခေါ် ပြည်နယ် (၂၀) ရှိပြီး အခွင့်အာဏာတဝက်မျှသာရှိသော ကန်တုံဝက် သို့မဟုတ် အာဏာ

တဝက်ရှိ ပြည်နယ် (၆) ခုရှိသည်။ အထက်လွှတ်တော်သဘောဆောင်သည့် နိုင်ငံတော်ကောင်စီတွင် ကန်တုံ (၂၀) ခုမှ ကိုယ်စားလှယ် (၂) ဦးစီနှင့် ကန်တုံဝက် (၆) ခုမှ (၁) ဦးစီ ပေါင်း (၄၆) ဦးဖြင့် ဖွဲ့စည်းထားသည်။ ပြည်နယ်များတွင် ဖက်ဒရယ်ပြည်ထောင်စုသို့ လွှဲအပ်ထားသော အခွင့်အာဏာများမှအပ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသည်။ ဒီမိုကရေစီ ကျင့်စဉ်များကိုလည်း ပီပြင်စွာ ကျင့်သုံးကြသည်။ ဆွစ်ဇာလန်နိုင်ငံသည် ပြည်ထောင်စုစနစ်တွင် စံပြဖြစ်သကဲ့သို့ ဒီမိုကရေစီ ကျင့်သုံးမှုတွင်လည်း စံပြဖြစ်သည်။ ဤသို့ ပြည်နယ်များအား အာဏာခွဲဝေပေးထားခြင်း ပြည်သူများအား ဒီမိုကရေစီပေးထားခြင်းကြောင့် ဆွစ်ဇာလန်နိုင်ငံတွင် စည်းလုံးညီညွတ်မှု လျော့ရဲအားနည်းခြင်း မရှိ၊ စည်းလုံးမှုခိုင်မာသော နိုင်ငံဖြစ်သည်။ လုံခြုံရေးနှင့် ကာကွယ်ရေးတွင်လည်း အားနည်းခြင်းမရှိ၊ အရွယ်ရောက်ပြီးသော အမျိုးသားတိုင်းကို စစ်ပညာသင်ကြားပေးထားပြီး လက်နက်နှင့် စစ်အသုံးအဆောင်ပစ္စည်းများ အပ်နှံထားသည်။ လိုအပ်သည့်အခါ အချိန်တိုအတွင်း ခေါ်ယူနိုင်ပြီး ပုံမှန်တပ်ဖွဲ့တခုလို တာဝန်ပေးနိုင်သည်။ ဤသို့ မတူညီသော လူမျိုးစုများ၊ မတူညီသော ကိုးကွယ်မှုများ ရှိသည့်နိုင်ငံတွင် လူမျိုးရေးအရ တမျိုးအပေါ် တမျိုး လွှမ်းမိုးချယ်လှယ်မှုမရှိ၊ ကိုးကွယ်မှုဘာသာ သာသနာတခုအပေါ် တခု လွှမ်းမိုးချယ်လှယ်မှုမရှိ၊ တန်းတူရည်တူ အခွင့်အရေးပေးထားခြင်း လွတ်လပ်ခွင့်ပေးထားခြင်းဖြင့် ထိုသို့ ချစ်ကြည်စည်းလုံးညီညွတ်ကြပြီး နှစ်ရာပေါင်းများစွာ တည်တန့်ခဲ့သော ဆွစ်ဇာလန်နိုင်ငံကို ကျနုပ်တို့ အတုယူသင့်ပါသည်။

## (င) တခုတည်းသော နိုင်ငံရေးထွက်ပေါက်

ကျနုပ်တို့ ပြည်ထောင်စုကို အာဏာရအုပ်စိုးသူတို့က မဟာလူမျိုးကြီးဝါဒကို အခြေခံထားပြီး ဒီမိုကရေစီစနစ်နှင့် တွဲဖက်၍၎င်း၊ ဆိုရှယ်လစ်စနစ်နှင့် တွဲဖက်၍၎င်း၊ အုပ်ချုပ်လာခဲ့ရာတွင် တိုင်းပြည်ကို အေးချမ်းတည်ငြိမ်တိုးတက်အောင် လုပ်ဆောင်၍ မရကြောင်း အနှစ် (၆၀) ကျော်မျက်မှောက်ခေတ်သမိုင်းကြောင်းက သက်သေပြခဲ့ပြီး ဖြစ်သည်။ လူမျိုးပေါင်းစုံ၊ ကိုးကွယ်ရာသာသနာပေါင်းစုံတို့ အခြေခံခိုင်ခိုင်မာမာ ရှိနှင့်ပြီးသော နိုင်ငံတွင် လူမျိုး သို့မဟုတ် သာသနာ တခုခုကိုသာ ဦးစားပေးပြီး ကျန်သည်များကို ဖိနှိပ်ထားပါက မည်သို့မျှ ညီညွတ်အောင် လုပ်ဆောင်၍ ရနိုင်မည် မဟုတ်ပါ။ လူမျိုးတမျိုးသည် အခြားသောလူမျိုးများကို လိုက်လံဖိနှိပ်နေပါက အဖိနှိပ်ခံရသော လူမျိုးများသည်လည်း မလွတ်လပ်၊ ဖိနှိပ်သောလူမျိုးမှာလည်း မလွတ်လပ်၊ လူအားလုံး လွတ်လပ်ခွင့် ဆုံးရှုံးမည်ဖြစ်ကြောင်း နိုင်ငံရေးပညာရှင်များ ဆိုခဲ့သောစကားသည်

ကျနုပ်တို့နိုင်ငံအတွက် အပြည့်အဝ မှန်ကန်ကြောင်း သက်သေပြနေပါသည်။ တပါတီအာဏာရှင်စနစ် စစ်အာဏာရှင်စနစ်အောက်တွင် နှစ်ပေါင်း (၅၀) ခန့်နေလာခဲ့ရသော ပြည်သူများသည် စစ်အာဏာရှင်စနစ်ကို ရွံမုန်းပြီး ဒီမိုကရေစီကို လိုလားတောင်းဆိုနေကြသည်။ ဖိနှိပ်ဝါးမျိုခြင်း ခံနေရသော တိုင်းရင်းသားပြည်သူများသည်လည်း ဒီမိုကရေစီကို လိုလားတောင်းဆိုနေကြသည်။ ထို့ကြောင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ဗမာပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအကြား ကွာဟမှုမရှိ အတူတူပင် ဖြစ်သည်။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက်မှုကား ကွာခြားမှုအတော်အတန် ရှိနိုင်ပါသည်။ အာဏာရအုပ်စိုးသူအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဝါဒမှိုင်းတိုက်ခြင်းကို ခံခဲ့ရသော ဗမာပြည်သူအချို့တွင် လက်မခံလိုသူ များစွာ ရှိနေပါသေးသည်။ အာဏာရသူတို့က ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးလိုက်လျှင် ဆိုဗီယက်ယူနီယံနှင့် ယူဂိုဆလားဗီးယားတို့လို ခွဲထွက်သွားကြမည်။ ပြည်ထောင်စု ပြိုကွဲသွားမည်ဟု ခြောက်လှန့်ဝါဒဖြန့်နေသောကြောင့် ဖြစ်သည်။ ဆိုဗီယက်ယူနီယံနှင့် ယူဂိုဆလားဗီးယားတို့ ပြိုကွဲသွားရခြင်းမှာ ဖက်ဒရယ်စနစ်ကြောင့် မဟုတ်၊ တပါတီအာဏာရှင် ကွန်မြူနစ်စနစ်ဖြင့် စိုးမိုးချယ်လှယ် ချုပ်ကိုင်ထားသောကြောင့်သာ ဖြစ်သည်။ ကွန်မြူနစ်ဝါဒသည် လူမျိုးရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့ကို အားမပေး၊ လူတန်းစားအရေး၊ စားဝတ်နေရေးနှင့် ရုပ်ဝါဒကိုသာ ဦးစားပေး အခြေပြုထားသည်။ ထို့ကြောင့် လူမျိုးကွဲနှင့် ကိုးကွယ်မှု သာသနာမတူသူတို့ကို ကန့်သတ်ဖိနှိပ်ထားသလိုဖြစ်ပြီး အံတုဆန့်ကျင်သူများ ပေါ်ပေါက်လာရသည်။ ဆွစ်ဇာလန်တွင် ဆိုဗီယက်ယူနီယံနှင့် ယူဂိုဆလားဗီးယားတို့ကဲ့သို့ ခွဲထွက်ရန် အဘယ်ကြောင့် မတောင်းဆိုကြသနည်း။ နှိုင်းယှဉ်ကြည့်ရန် လိုပါသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများလည်း ရှိ၊ လူမျိုးရေးဆိုင်ရာ လွတ်လပ်ခွင့်များလည်း ရှိပြီးသော လူမျိုးတို့သည် လွတ်လပ်ရေးကို တောင်းဆိုရန်အကြောင်းမရှိ။ ဖိနှိပ်ချုပ်ချယ်ခံရမှု မရှိသော ကိုးကွယ်မှုသာသနာတခုသည် အချုပ်အခြယ်ကင်းလွတ်ရန် တောင်းဆိုစရာအကြောင်းမရှိပါ။ ထို့အတူ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ်များသည် ခွဲထွက်စရာ အကြောင်းမရှိတော့ပါ။ အဖက်ဖက်မှ အခြေအနေကောင်းများနှင့် မပြည့်စုံပဲခွဲထွက်ပြီး သီးခြားနိုင်ငံငယ်တခု ထူထောင်ခြင်းသည် အန္တရယ်ရှိကြောင်း နိုင်ငံရေးသမားတိုင်း သိရှိနားလည်ကြပါသည်။ ထို့ကြောင့် ရိုးသားဖြူစင်သော နိုင်ငံရေးအမြင်ရှိသည့် နိုင်ငံရေးသမားတိုင်း သိရှိခံယူကြသည်မှာ စစ်မှန်သော

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ခြင်းသာ မြန်မာနိုင်ငံ၏တခုတည်းသော နိုင်ငံရေးထွက်ပေါက်ဖြစ်ကြောင်း သိရှိလာကြပြီ ဖြစ်ပါသည်။ ဤအမြင်ကို တိုင်းရင်းသားခေါင်းဆောင်များက တင်ပြနေသည်မှာ ကြာပြီဖြစ်သည်။ မြန်မာ့နိုင်ငံရေး အကြောင်းလေ့လာနေကြသော နိုင်ငံတကာရှိ နိုင်ငံရေးပညာရှင်များကလည်း ထောက်ပြလာနေကြပြီး ကုလသမဂ္ဂအဖွဲ့ကြီးက ဤအမြင်ကို အခြေပြု၍ သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးရန် ချမှတ်တောင်းဆိုလာရခြင်း ဖြစ်ပါသည်။ ဤအမြင်ကို လက်မခံပဲ လူမျိုးတမျိုးတည်း၊ ကိုးကွယ်သည့် သာသနာတခုတည်း ဖြစ်မှ စည်းလုံးညီညွတ်မည်၊ တသွေးတသံတမိန့် ဖြစ်မှ စည်းလုံးညီညွတ်မည်ဟူသော မဟာအမျိုးမြတ်ဝါဒကို ဖက်ဆစ်ဆန်ဆန် ကျင့်သုံးနေသမျှ ရင်ဆိုင်နေရသော အခက်အခဲပြဿနာ၊ ပြည်သူများ၏ ဆင်းရဲဒုက္ခ အနိဋ္ဌာန်ရုံများမှ မည်သို့မျှကျော်လွှန်လွတ်မြောက်နိုင်မည် မဟုတ်ပေ။ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် အမြန်ရုန်းထွက်နိုင်ရန် ကြိုးစားကြရမည်။

## (စ) မည်သို့ အကောင်အထည်ဖော်မည်နည်း

အကောင်အထည်ဖော်ရန် နည်းလမ်းမှာ များစွာရှိပါသည်။ စာရေးသူအနေဖြင့် မိမိမြင်သော ယေဘုယျအချက်တို့ကိုသာ တင်ပြပါမည်။ မိမိတို့အခြေအနေနှင့် ကိုက်ညီသောလုပ်ငန်းစဉ်များ၊ မိမိတို့လုပ်တတ်ကိုင်တတ်သော လုပ်ငန်းစဉ်များကို လုပ်ဆောင်သွားရန်ဖြစ်သည်။ အခက်အခဲအကြပ်အတည်းများတွေ့ရှိပါက လိုလျှင်ကြံဆ နည်းလမ်းရ ဆိုသကဲ့သို့ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြံဆပြီး လုပ်ဆောင်သွားရန် အကြံပြုလိုပါသည်။ လုပ်ဆောင်ရမည့် နည်းလမ်းများမှာ -

(၁) ဤအမြင်အပေါ် လေးနက်စွာ ယုံကြည်ပြီး အကောင်အထည်ဖော်လိုသူများသည် ဤအကြောင်းအရာကို ပိုမိုနားလည်အောင် လေ့လာပြီး အများသိအောင် ပြောဆိုရေးသားစည်းရုံးသွားရမည်။ မကြိုက်သော သူများရှေ့တွင်ပင် မပြောပဲ မနေပါနှင့်။ ပြောဆိုခွင့်ရှိသောနေရာမျိုးတွင် အာဏာပိုင်တို့ကိုပင် ပြောဆိုတင်ပြရန် လိုသည်။ အမှန်တရားကို အများသိမြင်မှ အများက ထောက်ခံလာကြမည်။

(၂) ဘဝအခြေအနေကြောင့် ဤမူသဘောတရားကို ပိုမိုလိုလားကြသော အဖိနှိပ်ခံ တိုင်းရင်းသားများအတွင်း ပိုမိုလေးနက်ကျယ်ပြန့်စွာ ပညာပေးစည်းရုံးသွားရန် လိုအပ်သည်။ တိုင်းရင်းသားအင်အားစုများအတွင်း ကျယ်ကျယ်ပြန့်ပြန့်နားလည်

ထားပါက ခိုင်မာစွာရပ်တည်တောင်းဆိုလာကြမည်ဖြစ်ပြီး လိမ်လည်လှည့်စားလို သူများအတွက် တံခါးပိတ်သွားမည် ဖြစ်သည်။

(၃) အဖိနှိပ်ခံ တိုင်းရင်းသားများသည် ရောက်ရှိရာဒေသများတွင် မိမိတို့အမျိုးသား ဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းပြီး အချင်းချင်း ဝိုင်းဝန်းကူညီစောင့်ရှောက်ခြင်း၊ မိမိတို့ အမျိုးသားဆိုင်ရာ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတို့ကို မြှင့်တင်ခြင်း စသောလုပ်ငန်းများ လုပ်ဆောင်ကြရန်နှင့် မိမိတို့၏ မျိုးချစ်စိတ်နှင့် အမျိုးသားရေး လက္ခဏာများကို များများဖော်ထုတ်ကြရန်။

(၄) တိုင်းရင်းသားလူမျိုးစုများ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးအရ လူတဦး (သို့ မဟုတ်) အဖွဲ့တဖွဲ့ကို ပူးပေါင်းခြင်း (သို့မဟုတ်) အားပေးထောက်ခံခြင်း ပြုသည့် အခါမျိုးတွင် ဤအမြင်သဘောထားအပေါ် ယုံကြည်ခြင်း၊ ထောက်ခံခြင်း၊ အား ပေးခြင်း ရှိသည့်လူ (သို့မဟုတ်) အဖွဲ့အစည်းတို့ကိုသာ ပူးပေါင်းခြင်း အားပေး ထောက်ခံခြင်းပြုကြရန်။ (ဥပမာ - ပါတီဝင်ခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ ရွေးကောက် တင်မြှောက်ခြင်း ကိစ္စမျိုး)

(၅) အဖိနှိပ်ခံ တိုင်းရင်းသားများသည် မိမိတို့၏ အမျိုးသားဆိုင်ရာ နိုင်ငံရေးအခွင့် အရေးများ ရရှိရေးအတွက် နိုင်ငံရေးအဖွဲ့အစည်း (သို့မဟုတ်) လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းပြီး လှုပ်ရှားတိုက်ပွဲဝင်သွားကြရန်။ ဒီမိုက ရေစီအခွင့်အရေး မရှိသောကာလ၊ လက်နက်ဖြင့် ဖိနှိပ်အနိုင်ကျင့်ခံနေရသော ကာလမျိုးတွင် လက်နက်ကိုင်တော်လှန်ရေးကို ဦးစားပေးလုပ်ဆောင်ရန်။

(၆) နိုင်ငံတကာဆိုင်ရာ နိုင်ငံရေးစင်မြင့် (ဥပမာ - ကုလသမဂ္ဂတွင် ကျင်းပသည့်အစည်း အဝေးမျိုး) တွင် တိုင်းရင်းသားများ၏ နစ်နာချက်၊ လိုလားချက်များကို စုစုစည်း စည်း သွားရောက်တင်ပြတောင်းဆိုရန်။

(၇) တိုင်းရင်းသားနိုင်ငံရေးအဖွဲ့အစည်းများ (သို့မဟုတ်) လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများသည် မိမိတို့နှင့် ဘဝတူသည့် တိုင်းရင်းသားအဖွဲ့အစည်းများ အချင်းချင်း လက်တွဲပြီး ကျစ်လစ်ခိုင်မာသောတပ်ပေါင်းစုကို ဖွဲ့စည်းထားရန်။

(၈) ထိုသို့ တပ်ပေါင်းစုအသွင် စုစည်းထားသောအင်အားကို အခြေပြုပြီး မိမိတို့၏ အခြေခံမူဖြစ်သော အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံ

သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို လက်ခံသဘောတူသော အင်အားစုများနှင့် မဟာမိတ်ဖွဲ့၍ တိုက်ပွဲဝင်သွားရန်။

(၉) ဤသို့ဖြင့် မိမိတို့၏ အင်အားကို ကြီးမားကျယ်ပြန့်အောင် လုပ်ဆောင်ပြီး အာဏာကို ချုပ်ကိုင်ထားသော အုပ်စိုးသူများကို နိုင်ငံရေး၊ စစ်ရေးနည်းနာများဖြင့် တိုက်ပွဲဝင်သွားရန်။

အထက်ပါ နည်းနာလုပ်ငန်းစဉ်များအနက် အဓိကအားဖြင့် အဖိနှိပ်ခံ တိုင်းရင်းသားလူမျိုးစုတစုစီတွင် လူထုလူတန်းစားအဖွဲ့များ၊ စာပေယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် နိုင်ငံရေးအဖွဲ့အစည်းများကို ဆက်စပ်စုစည်းထားသော ခိုင်မာသည့် အမျိုးသားကိုယ်စားပြုအဖွဲ့အစည်းများ ဖွဲ့စည်းထားကြရန်နှင့် ထိုသို့သော အဖွဲ့များကို ထပ်မံစုစည်းထားသည့် တိုင်းရင်းသားများဆိုင်ရာ ခိုင်မာကျယ်ပြန့်အားကောင်းသည့် တပ်ပေါင်းစုကြီးတရပ်ရှိရန် လိုအပ်သည်။ ထိုသို့ စုစည်းထားနိုင်ပါက အများက လေးစားတန်ဘိုးထားသော နိုင်ငံရေးအင်အားစုကြီးတရပ် ဖြစ်လာပါလိမ့်မည်။ ထိုအခါ တိုင်းရင်းသားတို့၏ သဘောထားအမြင်သည် နိုင်ငံရေးအပြောင်းအလဲအတွက် **"သော့ချက်"** ဖြစ်လာပါလိမ့်မည်။ ဤသို့ ဘဝတူတိုင်းရင်းသားအင်အားစုများကို ခိုင် မာကျစ်လစ်စွာ စုစည်းပြီး ဆက်လက်တောင်းဆိုလှုပ်ရှား တိုက်ပွဲဝင်သွားပါက မျက်မှောက်သမိုင်းကလည်း ထောက်ပြခဲ့သော သင်ခန်းစာများရှိပြီဖြစ်၍ မကြာမီအချိန်အတွင်း ဖက်ဒရယ်ပြည်ထောင်စု ဒီမိုကရေစီနိုင်ငံတခု မုချဧကန် ပေါ်ပေါက်လာမည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

၂၀၀၉ ခု အောက်တိုဘာနှင့် နိုဝင်ဘာလ
Guiding Star Mon Newspaper

# ဒုတိယပင်လုံညီလာခံနှင့် အမျိုးသားရင်ကြားစေ့ရေး အပေါ် မျှော်လင့်ချက်

လွန်ခဲ့တဲ့ ၂၀၁၀ အောက်တိုဘာ (၂၄) ရက်နေ့က ကလေးမြို့မှာ (NLD, UNLD, UNA) နဲ့ ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့တို့က စုပေါင်းထုတ်ပြန်ခဲ့တဲ့ **"ဒုတိယပင်လုံညီလာခံခေါ်ယူရေး"** ကြေညာချက်ဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်ဖို့ အဓိကဦးတည်ထားတဲ့ အမြင်အပေါ် အခြေခံထားတာ ဖြစ်တယ်။ နိုဝင်ဘာ (၁၄) ရက် နေ့မှာ အများပြည်သူကို ပြောကြားခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ **"အမျိုးသားရင်ကြားစေ့ရေး"** ဆိုတာက ကျနုပ်တို့ပြည်ထောင်စုအတွင်း နိုင်ငံရေးအင်အားစုများ အချင်းချင်း အမြင်ကွဲပြားပြီး ပဋိပက္ခဖြစ်ပွားနေတာကို ပြန်လည်သင့်မြတ်ကြဖို့ အဓိကဦးတည်ထားတဲ့ အမြင်ဖြစ်တယ်။

ကလေးမြို့ကထုတ်ပြန်တဲ့ အမြင်သဘောထားနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြောစကားတွေဟာ အချိန်၊ နေရာ၊ ပုဂ္ဂိုလ်နဲ့ သုံးစွဲတဲ့ဝေါဟာရတွေ ကွာခြားနေလို့ သာမန်အားဖြင့် ကွဲပြားနေသလို ထင်ရပေမဲ့ သူတို့အချင်းချင်းတွေ့ဆုံကြပြီး ဆွေးနွေးလိုက်တော့ ဦးတည်ချက်ဟာ တခုတည်း၊ တထပ်တည်း ဖြစ်သွားကြပြီ။ ဒါထက်မက ဒီဦးတည်ချက်ကို ရောက်ရှိဖို့ အကောင်အထည်ဖော်ရာမှာ ဒေါ်စုကို ဦးဆောင်တာဝန်ယူပေးဖို့ နိုဝင်ဘာ (၂၀) ရက်နေ့က ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေရဲ့ နေအိမ်မှာ အဖွဲ့ပေါင်းစုံမှ နိုင်ငံရေးခေါင်းဆောင်ကြီးများက ပြောဆိုတာဝန်ပေးလိုက် ကြတယ်။ ဒီ ကိစ္စအပေါ် စစ်အစိုးရနဲ့ အပေါင်းအပါတွေကလွဲပြီး နိုင်ငံရေးအင်အားစုတိုင်းလိုလိုက စိတ်ဝင်စားပြီး အားပေးနေကြတာကို တွေ့ရတယ်။ ဒါကြောင့် ဒီအရေးကိစ္စဟာ ဘယ်လို အလားအလာရှိပြီး ကျနုပ်တို့နိုင်ငံရဲ့ အနာဂတ်ကို ဘယ်လိုပြောင်းလဲဖြစ်ပေါ်လာစေနိုင်တယ်ဆိုတာ အလေးထားပြီး သုံးသပ်ဖို့လိုမယ်လို့ မြင်ပါတယ်။

လူတဦးရဲ့ အနာဂတ်ကံကြမ္မာကို ဗေဒင်ဆရာတဦးက အားလုံးမှန်အောင် ဟောနိုင်စွမ်းမရှိလေတော့ လူအများနဲ့ဆိုင်တဲ့ နိုင်ငံကံကြမ္မာကို အားလုံးမှန်အောင် ဘယ်နိုင်ငံရေးသမားမှ တွက်ချက်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျနော်တို့နိုင်ငံမှာ ဖြစ်ရှိနေတဲ့

နိုင်ငံရေးအခင်းအကျင်းမှာ ပါဝင်နေတဲ့ အဓိကဇာတ်ဆောင်အဖွဲ့အစည်း ပုဂ္ဂိုလ်များရဲ့ ဆန္ဒသဘောထား၊ နိုင်ငံကိုယ်စားပြု ပြည်သူလူထုအများစုကြီးရဲ့ လိုလားတောင်းဆိုချက်နဲ့ ပတ်ဝန်းကျင်အင်အားစုများရဲ့ တွန်းပို့မှုအခြေအနေတွေအပေါ် ပြည့်ပြည့်စုံစုံ ထည့်သွင်းစဉ်းစားပြီး ဘက်လိုက်မှု ကင်းကင်းနဲ့သုံးသပ်မယ်ဆိုရင် အနာဂတ်အလားအလာကို တော်တော်များများ ခန့်မှန်းတွက်ချက်နိုင်မယ်လို့ ယုံကြည်တယ်။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး စတာတွေမှာ တွက်ချက်မှု မှန်ကန်ရင် တဝက်ကျော်အကျိုးဖြစ်ထွန်းဖို့သေချာတယ်။ တွက်ချက်မှုမှားရင် တဝက်ကျော် ဆုံးရှုံးမှာ သေချာတယ်။ ကြိုတင်တွက်ချက်ခန့်မှန်းခြင်းဟာ နစ်နာစရာအကြောင်းမရှိ၊ အကျိုးကိုသာ ဖြစ်စေမှာမို့ တွက်ချက်ကြည့်ကြရအောင်။

ဦးစွာအားဖြင့် ကျနော်တို့နိုင်ငံရဲ့ နိုင်ငံရေးအခင်းအကျင်းမှာ ပါဝင်လှုပ်ရှားနေကြတဲ့ အဓိက ဇာတ်ကောင်အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များရဲ့ သဘောထားတွေအပေါ် အခြေခံပြီး သုံးသပ်ကြည့်လိုပါတယ်။ ကျနော်တို့နိုင်ငံရဲ့ အပြောင်းအလဲကို လုပ်ဆောင်နိုင်စွမ်း အရှိဆုံး အင်အားစုဟာ ဒီနေ့အနေအထားအရ အာဏာရ စစ်အစိုးရဖြစ်တယ်။ ဒါကို ကျနော်တို့ မကြိုက်လည်း ငြင်းပယ်လို့မရပါဘူး။ သူတို့ကသာ ဒုတိယပင်လုံညီလာခံ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်ပြီး လုပ်မယ်ဆိုရင် ဒီနေ့လည်း ဖြစ်နိုင်တယ်။ မနက်ဖန်လည်း ဖြစ်လာနိုင်တယ်။ ဒါပေမဲ့ သူတို့ရဲ့ ဦးတည်ချက်က ဒါမျိုးမဟုတ်သလို ဒါနဲ့နီးစပ်တဲ့ ဦးတည်ချက်လည်း မဟုတ်ဘူး။ သူတို့က သူတို့ချမှတ်ထားတဲ့ လမ်းပြမြေပုံအတိုင်း လုပ်ဆောင်လာနေတာ တဝက်ကျော်လို့ အဆုံးကို ရောက်ခါ နီးပြီ။ သူတို့မှာ ဆက်လက် အခြေပြုလုပ်ဆောင်သွားဖို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ရှိထားပြီ။ ၂၀၁၀ ရွေးကောက်ပွဲလည်း လုပ်ထားပြီးပြီ။ ဒါတွေကို အပျက်ခံပြီး အမျိုးသားရင်ကြားစေ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလိုင်းကို ပြောင်းလဲလုပ်ဆောင်ဖို့ ဆိုတာ အလွန်ကို မလွယ်တဲ့အနေအထားမျိုးမှာ ရှိနေတယ်။

သူတို့ရဲ့ အခြေခံနိုင်ငံရေးသဘောထားက မဟာလူမျိုးကြီးဝါဒကို စစ်အာဏာရှင်စနစ်နဲ့ အကောင်အထည်ဖော်ဆောင်ရေး ဖြစ်တယ်။ ဒီအမြင်သဘောထားဟာ ၁၉၆၂ ခု ဗိုလ်ချုပ်နေဝင်း ဦးဆောင်ပြီး စစ်တပ်အာဏာသိမ်းခဲ့တဲ့အချိန်က အစပျိုးလာတာ ဖြစ်တယ်။ ၁၉၈၈ မှာ ဟန်ဆောင်အာဏာသိမ်းမှုနဲ့ အသွင်ပြောင်းခဲ့ပေမဲ့ လူသာပြောင်းတယ်၊ လူမျိုးရေးရာကိစ္စမှာ အတွေးအခေါ် မပြောင်းဘူး။ စစ်တပ်ဆိုတဲ့ အဖွဲ့အစည်းကလည်း မပြောင်းဘူး။ စစ်တပ်ထဲမှာ လူငယ်လူသစ်တွေနဲ့ ပြောင်းလဲအစားထိုးတာ ရှိ

ပေမဲ့ ဦးဆောင်အသိုင်းအဝိုင်းမှာ လူဟောင်းတွေကသာ ချုပ်ကိုင်ထားတယ်။ ဒီ စစ်ခေါင်းဆောင်တွေရဲ့ အခြေခံသဘောထားနဲ့ အာဏာရထားတဲ့ ကာလတလျှောက် သူတို့ ခံစားရရှိထားတဲ့ အကျိုးစီးပွားတွေအပေါ် တွက်ချက်ပြီး သူတို့ဘက်က အပြောင်းအလဲကို လက်ခံဖို့ လွယ်မှာမဟုတ်ဘူး။ သူတို့ရဲ့ အကျင့်စရိုက်နဲ့ စိတ်ဓါတ်တွေကို ပြန်ကြည့်ရင် ဒီပဲယင်းအရေးအခင်းနဲ့ ၂၀၀၇ သံဃာအရေးအခင်းတွေမှာ အကဲဖြတ်လို့ရနိုင်ပါတယ်။ ဒီအပေါ်မှာတွက်ရင် ဒုတိယပင်လုံညီလာခံ ခေါ်ယူရေး၊ အမျိုးသားရင်ကြားစေ့ရေး အစီအစဉ်ဟာ လွယ်လွယ်နဲ့ဖြစ်ပေါ်လာနိုင်စရာ မရှိသေးဘူး။ အခက်အခဲအကြပ်အတည်းများစွာကို ဖြတ်ကျော်ရမယ့် အခြေအနေမှာ ရှိနေပါလိမ့်မယ်။

တဖက်က ဒုတိယပင်လုံညီလာခံခေါ်ယူရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ထုတ်ဖော်တောင်းဆိုလာတဲ့ အင်အားစုဘက်ကို ပြန်ကြည့်ရင် ၁၉၉၀ ရွေးကောက်ပွဲမှာ လူထုထောက်ခံမှုအများစုရထားတဲ့ NLD က အဓိက ခေါင်းဆောင်တွေ၊ ပြည်နယ်တွေမှာ ပြည်သူလူထုထောက်ခံမှုအားကောင်းတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ၊ ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့က ခေါင်းဆောင်တွေနဲ့ အများပြည်သူနဲ့ နိုင်ငံတကာက လေးစားတဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ပါဝင်နေကြတယ်။ ဒီလူတွေရဲ့နောက်မှာ ဒီမိုကရေ စီလိုလားသူများ၊ တိုင်းရင်းသားပြည်သူများ၊ တက်ကြွတဲ့ လူငယ်များ၊ သံဃာထု စတဲ့အင်အားစုများ ရှိနေတယ်။ ခေါင်းဖော်ခွင့်မရှိသေးလို့ ဒီအင်အားစုတွေကို မမြင်နိုင်ပေမဲ့ ပြည်သူအများစုကြီးဟာ သူတို့နောက်မှာ ရှိနေတယ်ဆိုတာ အားလုံးသိကြပါတယ်။ နိုင်ငံတကာရဲ့စာနာထောက်ထားမှုကိုလည်း ရထားတယ်။ သာမန်အပေါ်စားနိုင်ငံရေး ခေါင်းဆောင်တွေ မဟုတ်ကြဘူး။ ဒီခေါင်းဆောင်တွေက ဒီလိုသဘောထားအမြင်တွေ ကို ထုတ်ဖော်လာတာဟာ စစ်အစိုးရကျင်းပတဲ့ ၂၀၁၀ ရွေးကောက်ပွဲနဲ့ မရှေးမနှောင်း အဝန်းအဝိုင်းကာလမှာ ဖြစ်နေတယ်။ ဒီကာလဟာ စစ်အစိုးရဘက်က သည်းခံနိုင်စွမ်း အလွန်နည်းတဲ့ ကာလလည်းဖြစ်တယ်။ ဒါပေမဲ့ ပြတ်သားတောက်ပြောင်တဲ့ နိုင်ငံရေးခေါင်းဆောင်များပီပီ အန္တရာယ်ကိုမမှုပဲ ထုတ်ဖော်ပြောသင့်တဲ့ စကားတွေကို ပြောသင့်တဲ့အချိန်မှာ ထုတ်ပြောလာတာဖြစ်တယ်။ သူတို့ ဒီလိုထုတ်ဖော်ပြောကြားလာတာဟာ စစ်အစိုးရချီတက်နေတဲ့ လမ်းကြောင်းကို မှားနေတယ်၊ မထောက်ခံနိုင်ဘူးလို့ ပြောလိုက်တာနဲ့ အတူတူပဲ။ ဒါဟာ နိုင်ငံရေးအားပြိုင်မှု ဖြစ်တယ်။

ဒီကာလမှာ အခြားအင်အားကြီးတရပ်ဖြစ်တဲ့ လက်နက်ကိုင်တော်လှန်နေကြတဲ့ တိုင်းရင်းသားအင်အားစုများကလည်း ဒီကိစ္စအတွက် ကြိုးပမ်းလာကြတယ်။ သူတို့က

တော့ ကြေညာချက်ထုတ်ပြီး ပြောဆိုတာမျိုး မဟုတ်ဘူး။ စစ်အစိုးရရဲ့ နယ်ခြားစောင့်တပ်အဖြစ်၊ ပြည်သူ့စစ်အဖြစ် အသွင်ပြောင်းရေးကို ဆန့်ကျင်ပြီး သူတို့အချင်းချင်း ပူးပေါင်းကာ **ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးကော်မတီ** "Committee for Emergence of Federal Union" (CEFU) ကို နိုဝင်ဘာလ (၄) ရက်မှာ ဖွဲ့စည်းလိုက်ကြတယ်။ ဒီအဖွဲ့မှာ အပစ်အခတ်ရပ်စဲရေးကို လက်မခံတဲ့အဖွဲ့ (၃) ဖွဲ့နဲ့ စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲထားခဲ့တဲ့ အဖွဲ့ (၂) ဖွဲ့ ပေါင်း (၅) ဖွဲ့နဲ့ စတင်ဖွဲ့စည်းလိုက်တယ်။ နောက်ထပ်အဖွဲ့သစ်တွေ ပါဝင်လာဖို့လည်း ရှိနေတယ်။ ဒီအဖွဲ့ရဲ့ အဓိကဦးတည်ချက်ကလည်း ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးပဲ ဖြစ်တယ်။ ဒီအချိန်ဒီကာလမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တနည်းအားဖြင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို သူတို့နည်းသူတို့ဟန်နဲ့ တည်ဆောက်ဖို့ ဦးတည်နေတာဖြစ်တယ်။ သူတို့က အပြောနဲ့မဟုတ် သူတို့နဲ့ကိုက်ညီတဲ့အလုပ်နဲ့အကောင်အထည်ဖော်ဖို့စတင်လိုက်တာဖြစ်တယ်။

ပြည်တွင်းက နိုင်ငံရေးခေါင်းဆောင်ကြီးများ ဦးတည်တောင်းဆိုတဲ့ ဒုတိယပင်လုံညီလာခံခေါ်ယူရေး၊ အမျိုးသားရင်ကြားစေ့ရေးနဲ့ နယ်စပ်က တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ ဦးတည်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့ဟာ ၁၉၄၇ ခု ပင်လုံညီလာခံရဲ့ သဘောတူညီချက်ဖြစ်တဲ့ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးမူအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန်ဖြစ်တယ်။ ဒီလိုအမြင်သဘောထားဘာကြောင့် တူညီနေကြတာလဲ။ တကယ်တော့ အာဏာရစစ်အုပ်စုကလွဲပြီး နိုင်ငံရေးခေါင်းဆောင်အသီးသီးက ကျနုပ်တို့နိုင်ငံအတွက် အဓိကလိုအပ်ချက်ဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်တယ်။ ဒီတိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း ပင်လုံသဘောတူညီချက်နဲ့သာ ရယူဖြေရှင်းနိုင်မယ်ဆိုတာ ထင်ထင်ရှားရှားမြင်လာကြလို့ ဖြစ်တယ်။

ကျနော်တို့နိုင်ငံရှိ ပြည်သူလူထုအများစုအနေနဲ့ အမျိုးသားရင်ကြားစေ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ နိုင်ငံအတွက် အဓိကလိုအပ်ချက်တရပ်အဖြစ် သိမြင်ခံယူကြတဲ့ အတိုင်းအတာ ဘယ်လောက်ရှိတယ်ဆိုတာ သုံးသပ်ကြည့်မယ်ဆိုရင် သာမန်ပြည်သူလူထုအများစုဟာ ကျောင်းပညာသင်ကြားခဲ့ရမှု အဆင့်နိမ့်ပြီး နိုင်ငံရေးအသိမှာလည်း အားနည်းကြပါတယ်။ တဖက်မှာ စားဝတ်နေရေး ကြပ်တည်းနေပြန်တာကြောင့် နိုင်ငံရေးအပေါ် စိတ်ဝင်စားမှုနည်းကြတယ်။ မြို့ပြနေပြည်သူတွေက

ယေဘုယျအားဖြင့် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စားဝတ်နေရေး ဖူလုံရေးလောက်ကိုပဲ အဓိက လိုအပ်ချက်လို့ မြင်တတ်ကြတယ်။ လွတ်လပ်တဲ့နိုင်ငံဖြစ်ပါလျှက်နဲ့ ဘာကြောင့် ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးပျက်ပြားနေရတာလဲ။ နိုင်ငံမှာ သဘာဝသယံဇာတပေါကြွယ်ဝပြီး စိုက်ပျိုးစရာ မြေယာတွေပေါနေပါလျှက်နဲ့ ဘာကြောင့် ဆင်းရဲကြပ်တည်းနေရတာလဲ ဆိုတဲ့ ကိစ္စရပ်တွေအပေါ် အတွင်းကျကျသိမြင်နားလည်နိုင်ခြင်း အားနည်းနေပါသေးတယ်။ မိမိရပ်ကွက် ဒေသထဲက အာဏာရှိသူ၊ ဗဟုသုတရှိသူ၊ ပညာတတ်သူတွေ ပြောပြသလောက်ကိုသာ နားလည်ခံယူပြီး နောက်ကလိုက်နေကြတာ များပါတယ်။ နိုင်ငံရေးနဲ့ ပတ်သက်ပြီး အာဏာရှိသူတွေကသာ ပြောရေးဆိုခွင့်ရှိတာကြောင့်လည်း ကျယ်ကျယ်ပြန့်ပြန့် သိမြင်နားလည်နိုင်မှု အားနည်းနေပါတယ်။ ဒါပေမဲ့ လက်ရှိစစ်အစိုးရ အပေါ် မှာတော့ ယုံကြည်ထောက်ခံမှု အလွန်အားနည်းနေပါတယ်။ အဖိနှိပ်ခံတိုင်းရင်းသားတွေ၊ ပြည်နယ်က လူထုတွေကတော့ အမျိုးသားအခွင့်အရေးတွေ ဆုံးရှုံးပြီး စစ်ဘေးစစ်ဒဏ်ကို ပိုမိုခံစားနေရလို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးကို ပိုပြီးနားလည်ရယူလိုနေကြတယ်။

နိုင်ငံရေးအမြင် အထိုက်အလျှောက်ရှိကြတဲ့ ကျောင်းသားခေါင်းဆောင်တွေ၊ သံဃာခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီအဖွဲ့အစည်း ခေါင်းဆောင်တွေ အနေနဲ့ကတော့ တော်တော်များများက အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ပြားလို့ ပြည်တွင်းစစ်ဖြစ်နေရတယ်။ ပြည်တွင်းစစ်ကြောင့် စစ်တပ်ခေါင်းဆောင်တွေ အခွင့်အာဏာပိုရလာတယ်။ အဲဒီကနေ စစ်တပ်ကအာဏာသိမ်းမှု ဖြစ်လာတယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေကို ကန့်သတ်ပြီး စစ်အာဏာရှင်စနစ်ကျင့်သုံးလာတယ်။ စစ်တပ်က နိုင်ငံအုပ်ချုပ်ရေးအာဏာကို ချုပ်ကိုင်လာတာကြောင့် စီးပွားရေး ကမောက်ကမဖြစ်ပြီး ဆင်းရဲကျပ်တည်းလာရတယ်။ စစ်အစိုးရဟာ စစ်အင်အားကို တိုးချဲ့ပြီး အတိုက်အခံမှန်သမျှကို စစ်အင်အားနဲ့ တိုက်ခိုက်အနိုင်ယူဖို့ လုပ်ဆောင်လာတာကြောင့် တောနယ်မှာရော မြို့တွင်းမှာပါ သွေးထွက်သံယိုမှု ပိုမိုများပြားလာရတယ်။ နောက်ဆုံးတော့ ကျောက်မျက်ရတနာ၊ ရေနံ၊ ဓါတ်ငွေ့၊ ဆန်းစပါးနဲ့ သစ်တောတွေ ပေါကြွယ်တဲ့ နိုင်ငံတခုဟာ ကမ္ဘာ့ဖွံ့ဖြိုးမှုအနိမ့်ဆုံး (အဆင်းရဲဆုံး) နိုင်ငံစာရင်းဝင် ဖြစ်ခဲ့ရတယ်။ နိုင်ငံခြားစိုးမိုးချယ်လှယ်မှုအောက်က လွတ်မြောက်ခဲ့ပေမဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ ပျောက်ဆုံးပြီး ပြည်သူတွေက အကျဉ်းသားပမာ ဖြစ်ခဲ့ရတယ်။

ကျနော်တို့ ပြည်သူတွေဟာ သူတပါးနိုင်ငံမှာ စစ်ပြေးဒုက္ခသည်ဘဝ၊ ကျွန်ခံပြီး ရပ်တည်နေရတဲ့ဘဝ၊ လိုက်လံတောင်းစားနေရတဲ့ဘဝ၊ ခန္ဓာကိုယ်ကို ရောင်းစားနေရတဲ့ဘဝ၊ အမှိုက်ပုံကိုမှီပြီး ရပ်တည်နေရတဲ့ဘဝ၊ ဒီလိုဘဝမျိုး ရောက်ခဲ့ကြရတယ်။ ဒီလိုဖြစ်နေရခြင်းရဲ့ အကြောင်းတရားဟာ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားနေလို့ပဲ ဖြစ်ရတယ်ဆိုတာ သိမြင်လာကြပြီး ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သလို **"တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမရှိရင်၊ ပြည်သူအတွင်းစည်းလုံးညီညွတ်မှုမရှိရင် ဘယ်အစိုးရပဲတက်တက် ဖာသည်နိုင်ငံပဲ ဖြစ်နေပါလိမ့်မယ်"** ဆိုတာ လက်တွေ့က ပြနေပြီဖြစ်တယ်။

ဒီလိုဘဝမျိုး ရောက်နေကြရတာဟာ အချို့က စစ်အာဏာရှင်စနစ်ကြောင့်လောက်ကိုပဲ မြင်နေကြတယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး တွေ့ရလာရင် အားလုံးပြန်ကောင်းသွားမယ်လို့ ထင်မြင်နေကြတယ်။ ဒီအမြင်က တပိုင်းလောက်ပဲမှန်တယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေဟာ စစ်ဖြစ်နေတဲ့ နိုင်ငံတခုမှာ ရေရှည်ရပ်တည်ရှင်သန်ခြင်း မရှိနိုင်ပါဘူး။ ကျနော်တို့နိုင်ငံမှာ ၁၉၆၂ ခုနှစ် စစ်တပ်အာဏာမသိမ်းခင်က ဒီအခွင့်အရေးတွေ အတော်အတန်ရှိခဲ့ဘူးပါတယ်။ ဒါပေမဲ့ စစ်ကြီးဖြစ်လာတယ်။ စစ်အနိုင်တိုက်ရေးကို ဦးစားပေးလာရတော့မယ်ဆိုရင် ဘဏ္ဍာငွေကြေးတို့၊ လူ့အခွင့်အရေးတို့ဟာ စစ် အင်အားဖြည့်စွမ်းနိုင်ရေးအောက်ကို ရောက်သွားပြီး လျော့နည်းပျောက်ကွယ်သွားရတာပဲ။ ဒါကို နားလည်တဲ့ နိုင်ငံခေါင်းဆောင်တွေဟာ သူတို့နိုင်ငံအတွင်းမှာ လူမျိုးရေးပြဿနာ၊ ကိုးကွယ်ယုံကြည်မှုပြဿနာတွေ ဖြစ်မလာအောင် ထိန်းသိမ်းပြုပြင်ကြတယ်။ စီးပွားရေးနဲ့ ပညာရေးကို ဦးစားပေးပြီး ပြုပြင်တည်ဆောက်ရေးတွေ လုပ်တယ်။ ဒီလိုနဲ့ အချိန်တိုအတွင်းမှာ တိုးတက်ဖွံ့ဖြိုးသွားကြတာပဲ။

ဥပမာ - စင်္ကာပူနိုင်ငံ ၁၉၆၅ ခုမှာမှ လွတ်လပ်တဲ့ နိုင်ငံဖြစ်လာတယ်။ သယံဇာတဘာမှ မရှိဘူး။ စိုက်ပျိုးစရာ မြေယာတွေ မရှိဘူး။ တိုင်းပြည်က ကျဉ်းကျဉ်း၊ သောက်ရေတောင် ပြည်ပက သွင်းနေရတယ်။ လူမျိုးဆိုတာလည်း တမျိုးတည်းမဟုတ်ဘူး။ ကိုးကွယ်တဲ့ဘာသာလည်း တခုတည်း မဟုတ်ဘူး။ ဒါပေမဲ့ မတူတဲ့ လူမျိုးရေး၊ ဘာသာရေးတွေကြောင့် ပြဿနာအဖြစ်မခံဘူး။ တရုတ်တွေကလည်း တရုတ်စကားပြော၊ တရုတ်စာသင်၊ တရုတ်တို့ကိုးကွယ်ယုံကြည်ရာ တာအိုဘာသာကို ကိုးကွယ်၊ မလေးကလည်း မလေးစကားပြော၊ မလေးစာသင်၊ မလေးကိုးကွယ်ရာ အစ္စလမ်ဘာသာကို ကိုးကွယ်၊ တမီးလ် (ကုလား) တွေကလည်း သူတို့စကားပြော၊ သူတို့စာသင်၊ သူတို့

ကိုးကွယ်ယုံကြည်ရာ ဟိန္ဒူဘာသာကို ကိုးကွယ်၊ လူမျိုးရေးနဲ့ ဘာသာရေးမှာ တန်းတူရေးနဲ့ လွတ်လပ်ခွင့်တွေ ပေးထားတယ်။ ဘုံဘာသာစကားအဖြစ် နိုင်ငံတကာဆက်ဆံရေးတွေမှာလည်း အဆင်ပြေအောင် အင်္ဂလိပ်စကားနဲ့ အင်္ဂလိပ်စာကို အသုံးပြုထားတယ်။ ဘာသာစကား (၄) မျိုးစလုံးကို ရုံးသုံးဘာသာအဖြစ် အသိအမှတ်ပြုထားတယ်။ တရုတ်၊ မလေးနှင့် တမီးလ်လူမျိုးစု သုံးစုအကြားမှာ လူမျိုးတခုခုကို ဦးစားပေးထားခြင်း မရှိဘူး။ ဒီလို လူမျိုးရေး၊ ဘာသာရေးမှာ ဦးစားပေးမှု၊ ဖိနှိပ်မှုတွေ မရှိတော့ ပြဿနာလည်း ကြီးကြီးမားမား ဖြစ်လာစရာ မရှိတော့ဘူး။ ပြည်သူတွေကြားမှာ ချစ်ကြည်ညီညွတ်မှု ခိုင်မာအားကောင်းစေတယ်။ စီးပွားရေးနဲ့ ပညာရေးကို ဇောက်ချလုပ်ဆောင်ခွင့်ရလို့ နှစ်အနည်းငယ်အတွင်းမှာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတခုဖြစ်လာတယ်။

ကျနော်တို့နိုင်ငံမှာ အာဏာရထားတဲ့ စစ်ခေါင်းဆောင်တွေက ဒီလိုအမြင်သဘောထားမျိုး မရှိကြဘူး။ ဒါနဲ့ ပြောင်းပြန် လူမျိုးတွေများလို့ ပြဿနာတွေ များနေရတယ်။ ကိုးကွယ်ယုံကြည်မှုဘာသာတွေများလို့ ပြဿနာတွေ များနေရတယ်။ လူမျိုးဘာသာ တခုတည်းဖြစ်မှ စည်းလုံးညီညွတ်မှုရှိမယ်။ ဒါကြောင့် ဒါတွေကို တခုတည်းဖြစ်သွားအောင် တူညီသွားအောင် ဗမာစကားကိုပဲ ရုံးသုံးသတ်မှတ်၊ ဗမာစကားကိုပဲ ကျောင်းမှာသင်၊ ဗမာတွေ ယုံကြည်ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာကိုပဲ ဦးစားပေးမြှင့်တင်၊ ဒီလို တိုင်းရင်းသားလူမျိုးတွေအပေါ် ဗမာဖြစ်ရေး နည်းနာအမျိုးမျိုးနဲ့ သွတ်သွင်းဝါးမျိုနေတာကြောင့် လူမျိုးရေး၊ ဘာသာရေး ပြဿနာတွေ တက်နေရခြင်း ဖြစ်ပါတယ်။ ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေရဲ့ စိတ်ခံစားချက်ထဲမှာ သူတို့ဟာ အင်္ဂလိပ်ကိုလိုနီဘဝကနေ ဗမာကိုလိုနီဘဝကို ၁၉၄၈ ခုနှစ်မှာ ကျရောက်သွားရတယ်။ ၁၉၆၂ ခုနှစ်ကစပြီး ဗမာဖက်ဆစ် စစ်အာဏာရှင်အောက် ကျရောက်သွားရပြန်တယ်လို့ ရှုမြင်ခံစားနေကြတယ်။ ဒါကြောင့် ဒီအသွင်သဏ္ဍာန်ကို မပြင်နိုင်သမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မှာ မဟုတ်ဘူး။ လက်နက်နဲ့ အကြမ်းဖက်ရှင်းရင် သူတို့ကလည်း ခုခံတွန်းလှန်မှာပဲ။ ပြည်တွင်းစစ် အနှစ် (၆၀) ကျော်ခဲ့ပြီ၊ အာဏာရအစိုးရဘက်ကလည်း သူတို့ကို မချေမှုန်းနိုင်၊ သူတို့ကလည်း အစိုးရကို မဖယ်ရှားနိုင်၊ ဒီလိုနဲ့ ပြည်တွင်းစစ် ဝဲဂယက် ဗွက်အိုင်ထဲမှာ နိုင်ငံသားအားလုံးရဲ့ ဘဝနစ်မွန်းနေရတယ်။

ဒီလို နစ်မွန်းနေရတဲ့ဘဝက ရုန်းထွက်နိုင်ဖို့အတွက် ထွက်ရပ်လမ်းကတော့ **"သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးဖြေရှင်းရေး"** ပဲဖြစ်တယ်။ ဒီလိုနည်းနဲ့ ဖြေရှင်းဖို့ ကမ္ဘာ့ကုလသမဂ္ဂမှာ သုံးသပ်ရှုမြင်ပြီး ၁၉၉၄ ခုနှစ်ကတည်းက ချမှတ်ထားခဲ့တယ်။ နိုင်ငံတကာ

ခေါင်းဆောင်များရဲ့ အမြင်မှာ ဒီလို သုံးပွင့်ဆိုင်ဖြေရှင်းမှ ပြေလည်နိုင်မယ်ဆိုတာ သိထားပြီး ဖိအား၊ တွန်းအား၊ ဖေးမအား တွေနဲ့ အပြောင်းအလဲဖြစ်လာအောင် နည်းပေါင်းစုံကြိုးပမ်းလာခဲ့ကြတယ်။ ဒါပေမဲ့ အဓိက ကာယကံရှင်က ခေါင်းမာမာနဲ့ ငြင်းဆိုနေလို့ မအောင်မြင်သေးဘူး။ နိုင်ငံတခုဆိုတာ မိသားစုတခုလိုပါပဲ။ လင်မယား သားသမီးတွေကြားမှာ ပြဿနာတွေဖြစ်နေရင် ပတ်ဝန်းကျင်အနေနဲ့က ချွေးသိပ်၊ ဖျောင်းဖျ၊ အကြံပေးကြရုံပါပဲ။ အဓိက ပြုပြင်ရမှာက အိမ်သားတွေပါ။ ကိုယ့်အမြင်အပေါ် ကိုယ်ရပ်တည်၊ ကိုယ့်အကျိုးဘက်ကချည်း ကိုယ်ရှုမြင်ပြီး အာဏာသုံး သောင်းကျန်းနေသမျှ ပြေလည်နိုင်စရာ မရှိဘူး။ ဆွေးနွေးဖြေရှင်းရေးဆိုတာ သူ့ဘက်ကိုယ့်ဘက်မျှပြီး အကျိုးကျေးဇူးတွေ မျှဝေ၊ နစ်နာချက်တွေ မျှခံ၊ အပြန်အလှန်စာနာပြီး အလျှော့အတင်း အပေးအယူလုပ်ရေး ဖြစ်တယ်။ အချင်းချင်းလည်း အတိတ်က အပြစ်အနာအဆာတွေကို သင်ပုန်းချေ၊ ကျေအေးကြဖို့ လိုပါတယ်။ ဒါဟာ မှန်ကန်သင့်မြတ်တဲ့ နည်းနာပါ။

လူတွေမှာ မိမိတို့ယုံကြည်ချက် အယူအဆ တခုခုအပေါ် မှန်တယ်လို့မြင်ပြီး ရပ်တည်လုပ်ဆောင်ခဲ့တာကို အထူးအပြစ်မမြင်သင့်ဘူး။ အကျိုးမရှိမှန်း မှားမှန်းသိလျက်နဲ့ မိမိကိုယ်ကျိုးစီးပွားအတွက် ဆက်လက်လုပ်ဆောင်နေတာက ကောက်ကျစ်တဲ့စိတ်ပဲ။ ဒီလိုလူမျိုးကိုသာ အပြစ်မြင်ပြီး စည်းခြားသင့်တယ်။ လူတွေမှာ အယူအဆမတူအမြင်မတူတိုင်း ရန်သူလို့ မမြင်သင့် မသတ်မှတ်သင့်ဘူး။ အမြင်တို့ အယူအဆတို့ဆိုတာ ဘဝနဲ့အတွေ့အကြုံက ဖန်တီးပေးတာ ဖြစ်တယ်။ သူ့ဘဝအခြေအနေကြောင့်သူ့မှာ ဒီလိုအယူအဆတွေ ဖြစ်ပေါ်နေရတယ်။ မတူတဲ့ဘဝက လူတွေရဲ့ ခံစားချက်ကိုသိမြင်ခံစား နားလည်အောင် ဆွေးနွေးပြောပြရမှာက လူတိုင်းမှာ တာဝန်ရှိတယ်။ လူတွေဟာ အချင်းချင်း အမှီပြုကြမှ အေးချမ်းမယ်၊ လုံခြုံမယ်၊ တိုးတက်မယ်၊ အချင်းချင်းရန်ပြုကြမယ်ဆိုရင်တော့ နေစရာမရှိဘူး။ လက်ရှိ အနုမြူ နျူကလီးယားပုံးတွေဟာ ကမ္ဘာတခုလုံးကို ပြာကျသွားစေနိုင်တယ်။

ဒီတော့ ကျနော်တို့နိုင်ငံမှာ ဖြစ်ရှိနေတဲ့ အမျိုးသားချင်း ရန်ပွားမှု၊ တိုင်းရင်းသားအချင်းချင်း သွေးကွဲမှုတွေကို ဘယ်လိုအခြေခံသဘောထားနဲ့ ဖြေရှင်းတာ အကောင်းဆုံးဖြစ်မယ်ဆိုတာ အားလုံးအမြင်တူကြပါလိမ့်မယ်။ ဒီလိုဘဝက သင်ကြားပေးလိုက်တဲ့ အသိအမြင်တွေကြောင့် ပြည်တွင်းက လက်နက်မဲ့၊ အာဏာမဲ့ နိုင်ငံရေးခေါင်းဆောင်တွေက ဒုတိယပင်လုံညီလာခံခေါ် ယူရေး၊ အမျိုးသားရင်ကြားစေ့ရေးကို တောင်းဆိုလာကြခြင်း ဖြစ်ပါတယ်။ ဒါကို မျိုးချစ် ပြည်ချစ် နိုင်ငံချစ်ပုဂ္ဂိုလ်များအားလုံး နားလည်ကြပါ

တယ်။ နယ်စပ်နဲ့ တောတွင်းက လက်နက်ကိုင်အမျိုးသားအင်အားစုတွေကလည်း လေးလေးနက်နက် နားလည်သဘောပေါက်ကြတယ်။ ဒီလိုနားလည်လို့ ၁၉၆၃ ခုမှာ ဗိုလ်ချုပ်နေဝင်း ဦးဆောင်တဲ့ တော်လှန်ရေးကောင်စီ စစ်အစိုးရနဲ့ တွေ့ဆုံဆွေးနွေး အဖြေရှာခဲ့ကြတယ်။ ၁၉၈၉ ခုကနေ ၂၀၁၀ အထိ အဖွဲ့များစွာဟာ နဝတ၊ နအဖ စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲခဲ့ကြတယ်။ သူတို့လိုလားတဲ့ အခွင့်အရေးတွေကို အမျိုးသားညီလာခံအတွင်းမှာရော အပြင်မှာပါ တင်ပြတောင်းဆိုခဲ့ကြတယ်။ ဒါပေမဲ့ ဘာမှမရတဲ့အပြင် သူတို့တပ်ဖွဲ့ဝင်တွေကို အသွင်ပြောင်းရေး (ဖျက်သိမ်းရေး) လုပ်လို့ နောက်ဆုံးလမ်းခွဲသွားကြတာ ဖြစ်တယ်။ သူတို့ဘက်က သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုနေတာ ကြာပြီဖြစ်တယ်။ သူတို့ရဲ့ ဦးတည်ချက်ဟာ ခွဲထွက်ရေး မဟုတ်ဘူး။ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ဖြစ်တယ်။

စစ်မှန်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အမျိုးသားရင်ကြားစေ့ရေးအတွက် မတူကွဲပြားတဲ့ အုပ်စုတွေ၊ ပြိုင်ဘက်တွေအကြား တွေ့ဆုံဆွေးနွေးရေး တံတားကို ဖြတ်ပြီးမှ သင့်မြတ်မှုကို ရောက်နိုင်မယ်။ ဒီလိုတွေ့ဆုံဆွေးနွေးနိုင်ဖို့ဆိုတာကို အာဏာလက်ရှိအစိုးရဘက်က ငြင်းပယ်နေသမျှ ဖြစ်လာဖို့မလွယ်ဘူး။ လက်နက်မဲ့တောင်းဆိုနေတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ အဆင်မသင့်ရင် ထောင်ထဲရောက်ကုန်ကြလိမ့်မယ်။ သူတို့လက်ခုပ်ထဲကရေ ဖြစ်နေတဲ့ဘဝမှာ ဘာပဲပြောပြော သူတို့အလေးထား နားဝင်ဖို့ လွယ်မှာမဟုတ်ဘူး။ အမှန်တရားမို့ ပျားသကာလို ကိုယ့်ဘက်ကထင်နေပေမဲ့ သူတို့နားထဲမှာ ခါးတမာလို ဖြစ်ကောင်း ဖြစ်နေပါလိမ့်မယ်။ သူတို့ဘက်က အတွေးအခေါ်အမြင်တွေ ပြောင်းလဲလာဖို့အတွက် အပြောနဲ့ချည်း မရနိုင်ဘူး။ သင့်တော်တဲ့ အလုပ်နဲ့ ပြရမယ်။ နည်းပရိယာယ်ကြွယ်ဝဖို့လိုသလို အချိန်ယူဖို့လည်း လိုအပ်တယ်။ ဒီကာလတွေမှာ ကြိုးပမ်းသူများအနေနဲ့ ထောင်ကို မကြောက်ပေမဲ့ ဦးတည်ချက်အောင်မြင်ဖို့ ရေရှည်အလုပ်ဆက်လုပ်သွားနိုင်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ ရေရှည်အမြစ်တွယ်ပြီး ခိုင်မာနေတဲ့ အမြင်တခုကို ပြောင်းလဲနိုင်ဖို့ဆိုတာ ပြည်သူအများစုရဲ့ တွန်းအား၊ နိုင်ငံတကာရဲ့ တွန်းအား ဘက်ပေါင်းစုံက အား တွေနဲ့ လုပ်ဆောင်နိုင်ဖို့ လိုပါလိမ့်မယ်။

ချုပ်ပြီး သုံးသပ်ကောက်ချက်ချရမယ်ဆိုရင် ဒီ ဒုတိယပင်လုံညီလာခံခေါ်ယူရေး၊ အမျိုးသားရင်ကြားစေ့ရေးဟာ အလွန်ကိုလိုအပ်နေတဲ့ မှန်ကန်သင့်မြတ်တဲ့ ကိစ္စရပ်ဖြစ်တယ်။ ဒါကြောင့် တောင်းဆိုကြိုးပမ်းသူများအပေါ် ထောက်ခံအားပေးကူညီကြဖို့

လိုတယ်။ လက်ရှိအခြေအနေအရ လွယ်လွယ်ကူကူနဲ့ ဖြစ်လာဖို့ မရှိသေးဘူး။ အခက်များစွာနဲ့ ရင်ဆိုင်ရဖို့ ရှိတယ်။ အချိန်များစွာ ယူဖို့လိုတယ်။ ဒါပေမဲ့ မလွယ်ကူလို့ မလုပ်သေးဘူးဆိုပြီး ရပ်ကြည့်နေဖို့ မဟုတ်ဘူး။ အောင်ပွဲကြီးကြီးအတွက် အခက်အခဲကြီးကြီးကို ဖြတ်ကျော်ရမှာပဲ။ နိုင်ငံရေးဆိုတာ လူတဦး၊ မျိုးဆက်တခုနဲ့ လုပ်တဲ့အလုပ်မဟုတ်ဘူး။ လူအများက မျိုးဆက်များနဲ့ ချီပြီး လုပ်သွားရမယ့် အလုပ်ဖြစ်တယ်။ တူညီတဲ့ ဦးတည်ချက်တခုအတွက် သိတတ်နားလည်သူများအားလုံး ဝိုင်းဝန်းလုပ်ကြဖို့ လိုပါတယ်။ မိမိလုပ်နိုင်တဲ့ အပိုင်းကလုပ်ပါ။ မိမိတာကို လုံ့ပါစေ၊ တာဝန်ကျေပါစေ။ ကျနော်တို့ရဲ့ အနာဂတ်ဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အမျိုးသားရင်ကြားစေ့ရေးကို အကောင်အထည်ဖော်နိုင်တဲ့အပေါ် မှာ တည်မှီနေပါတယ်။ ပြည်သူလူထုအများစုက ဒီလိုနားလည်ခံယူပြီး ဝိုင်းလုပ်ကြပါမှ မြန်မြန်အကောင်အထည်ပေါ် လာနိုင်မယ်လို့ မြင်ပါတယ်။

၂၀၁၀ ဒီဇင်ဘာလ နှင့် ၂၀၁၁ ဇန်နဝါရီလ

Guiding Star Mon Newspaper

# မဟာလူမျိုးကြီးဝါဒကို ဆက်လက်ကျင့်သုံးသွားမှာလား

မဟာလူမျိုးကြီးဝါဒဆိုတာ လူမျိုးများစွာရှိနေတဲ့အထဲမှာ ငါ့လူမျိုးက အခြားလူမျိုးတွေထက်ပိုပြီး မြင့်မြတ်တယ်၊ ပိုပြီးတော်တယ်၊ ပိုပြီးကောင်းတယ်၊ ပိုပြီးထက်မြက်တယ် စတဲ့ အမြင်အယူအဆတွေကို အခြေခံပြီး ငါတို့ကပဲ ရှေ့ဆောင်ရမယ်၊ ငါတို့ကပဲ စီမံရမယ်၊ ငါတို့ကပဲ နေရာတကာပေါ် လွင်ထင်ရှားနေရမယ်၊ ကျန်တဲ့ လူမျိုးတွေက ယုတ်တယ်ညံ့တယ်၊ အစွမ်းအစမရှိဘူး၊ ဦးမဆောင်ထိုက်ဘူး၊ တန်းတူနေရာမပေးသင့်ဘူး စတဲ့အမြင်စိတ်ထားတွေနဲ့ အခွင့်အာဏာအင်အားတွေသုံးပြီး တပါးသောလူမျိုးတွေအပေါ် ချိုးနှိမ် ကျွန်ပြု လွှမ်းမိုး ဝါးမျိုချုပ်ကိုင်နေတာမျိုးဟာ မဟာလူမျိုးကြီးဝါဒ ပါပဲ။ ဒီအမြင်အယူအဆဟာ အတ္တကိုယ်ကျိုးကြည့်အမြင်နဲ့ မာနထောင်လွှားဘဝင်မြင့်ခြင်းတွေ ပေါင်းစပ်ပြီး ဖြစ်ပေါ် လာတဲ့ စိတ်ရောဂါတမျိုးပဲ။

တကယ်တော့ လူမျိုး ဘာသာ အသားအရောင်တွေ ကွဲပေမဲ့ ပခုံးနှစ်ဖက်အကြားက ခေါင်းပေါက်လာတဲ့ လူတွေသာဖြစ်လို့ အတူတူပါပဲ။ တချိန်ကအချို့နိုင်ငံတွေမှာ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုး၊ ကျေးကျွန်မျိုး ဆိုပြီးခွဲခြားကြတယ်။ အချို့နိုင်ငံတွေမှာ လူဖြူလူမဲဆိုပြီး ခွဲခြားကြတယ်။ အစွမ်းအစ ဉာဏ်ပညာ ကိုယ်ကျင့်သိက္ခာ စတာတွေအပေါ် မှာမကြည့်ပဲ ပေါက်ဖွားလာတဲ့ အသိုင်းအဝိုင်းကိုကြည့်ပြီး မြင့်မြတ်တယ် ယုတ်နိမ့်တယ်လို့ ခွဲခြားသတ်မှတ်တဲ့အမြင် အယူအဆတွေဟာ အလွန်ကိုခေတ်နောက်ကျနေပါပြီ။ တချိန်က အလွန်ကိုအနှိမ်ခံနေရတဲ့ လူမဲဟာ အခုတော့ ကမ္ဘာ့အင်အားကြီးနိုင်ငံတခုမှာ သမ္မတတောင်ဖြစ်လာနေပါပြီ။ လူချင်းအတူတူ အခွင့်အရေးတန်းတူရှိရမယ်ဆိုတဲ့ အမြင်ဟာ ဒီခေတ်မှာအမှန်တရားဖြစ်တယ်။ ဒါကိုလက်ခံမှ လူမျိုးဘာသာ အသားရောင် တွေကွဲပြားနေတဲ့လူတွေ ချစ်ခင်စွာအတူနေထိုင်နိုင်မှာဖြစ်ပြီး လက်မခံရင် ငြိမ်းချမ်းတိုးတက်တဲ့ လူ့ဘောင်ကိုတည်ဆောက်နိုင်မှာ မဟုတ်ဘူး။

လူမျိုးဆိုတာ လူသားတွေစတင်ပေါ် ပေါက်လာကတည်းက တည်ရှိလာတယ်လို့ ပြောရင် မှားမယ်မထင်ဘူး။ သူ့အစုအဖွဲ့နဲ့သူနေ ဘာသာစကားတွေပေါ် ပေါက်လာကတည်းက လူမျိုးဆိုတာ ဖြစ်ရှိလာတယ်။ လူမျိုးဆိုတဲ့အတူနေ လူ့အဖွဲ့အစည်းဟာ မိမိအဝန်းအဝိုင်းမှာရှိတဲ့လူတွေကို ကာကွယ်ခဲ့ အကျိုးပြုခဲ့တာတွေ များစွာရှိတာကြောင့်

လူတွေဟာ ကိုယ့်လူမျိုးအတွက် အသက်နဲ့လဲပြီး ခုခံကာကွယ်နေကြတာဖြစ်တယ်။ လက်ဝဲလက်ယာ ဘာနိုင်ငံရေးအယူအဆပဲရှိရှိ မိမိလူမျိုးကိုထိရင် ညီအစ်ကို ကိုထိသလို နာတတ်တာ လူတွေရဲ့ဓမ္မတာပဲ။ တချိန်က ယူဂိုဆလားဗီးယားနိုင်ငံဟာ ဆိုရှယ်လစ်စနစ်ကို ခံယူထားပေမဲ့ ဆာဗ်လူမျိုးတွေရဲ့ မဟာလူမျိုးကြီးဝါဒတွေကြောင့် လူမျိုးရေးပြဿနာတွေဖြစ်ပွားပြီး ပြည်ထောင်စုကြီးလည်း ပြိုကွဲခဲ့ရတယ်။ ပြည်နယ်တွေခွဲထွက်ကြပြီးတဲ့နောက်မှာ ကျန်ရှိနေသေးတဲ့ ပြည်နယ်ထဲက အယ်လ်ဗေးနီးယား လူမျိုးစုတွေကို ဆာဗ်တွေက အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့လို့ နိုင်ငံတကာက ဝင်ကူခဲ့ရတယ်။ ဆာဗ်လူမျိုးခေါင်းဆောင် ဆလိုဗိုတန်မီလိုရှေးဗစ်နဲ့ အပေါင်းပါခေါင်းဆောင်အချို့ဟာ ကမ္ဘာ့ရာဇဝတ်ခုံရုံးမှာ တရားစွဲခံခဲ့ကြရတယ်။ ဆိုဗီယက်ယူနီယံမှာလည်း အခြားပြည်နယ်နဲ့ လူမျိုးတွေကို အခွင့်အရေးပိုပေးဖို့ သမ္မတဂိုဗားချော့ဗ်စီစဉ်တာကို အယူသီးကွန်မြူနစ်ခေါင်းဆောင်တွေက ဆန့်ကျင်ဖျက်ဆီးခဲ့လို့ ဆိုဗီယက်ယူနီယံကြီး ပျက်စီးခဲ့ရတယ်။ ဆူဒန်နိုင်ငံတောင်ပိုင်း ဒါဖော်ဒေသရှိ ဒေသခံလူမျိုးစုတွေကို အပြင်းအထန် ဖိနှိပ်သတ်ဖြတ်ခဲ့လို့ အခုတော့ သီးခြားနိုင်ငံတခုအဖြစ် ခွဲထွက်သွားကြပြီ။ အီရတ်နိုင်ငံမှာ ဆဒမ်ဟူစိန်ဟာ ကာဒ်လူမျိုးစုတွေကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့လို့ ကြိုးမိန့်နဲ့ အရေးယူအပြစ်ပေးခြင်း ခံလိုက်ရပြီ။ ဒါတွေဟာ မဟာလူမျိုးကြီးဝါဒကျင့်သုံးခြင်းရဲ့ ဆိုးကျိုးတွေပါပဲ။

အင်္ဂလိပ်တွေကတော့ ဒီကိစ္စမှာ ပါးနပ်တယ်လို့ ပြောရမယ်။ နေမဝင်အင်ပါယာဖြစ်နေပေမဲ့ ကိုလိုနီတိုင်းပြည်တွေကို စောစောစီးစီး လွတ်လပ်ရေးပေးခဲ့တယ်။ သူ့နိုင်ငံမှာ ရှိနေတဲ့ ပြည်နယ်တွေကိုလည်း တောင်းဆိုမှုတွေဖြစ်လာတာနဲ့ အခွင့်အာဏာတွေ တိုးပေးလိုက်တယ်။ မတူညီတဲ့ လူမျိုးတွေအပေါ် မှာ အတင်းအကြပ်ချုပ်ကိုင်မထားဘူး။ တရုတ်တွေကလည်း ဟောင်ကောင်ကျွန်းနဲ့ မကာအိုကျွန်းတွေကို သီးခြားနိုင်ငံရေးစနစ်နဲ့ စီမံအုပ်ချုပ်ခွင့်ပေးပြီး တနိုင်ငံစနစ်နှစ်မျိုး ကျင့်သုံးနေတယ်။ ပြောင်းလဲတိုးတက်လာနေတဲ့ ခေတ်ထဲမှာ နိုင်ငံခေါင်းဆောင်တွေဟာ မိမိတိုင်းပြည်တည်ငြိမ်အေးချမ်းတိုးတက်ရေးအတွက် နိုင်ငံခြားကပညာရှင်တွေ၊ ထူးချွန်လုပ်သားတွေကို ဈေးကောင်းပေးပြီး ခေါ်ယူကြတယ်။ အလုပ်ကြမ်းသမားတွေကိုလည်း လိုအပ်သလောက်ခေါ်ယူကြတယ်။ လူမျိုးရေး ဘာသာရေးခွဲခြားမနေတော့ဘူး။

ဂလိုဗယ်လိုင်ဇေးရှင်း (Globalization) ခေါ် ကမ္ဘာလုံးဆိုင်ရာဆက်နွယ်နေတဲ့ ခေတ်ကြီးမှာ ဘာသာစကား စာပေယဉ်ကျေးမှု အနုပညာ စတာတွေဟာ ရောနှော

တာ လွှမ်းမိုးတာရှိပေမဲ့ အတင်းအဓမ္မနည်းနဲ့ မလုပ်ဘူး။ လိုရင်သင် ကြိုက်ရင်ယူဆိုတဲ့ သဘောမျိုးပဲ ကျင့်သုံးတယ်။ ဂလိုဗယ်လိုင်ဇေးရှင်း ခေတ်ထဲမှာ လူမျိုး ဘာသာ အသား အရောင် ဇာတ်မခွဲခြားပဲ အေးချမ်းချစ်ခင်စွာ အတူတကွနေထိုင်ရေးကို အလေးထား တယ်။ မဟာလူမျိုး မဟာဘာသာ မဟာမျိုးနွယ်ဝါဒတွေနဲ့ အဓမ္မလွှမ်းမိုးတာမျိုး မလုပ် ဘူး။ လူမျိုးတမျိုးရဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်တွေကို အလေးထားပြီး လေ့လာတယ်၊ ဖော်ထုတ်တယ်၊ အသိအမှတ်ပြုတယ်၊ ထိန်းသိမ်းမြှင့်တင်ဖို့ အားပေး ကူညီတယ်။ အထင်သေးတာ ဝိုင်းပယ်တာမျိုး မလုပ်ကြဘူး။ လူမျိုးတွေကိုမဆိုထားနဲ့ ရှားပါးတဲ့တိရစ္ဆာန်တွေ သစ်ပင်တွေ ရှေးဟောင်းအဆောက်အဦတွေကိုတောင် ပျောက် ဆုံးမသွားအောင် ငွေကုန်ကြေးကျခံပြီး ဝိုင်းဝန်းထိန်းသိမ်းနေကြတယ်။

အထက်ပါပြောင်းလဲလာနေတဲ့ ခေတ်ကာလအယူအဆအခြေအနေတွေနဲ့ ကျနော် တို့နိုင်ငံမှာ အာဏာရအစိုးရအဆက်ဆက်တွေရဲ့ သဘောထားလုပ်ရပ်တွေဟာ သင့် တော်ကိုက်ညီဆီလျော်ပါရဲ့လား။ လူမျိုးစုံဘိုးဘွားတွေရဲ့ ပိုင်ဆိုင်ခဲ့တဲ့မြေ၊ လူမျိုးစုံ စု ပေါင်းတိုက်ခိုက်ခဲ့ပြီးမှ လွတ်လပ်လာတဲ့မြေ၊ အချို့က စေတနာအရ ပူးပေါင်းလာတဲ့ မြေ၊ ဒီလိုမြေ ဒီလိုပြည်ကို လူတမျိုးတည်းက လက်ဝါးကြီးအုပ် ချုပ်ကိုင်ပြီး ကျန်လူမျိုး တွေကို ရေတိုရေရှည် အနအကြမ်းနည်းပေါင်းစုံနဲ့ ဝါးမျိုလွှမ်းမိုးချုပ်ကိုင်နေတာတွေ ဟာ သင့်တော်မှန်ကန်တရားနည်းလမ်း ကျပါရဲ့လား။ လွတ်လပ်ရေးမရခင်က တမျိုး၊ လွတ်လပ်ရေးရပြီးတော့ တမျိုး ပြောဆိုနေတာ ပင်လုံသဘောတူညီချက်ကို ချိုးဖောက် နေတာတွေဟာ မဟာလူမျိုးကြီးဝါဒကို ပြောင်ပြောင်ရှင်းရှင်း ကျင့်သုံးနေတာဖြစ်တယ်။ စစ်ခေါင်းဆောင်ကြီးအချို့ရဲ့ သင်ကြားပို့ချနေတဲ့ သဘောတရားရေးရာသင်တန်းတွေ မှာ **"ဒို့နိုင်ငံဟာ လူဦးရေသန်းထောင်ကျော်ရှိတဲ့ နိုင်ငံ (၂) ခုရဲ့အကြားမှာ ရှိနေတယ်။ ဒါဟာ သိပ်အန္တရာယ်ကြီးတယ်။ အရေးကြုံလာရင် ကာကွယ်နိုင်ဖို့ ကျစ်လစ်ခိုင်မာတဲ့ စုစည်းညီညွတ်မှုရှိဖို့လိုတယ်။ ဒို့နိုင်ငံမှာ လူမျိုးစုံ ကိုးကွယ်မှုဘာသာစုံရှိနေလို့ စုစည်း ညီညွတ်မှု အားနည်းနေတယ်။ စုစည်းဖို့ မလွယ်ဘူး။ ဒါကြောင့် အနာဂတ်မှာ ဗမာတမျိုး ထဲဖြစ်လာဖို့ ဗုဒ္ဓဘာသာတခုတည်း ဖြစ်လာဖို့ ရေတိုရေရှည် အစီအစဉ်တွေနဲ့ အကောင် အထည် ဖော်ကြရမယ်"** ဆိုတဲ့ သဘောထားတွေဟာ အတွင်းထရံကိုဖောက်ပြီး အပြင် ကို ရောက်လာတာကြာပြီ ဖြစ်ပါတယ်။

ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်း သဘောတူလက်မှတ်ရေးထိုးခဲ့တဲ့ ပင်လုံစာချုပ် ကို ချိုးဖောက်၊ အခြားလူမျိုးတွေ ဗမာလက်အောက်ရောက်လာအောင် ပြည်နယ်ပြည်မ

စနစ်နဲ့ လုပ်ဆောင်လာခဲ့တယ်။ အဲဒီနောက်မှာ **"ဖက်ဒရယ်"** ဆိုတာ ခွဲထွက်ရေးဆိုပြီး အာဏာသိမ်းကာ တပါတီစစ်အာဏာရှင်စနစ်နဲ့ ချုပ်ကိုင်လာခဲ့တယ်။ ပြည်ထောင်စု ဆိုတာ စာထဲမှာနဲ့ ကြွေးကြော်သံတွေထဲမှာသာ ရှိပြီး လက်တွေ့မှာ တပြည်ထောင်စနစ်ကိုပဲ ကျင့်သုံးလာခဲ့တာ ယနေ့အထိပါပဲ။ ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေအတွက် ပြည်နယ်တွေ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွေဆိုပြီး နာမည်အရ သတ်မှတ်ထားပေမဲ့ ရုံးတွေ ကျောင်းတွေမှာ သူတို့စကား သူတို့စာပေ သူတို့ယဉ်ကျေးမှုတွေ နည်းနည်းကလေးမှ သုံးစွဲသင်ကြား ကျင့်သုံးခွင့်မပေးဘူး။ တပြည်လုံးမှာ ဗမာစကား၊ ဗမာစာ၊ ဗမာယဉ်ကျေးမှုတွေနဲ့ ဖုံးလွှမ်းနေစေဖို့ ဥပဒေတွေထုတ်၊ အခြားတိုင်းရင်းသားလူမျိုးတွေရဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှုနဲ့ ဓလေ့စရိုက်လက္ခဏာအားလုံးကို ဖုံးကွယ်ဖျောက်ဖျက်ဖို့ အာဏာနဲ့ လုပ်ဆောင်နေတာတွေဟာ မဟာလူမျိုးကြီးဝါဒရဲ့ လက္ခဏာရပ်တွေပါ။ ဒါတွေ လုပ်ဆောင်နေသမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ ဖြစ်လာနိုင်မှာ မဟုတ်ဘူး။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ချင်ရင် တိုင်းရင်းသားတွေရဲ့ နစ်နာချက်နဲ့ ခံစားချက်တွေကို လေ့လာသုံးသပ်စေချင်တယ်။ ကိုယ်ချင်းစာကြည့်စေချင်တယ်။ ဗမာတွေ အင်္ဂလိပ်လက်အောက်ကိုလိုနီဘဝရောက်ခဲ့စဉ်က ဗမာစကား၊ ဗမာစာတွေ ပျောက်တော့မလိုဖြစ်ပြီး အင်္ဂလိပ်စကား အင်္ဂလိပ်စာတွေ နေရာဝင်ယူလာတော့ ဗမာခေါင်းဆောင်တွေ ဗမာမျိုးချစ်တွေ ပြာပြာသလဲ တုန်လှုပ်ခဲ့ နာကြည်းခဲ့ကြတယ်။ ကိုယ့်ဘာသာစာပေယဉ်ကျေးမှုတွေ မပျောက်ပျက်အောင် အဖက်ဖက်ကကြိုးပမ်းခဲ့ကြတယ်။ "ဗမာစကားသည် ဒို့စကား ဗမာစာသည် ဒို့စာ" လို့ ကြွေးကြော်ပြီး အမျိုးသားလွတ်လပ်ရေးအတွက် ရုန်းကန်ခဲ့ကြတယ်။ ဗမာစကားစာပေယဉ်ကျေးမှုတွေ တိမ်ကောပျောက်ကွယ်တော့မလို ဖြစ်တဲ့အခါ ဗမာတွေ ဘယ်လိုခံစားခဲ့ရတယ်ဆိုတာကို စဉ်းစားပြီး ကျန်တိုင်းရင်းသားတွေရဲ့ စကားစာပေယဉ်ကျေးမှုတွေ နေရာမရ အသုံးနည်း ပျောက်ကွယ်တော့မလို ဖြစ်နေတဲ့အပေါ် သူတို့ဘယ်လို ခံစားနေရမယ်ဆိုတာ ကိုယ်ချင်းစာကြည့်ရင် သိနိုင်ပါလိမ့်မယ်။ တိုင်းရင်းသားဒေသတွေမှာ ရှိတဲ့ အစိုးရစာသင်ကျောင်းတွေမှာ ဆိုင်ရာတိုင်းရင်းသားစာပေကို သင်ကြားဖို့ အခက်အခဲတွေကို တန်ဘိုးထားမဖြေရှင်းရင် တန်ဘိုးကြီးမားလှတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မှာ မဟုတ်ဘူး။

ဗမာ မဟုတ်တဲ့ တိုင်းရင်းသားတွေက ကိုယ့်ဘိုးဘွားပိုင်မြေဖြစ်တဲ့ တိုင်းပြည်မှာ နေထိုင်ပြီး ကိုယ့်လူမျိုးရဲ့ အခြေခံအခွင့်အရေးတွေမရရှိလို့ အာဏာရအစိုးရတွေကို ဆန့်ကျင်တော်လှန်တိုက်ပွဲဝင်နေရတာ ဖြစ်တယ်။ ဒီလို မိမိတို့လူမျိုးရဲ့မွေးရာပါ အခွင့်အရေးဆုံးရှုံးနေရလို့ တောင်းဆိုတိုက်ပွဲဝင်နေတာကို ကျဉ်းမြောင်းတဲ့ အမျိုးသားရေးအမြင်လို့ ခေါ်မလား။ လူမျိုးစုံပိုင်ဆိုင်ပြီး လူမျိုးစုံနေထိုင်တဲ့ နိုင်ငံမှာ အခြားလူမျိုးတွေရဲ့ ရှင်သန်ရပ်တည်ခွင့်ကို အာဏာနဲ့ပိတ်ပင်တားမြစ်နေတာဟာ မဟာလူမျိုးကြီးဝါဒ မဟုတ်ဘူးလား။ တရားသူကြီးလုပ်ပြီး စဉ်းစားကြည့်စမ်းပါ။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားလို့ ပြည်တွင်းစစ်အနှစ် (၆၀) ကျော်ရှိခဲ့ပြီ။ ဒီပြည်တွင်းစစ်ကြောင့် တချိန်က အရှေ့တောင်အာရှနိုင်ငံတွေအကြားမှာ တပါးသူတွေထက် ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံဟာ အခုတော့ အဆင်းရဲဆုံးနဲ့ ခေတ်နောက်အကျဆုံးနိုင်ငံ ဖြစ်နေရပြီ။ လွတ်လပ်ပါတယ်ဆိုတဲ့ နိုင်ငံမှာ ပြည်သူတွေဟာ ဒီမိုကရေစီနဲ့အခြေခံလူ့အခွင့်အရေးတွေ ဆုံးရှုံးပြီး အာဏာရှင်တွေအနိုင်ကျင့်သမျှကို ခံနေကြရတယ်။ နယ်စပ်ဒေသက တိုင်းရင်းသားပြည်သူတွေဟာ အစိုးရတပ်ရဲ့ အနိုင်ကျင့်တာကိုပိုမိုခံနေကြရပြီး များစွာသော ပြည်သူတွေဟာ စစ်ပြေးဒုက္ခသည် ဘဝရောက်နေကြရတယ်။ အတွင်းပိုင်းကပြည်သူတွေဟာလည်း လယ်ယာမြေများ သိမ်းခံ ရရုံသာမက အရွယ်မရောက်သေးတဲ့ သားငယ်တွေကို စစ်တပ်ထဲ ဆွဲသွင်းခံ နေကြရတယ်။ ဒီလို ဖြစ်နေရတာဟာ အရင်းစစ်ကြည့်ရင် ပြည်တွင်းစစ်ကြောင့်၊ ပြည်တွင်းစစ် ဖြစ်နေရတာကို ပြန်စစ်ကြည့်တော့ မဟာလူမျိုးကြီးဝါဒကြောင့်၊ အခွင့်အရေးဆုံးရှုံးလို့ ရုန်းကန်နေရသူနဲ့ သူတပါးအခွင့်အရေးကို လိုက်ပြီးပိတ်ပင်နေသူ နှစ်ဦးအကြားမှာ ဘယ်သူက တရားခံလဲ။ ဘာကြောင့် ဒီလို ဖြစ်နေရတာလဲ။ အရင်းစစ်ကြည့်တော့ မဟာလူမျိုးကြီးဝါဒအစွဲအလမ်း ဝင်နေလို့ပါပဲ။

ကျနော်တို့နိုင်ငံဟာ လွတ်လပ်တဲ့နိုင်ငံဖြစ်ပေမဲ့ လွတ်လပ်ရေးရဲ့အရသာကို ပြည်သူတွေ မခံစားရတာဟာ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ စကားကို မနာခံလို့ပါ။ ဗိုလ်ချုပ်က **"လွတ်လပ်ရေးဆိုတာဟာ ကိုယ်တဦးတယောက်ကောင်းစားဖို့ ဖြစ်စေ၊ တမျိုးသားလုံးကောင်းစားဖို့ ဖြစ်စေ လုပ်တဲ့နေရာမှာ တခြားတဦးတယောက်ရဲ့ အကျိုးကို မထိခိုက်စေပဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တယ်။ သူတပါးအကျိုးစီးပွားကို အနှောက်အယှက် မဖြစ်စေရဘူး။ အခြားလူမျိုး အခြားလူတွေရဲ့ အကျိုးကို မထိခိုက်ဘူးဆိုရင် လုပ်နိုင်တယ်။ သို့သော်လည်းပဲ သူများတကာ**

**ရဲ့ လွတ်လပ်ရေးကို သွားထိပါးတဲ့ လွတ်လပ်ရေးမျိုးဟာ လွတ်လပ်ရေး မဟုတ်ဘူး။ အဲဒါကဘာလဲဆိုရင် ရမ်းကားမှု ဖြစ်တယ်။ ဒီတော့ လွတ်လပ်ရေးရဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့သဘောမျိုး မဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့သဘောမျိုးသာဖြစ်တယ်"** လို့ မှာကြားခဲ့တာရှိပါတယ်။

ညီညွတ်မှုနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်ရဲ့မှာကြားချက်ကတော့ **"တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထု ညီညွတ်ရေး၊ စားဖားသမားတွေရဲ့ ညီညွတ်ရေး ဒီ ညီညွတ်ရေးမျိုး ကျုပ်မလိုချင်ဘူး။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထု ညီညွတ်ရေး ဒီ ညီညွတ်ရေးနှစ်ခု မရှိသမျှကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင်လွတ်လပ်ငြားသော်လည်းပဲ ဘယ်ပါတီတက်တက် ဘယ်အစိုးရလုပ်လုပ် ဖာသည် တိုင်းပြည်ဖြစ်နေမှာပဲ။ အဲဒီတော့ကာ ဒီနှစ်ခုကို ခင်ဗျားတို့က မပျက်ပါနဲ့။ ဘယ်သူဘာလုပ်လုပ် မပျက်ပါစေနဲ့။ အဲဒါ အင်မတန်အရေးကြီးပါတယ်"** လို့ ၁၉၄၇ ခု ဇူလိုင်လ (၁၃) ရက်နေ့မှာ မိန့်မှာခဲ့ပါတယ်။

ဗိုလ်ချုပ်ရဲ့ ဒီမှာကြားချက်ကို အာဏာရသူတွေ လျစ်လျူရှုပြီး မဟာလူမျိုးကြီးဝါဒကိုကျင့်သုံးခဲ့လို့ ကျွန်ုပ်တို့နိုင်ငံဟာ ဖာသည်နိုင်ငံတကယ်ကို ဖြစ်နေရပါပြီ။ မဟာလူမျိုးကြီးဝါဒကို ဘယ်သူတွေက ပိုပြီးမြင့်တင်ကျင့်သုံးနေတာလဲ။ အာဏာကို လက်ဝါးကြီးအုပ်လိုတဲ့ စစ်ခေါင်းဆောင်တွေပါ။ သူတို့ကိုယ်သူတို့ တကယ့်မျိုးချစ်ပုဂ္ဂိုလ်တွေလို့ ထင်မှတ်နေပြီး တိုင်းပြည်ကို အကာအကွယ်ပေးနေသလိုနဲ့ ဗမာမဟုတ်တဲ့ တိုင်းရင်းသားလူမျိုးစုံကို ခေါင်းမထောင်နိုင်အောင် ဖိနှိပ်နေတာတွေဟာ လူမျိုးရေးပဋိပက္ခကို ပိုမိုကြီးမားစေတယ်။ ဒါဟာ ပြည်တွင်းစစ်ကို ပိုမိုနက်ရှိုင်းစေပြီး တိုင်းပြည်ကို ပိုမိုဒုက္ခရောက်အောင် လုပ်ဆောင်နေတဲ့ မဟာလူမျိုးကြီးဝါဒရဲ့ လုပ်ငန်းစဉ်တရပ်ဖြစ်ပါတယ်။ တိုင်းပြည်နဲ့ လူမျိုးစုံပြည်သူတွေကို ဒုက္ခဖြစ်အောင် ဖန်တီးနေတဲ့ ဒီမဟာလူမျိုးကြီးဝါဒကို ဆက်လက်ကျင့်သုံးနေမယ်ဆိုရင် တိုင်းပြည်ရဲ့ အနာဂတ်ဟာ ပိုမိုဆိုးဝါးတဲ့ အခြေအနေကို ရောက်သွားမှာပဲ။ ဒါကြောင့် ဒီမဟာလူမျိုးကြီးဝါဒကို ဆက်လက်ကျင့် သုံးခွင့်ပေးထားမှာလား။ တိုင်းပြည်အေးချမ်းတည်ငြိမ် တိုးတက်ရေးကို လိုလားနေတဲ့ ပြည်သူများ ပြတ်ပြတ်သားသားအဖြေပေးဖို့ လိုအပ်နေပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၀၁ စက်တင်ဘာလ

Guiding Star Mon Newspaper

# ဒီမိုကရေစီနဲ့ အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့်တို့ဟာ ဒင်္ဂါးပြားရဲ့ ပန်းနဲ့ခေါင်း

စစ်အာဏာရှင်စနစ်ကို မလိုလားလို့ ပြည်တွင်းမှာ ဆန့်ကျင်လှုပ်ရှားနေကြတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ ကျောင်းသားလူငယ်နဲ့ ပညာတတ်အသိုင်းအဝိုင်းတွေအကြားမှာရော နယ်စပ်နဲ့ပြည်ပအခြေစိုက် နိုင်ငံရေးအင်အားစုလူငယ်နဲ့ လူမှုအဖွဲ့အစည်းအကြားမှာပါ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တာခြင်း တူကြပေမဲ့ နိုင်ငံရေးဦးတည်ချက်မှာ မတူကွဲပြားမှုတွေ ရှိနေကြပါတယ်။ ဘဝချင်းမတူလို့ ခံစားချက်ခြင်းမတူကြတာဟာ သဘာဝကျပေမဲ့ ရေရှည်လက်တွဲလှုပ်ရှားခဲ့ကြတဲ့ အင်အားစုအချင်းချင်းအကြားမှာရော ရှေ့ဆောင်တပ်ပေါင်းစုတခုခုအောက်မှာ ပါဝင်လှုပ်ရှားနေကြတဲ့ အင်အားစုတွေအကြားမှာပါ အမြင်မတူ ဦးတည်ချက်ခြင်း ကွဲနေတာရှိပါတယ်။ ဒီလို မတူကွဲပြားနေတာကို အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး ပွင့်ပွင့်လင်းလင်းထုတ်ဖော်မပြောပေမဲ့ ရှိနေမှန်းတော့ သိနေကြပါတယ်။ ဒီလို ရှိနေတာဟာ တော်လှန်ရေးအတွက်အလားအလာ မကောင်းသလို ခိုင်မာတဲ့ စုစည်းညီညွတ်ရေးကို တည်ဆောက်ဖို့ရာအဟန့်အတားဖြစ်စေပါတယ်။ တဦးနဲ့တဦး တဖွဲ့နဲ့တဖွဲ့အကြားမှာ သံသယဖြစ်စေပါတယ်။ ဒါတွေကို အတတ်နိုင်ဆုံး ညှိနှိုင်းရှင်းလင်းဖို့ လိုပါတယ်။

ဘယ်အပိုင်းမှာ မတူကွဲပြားမှုရှိနေသလဲဆိုရင် ဗမာလူမျိုးအများစုပါဝင်တဲ့ ဒီမိုကရေစီအင်အားစုတွေထဲက အချို့အဖွဲ့တွေ၊ အချို့ပုဂ္ဂိုလ်တွေဟာ ဒီမိုကရေစီအရေးသက်သက်ကိုပဲ လိုချင်ကြတယ်။ ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေတောင်းဆိုနေတဲ့ အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့်တို့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့ကို လုံးလုံးထည့်မတွက်ချင်ကြဘူး။ အချို့ဆိုရင် ဆန့်ကျင်နေပါသေးတယ်။ သူတို့က အမျိုးသားတန်းတူရေးတို့၊ ကိုယ်ပိုင်ပြဌာန်းခွင့်တို့၊ ဖက်ဒရယ်ပြည်ထောင်စုတို့ စတာတွေကို ဦးတည်တောင်းဆိုနေတာကြောင့် ဒီမိုကရေစီတော်လှန်ရေးကို နှောင့်နှေးစေတယ်လို့ အပြစ်မြင်နေကြတယ်။ တခါတရံမှာ ခေတ်နောက်ကျတဲ့ အမြင်ကျဉ်းအမျိုးသားရေးဝါဒ ဆိုပြီး ရှုတ်ချပြောဆိုလာတာတွေလည်း ရှိပါတယ်။ အချို့ကတော့ တိုင်းရင်းသားလူမျိုးစုံနဲ့ ပေါင်းသင်းဆက်ဆံနေရလို့ ဆန့်ကျင်ပြီး ထုတ်ဖော်မပြောလိုတဲ့အတွက် ဆိတ်ဆိတ်နေလိုက်တာမျိုးတွေလည်း ရှိပါတယ်။ အချို့နေရာမှာ တိုင်းရင်း

သားအခွင့်အရေးတွေကို မလွှဲသာလို့ သဘောတူတယ်၊ လက်ခံတယ်လို့ ပြောလိုက်ရပေမဲ့ လိုလိုလားလားတော့ မဟုတ်ဘူး။ သူတို့ ခံယူချက်ကတော့ ဒီမိုကရေစီအပြည့်အဝရရင် လုံလောက်ပြီ၊ ကျန်တာတွေ ဒီမိုကရေစီဘောင်ထဲက တောင်းဆိုလုပ်ဆောင်သွားဖို့ ဆိုတဲ့သဘောမျိုးရှိတယ်။ ဒီလို အမြင်တွေက တတန်းတည်း တပုံစံတည်းတော့ မဟုတ်ဘူး။ သူ့အဆင့်နဲ့ သူရှိပါတယ်။

ဗမာမဟုတ်တဲ့ တိုင်းရင်းသားအင်အားစုအထဲက အချို့အဖွဲ့တွေ၊ အချို့ပုဂ္ဂိုလ်တွေကတော့ ဒီမိုကရေစီတွေ၊ ဆိုရှယ်လစ်တွေ၊ ကွန်မြူနစ်တွေဆိုတဲ့ ဝါဒတွေကို ထည့်တွက်စရာ မလိုသေးဘူး။ အမျိုးသားလွတ်လပ်ရေး (သို့မဟုတ်) အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးပဲ။ အာဏာရှင်အစိုးရအပေါ် နာကျည်းရာက ဗမာတွေဆိုရင် ကြည့်လို့မရဘူး၊ ဗမာစကားလည်း မပြောချင်ဘူး၊ ဗမာဆိုရင် စိတ်မချရဘူး ဆိုတဲ့ ဗမာဆန့်ကျင်ရေး စိတ်ဓါတ်ရှိခဲ့တယ်။ ဒီလိုစိတ်ဓါတ်တွေဟာ ရှစ်လေးလုံးလူထုအုံကြွမှုဖြစ်ပြီးတဲ့နောက် ကျောင်းသားတွေ ဒီမိုကရေစီအင်အားစုတွေနဲ့ တွေ့ဆုံပေါင်းသင်းရတော့ များစွာလျော့ကျသွားပါတယ်။ ဗမာအများစုဖြစ်တဲ့ ဒီမိုကရေစီအင်အားစုတွေ အသက်ပေါင်းများစွာ အသေခံပြီး စစ်အာဏာရှင်တွေကို တိုက်ပွဲဝင်ခဲ့တာ ကြားသိရလို့ တကြောင်း၊ ပြည်သူလူထုအများစုကြီးကနေ ဒီမိုကရေစီကို လိုလားတောင်းဆိုနေတာ သိခဲ့ရတာ တကြောင်းတို့ကြောင့် ဒီမိုကရေစီရေးအပေါ် အလေးထားလာတာတွေ ရှိပါတယ်။ အချို့ကလည်း ဒီမိုကရေစီတို့၊ ဆိုရှယ်လစ်တို့၊ ကွန်မြူနစ်တို့ဟာ အုပ်ချုပ်ရေးစနစ်ဖြစ်တယ်။ အာဏာ (သို့မဟုတ်) အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်က ပထမ၊ အဲဒါရပြီးရင် ကြိုက်တဲ့စနစ်ကို သုံးနိုင်တယ်။ တခုမကောင်းရင် နောက်တခုပြောင်း ပြဿနာမရှိဘူး။ အမျိုးသားဆိုင်ရာ အခွင့်အာဏာရဖို့ အဓိကလို့ မြင်ကြတယ်။ ဒီလို အမြင်ရှိတာကြောင့် အာဏာရနိုင်ဖို့ အာဏာကို ချုပ်ကိုင်ထားတဲ့အစိုးရကိုပဲ အလေးထားကြတယ်။ တွေ့ဆုံစကား ပြောခွင့်ရှိရင် ပြောမယ်။ ပြောလို့မရရင် တိုက်မယ်။ အာဏာရထားတဲ့ အစိုးရဟာ ဖက်ဆစ်အာဏာရှင်လား၊ ဆိုရှယ်လစ်လား၊ ကွန်မြူနစ်လား ဆိုတာတွေ လေးလေးနက်နက် ထည့်မတွက်ကြဘူး။ ဒီလိုအမြင်တွေရှိနေတော့ ဒီမိုကရေစီအရေးအပေါ်မှာ တန်ဘိုးမထားကြတော့ဘူး။

ဒီမိုကရေစီသမားတွေကလည်း ဒီမိုကရေစီအရေးလောက်ကိုပဲမြင်ပြီး အမျိုးသားရေးသမားတွေက အမျိုးသားအခွင့်အရေးလောက်ကိုသာ ဇောင်းပေးနေတော့ ဒီအင်အားစုနှစ်ခုအကြားမှာ စုစည်းဖို့ နားလည်မှုရယူဖို့ဆိုတာ ခက်ခဲတယ်။ အာဏာရ စစ်

အာဏာရှင်အစိုးရအဖို့ကတော့ ကျနော်တို့ အတိုက်အခံတော်လှန်ရေးအင်အားစုတွေ အချင်းချင်း မစုစည်းနိုင်လေ သူတို့အတွက် ပိုကောင်းလေပါပဲ။ သူတို့ရဲ့ ရပ်တည်ချက်ကတော့ အာဏာလက်မလွှတ်ရေးနဲ့ အာဏာရှင်စနစ်ကို ဆက်ကျင့်သုံးနိုင်ဖို့ **"စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ"** ဆိုပြီး ဒီမိုကရေစီကို ဘောင်ကန့်ထားလိုက်တယ်။ ပြည်သူအများကြိုက်၊ နိုင်ငံတကာကြိုက်၊ ခေတ်ကာလကြိုက် ဖြစ်နေတဲ့ ဒီမိုကရေစီကို ငြင်းပယ်လို့ မရတော့ ဘောင်ကန့်ထားလိုက်တာ ဖြစ်တယ်။ ဘောင်ဆိုတဲ့ စည်းကမ်းက သူတို့လက်ထဲမှာ ဒါကိုတော့ အလွှတ်မခံဘူး။ ၁၉၆၂ ခု ဗိုလ်ချုပ်နေဝင်းအာဏာသိမ်းတုန်းက ဒီမိုကရေစီစနစ်ကြောင့် တိုင်းပြည်ပျက်ရတော့မယ်ဆိုပြီး ဒီမိုကရေစီကို အပုပ်ချကာ တပါတီအာဏာရှင်စနစ်ကို ကျင့်သုံးလာခဲ့တယ်။ နောက်ပြီး ဒီမိုကရေစီဆိုတာ အရင်းရှင်၊ မနရှင် လူနည်းစုကောင်းစားရေးဝါဒပဲ ဆိုပြီးတိုက်ခိုက်ခဲ့တယ်။ တချိန်တည်းမှာ အာဏာရှင်စနစ်ကို အလုပ်သမား၊ လယ်သမား လူများစုကောင်းစားရေး ဆိုတဲ့ ဆိုရှယ်လစ်အမြင်တွေနဲ့ မွမ်းမံပြီး ပိုမိုခိုင်ခန့်အောင် လုပ်ခဲ့တယ်။ အခုခေတ်မှာ ဆိုရှယ်လစ်၊ ကွန်မြူနစ်ဝါဒတွေ အရေးမလှ သိက္ခာကျနေတော့ အများကြိုက်တဲ့ ဒီမိုကရေစီကို လိုက်သုံးပြီး **"စည်းကမ်းပြည့်ဝသော"** ဆိုတဲ့ ဘောင်ကလေးနဲ့ ထိန်းချုပ်ကန့်သတ်ထားတာ ဖြစ်တယ်။ အမှန်မှာတော့ **"အာဏာရှင်စနစ် ခိုင်မြဲရေး"** ပါပဲ။

အခြားတဖက်က စစ်အစိုးရဟာ တိုင်းရင်းသားတွေတောင်းဆိုနေတဲ့ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို လက်မခံနိုင်တော့ "ရေပက်မဝင်တဲ့ စည်းလုံးညီညွတ်ရေး" တနည်းအားဖြင့် "ဒို့အရေး သုံးပါး" နဲ့ ဘောင်ကန့်ထားလိုက်ပြန်တယ်။ သူတို့အကြောင်းပြချက်ကတော့ လူဦးရေသန်းထောင်ကျော်ရှိတဲ့ နိုင်ငံကြီးနှစ်ခုအကြားမှာ တည်ရှိနေတဲ့ နိုင်ငံငယ်လေးဖြစ်နေတော့ ခိုင်မာတဲ့ စည်းလုံးညီညွတ်ရေး မရှိဘူးဆိုရင် ခုခံနိုင်စွမ်းအား မရှိဘူး။ ဒီလိုအန္တရာယ်ကြီးကြီးမားမား ရှိနေတာကို အမြော်အမြင်ရှိရှိနဲ့ ကြိုတင်ပြင်ဆင်ကာကွယ်ထားဖို့လိုတယ်လို့ အကြောင်းပြကြတယ်။ ပြည်ထောင်စုဆိုတာ အမည်ခံ သက်သက်ပါ။ ဒါကလည်း သူတို့လက်ထဲမှာ အာဏာတည်မြဲရေး ပါပဲ။ ဒါ့ထက်မက သူတို့တပ်မှူးတပ်သားတွေနဲ့ အမာခံတွေအကြားမှာ သွင်းထားတဲ့ သဘောတရားတခုက လူမျိုးအထွေထွေ၊ ကိုးကွယ်တဲ့ ဘာသာအဖုံဖုံ ရှိနေတဲ့ နိုင်ငံတွေမှာ ခိုင်မာတဲ့ စည်းလုံးညီညွတ်ရေးရှိဖို့ မလွယ်ဘူး။ ဒါကြောင့် လူမျိုးဆိုရင် ဗမာ၊ ကိုးကွယ်ယုံကြည်မှုမှာ ဗုဒ္ဓဘာသာအားလုံးဖြစ်လာဖို့အတွက် အတင်းအဓမ္မနည်းနဲ့ လုပ်ဆောင်သွားဖို့ ရေရှည်

စီမံကိန်းချပြီး အကောင်အထည်ဖော်နေတာဖြစ်တယ်။ တနည်းအားဖြင့် ကျစ်လစ်ခိုင်မာတဲ့ စတုတ္ထဗမာအင်ပါရာ နိုင်ငံတော်ထူထောင်ရေး စီမံကိန်း ဖြစ်တယ်။

အာဏာရှင်အစိုးရတွေဟာ အာဏာရှင်စနစ်ကို အခိုင်အမာတည်ဆောက် ထိန်းသိမ်းထားနိုင်ဖို့ သဘောတရားအခြေခံတခုခုကို အခြေပြုထားစမြဲ ဖြစ်တယ်။ ဆိုဗီယက်ယူနီယံ၊ ယူဂိုဆလားဗီးယား၊ တရုတ်၊ ဗီယက်နမ်၊ ကျူးဘား၊ မြောက်ကိုးရီးယားတို့ဟာ ကွန်မြူနစ်၊ ဆိုရှယ်လစ်ဝါဒအပေါ် မှာ အခြေခံတယ်။ အင်ဒိုနီးရှားသမ္မတ ဆူဟာတိုကတော့ ကွန်မြူနစ်ဆန့်ကျင်ရေးအပေါ် အခြေခံတယ်။ ဂျာမဏီ ဟစ်တလာကတော့ မဟာအမျိုးမြတ် ဖက်ဆစ်ဝါဒအပေါ် အခြေခံတယ်။ ဒီအခြေခံသဘောတရားတွေက သူတို့အာဏာရရှိလာဖို့နဲ့ ရေရှည်ရပ်တည်နိုင်ဖို့ အဓိကအကြောင်းရင်း ပါပဲ။ အာဏာရှင်စနစ်ကို ဖြိုချနိုင်ဖို့အတွက် သူတို့ရဲ့ အခြေခံသဘောတရားတွေကို ဆန့်ကျင်ဖယ်ရှားနိုင်ဖို့ လိုပါတယ်။ ဒီလို ဖယ်ရှားနိုင်ဖို့ဆိုတာ အချိန်များစွာပေးရတယ်။ သူတို့ရဲ့ ဝါဒဖြန့်မှုတွေကတော့ သူတို့ဟာ တကယ်ပြည်သူ့အကျိုးပြုပုဂ္ဂိုလ်တွေ၊ ကယ်တင်ရှင်တွေ၊ လူစွမ်းကောင်းတွေ၊ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တွေအဖြစ် ပြည်သူအပေါ် လှည့်စားနေကြတယ်။ အချိန်အတော်ကြာတော့မှ သူတို့ရဲ့ ဖိနှိပ်မှုကိုခေါင်းငုံ့မခံနိုင်တော့တဲ့ သူတို့အသိုင်းအဝိုင်းထဲက ဖြစ်ဖြစ်၊ အဖိနှိပ်ခံပြည်သူအများစုကြီးက ဖြစ်ဖြစ် ဆန့်ကျင်တိုက်ခိုက်လာတော့မှ ပြိုကျသွားရတယ်။ အာဏာရှင်စနစ်တခုခု အခြေခိုင်သွားပြီဆိုရင် ဖြိုဖျက်ဖို့ရန် မလွယ်တော့ဘူး။ အသက်၊ သွေး၊ ချွေး များစွာနဲ့ လဲလှယ်ပြီးတော့ ဖြိုချရတာချည်း ပါပဲ။ ဒီလို ဖြိုခွဲနိုင်ဖို့ရာ သူတို့ရဲ့ အဘိဓမ္မာ၊ အခြေခံသဘောတရားတွေကို ဦးစွာတိုက်ဖျက်ဖို့ လိုပါတယ်။

ကျနော်တို့ နိုင်ငံက ဗိုလ်ချုပ်သန်းရွှေ၊ ဦးသိန်းစိန်တို့ရဲ့ စစ်အာဏာရှင်စနစ်မှာ အဘိဓမ္မာ၊ အခြေခံသဘောတရားတွေက ဘာလဲ။ ဒီသဘောတရားတွေ ဘယ်က ဆင်းသက်လာသလဲ။ အခြေအမြစ်ကနေ သုံးသပ်ကြည့်မယ်ဆိုရင် ၁၉၆၂ ခု ဗိုလ်ချုပ်နေဝင်းအာဏာသိမ်းတဲ့အချိန်က အစပြုလာတာဖြစ်တယ်။ ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းခဲ့တုန်းက ဘာတွေအကြောင်းပြခဲ့သလဲဆိုရင် **"တိုင်းရင်းသားလူမျိုးတွေ ဖက်ဒရယ်ပြည်ထောင်စုအသွင် ပြောင်းလဲတည်ဆောက်ဖို့ တောင်းဆိုနေကြတာဟာ ပြည်ထောင်စုကနေ ခွဲထွက်ဖို့ဖြစ်တယ်။ ဒါကို ဒီမိုကရေစီအစိုးရက မထိန်းသိမ်းနိုင်တော့ဘူး။ ဒီလိုအနေအထားမှာ လက်ပိုက်ကြည့်နေမယ်ဆိုရင် မကြာခင် တိုင်းပြည်ပြိုကွဲတော့မယ်။ ဒါကြောင့် တိုင်းပြည်ချောက်ထဲကျဖို့ လက်နစ်လုံးသာ လိုတော့တဲ့အချိန်မှာ**

**မလွှဲမရှောင်သာ အာဏာသိမ်းရတာဖြစ်တယ်"** တဲ့။ အဲ့ဒီ အချိန်ကစပြီး ဖက်ဒရယ်ဆိုတာ ခွဲထွက်ရေးပဲလို့ သူတို့တလျှောက်လုံး ပြောဆိုဝါဒ ဖြန့်ခဲ့တယ်။

ဗိုလ်ချုပ်နေဝင်းရဲ့ ပင်ကိုယ်သဘောထား ဗီဇစိတ်ဓါတ်အချို့ကို ခန့်မှန်းသုံးသပ်နိုင်ဖို့ သူနဲ့အတူ ဂျပန်ပြည်မှာ သွားရောက်ပြီး စစ်ပညာသင်ယူခဲ့တဲ့ ရဲဘော်သုံးကျိပ်အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောရဲ့ ကိုယ်တိုင်ရေးအတ္ထုပတ္တိစာအုပ်ထဲက စာသားအချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါတယ်။ **"ဗမာ့တပ်မတော်၏ အစ (မိဘ) သည် ဂျပန်ပြည်တွင် စစ်ပညာသင်ယူခဲ့သော ရဲဘော်သုံးကျိပ် ပင်ဖြစ်သည်။ ရဲဘော်သုံးကျိပ်တို့ ဂျပန်ပြည်၌ စစ်ပညာသင်ကြားရာတွင် စစ်သားကောင်းစိတ်ဓါတ်သွင်းရာမှာ ဂျပန်စစ်တပ်မှာ သင်ကြားသွတ်သွင်းပေးသလို ဖက်ဆစ်ဝါဒစိတ်ဓါတ်အခြေခံသဘောထားများကိုပါ သွတ်သွင်းပေးသဖြင့် ရဲဘော်သုံးကျိပ်တို့၏ စိတ်ဓါတ်တွင် ဖက်ဆစ်ဝါဒသဘောထားအချို့ အနည်းငယ် မသိမသာပါရှိနေကြသည်။ --- ဖက်ဆစ်များသည် အမျိုးသားရေးတွင် မိမိလူမျိုးမှတပါး အခြားလူမျိုး အမျိုးသားတွေအပေါ် လူသားချင်းချင်းတွေလို သဘောမထားကြဘူး။ မိမိတို့လူမျိုးတွေသာ မြင့်မြတ်သည့် မဟာလူမျိုးကြီးဖြစ်သည်ဟု စွဲမြဲယုံကြည်ထားသူများ ဖြစ်သည်။ --- ဂျပန်တို့၏ ဖက်ဆစ်စိတ်ဓါတ်၊ မဟာလူမျိုးကြီးစိတ်ဓါတ်ကြောင့် ကမ္ဘာကိုလွှမ်းမိုးရမည်ဆိုသည့် စိတ်ဓါတ်တွေ တော်တော်များများ အထူးသဖြင့် စစ်ဝါဒီသမားတွေထဲတွင် စွဲမြဲနေကြသည်"**။ လို့ စာမျက်နှာ (၆၉) မှ (၇၂) အကြားမှာ ပါရှိပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်နေဝင်းနဲ့ ဗမာ့တပ်မတော်ခေါင်းဆောင်များအထဲမှာ အမျိုးသားရေးစိတ်ဓါတ် ဘယ်လိုရှိမယ်ဆိုတာ ခန့်မှန်းလို့ရနိုင်ပါလိမ့်မယ်။

နောက်တက်လာတဲ့ စစ်ခေါင်းဆောင်တွေဟာ ဗိုလ်ချုပ်နေဝင်းက ထပ်ဆင့်မွေးထုတ်ခဲ့တာဖြစ်တော့ သူနဲ့ သိပ်ကွဲပြားမှာ မဟုတ်ဘူး။ ဖက်ဒရယ်ဆိုရင် ခွဲထွက်ရေးလို့ ဒီနေ့အထိ စစ်ခေါင်းဆောင်တွေ ပြောဆိုနေကြတုန်းပါ။ မြန်မာဆိုတာ လူမျိုးစုအားလုံးအတွက် အကျုံးဝင်တယ်ဆိုပြီး သဘောတရားအသစ်ကို ရိုက်သွင်းနေတယ်။ ဗိုလ်ချုပ်နေဝင်း ပြီးနောက် အာဏာကို အကြာဆုံးရခဲ့တဲ့ ဗိုလ်ချုပ်သန်းရွှေဟာ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား ဘုရင်သုံးပါးရဲ့ ရုပ်ထုတွေကို နေပြည်တော်ရဲ့ စစ်ရေးပြကွင်းမှာ ထင်ထင်ရှားရှားအထူးပြသထားတယ်။ ဒီဘုရင်သုံးပါးဟာ ဗမာပြည်ကို ရေပက်မဝင်တဲ့ စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပေးခဲ့တယ်လို့ - ပညာပေးပြီး အတုယူအလေးထားဖို့ စိတ်ဓါတ်တွေသွင်းပေးနေတာဖြစ်တယ်။ အမှန်တော့ နယ်ချဲ့ရာမှာ ထင်

ရှားပေါ်လွင်တဲ့ ဘုရင်တွေပါ။ ဗမာ့တပ်မတော် (BIA) ခေတ်က ကရင်ဗမာ အဓိကရုဏ်းမှာ ကရင်ရွာသားများစွာကို သတ်ခဲ့သလို ဒီနေ့အထိ ဖြတ်လေးဖြတ်အစီအစဉ်အရ အချို့ဒေသတွေမှာ ရွာတွေကို မီးရှို့တာ၊ အရပ်သားတွေကို သတ်တာ၊ မုဒိမ်းကျင့်တာတွေဟာ မဟာလူမျိုးကြီးဝါဒထက် ပိုပြင်းထန်တဲ့ ဖက်ဆစ်အမျိုးမြတ် စိတ်ဓါတ်အမွေတွေကို လက်ဆင့်ကမ်းခံယူထားလို့ ဖြစ်ပါတယ်။ ဗိုလ်ချုပ်နေဝင်းခေတ်မှာ ဖက်ဆစ်အမြင်၊ ဗိုလ်ချုပ်သန်းရွှေခေတ်မှာ နယ်ချဲ့အမြင်တွေ ရိုက်သွင်းထားတော့ ဖက်ဆစ်နယ်ချဲ့စစ်တပ်ပဲ ဖြစ်နေတာပေါ့။ ဒါကြောင့် ဒီစစ်တပ်ဟာ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် သင့်မြတ်မှန်ကန်တယ်လို့ လက်ခံနိုင်ဖို့ မလွယ်ဘူး။

တကယ်တော့ ၁၉၆၂ ခုမှာ အာဏာကို သိမ်းယူခဲ့တဲ့ ဗိုလ်ချုပ်နေဝင်းနဲ့ အပေါင်းပါတို့ဟာ တိုင်းရင်းသားတွေကို ဗမာနဲ့ တန်းတူမထားနိုင်လို့၊ ဗမာတွေရဲ့ စိုးမိုးမှု အောက်မှာပဲ ထားချင်လို့ အာဏာသိမ်းတာဖြစ်တယ်။ စစ်မှန်တဲ့ ပြည်ထောင်စုမူ တနည်းအားဖြင့် ဖက်ဒရယ်မူကို တောင်းဆိုတာက ပင်လုံသဘောတူညီချက်ကို အခြေခံ တာပဲ။ ဒါဟာ ခွဲထွက်ဖို့မဟုတ်တာ ထင်ရှားနေပါတယ်။ ခွဲထွက်ဖို့ကို ဦးတည် ရင် ၁၉၄၇ ခု ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရှမ်းပြည်နယ်နဲ့ ကရင်နီပြည်နယ်တွေဟာ (၁၀) နှစ်ပြည့်ရင် ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ရှိတယ်လို့ ပါရှိနေတာမို့ ခွဲထွက်ဖို့ကို ဦး တည်လုပ်ဆောင်ကြမှာပေါ့။ စစ်မှန်တဲ့ ပြည်ထောင်စုမူဆိုတာ အမျိုးသားတန်းတူရေး နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးမူဖြစ်တယ်။ တနည်းအားဖြင့် **"ဖက်ဒရယ်မူ"** လို့လည်းခေါ်တယ်။ ဒါကိုလည်း တိုင်းရင်းသားတွေက ဒီမိုကရေစီနည်းကျကျ လွှတ်တော်မှာ ဆွေး နွေးတင်ပြတောင်းဆိုကြတာဖြစ်တယ်။ အခြေအနေနဲ့ သဘောထားအမှန်ကို နားလည်တဲ့ လွှတ်တော်အမတ်အများစုက ဒီမူကိုလက်ခံလာတော့ ဖက်ဆစ်အမျိုးမြတ်ဝါဒီ စစ်ဗိုလ်တွေက လက်မခံနိုင်တာနဲ့ အာဏာကိုသိမ်းယူတာဖြစ်တယ်။ ဒီမိုကရေစီကိုပြန်ပေးရင် ယခင်နည်းအတိုင်း တိုင်းရင်းသားတွေက တောင်းဆိုလာနိုင်တာမို့ ဒါကို ကာကွယ်ဖို့ တပါတီအာဏာရှင်စနစ်ကို ကျင့်သုံးတာဖြစ်တယ်။ ဒီလိုအာဏာသိမ်းပြီးနောက် ယခင်ရှိခဲ့ပြီးသား ပြည်နယ်တွေရဲ့ အခွင့်အာဏာ၊ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ထပ်ပြီးလျှော့ချပိတ်ပင်လာခဲ့တယ်။ ဒီတော့ တိုင်းရင်းသားတွေဘက်က လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို မလွဲသာအားကိုးကျင့်သုံးလာရတယ်။ ပြည်တွင်းစစ်ဆိုတာလည်း နှစ်အနည်းငယ်အတွင်းမှာ ပြန့်နှံ့ကြီးမားလာတော့တယ်။

တကယ်တော့ ဖက်ဆစ်နယ်ချဲ့ဝါဒကို ခံယူထားတဲ့ စစ်တပ်ခေါင်းဆောင်တွေနဲ့ အမျိုးသားအခွင့်အရေးများ ဆုံးရှုံးပြီး ဝါးမျိုဖျောက်ဖျက်ခံနေရတာကို လက်မခံနိုင်တဲ့ တိုင်းရင်းသားတွေရဲ့ ပဋိပက္ခအကြားမှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေဟာ ရောပါပြီး ဆုံးရှုံးသွားရတာ ဖြစ်တယ်။ ဒီ ပဋိပက္ခကို ညှိနှိုင်းဖြေရှင်းလို့မရရင် ဒီမိုကရေစီနဲ့ လူ့အခွင့် အရေးတွေဟာ ဆက်ပြီးဆုံးရှုံးနေမှာပဲ။ ရပ်တည်ရှင်သန်ခွင့် ရမှာမဟုတ်ဘူး။ ဒီမိုက ရေစီနဲ့ လူ့အခွင့်အရေးတွေ ရေရှည်ပိတ်ပင်ခံနေရတာကို ပြည်သူတွေ သည်းမခံနိုင်တဲ့ အဆင့်ကို ရောက်လာတယ်။ အာဏာဟာ လူတွေကိုဖျက်ဆီးတယ်။ လွတ်လပ်စွာရေး သားပြောဆိုခွင့်မရှိတဲ့ အနေအထားမှာ အာဏာရှင်တွေဟာ ပိုပြီးမြန်မြန်ဖောက်ပြန် မာန်ယစ်လာကြတယ်။ သူတို့ဟာ အာဏာကိုပိုပြီး အလွဲသုံးစားပြု လာတယ်။ ဒီဒဏ်ကို ပြည်သူဘက်က ကြာလေပိုခံရလေပဲ။ ဒီတော့ တချိန်ချိန်မှာ ပေါက်ကွဲလာ ရတော့တယ်။ ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေဘက်က ပြန်ပြီးသုံးသပ်ရင် သူတို့ဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ ဆုံးရှုံးနေရသလို လူမျိုးရေးဆိုင်ရာ ဘာသာစကား၊ စာပေ၊ ယဉ် ကျေးမှုတွေလည်း ပိတ်ပင်ခံနေရတော့ ဒီစစ်အာဏာရှင်တွေကို ပိုပြီး ဆန့်ကျင်ကြတော့ တာပေါ့။ ဒီတော့ စစ်အာဏာရှင်တွေနဲ့ တိုင်းရင်းသား မျိုးချစ်အင်အားစုတွေကြားမှာ ဖြစ်ရှိနေတဲ့ ပဋိပက္ခဟာ ပိုပြီးပြင်းထန်လာတယ်။ ဒါကို မဖြေရှင်းနိုင်သမျှ တိုင်းပြည်မအေး ချမ်းနိုင်ဘူး။ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် မလုပ်ဆောင်နိုင်ဘူး။ ထို့အတူ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေဆက်ပြီး ဆုံးရှုံးနေမှာပဲ။ ဒါကြောင့် တိုင်းရင်းသားတွေရဲ့ အခွင့်အရေး တွေကို တစုံတရာ မဖြည့်ဆည်းပေးပဲနဲ့ ဒီမိုကရေစီလောက်ကို ခွဲပြီးယူလို့ မရနိုင်ဘူး။ ဒီမိုကရေစီအခွင့်အရေးဟာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးနဲ့ ဆက်စပ်နေတယ်။ ဒင်္ဂါးပြားတခုရဲ့ ခေါင်းနဲ့ပန်းလို ဆက်စပ်နေတယ်လို့ ပြည်တွင်းက တိုင်းရင်းသားခေါင်း ဆောင်တွေ ပြောနေကြတာ သိပ်ကိုမှန်တယ်။ ဒီမိုကရေစီအင်အားစုများ ဒီအပေါ် လေး လေးနက်နက် စဉ်းစားသုံးသပ်စေချင်တယ်။

တိုင်းရင်းသားတွေရဲ့ လက်နက်ကိုင်တော်လှန်ရေးတိုက်ပွဲတွေဟာ တောနယ်တွေ မှာပဲ ဖြစ်ပွားနေတာများတယ်။ ဒါကို ပြင်ပက သိပ်မသိကြဘူး။ တိုင်းရင်းသားပြည်သူ တွေ တောနယ်ထဲမှာ သတ်ဖြတ်ညှင်းဆဲ၊ မုဒိမ်းကျင့်ခံနေရတာကို ပြည်သူအများစုနဲ့ နိုင်ငံတကာက ပုံပြင်တွေလို့ ထင်မြင်နေကြတယ်။ အခုနောက်ပိုင်းမှာ တိုင်းရင်းသား တွေနယ်စပ်ကျော်ပြီး ဒုက္ခသည်စခန်းတွေဖြစ်လာလို့ ပြင်ပကလူတွေ ပိုပြီးသိမြင်ယုံ ကြည်လာကြတယ်။ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သပိတ်မှောက်နေကြတဲ့ မြို့ကြီး

တွေထဲက ဆန္ဒပြပွဲတွေကို ပြည်သူအများစုနဲ့ နိုင်ငံတကာကပိုပြီး သိမြင်ကြတယ်။ ပြည်သူတွေနဲ့ နိုင်ငံတကာအင်အားစုတွေဟာ ရိုက်နှက်ပစ်သတ်ခံနေရတဲ့ ဆန္ဒပြကျောင်းသား၊ အလုပ်သမားတွေနဲ့ လမ်းလျှောက်မေတ္တာပို့နေတဲ့ သံဃာတွေအပေါ် ပိုပြီးစာနာထောက်ခံအားပေးကြတယ်။ ဒီဖြစ်ရပ်တွေကြောင့် စစ်အစိုးရဟာ သိက္ခာကျဆင်းလာနေရပြီး နိုင်ငံတကာရဲ့ ပိတ်ဆို့အကြပ်ကိုင်ခြင်း အမျိုးမျိုးကို ခံလာနေရတယ်။ ဒီလိုအရေးယူလာတာတွေဟာ စစ်အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားကို ထိခိုက်လာစေပြီး သူ့ရဲ့အာဏာကို လှုပ်ခါစေခဲ့တယ်။ စစ်အာဏာရှင်စနစ်ကို တောထဲက လက်နက်ကိုင်တိုက်ပွဲသက်သက်နဲ့ ဖြိုချဖို့ဆိုတာ မလွယ်ဘူး။ ဒီတော့ ဒီမိုကရေစီတိုက်ပွဲနဲ့ လက်နက်ကိုင်တိုက်ပွဲကို ဆက်စပ်ပေးဖို့ လိုတယ်။ အသက်အသေခံ၊ ထောင်အကျခံပြီး လက်နက်အားကိုးတဲ့ စစ်အစိုးရကို လက်ဗလာနဲ့ ဆန့်ကျင်အံတုတိုက်ပွဲဝင်ရဲတဲ့ သတ္တိဆိုတာ ပေါ့သေးသေးမဟုတ်ဘူး။ ဒါကို လက်နက်ကိုင်တိုက်ပွဲဝင်နေတဲ့ တိုင်းရင်းသားအင်အားစုဘက်က လေးလေးနက်နက်စဉ်းစား သုံးသပ်စေချင်တယ်။

တော်လှန်ရေးအခြေအနေတခုလုံးအပေါ် ခြုံငုံသုံးသပ်လိုက်ရင် တိုင်းရင်းသားအင်အားစုတွေအနေနဲ့ မိမိဦးတည်ချက်ကို ရောက်ရှိဖို့ တောထဲကလက်နက်ကိုင်တိုက်ပွဲသက်သက်နဲ့ သွားလို့မရနိုင်ဘူး။ မြို့တွင်းက ဒီမိုကရေစီတိုက်ပွဲနဲ့ လက်တွဲပူးပေါင်းဖို့လိုအပ်နေပါတယ်။ ပြီးတော့ စစ်အာဏာရှင်အစိုးရထံမှာ အာဏာကိုခွဲဝေပေးဖို့ တွေ့ဆုံဆွေးနွေးရေးနည်းလမ်းနဲ့ ကြိုးပမ်းနေလို့လည်း ထူးမှာမဟုတ်ဘူး။ အာဏာရှင်စနစ်မှာ ပြည်နယ်တွေ၊ ဒေသတွေကို အာဏာခွဲဝေပေးရိုးထုံးစံ မရှိဘူး။ ဗဟိုက အာဏာကို ချုပ်ကိုင်ထားရေးပဲ။ ဒီမိုကရေစီစနစ်မှာပဲ အာဏာကို ကဏ္ဍအလိုက်၊ ဒေသအလိုက် ခွဲဖြန့်ထားတာ ရှိတယ်။ ဒီတော့ ဒီမိုကရေစီအင်အားစုတွေနဲ့ လက်တွဲပြီး တော်လှန်ရေးကို အရှိန်မြှင့်တင်ဖို့ လမ်းကိုပဲ လိုက်ဖို့လိုပါတယ်။ ဒီမိုကရေစီအင်အားစုတွေအနေနဲ့လည်း ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ ပျက်သုန်းရခြင်းရဲ့ အခြေခံဟာ တိုင်းရင်းသားတွေတောင်းဆိုနေတဲ့ အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပိတ်ပင်လိုလို့ဖြစ်တယ်။ စစ်အာဏာရှင်တွေရဲ့ ဖက်ဆစ်မဟာအမျိုးမြတ်ဝါဒကြောင့် ဖြစ်ရတယ်ဆိုတာကို သိပြီးရင် ဒါကို ဝိုင်းပြီး ရှင်းလင်းဖယ်ရှားဖို့လိုတယ်။ တိုင်းရင်းသားတွေ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ဖို့ တောင်းဆိုနေတာဟာ ခွဲထွက်ဖို့ မဟုတ်ဘူး။ အမျိုးသားတန်းတူရေးနဲ့ ယုံကြည်စိတ်ချစွာ ပိုမိုညီညွတ်ဖို့ ဖြစ်တယ်။ ဒီမိုကရေစီစနစ်ဟာ လူများစုက လူနည်းစုအပေါ် လွှမ်းမိုးဝါးမျို အနိုင်ကျင့်ဖို့ မဟုတ်ဘူး။ သူ့ဆိုင်ရာ အခွင့်အရေး သူ့ကို

ပေးအပ်ရမှာ ဖြစ်တယ်။ ဒါကြောင့် တိုင်းရင်းသားတွေ တောင်းဆိုနေတဲ့ အမျိုးသား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ အမျိုးသားဆိုင်ရာ အခွင့်အရေးတွေ အကောင်အထည်ပေါ် လာဖို့ ဝိုင်းဝန်းအားပေးဖို့ လိုပါတယ်။

ဖက်ဆစ်အမျိုးမြတ် စစ်အာဏာရှင်စနစ် ညွှန်အတွင်းမှာ နစ်နေတဲ့ လှည်းနဲ့တူတဲ့ နိုင်ငံတော်ကြီးကို ဆွဲတင်နိုင်ဖို့ ဒီမိုကရေစီအင်အားစုနဲ့ အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးအင်အားစု နွားနစ်ကောင်စလုံး အတူရုန်းမှ ဆွဲတင်နိုင်ပါလိမ့်မယ်။ နိုင်ငံရေး အရ တစုံလုံးကို ခြုံငုံပြီး စဉ်းစားသုံးသပ်ကြပါ။ တပိုင်းတခြမ်းအပေါ် ယံလောက်ကို မကြည့်ကြပါနဲ့။ ဒါကို နစ်ဖက်စလုံးက ကြေညက်လေးနက်ကြမယ်ဆိုရင် ဒီမိုကရေစီ နဲ့ အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို သီးခြားစီ သဘောထားနေလို့ မရတော့ဘူး။ ဒင်္ဂါး တချပ်မှာ ခေါင်းနဲ့ပန်းကို ခွဲမရသလို တချိန်တည်းမှာ ဒီမိုကရေစီရော အမျိုးသားကိုယ် ပိုင်ပြဋ္ဌာန်းခွင့်ပါ ရရှိဖို့ ကျနုပ်တို့ အဖိနှိပ်ခံများအားလုံး ခိုင်မာစွာ လက်တွဲပူးပေါင်းပြီး ကြိုးပမ်းဖော်ဆောင်သွားကြဖို့ လိုအပ်နေပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၁ စက်တင်ဘာလ

# နိုင်ငံခြားအရင်းအနှီးနှင့် ရှမ်း/ ကချင် ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခ

ဦးသိန်းစိန်သမ္မတဖြစ်လာသော ကြံ့/ဖွံ့ အစိုးရခေတ် ၂၀၁၁ ခု၊ မတ်ချ်လကစ၍ ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသမှာ တိုက်ပွဲဖြစ်လာပြီး ကချင်ပြည်နယ်တွင်မူ ဇွန်လမှစ၍ တိုက်ပွဲဖြစ်လာသည်။ ဤတိုက်ပွဲများသည် အရှိန်လျော့ကျသွားခြင်းမရှိပဲ တဆင့်ပြီး တဆင့်မြင့်၍ ပြင်းထန်လာနေသည်။ အနှစ် (၂၀) ခန့်သေနတ်သံတိတ်နေသော ဒေသတွင် ယခုကဲ့သို့ တိုက်ပွဲဖြစ်ပေါ် ပြင်းထန်လာနေရခြင်းကို အရင်းစစ်ကြည့်သော် အကြောင်းမျိုးစုံ ရှိသည်ဟု ပြောနိုင်သော်လည်း အဓိကမှာ နိုင်ငံခြားစီးပွားရေး ရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပေးရန် ဖြစ်နေသည်ကို တွေ့ရသည်။ နိုင်ငံခြားကုမ္ပဏီကြီးများသည် ၎င်းတို့နိုင်ငံနှင့် ၎င်းတို့အကျိုးကို ရည်စူးထားခြင်းဖြစ်ပြီး အရိုးအရင်းလောက်ကိုသာ ခံစားရသောကျနုပ်တို့နိုင်ငံမှ နိုင်ငံသားအချင်းချင်း သတ်ဖြတ်နေရခြင်းမှာ အလွန်ကို ဝမ်းနည်းဖွယ်ကောင်းပါသည်။ ဤအကြောင်းရပ်ကို ပိုမိုမြင်သာအောင် သုံးသပ်တင်ပြလိုပါသည်။

လွန်ခဲ့သော ၂၀၀၆ ခုနှစ်မှစ၍ နအဖ စစ်အစိုးရနှင့် တရုတ်အစိုးရတို့သည် ကချင်ပြည်နယ်အတွင်း မြစ်ချောင်းများကိုပိတ်ပြီး ဆည်တည်ဆောက်ကာ လျှပ်စစ်ဓါတ်အားထုတ်ယူရန် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်မှာ အနည်းဆုံး (၉) နေရာမျှ ရှိပါသည်။ ၎င်းဆည်ကြီးများအနက် ဧရာဝတီမြစ်ဆုံဆည်သည် အကြီးမားဆုံးဖြစ်ပြီး ပြည်သူနှင့် သဘာဝပတ်ဝန်းကျင်ကို ဒုက္ခများစွာဖြစ်စေနိုင်သောကြောင့် ပြည်သူတို့၏ တောင်းဆိုမှုအရ သမ္မတ ဦးသိန်းစိန်က မြစ်ဆုံဆည်တည်ဆောက်နေခြင်းကို ရပ်ဆိုင်းကြောင်း ထုတ်ပြန်ခဲ့ရသည်ကို အများသိပြီး ဖြစ်ပါသည်။ ထို့အတူ ရှမ်းပြည်နယ်တွင်လည်း ဆည် ကြီး (၈) ခုလောက် တည်ဆောက်ရန် ရှိနေပါသည်။ ၎င်းအပြင် ရှမ်းပြည်မြောက်ပိုင်း တရုတ်ပြည်နယ်စပ် မူဆယ်မြို့အနီးမှ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အထိ မြန်မာပြည်ကို စလွယ်သိုင်းဖြတ်၍ ဓါတ်ငွေ့ပိုက်လိုင်းနှင့် ရေနံပိုက်လိုင်းနှစ်ခုကို ယှဉ်ပြိုင်သွယ်တန်း မြှုပ်နှံရန် စီမံကိန်းကြီး ရှိပါသည်။ ထိုပိုက်လိုင်းနှစ်ခုအပေါ်တွင် ကားလမ်းနှင့် ရထားလမ်းတို့ကို ထပ်မံတည်ဆောက်ရန်လည်း ရှိပါသည်။ ဤသည်တို့ကား တန်ဖိုးကြီးမားပြီး ထင်ရှားသောလုပ်ငန်းများ ဖြစ်သည်။ မိမိတို့ တွေ့ရှိထားသော စာရင်းအရ ကချင်ပြည်

နယ်အတွင်းရှိ ဆည်ကြီးနှစ်ခုအတွက် ရာထားငွေမှာ အမေရိကန်ဒေါ်လာ (၅.၀၃၀) ဘီလျံ၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ ပိုက်လိုင်းစီမံကိန်းအတွက် (၂.၁၄၆) ဘီလျံနှင့် မုံရွာမြို့အနီးရှိ လက်ပတောင်း ကြေးနီလုပ်ငန်းအတွက် ဒေါ်လာသန်းပေါင်း (၉၉၇) ရှိသည်ဟုသိရသည်။

တရုတ်ပြည်သည် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက အရှိန်အဟုန်ကောင်းကောင်းဖြင့် စီးပွားရေး တိုးတက်လာခဲ့ရာ ယခုအခါစက်ရုံကြီးများနှင့် မော်တော်ယာဉ်များ အလွန်တိုးပွားများပြား လာနေပါသည်။ ထိုစက်ရုံကြီးများ အရှိန်အဟုန်မပျက် လည်ပတ်နိုင်ရေးနှင့် မော်တော်ယာဉ်များ အဆက်မပြတ် သွားလာနိုင်ရေးအတွက် လျှပ်စစ်ဓါတ်အားနှင့် လောင် စာဆီများ အလွန်ကိုလိုအပ် နေပါသည်။ ယခင်က အသုံးပြုလာခဲ့သော ကျောက်မီးသွေးများ ရှားပါးလာပြီး ရေအားလျှပ်စစ်စက်ရုံများ ထပ်မံတည်ဆောက်ရန် နေရာလည်း ရှားပါးလာနေသည်။ ထို့ကြောင့် ထပ်မံတိုးလာမည့်စက်ရုံများအတွက်ကိုပါ ဖြည့်ဆည်းနိုင်ရန် လျှပ်စစ်ဓါတ်အား အထူးလိုအပ်နေသောကြောင့် လျှပ်စစ်ဓါတ်အားကို ရရှိနိုင်ရန် နယ်စပ်ခြင်းကပ်နေသည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆည်များတည်ဆောက်ပြီး လျှပ်စစ်ဓါတ်အား ထုတ်ယူနိုင်ရန် ကြိုးပမ်းလာကြသည်။

ဤ ပိုက်လိုင်းသည် တရုတ်ပြည်သူများ၏ အနာဂတ်အတွက် အလွန်တန်ဖိုးကြီးမားသော ရတနာပိုက်လိုင်း ဖြစ်နေသော်လည်း  ပိုက်လိုင်း ဖြတ်သန်းရာ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်ရှိ ပြည်သူများအတွက် အခက်အခဲများစွာ ဖြစ်ပေါ် စေပါသည်။ ရခိုင်ပြည်နယ်တွင် ကုမ္ပဏီဝန်ထမ်းများ၊ အလုပ်သမားများအတွက် အဆောက်အဦများ၊ ရေနံသိုလှောင်ကန်များ၊ လုံခြုံရေးတပ်ဖွဲ့များအတွက် စခန်းများ ဆောက်လုပ်ရန်နှင့် ပိုက်လိုင်းသွယ်တန်းရန်အတွက် ၎င်းလမ်းကြောင်းပေါ် ရှိ ဒေသခံပြည်သူများ၏လယ်ယာမြေများကို သိမ်းယူခြင်း၊ ကျေးရွာများကို ရွှေ့ပြောင်းစေခြင်းများ ရှိခဲ့သည်။ ပိုက်လိုင်းလမ်းကြောင်း တလျှောက်ရှိမကွေးတိုင်း၊ မန္တလေးတိုင်းတို့တွင်လည်း အိမ်များ၊ ရွာများပြောင်းရွှေ့ခံရခြင်း လယ်ယာမြေများ များစွာပျက်စီးခြင်းများရှိခဲ့သည်။ ဤနစ်နာမှုများအတွက် လျော်ကြေးပေးမည်ဟု ပြောနေပြီး မရသေးသူတွေက အများစု၊ အချို့လည်း အနည်းအကျဉ်းမျှသာ ရရှိကြောင်းကြားသိရသည်။ အာဏာပိုင်များ ဖြတ်စားလာဘ်စားမှုများနေသော နိုင်ငံတခုတွင် အမှန်တကယ်နစ်နာရသော ပြည်သူများ လျော်ကြေးအပြည့်အဝ ရရှိရန်ဖြစ်နိုင်မည် မဟုတ်ပါ။

ဤ လုပ်ငန်းစဉ်များအတွက် မြန်မာအစိုးရမှ လုံခြုံရေးကိစ္စများကို တာဝန်ယူထားသည်။ ပိုက်လိုင်းလုံခြုံရေးအတွက် ကြည်းတပ်မှ တပ်ရင်း (၂၈) ရင်း ချထားမှာဖြစ်ပြီး ရေပြင်နှင့် ကမ်းစပ်တွင် ရေတပ်နှင့် ရဲတပ်ဖွဲ့များကို လည်းတိုးချဲ့ချထားသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပိုက်လိုင်းဖြတ်သန်းသွားရာ လမ်းတလျှောက်ရှိ ကျေးရွာများမှ ရွာသားများကို စစ်ပညာသင်ကြားပေးပြီး ဒေသခံပြည်သူ့စစ်အဖြစ် ဖွဲ့စည်းနေပါသည်။ ဤသည်တို့မှာ သာမာန်လုံခြုံရေး အစီအစဉ်သာဖြစ်ပြီး ထူးခြားနေသည်မှာ ပိုက်လိုင်းလမ်းကြောင်းဝှင်တွင် အခြေပြုနေသော ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSA/N) အဖွဲ့ကို ၂၀၁၁ ခုနှစ်၊ မတ်လ (၁၃) ရက်နေ့မှစပြီး ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ အစိုးရတပ်၏ ထိုးစစ်သည် တဆင့်ပြီးတဆင့် တိုးမြှင့်လာခဲ့ရာ ဇွန်လ (၃) ရက်နေ့တွင် ရှမ်းပြည်တပ်မတော်၏ (၇) မိုင်စခန်းကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်လာသည်။ ထိုတိုက်ပွဲတွင် အစိုးရတပ်မှ ဓါတုဗုံးကျည်များဖြင့်လည်း ပစ်ခတ်ခဲ့ကြောင်း ရှမ်းပြည်တပ်မတော်မှ အရာရှိများပြောပြ၍ သိရသည်။ ယင်းကိစ္စ အမှန်တကယ်ဖြစ်ခဲ့ကြောင်း ကို ထိခိုက်ခဲ့သူများနှင့် ၎င်းတို့၏ အဝတ်အစားများကို ပညာရှင်များက ဓါတ်ခွဲစမ်းသပ် ပြီး အတည်ပြုခဲ့ကြောင်းသိရသည်။ ယနေ့အထိ ကာလအားဖြင့် (၆) လကျော် တိုက်ပွဲအတွင်း တိုက်ပွဲအကြိမ်ပေါင်း (၃၀၀) ကျော်ဖြစ်ပွားခဲ့ပြီး နှစ်ဖက်စလုံးမှ ကျဆုံးဒဏ်ရာရသူများမှာ (၁,၀၀၀) ကျော်နေပြီ ဖြစ်သည်။ သို့သော်လည်း တိုက်ပွဲအရှိန်မှာ လျော့ကျပြီးဆုံးနိုင်ခြင်း မရှိသေးပါ။

၎င်းအပြင် ကချင်ပြည်နယ်တွင် တာပိန်ရေအားလျှပ်စစ်စက်ရုံလုံခြုံရေးကို အကြောင်းပြုပြီး အစိုးရတပ်က ကချင်ပြည်လွတ်လပ်ရေး တပ်မတော် (KIA) ကို ဇွန်လ (၉) ရက်နေ့တွင် စတင်တိုက်ခိုက်ခဲ့သည်။ ထိုအချိန်က စခဲ့သောတိုက်ပွဲသည် ဖြေရှင်း၍ မရတော့ပဲ ကျယ်ပြန့်ပြင်းထန်လာခဲ့ရာ အစိုးရဖက်မှ တပ်မအလိုက် စေလွှတ်တိုက်ခိုက်လာခဲ့သည်။ စက်တင်ဘာလ အကုန်ပိုင်းက ရှမ်းပြည်မြောက်ပိုင်း ပိုက်လိုင်းလမ်းကြောင်းဝှင်တွင် အခြေပြုနေသော ကချင် (KIA) တပ်မဟာ (၄) ဌာနချုပ်စခန်းနှင့် တပ်ဖွဲ့များကို (၁၂၀) မမ အမြောက်ကြီးများဖြင့် တိုက်ခိုက်ခဲ့ပါသည်။ ၎င်းနောက်တွင် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) ဌာနချုပ်ရှိရာ လိုင်ဇာမြို့ဘက်သို့ ထိုးစစ်ဆင်ရန် ပြင်ဆင်နေပြန်သည်ဟု ကြားသိရပါသည်။ ကချင်နှင့် ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင်လည်း နှစ်ဖက်စလုံးမှ ကျဆုံးဒဏ်ရာရသူပေါင်း ထောင်ဂဏန်း ရှိပါသည်။

ဤတိုက်ပွဲများကြောင့် ရှမ်းပြည်နယ်တွင် တောတောင်လျှိုမြောင်များအကြား ထွက်ပြေးခိုလှုံနေရသူ စစ်ပြေးဒုက္ခသည် (၃၀,၀၀၀) ကျော်ရှိပြီး ကချင်ပြည်နယ်တွင်လည်း တရုတ်နယ်စပ်တဝိုက်တွင် စစ်ပြေးဒုက္ခသည် (၃၀,၀၀၀) ကျော် ရောက်ရှိနေကြောင်း သိရသည်။ ယင်းစစ်ပွဲများကြောင့် သာမန်ပြည်သူ အရပ်သားထဲမှ သတ်ဖြတ်ခံရသူ၊ ပေါ်တာအထမ်းသမားအဖြစ် လိုက်ပါရသူ၊ မုဒိန်းကျင့်ခံရသူ၊ ရိုက်နက်ညှဉ်းပမ်းခံရသူ များစွာရှိသည်မှာ အထူးပြောပြရန်လိုမည် မထင်ပါ။ လယ်ယာလုပ်ငန်းများကို စွန့်ပစ် ထားရသဖြင့် လာမည့်နှစ်တွင် ဆန်ရိက္ခာကြပ်တည်း စေပါလိမ့်မည်။ နှစ်ဖက်သော တိုက်ခိုက်နေသူများ၏ လက်နက်ခဲယမ်းတန်ဖိုး၊ ပျက်ဆီးသွားရသော အိုးအိမ်၊ လမ်းတံတားများ၏ တန်ဖိုးများသည်လည်း မနည်းပါ။ ငွေကြေးဖြင့် ထည့်တွက်၍ မရနိုင်သော လူ့အသက်ပေါင်းများစွာနှင့် အစိုးရနှင့် တိုင်းရင်းသားတော်လှန်ရေး အင်အားစုများ အကြား ပျက်ပြားသွားရသော ယုံကြည်မှု၊ မတူကွဲပြား နေသော တိုင်းရင်းသားလူမျိုးများအကြား ပျက်ပြားသွားရသော စည်းလုံးညီညွတ်မှု တန်ဘိုးများကိုပါ ထည့်တွက်လျှင် နစ်နာဆုံးရှုံးမှု တန်ဘိုးမှာ အလွန်များပြားပါသည်။

နအဖ စစ်ခေါင်းဆောင်များ ဤစီမံကိန်းကို လက်ခံခဲ့စဉ်က ငွေနှင့် လက်နက် မည်၍မည်မျှ လက်ခံရလာခဲ့သည်ကို ပြောမပြ နိုင်သော်လည်း မေလ (၂၇) ရက်နေ့ သမ္မတဦးသိန်းစိန် တရုတ်ပြည်က ပြန်လာစဉ် ချေးငွေအဖြစ် အမေရိကန်ဒေါ်လာ (၇၆၅) သန်း ရရှိခဲ့ကြောင်း သိရသည်။ ၎င်းအပြင် ကချင်အဖွဲ့ကို စတင်တိုက်ခိုက်ပြီး မကြာမီ ဇွန်လအကုန်ပိုင်းတွင် တရုတ်ပြည်မှ HOWO ကုမ္ပဏီထုတ် SINO အမျိုးအစား (၆) ဘီးတပ်စစ်မော်တော်ယာဉ် အစီးပေါင်း (၅၀၀) နှင့် ယင်းကားပေါ်တွင် တာလပတ်ဖြင့် ဖုံးအုပ်ထားသော လက်နက်နှင့်ကျည်များဟုထင်ရသည့် စစ်ပစ္စည်းများစွာ ရခဲ့ကြောင်း တရုတ်နယ်စပ်ရှိ သတင်းဌာနများက ဓါတ်ပုံနှင့် တကွဖော်ပြထားသည်ကို တွေ့ရသည်။

သမ္မတဦးသိန်းစိန် အစိုးရသည် တရုတ်နိုင်ငံအား စီးပွားရေးရင်းနှီးမြှုပ်နှံခွင့်ပြု၍ တရုတ်နိုင်ငံမှ ရရှိလာသော ငွေကြေးနှင့် စစ်လက်နက် ပစ္စည်းများကို ပိုမိုတန်ဘိုးထားမည်လား။ ထိုငွေကြေးနှင့် စစ်လက်နက်ပစ္စည်းများကိုသုံးပြီး လက်နက်ကိုင် တိုင်းရင်းသား အင်အားစုများအား တိုက်ခိုက်ချေမှုန်းခြင်းဖြင့် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည်လား။ ရေတိုရေရှည် အကျိုးနှင့်အပြစ်ကို ရှုမြင်သုံးသပ်ရန် လိုပါသည်။

တရုတ်ပြည်မှ ဝင်ရောက်လာနေသော စီးပွားရေးအရင်းအနှီးများကြောင့် အနာဂတ်တွင်ရင်ဆိုင်ရမည့် မြန်မာပြည်၏ အန္တရာယ်များကို သုံးသပ်ကြည့်လျှင် -

(၁) တရုတ်ပြည်သည် လူဦးရေ၊ စီးပွားရေးအင်အား၊ စစ်အင်အား တို့တွင် ထိပ်တန်းရောက်နေပြီး ကမ္ဘာ့ကုလသမဂ္ဂတွင်လည်း ဗွီတိုအာဏာ ရထားသော နိုင်ငံဖြစ်သည်။ ယနေ့ကမ္ဘာတွင် စူပါပါဝါနိုင်ငံ တခုဖြစ်သည်။ ဤသို့သော နိုင်ငံတခုမှ စီးပွားရေးအရင်းအနှီး ကြီးကြီးမားမားဝင်ရောက်မြှုပ်နှံပြီးပါက ထိုအရင်းအနှီးများကို ကာကွယ်ရန် ၎င်းတို့၏ ဩဇာအာဏာကို မလွဲဧကန် ထုတ်သုံးလာ ပါလိမ့်မည်။ ထို့ကြောင့် မြန်မာပြည်သည် တရုတ်ဩဇာခံနိုင်ငံတခု ဖြစ်လာရန် များစွာသေချာ နေပါသည်။

(၂) ယခုဝင်ရောက်လုပ်ကိုင်နေသော စီးပွားရေးစီမံကိန်းများစွာတွင် တရုတ်ပြည်မှ အလုပ်သမားများကို အများစု အသုံးပြုထားသည်။ ဤစီမံကိန်းလုပ်ငန်းများနှင့် ဆက်စပ်ပြီး တရုတ်နိုင်ငံသား သိန်းဂဏန်းနီးပါး မြန်မာပြည်အတွင်းသို့ ရောက်ရှိလာနေသည်။ ယခင်လွန်ခဲ့သော နှစ်အချို့ကလည်း တရုတ်လူမျိုးများ အသွင်သဏ္ဍာန်အမျိုးမျိုးနှင့် မြန်မာပြည်အတွင်းသို့ သိန်းနှင့်ချီ၍ ဝင်ရောက်ထားပြီး ဖြစ်သည်။ ၎င်းတို့သည် နည်းနာအမျိုးမျိုးဖြင့် နိုင်ငံသား မှတ်ပုံတင်ကာဒ်ပြား ရအောင် လုပ်ဆောင်နိုင်ခဲ့ကြသည်။ မြန်မာပြည် မြောက်ပိုင်းရှိ မြို့ကြီးတော်တော်များများတွင် ယခုအခါ တရုတ်လူမျိုး၊ တရုတ်စီးပွားရေး၊ တရုတ်ယဉ်ကျေးမှု များဖြင့် ဖုံးလွှမ်း လာနေသည်။ တရုတ်ပြည်သည် အဝေးရောက် တရုတ်လူမျိုးများကို အကာအကွယ်ပေးရန် ပေါ်လစီချထားသည်။ ထို့ကြောင့် ဤတရုတ်လူမျိုးများအရေးသည် အနာဂတ်တွင် မိမိတို့နိုင်ငံအတွက် ဖြေရှင်းရန်မလွယ်သော ပြဿနာကြီး တခု ဖြစ်လာပါလိမ့်မည်။

(၃) တရုတ်ပြည်သည် ၁၉၅၉ ခုနှစ်တွင် တိဘက်နိုင်ငံကို သိမ်းယူခဲ့သည်။ ထိုသို့ သိမ်းယူပြီးနောက် တရုတ်လူမျိုး ထောင်သောင်းများစွာကို ပို့လွှတ်ခဲ့သည်။ ယခုအခါ တိဘက်နိုင်ငံတွင် တရုတ်လူဦးရေ (၈၀) ရာခိုင်နှုန်းမျှ ရောက်ရှိနေလေပြီ။ တိဘက်မျိုးချစ်များသည် အိမ်နီးချင်းနိုင်ငံများတွင် စစ်ပြေးဒုက္ခသည်များအဖြစ် ခိုကပ်နေရသည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံကြီးများလည်း တိဘက်ကို မကယ်နိုင်တော့ပါ။ တိဘက်ခေါင်းဆောင် ဘုန်းတော်ကြီး ဒလိုင်လားမားပင်လျှင် သွားလိုရာ သွားခွင့်မရ ဖြစ်နေရသည်။ နယ်မြေခြင်း ဆက်စပ်နေပြီး အထက်ပါ အချက် ၁/၂

တို့ အခြေခိုင်လာပါက မြန်မာပြည်သည်လည်း ဤအခြေအနေမျိုး ဖြစ်မလာနိုင်ဘူးလား။

ထို့ကြောင့် တရုတ်ပြည်၏ စီးပွားရေးအရင်းအနှီးကို လက်ခံပြီး ၎င်းတို့ထံမှ ရလာသောငွေကြေး၊ လက်နက်အကူအညီများဖြင့် မိမိတို့ နိုင်ငံသားအချင်းချင်းအပေါ် စစ်ပြုတိုက်ခိုက်နေခြင်းသည် တိုင်းပြည်ကို အကျိုးပြုသော လုပ်ရပ်ဖြစ်ပါသလား။ လူဦးရေ သန်းပေါင်းထောင်ကျော်ရှိသည့် အင်အားကြီး နိုင်ငံနှစ်ခုအကြား တည်ရှိနေခြင်းသည် အလွန်ကို အန္တရာယ်ကြီးမားကြောင်း စစ်အစိုးရခေါင်းဆောင်တို့ ပြောဆိုခဲ့သောစကားနှင့် ပြန်၍တွက်လျှင် ယခုကဲ့သို့ တရုတ်အရင်းအနှီးများကို လက်ခံနေခြင်းသည် အန္တရာယ်ကို ဖိတ်ခေါ် ဆွဲသွင်းလာနေခြင်း ဖြစ်မနေပေဘူးလား။ လေးလေးနက်နက် ထည့်တွက်စေလိုသည်။ မိမိတို့ နိုင်ငံသားအချင်းချင်း ညီညွတ်မှုပျက်ပြားပြီး ပဋိပက္ခကြီးမားနေပါက ပြင်ပအန္တရာယ်ကို ဖိတ်ခေါ် နေသည့်သဘော ပို၍ဖြစ်မနေစေဘူးလား။ မျိုးချစ် ပြည်ချစ် နိုင်ငံသားများ အမြန်ဆုံးဖြတ်ရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၂၀၁၁ အောက်တိုဘာလ

# ညြန့်ပတိတ်လိက် နူတဲ့ဒါန် ချင်ဒိန်မက် (ရးယူရောပ်)

| | |
|---|---|
| ၁။ နာဲမန်လေဝ် | ၁၀၀ ( ဒိန်မက်ခရူနာ) |
| ၂။ နာဲမန်ဆဲာ | ၂၀၀ |
| ၃။ နာဲလ္ဒီမာန် + မိညီမိ ကော့ံကောန်ဝုတ် | ၁၀၀ |
| ၄။ နာဲတိုင်ပ္ဍ + မိမန် ကော့ံကောန်ဗှဲာ | ၁၀၀ |
| ၅။ နာဲတာန်ထောန် + မိမိ ကော့ံကောန်ဗှဲာ | ၁၀၀ |
| ၆။ နာဲကောရတ် + မိဒေဝီဆာန် | ၅၀ |
| ၇။ နာဲဗီထဝ်မန်ဖြာ + မိကြက်ထဝ် | ၁၀၀ |
| ၈။ နာဲ(ပြည့်) + မိယေန်မန် ကော့ံကောန်ဇာတ်ဂမ္ဘိုင် | ၅၀ |
| ၉။ နာဲဖြဝ်မေန်ဥူ | ၁၀၀ |
| ၁၀။ နာဲဆာန်ဥူ | ၁၀၀ |
| ၁၁။ နာဲကောန်ဘ + မိခေန် ကော့ံကောန်ဇာတ်ဂမ္ဘိုင် | ၁၀၀ |
| ၁၂။ နာဲပိုလ်ဂံင် + မိခေန်တာန်ယျီ ကော့ံကောန်ဇာတ်ဂမ္ဘိုင် | ၃၀၀ |
| ၁၃။ နာဲဝင်မန် + မိညီ ကော့ံကောန်ဇာတ်ဂမ္ဘိုင် | ၁၀၀ |
| ၁၄။ နာဲဟံသာ + မိနန်ထဝ် (ရန်တဲ့အ်ကိုဝ် မာံအံင်သိုက် ကော့ံကောဒေံဂမ္ဘိုင်) | ၃၀၀ |
| ၁၅။ နာဲဂံင်လ္ဒီ + မိစန္ဒာအံင် ကော့ံကောန်ဇာတ်ဂမ္ဘိုင် | ၂၀၀ |
| ၁၆။ နာဲဃံင်မန် + မိတုင်ဖြီ ကော့ံကောန်ဇာတ်ဂမ္ဘိုင် | ၅၀၀ |
| ၁၇။ နာဲထဝ်ပြဲ + မိယေန်အေ ကော့ံကောန်ဝုတ် မိနန်လ္ဒီ | ၁၀၀ |

| | |
|---|---|
| ၁၈။ မာံမေန်ထောန် | ၁၀၀ |
| ၁၉။ မာံမျော်တုင်ဥူ | ၁၀၀ |
| ၂၀။ မာံပိုင်ဆာန် + မိကောန်ယေန်ဆာန် | ၂၀၀ |

**တ္ဒါန်နူ ချင်နဝ်ဝေ**

| | |
|---|---|
| ၁။ မာံလ္ဂီရတ် | ၁၀၀ (နဝ်ဝေခရှူနာ) |
| ၂။ နာဲယောဟံသာ + ကော့ံမိကောန်ထဝ်ဟံသာ | ၂၀၀ |
| ၃။ နာဲဆာန်မန်ဟံသာ | ၅၀၀ |
| ၄။ နာဲအံင်မန် | ၂၀၀ |

စာအုပ်ထုတ်ဝေရန်အတွက်

ဒိန်းမတ်နှင့် နော်ဝေနိုင်ငံရောက် မွန်အမျိုးသား အလှူရှင်များ

# အခြားအလှူရှင်များ

ကနေဒါနိုင်ငံရောက် မွန်အမျိုးသား နိုင်အောင်တမား (နှာဲအံင်တ္ုး) နှင့် ၎င်း၏ညီ နိုင်ပမိတ်ချမ်း (နှာဲပ္ဂိက်ဆာန်) တို့မှ ထိုင်းဘတ်ငွေ (၃၀,၀၀၀) (ဘတ် သုံးသောင်း) ပေးလှူမည်ဟု သတင်းပေးထားသည်။ စင်္ကာပူနိုင်ငံရောက် မွန်အမျိုးသားအချို့ထံမှ ထိုင်းဘတ် (၇,၇၀၀) (ဘတ် ခုနစ်ထောင် ခုနစ်ရာ) ပေးလှူထားသည်။ ဂျပန်နှင့် ဩစတြေးလီးယား နိုင်ငံမှ မွန်အမျိုးသားတို့ကလည်း ပေးလှူရန် ရှိပါသည်။

အထက်ဖော်ပြပါ အလှူရှင်များစာရင်းအရဆိုလျှင် ဤစာအုပ်ကို ပုံနှိပ်ရိုက်ထုတ်ရန်အတွက် လိုအပ်သည်ထက် ပိုမည်ဖြစ်သည်။ ထို ပိုငွေနှင့် ကဗျာစာအုပ်ကို ပုံနှိပ်ထုတ်ဝေရာတွင် လိုနေသည်ကို ဖြည့်စွက်မည်။ အကယ်၍ ပိုနေသေးပါက မွန်ဘာသာဖြင့် ရေးသားထားသော လက်ရွေးစင်ဆောင်းပါးနှင့် ဝတ္ထုတို့ကို ပုံနှိပ်ရန် ရည်ရွယ်ထားပါသည်။

ငွေစာရင်းများ စုံလင်သည့်အခါ အလှူရှင်များအား ရှင်းလင်းတင်ပြပေးပါမည်။ ယခုကဲ့သို့ အားပေးကူညီသည့် အပေါ် အထူးကျေးဇူးတင်ပါကြောင်းနှင့် အလှူရှင်များ လိုလားတောင်းတနေသော "အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသည့် စစ်မှန်သောပြည်ထောင်စု" အမြန်ပေါ်ပေါက် နိုင်ပါစေ။

စာရေးသူ